www.burmeseclassic.com

စိတ်ကူးသစ်စာပေ

စစ်မြေပြင်မှ

# ဖြစ်ရပ်ဆန်းကြယ်များ

စစ်သွေးနီ(ရွှေဒုံသား)၊ မိုးအောင်တင်၊ မဟော်ဂနီ၊ ကပ္ပတိန်ဝန
မျိုးချစ်၊ ဇေယျကျော်ထင်၊ မင်းထက်ကျော်ဇော
နေဇင်(ပေါက်ခေါင်း)၊ ဂျူနီယာခင်လေး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| ထုတ်ဝေသည့်ကာလ | ထုတ်ဝေသူ |
|---|---|
| ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ | စိတ်ကူးသစ်စာပေ<br>ဦးတင်ထွန်း(၀၀၄၃၅) |
| မျက်နှာဖုံး | ရုံး။ အမှတ်-၁၄၉၊ ပထမထပ်(ယာ) ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ဉာဏ်လင်းထက် | |
| စာစီစာရိုက် / အပြင်အဆင် | |
| New Idea အဖွဲ့သားများ | အမှတ်-၂၅၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖလင် | |
| Eagle | ဖုန်း - ၃၉၁၃၂၂၊ ၀၉၅၁၃၉၂၆၄ |
| ပုံနှိပ်တိုက် | |
| New Day Printing | အုပ်ရေ - ၅၀၀ အုပ် |
| ဦးလှမျိုးမိုင်(၀၁၄၀၉) | တန်ဖိုး - ၃၀၀၀ ကျပ် |


BURMESE CLASSIC .com

# မာတိကာ


၁။ ကျွန်တော် သတ္တဝါ(သို့မဟုတ်)တစ္ဆေနှင့်တွေ့ဆုံခြင်း ၁
စစ်ဘသွေးနီ(ရွှေဒုံသား)

၂။ အမွေမျက်ရည်နဲ့ ငါးလေးအိုးကပ် ၁၅
မိုးဇေအောင်တင်(Royal)

၃။ မြမြလှိုင် ခေါ်လာဘ်ကောင်လေး ၁၈
မိုးဇေအောင်တင်(Royal)

၄။ ရှုလာဒ်တောင်တစ်ပိုက်က နတ်မိစ္ဆာများ ၂၆
မပေဘာ်ဂနီ

၅။ အရိုးတောင်တွင် သူတို့နေသည် ၄၃
ကပ္ပတိန်ဝန(ခြေလျင်အရာရှိဟောင်းတစ်ဦး)

၆။ အခန်းအမှတ်(၈) ၆၂
မျိုးချစ်

၇။ ကုသိုလ်ကံလေးနှစ်ချက် ၇၂
ဇေယျကျော်ထင်


၈။ ကျွန်တော်နှင့်နော်တရာတောင်ပူစာ ၁၀၈
မင်းထက်ကျော်ဇော

၉။ နယ်စည်းမခြားသိုယောနှင့် ၁၃၄
နေဇင်(ပေါက်ခေါင်း)

၁၀။ ပင်လယ်ပြင်ကိုဖြတ်ပြီး ၁[illegible]
ချူနီယာခင်လေး


www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

# ကျွန်တော် သတ္တိခဲ(သို့မဟုတ်)တစ္ဆေနဲ့တွေ့ဆုံခဲ့ခြင်း

ကျွန်တော်တို့တပ်ရင်း ဒီတစ်ပတ်စစ်ဆင်ရေးဝင်ရတာက ကရင်ပြည်နယ် ဒေါနတောင်တန်း အရှေ့ခြမ်းမှာရှိတဲ့ ဘာဓုခိတ ရိက္ခာပို့ကားလမ်းကြောင်း လုံခြုံရေးတာဝန်၊ နှစ်စဉ်နှစ်တိုင်း နွေရာသီရောက်ပြီဆိုရင် ရှေ့တန်းစခန်းတွေဖြစ်တဲ့ ရန်သူကို အဓိကရင်ဆိုင်ထိန်းချုပ်ထားတဲ့ မော်ဖိုးကေစခန်း၊ မဲလစခန်းတွေနဲ့ အနီးအနားမှာ ဖြန့်ခွဲနေရာယူထားတဲ့စခန်းတွေ ရှေ့တန်းလှုပ်ရှားစစ်ကြောင်းတွေအတွက် တစ်နှစ်စာ ရိက္ခာပို့နေကျ။

နောက်တန်းထောက်ပို့စခန်းတွေက ရိက္ခာတွေကို သယ်န်းညီနောင်ရွာမှာ မော်တော်ယာဉ်တွေနဲ့သယ်ပြီး စုပုံတယ်။ အဲဒီသယ်န်းညီနောင်မှာ စုပုံထားတဲ့ ရိက္ခာတွေကို TE 11/ TE 21 ယာဉ်ကြီးတွေနဲ့ ဘာဓုခိတစခန်းအထိ ထပ်မံသယ်ပြီး စုပုံပြန်တယ်။ ဘာဓုခိတကနေ ပို့င့် ၁၀၁၄ တာလေစခန်းထိကိုတော့ TE ကားကြီးတွေ မသွားနိုင် မတက်နိုင်တော့လို့ Nissan petrol, Toyota Landcruser, အမျိုးအစား ဂျစ်ကားပုံစံ အင်ဂျင်အားကောင်းတဲ့ တောင်တက် နောက်ပွင့်ကားလေးတွေနဲ့ ထပ်မံသယ်ယူရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနှစ်စဉ်နှစ်တိုင်းသယ်ယူနေကျ။ ပွင့်လင်းရာသီရောက်ပြီဆိုရိက္ခာသယ်ဖို့လုပ်ရပြီ။ ဒီတစ်ခါတော့ ရိက္ခာသယ်ယူဖို့ ယခင်ဖောက်နေကျ လမ်းအတိုင်းမဟုတ်ဘဲ လမ်းကြောင်းပြောင်းပြီး ဖောက်ဖို့လုပ်တယ်။ ယမန်နှစ်က သောင်းကျန်းသူတွေက တပ်မတော်အနေနဲ့ ရိက္ခာသယ်ယူဖို့ လုပ်၍မရစေရဘူးလို့ ကြွေးကြော်ခဲ့ပြီး ပိတ်ဆို့တိုက်ခိုက်မှုတွေလုပ်ခဲ့ပေမယ့် သူတို့တွေသာ အထိနာခဲ့ပြီး အချိန်တန်တော့ တပ်မတော်က ရိက္ခာအားလုံးကို ပို့ဆောင်နိုင်ခဲ့တဲ့အတွက် သူတို့၏လုပ်ကိုင်မှုများ သဲထဲရေသွန်ဖြစ်သွားခဲ့တယ်။

ဘယ်လိုတားတားတပ်ကိုတားလို့မရဘူးဆိုတာလည်းသောင်းကျန်းသူတို့နားလည်သွားပုံရတယ်။ အဲဒီလိုတားခဲ့လို့ သူတို့တားတဲ့တပ်ဖွဲ့တွေ အထိနာခဲ့ရုံမက တပ်မတော်က တစ်ဆက်တည်း လမ်းကင်းဆောင်ရွက်ရင်း ရှင်းလင်းသွားခဲ့လို့ သူတို့၏ စီးပွားရေးလုပ်ငန်း (သစ်ထုတ်လုပ်မှုနဲ့ မှောင်ခိုစီးပွားရေး) ခေတ္တရပ်ဆိုင်းသွားခဲ့ရပြီး သူတို့ အဓိကသစ်ထုတ်လုပ်နေတဲ့ ဝမ်ခသစ်စက်၊ ခလဒေးသစ်စက်တွေနဲ့ အခြားသစ်စက်တွေပါ ရှင်းလင်းဖျက်ဆီးခံခဲ့ရလို့ တော်တော်အထိနာ ဒုက္ခတွေ့သွားတဲ့အတွက် ဒီနှစ်စစ်ဆင်ရေးမှာတော့ ကျွန်တော်တို့တပ်တွေ ရိက္ခာပို့ဖို့ တာစူနေမှုကို နှောင့်ယှက်ဟန့်တားဖို့ အရိပ်အယောင်တောင် မတွေ့ရပေ။

ဒါပေမယ့် လမ်းဖောက်ဖို့စတင်တော့ မဲပလဲမြစ်အထွက်မှာတင် မြေထိုးစက်ကြီးက တစ်ရက်ထဲ၌ပင် မိုင်း ၃ လုံးထိတယ်။ ဒါတောင်မှ ရှေ့က မိုင်းရှင်းအဖွဲ့က ရှင်းထားပြီးသား။ သောင်းကျန်းသူကလည်း မိုင်းရှာစက်နဲ့ကော မိုင်းရှာကျွမ်းကျင်တဲ့စစ်သည်တွေပါအလွယ်တကူမိုင်းရှာလို့မရအောင်ထောင်ထားကြတယ်။ ကားမိုင်းတစ်လုံး ရှင်းနေတာကိုတွေ့လို့ ကျွန်တော်လည်း ဗဟုသုတအနေနဲ့ လေ့လာထားတာကို တင်ပြလိုပါတယ်။

ကားမိုင်းတစ်လုံးဆိုတာ ၁၂ လက်မ ၁၅ လက်မ အကျယ်ရှိတဲ့ ဒန်အိုးတစ်လုံးအရွယ်လောက်ရှိတယ်။ အဲဒီမိုင်းကိုသောင်းကျန်းသူတွေက လူတစ်ရပ်ကျော်ကျော် ကျင်းတူးပြီးတော့ မြှုပ်ထားတာ။ မိုင်းကို လူတစ်ရပ်ကျော် ကျင်းတူး



BURMESE CLASSIC .com



ပြီးမြှုပ်ရင် ကားက မိုင်းနင်းမိပေမယ့် ကွဲဖို့မလွယ်ဘူး။ အလယ်မှာ မြေသားထုကြီးက ခံနေတာကိုး။ အဲဒီလိုကားက မိုင်းနင်းရင်ကွဲအောင်လို့ မိုင်းက နင်းမဲ့ခလုတ်ကို နှစ်လက်မပတ်လည် သစ်သားချောင်းကို မိုင်းပေါ်မှာ ဒေါင်လိုက်ထောင် ခလုတ်ကိုဖိပြီး အပေါ်မြေကြီးနဲ့ တစ်ပေလောက်ခွာပြီး မြှုပ်ထားတာ။

အဲဒီတော့ကားက သစ်သားချောင်းကိုနင်းမိတော့ သစ်သားချောင်းက မိုင်းခလုတ်ကိုဖိမိပြီး လူတစ်ရပ်ကျော်မြှုပ်ထားတဲ့မိုင်းက ထကွဲတော့တာပေါ့။ အဲဒီလိုမြှုပ်ထားတော့ မိုင်းရှာစက်ကော၊ မိုင်းရှာကျွမ်းကျင်တဲ့ စစ်သည်တွေကော မိုင်းကို ရှာတွေ့ဖို့မလွယ်တော့ဘူးလေ။ သာမန်လူနင်းမိုင်းတွေ၊ အပေါ်ယံမြှုပ်ထားတဲ့ ကားမိုင်းတွေကို ရှာဖွေရှင်းလင်းနိုင်ပေမယ့် အဲဒီလို လူတစ်ရပ်ကျော်ကို သစ်သားချောင်းနဲ့ ဒေါင်လိုက်ဖိထားတဲ့မိုင်းတွေကိုတော့ မရှင်းနိုင်လိုက်ဘူး။

ကားလမ်းက တစ်မိုင်တောင်မဖောက်ရသေးဘူး။ မြေထိုးစက်ကို မိုင်းက ၃ လုံးလောက်ထိနေပြီ။ မြေထိုးစက်ရဲ့ဘီးက ချိန်းလိပ်တွေပြန်ပြင်ရလဲရနဲ့ ရှေ့ဆက်မတိုးနိုင်တော့လို့ ယခင်ဖောက်ခဲ့ဖူးတဲ့ လမ်းဟောင်းကို မသုံးတော့ဘဲ လမ်းသစ်တစ်ခုလွှဲဖောက်ဖို့ စီမံတော့တယ်။ လမ်းသစ်တစ်ခုကို လမ်းအူကြောင်းဆွဲ ဖောက်လိုက်ရင်တော့ မြေထိုးစက်ကော၊ စစ်သည်တွေကော မိုင်းအန္တရာယ်ကတော့ ကင်းဝေးတော့မှာပဲ။

သောင်းကျန်းသူက ယခင်နှစ်ကလို ပိတ်ဆို့တိုက်ခိုက်ဖို့ မစီမံထားဘဲ လမ်းဟောင်းမှာ မိုင်းအပြည့်ခင်းထားလို့ စစ်သည်တွေကလည်း သူသေကိုယ်သေသာ တိုက်ခိုက်ချင်တာ၊ မိုင်းလို့ကြားတာနဲ့ ခြေဖဝါးတွေက ယားလာသလိုလိုနဲ့ ခြေတစ်လှမ်း.လှမ်းဖို့တောင် ဝံ့ရဲတော့တာမဟုတ်ဘူး။ အဲဒါနဲ့ပဲ ယခင်လမ်းဟောင်းရဲ့အနောက်ဘက်ခပ်လှမ်းလှမ်းက ရွာစဉ်သွားတဲ့ လမ်းကြောင်းအတိုင်း (လူသွားလမ်းကိုမြှောင်ပြီး) ကားလမ်းကြောင်းအသစ်ဖောက်ဖို့ လုပ်တော့တယ်။

လမ်းဖောက်တဲ့တပ်မှာတော့ ကျွန်တော်တို့တပ်မပါပေမယ့် အခြားတပ်တွေက လမ်းဖောက်ဖို့လုပ်တယ်။ ကျွန်တော်တို့တပ်ကတော့လမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက် ရိက္ခာပုံနိုင်ဖို့အတွက် လှုပ်ရှားစိုးမိုးဖို့ တာဝန်ယူရတယ်။ အဲဒီနယ်မှာ ရိက္ခာပုံနိုင်ဖို့အတွက် ယာယီစခန်းထိုင်လှုပ်ရှားဖို့ တာဝန်ယူရင်း ကျွန်တော့်အနေနဲ့ ဒီအဖြစ်ကလေးကြုံဖို့ ဖြစ်လာတော့တယ်။

အဲဒီအချိန်မှာ ကျွန်တော်က တပ်ရင်းထောက်လှမ်းရေးတပ်စိတ်ကို ရောက်ရှိကာစ။ ကျွန်တော်တို့တပ်စိတ်မှာ အိုင်ဆာဂျင်က ဆရာကြီးခင်မြင့်၊ အိုင်ကော်ပရာက ဆရာအောင်စိုးမြင့်နဲ့ စစ်သည်က ကျွန်တော်အပါအဝင် ၆ ယောက်ရှိတယ်။ ကျွန်တော်တို့တပ်စိတ်က စုစုပေါင်း ၈ ယောက်ရှိပြီး နောက်တန်းတပ်ရင်းဌာနချုပ်မှာ ၁ ယောက်ထားခဲ့တော့ ၇ ယောက်က ရှေ့တန်းပါတယ်။

အဲဒီ ၇ ယောက်ကိုစစ်ကြောင်း (၁) မှာ ၄ ယောက်၊ စစ်ကြောင်း (၂) မှာ ၃ ယောက်ခွဲထားတော့ ကိုအောင်စိုးမြင့်နဲ့ ရဲဘော် ၃ ယောက်က စစ်ကြောင်း (၁) မှာ တာဝန်ယူရပြီး အိုင်ဆာဂျင် ဆရာကြီးခင်မြင့်နဲ့ စစ်သည် ၂ ယောက်က စစ်ကြောင်း (၂) မှာ တာဝန်ကျတယ်။ အဲဒါနဲ့ပဲ ကျွန်တော်တို့ စစ်ကြောင်း (၁) ဌာနချုပ်နဲ့တပ်ခွဲတစ်ခွဲက ဖားကလုဆိုတဲ့ရွာမှာ အခြေပြုပြီး စစ်ကြောင်း (၂) နှင့် တပ်ခွဲ ၂ ခွဲနဲ့ စစ်ကြောင်း (၁) မှာပါတဲ့ တပ်ခွဲ ၂ ခွဲကို အနီးအပါး ပတ်ဝန်းကျင်မှာ လှုပ်ရှားစိုးမိုးစေတယ်။

ဒီအနီးအနားမှာ လူနေထိုင်သော ရွာများရှိတယ်ဆိုပေမယ့် တစ်ရွာနဲ့တစ်ရွာက လှမ်းတယ်။ အလွန်ဝေးကွာကြတယ်။ ရွာအေးပတ်ချာလည်မှာလည်း တောတွေတောင်တွေကလည်း ထူထပ်တာမို့ သောင်းကျန်းသူတွေလည်း ရံဖန်ရံခါရှိတတ်သလို တောကောင်တွေကလည်း အလွန်ပေါတယ်။ တောဘယ်လောက်ထူ လူအရောက်အပေါက် ဘယ်လောက်နည်းသလဲဆိုရင် တစ်ခါတစ်ရံ ကျွန်တော်တို့ဖောက်ထားတဲ့ ကားလမ်းကြမ်းပေါ်မှာတောင် ကျားခြေရာတွေ တွေ့ရတတ်တယ်။

ကျွန်တော်တို့တပ်စိပ်မှာဆို ကိုအောင်စိုးမြင့်က တောက်ဆတ်တောက်ဆတ်နဲ့ အလွန် ပေါက်ကရလေးဆယ်လုပ်တတ်သလို သူ့ခါးမှာချိတ်ထားတဲ့ ဓားကောက်ကြီးက တစ်ပတ်တစ်ခါ သွေးသောက်ရမှ ကျေနပ်တဲ့ အကြောင်း အမြဲပြောတတ်တယ်။





ဟုတ်တယ်ဗျ … သူ့ဓားကောက်ကြီးက တစ်ပတ်တစ်ခါလောက် သွေးသောက်ရမှ မသောက်ရရင် ဓားကိုင်တဲ့သူ လက်ရှတာလောက်တော့ ဖြစ်တတ်တယ်။ ရွာမှာ နွားပေါ်၊ ဝက်ပေါ်ရင်လည်း သူ့ဓားကောက်ကြီးနဲ့ ပေါ်တတ်တာ၊ ဓားကောက်ကြီးကိုလည်း အမြဲမြနေအောင် သွေးထားလို့ အကြောင်းမသိတဲ့သူများ ဓားအိမ်ထဲက ဓားကိုဆွဲထုတ်ရင်တောင် လက်ကိုရှတတ်တာ၊ သားကောင်ပေါတဲ့ ဒေသမို့ တစ်ခါတစ်ရံ အနီးအပါးပတ်ဝန်းကျင်ကို စစ်သည်များ တောလည်တတ်ပြီး တစ်ခါတစ်ရံလည်း တောကောင်ကြီးတွေရတတ်တယ်။ အများစုကတော့ ရှဉ့်တို့မျောက်တို့ ငှက်တို့ အကောင်သေးတွေတော့ ခဏခဏရတတ်လေ့ရှိတယ်။ တစ်ရက်မှာတော့ ဆရာအောင်စိုးမြင့်က ကျွန်တော့်ကို အဖော်စပ်တယ်။

"ထွန်းလင်းရေ … ငါ သားကောင်တွေလာလာလျက်တတ်တဲ့ ဆားမြေတစ်ခု ငါတွေ့ထားတယ်၊ ပြီးတော့ ချောင်းဖျားနားမှာ တောဝက်တွေနေတဲ့ ဝပ်ကျင်းတစ်ခုကိုလည်း ငါတွေ့ထားတယ်၊ အဲဒါ တစ်ရက်လောက်တော့ သားကောင်သွားချောင်းရအောင်" လို့ အဖော်စပ်တယ်။

အဲဒါဆိုရင် ကျွန်တော် သဘောပေါက်ပြီးသား။ သူတွေ့ထားတဲ့နေရာကို တစ်ယောက်တည်းမသွားရဲလို့ပဲ ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ကျွန်တော့်လက်စွမ်းကို အားကိုးလို့ အဖော်လာညှိတယ်ဆိုတာ သိလိုက်တယ်။ ကျွန်တော်ကလည်း တောပစ်ရမယ်ဆို ဘယ်အချိန်လာခေါ်ခေါ် ဖွေ့ကနဲဆို လိုက်နေတတ်တော့ …

"နေရာက ဝေးလားဗျ" လို့ စပ်စုကြည့်လိုက်တယ်။

"သိပ်တော့မဝေးဘူးလို့ ပြောလို့ရသလို နည်းနည်းတော့လှမ်းတယ်" လို့ ကိုအောင်စိုးမြင့်က ပြောလာတယ်။ ကျွန်တော်က …

"သားကောင်မတွေ့ဘဲ သူပုန်နဲ့တွေ့နေလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်" လို့ ပြောလိုက်တော့ …

"ငါ … ခဏခဏ ရောက်ပါတယ်ကွ။ သူပုန်လာလေ့ရှိပုံတော့ မ[illegible] ဘူး။ သားကောင်တွေက ငါရောက်သွားရင် ထွက်ပြေးကုန်ရော။ ခဏတော့



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပြီး ပစ်မှရမယ်ထင်တယ်။ ညနေပိုင်း သွားချောင်းမှာဆိုတော့ မှောင်သွားရင် အဖော်ရအောင်လို့ပါ။ ပြီးတော့ မင်းက ငါ့ထက် လက်ဖြောင့်တော့ မင်းကိုလည်း ပစ်စေချင်လို့ပါ" ဟု ပြောလာတယ်။

ဟုတ်တော့လည်း ဟုတ်သည်။ ဒီနယ်မြေက လမ်းဖောက်ချိန်ဆိုတော့ တပ်ရင်းတွေက ပြုပြစ်အောင် လှုပ်ရှားရှင်းလင်းနေလို့ သောင်းကျန်းသူက အနီးအနားကိုမလာရဲတာ သိနေတာပဲ။ လမ်းဖောက် ရိက္ခာပုံပြီးသွားပြီး တပ်တွေ မရှိတော့ရင်တော့ ဒီရွာတွေမှာ သောင်းကျန်းသူတွေ အမြဲရှိနေတတ်တာ။ ရိက္ခာပုံချိန်ဆို မလာတတ်တော့ဘူးဆိုတာ သိနေတော့ ကိုအောင်စိုးမြင့်ကိုတမင်သက်သက်သာ ပြောလိုက်ရတာ သားကောင်တွေ လျက်နေကျဆားမြေတစ်ခုကို တွေ့ထားတယ်ဆိုကတည်းက ကျွန်တော်က သွားချင်နေပြီ။

ချောင်းဖျားမှာ တောဝက်ဝပ်ကျင်း တွေ့တယ်ဆိုပေမယ့် တောဝက်ဆိုတာက အန္တရာယ်ကြီးတယ်။ လူကို တိုက်ခိုက်တတ်တယ်။ ဒုက္ခပေးတတ်တယ်။ ဆားမြေလျက်တတ်တဲ့ သားကောင်ဆိုတာက ချေတို့၊ ဆတ်တို့သာ ဖြစ်တတ်တာ။ သူတို့က လူကို မတိုက်တတ်ဘူး သူကအရင်မြင်ရင် ပြေးတော့တာပဲ။ ကိုယ်ကလည်း မုဆိုးရင့်မကြီးမဟုတ်လေတော့ ကိုယ့်ကိုအန္တရာယ်မပေးနိုင်တဲ့ သားကောင်ကိုသာ ပစ်ဖို့ဆုံးဖြတ်လိုက်တယ်။

အဲဒါနဲ့ပဲ "အစ်ကို ... ဘယ်နေ့သွားချောင်းမှာလဲ" လို့မေးကြည့်တော့ ...

"မနက်ဖြန် သွားချောင်းမယ်ကွာ" လို့ပြောတယ်။

ဖြစ်နိုင်ရင် ကျွန်တော်က ဒီနေ့တောင်သွားချောင်းချင်တာ။ လူကြီးတွေကို သတင်းမပို့ရသေးလို့ မနက်ဖြန်မှ သွားချောင်းမယ်လို့ပြောတာ ဖြစ်နိုင်ကြောင်း သုံးသပ်မိတယ်။ တောပစ် သားကောင်ချောင်းတယ်ဆိုပေမယ့် ကိုယ်သွားချင်တိုင်း သွား၍မရ။ သတင်းပို့သွားပြီး ထွက်ချိန်ဝင်ချိန်ပါ ခန့်မှန်းသတင်းပို့သွားမှဖြစ်မည်။

သောင်းကျန်းသူနယ်မြေဖြစ်နေတာမို့ တပ်ချင်းများပြီး ပစ်ခတ်ခံရမှာလည်း စိုးရိမ်ရသေးသည်။ သားကောင်ပစ်ပြီး ပြန်လာလျှင် ဘယ်လမ်းကြောင်း၊ ဘယ်တပ်စိတ်နေရာယူထားသည့် ဝင်ပေါက်မှ ဝင်လာမည်ဟု မှာကြားသတင်း





ပို့သွားမှ အဆင်ပြေသည်။ ပြန်ချင်တဲ့နေရာ ဝင်ချင်တဲ့နေရာက ကြုံသလိုဝင်၍လည်းမရ။

မနက်ဖြန် တောပစ်သွားမည်ဆို၍ ကျွန်တော်၏လက်စွဲတော်ကာဘိုင်လေးကို တိုက်ချွတ်နေလိုက်သည်။ သေနတ်ပါမက ကျည်ဆန်များပါ တိုက်ချွတ်သန့်စင်လိုက်သည်။ သားကောင်ပစ်ခါနီးမှ ကျည်မထွက်၊ ကျည်အ.ဖြစ်နေလျှင် အခက်။ ထို့ကြောင့် သားကောင်ပစ်ရန်အတွက် ကျည်ဆန်များကိုပါ ရွေးချယ်တိုက်ချွတ်ထားလိုက်သည်။ ထို့အပြင် သုံးတောင့်ထိုးဓာတ်မီးကြီးကိုပါ ဓာတ်ခဲအသစ်လဲထားပြီး ဓာတ်ခဲ ၅ လုံးခန့်ပါ အပိုဆောင်ထားလိုက်လေသည်။

ထိုသို့ဖြင့်ပင် သားကောင်ပစ်မည့်နေ့သို့ ရောက်လာပြီး နေ့လည် ၁၅း၀၀ နာရီလောက်ကတည်းက အားလုံးကို မှာကြားသတင်းပို့ပြီး ကျွန်တော်တို့နှစ်ယောက် တောထဲထွက်လာခဲ့သည်။ ကိုအောင်စိုးမြင့်က လမ်းသိလို့ ရှေ့က ဦးဆောင်သွားတယ်။ တောထဲတွင် တောင်ကုန်းလေးတစ်ခုကိုကျော်ပြီး လျှိုလေးတစ်ခုထဲရောက်သည်။

ကိုအောင်စိုးမြင့်က "ရှေ့က တောင်ကုန်းလေးပေါ်ရောက်ရင် ငါပြောထားတဲ့ ဆားမြေကိုရောက်မယ်၊ ဒီအချိန်ဆို သားကောင်ရှိချင်လည်းရှိမယ် ... မရှိချင်လည်း မရှိဘူး၊ ညနေ ၅ နာရီလောက်ဆိုရင်တော့ သားကောင် တစ်ကောင်နှစ်ကောင်တော့ ရှိတတ်တယ်" လို့ပြောလို့ သတိထားပြီး လျှိုလေးထဲကနေ တောင်ကုန်းလေးပေါ် တက်လိုက်၏။

လေတိုက်သည့်ဘက်ကို ကြည့်လိုက်တော့ ကျွန်တော်တို့ဘက်က လေအောက်ရပ်ဖြစ်နေလို့ ကျွန်တော် သဘောကျသွားသည်။ ကုန်းထိပ်နားရောက်ခါနီးတော့ ဇင်ပြွန်းပင်မှာ ဇင်ပြွန်းသီးတွေမှည့်ပြီး ကြွေကျနေလို့ ဒီနေရာကိုတော့ သားကောင်ကျိန်းသေလာနိုင်တယ်လို့ တွေးမိ၏။ ဆားမြေ ဟုတ်မဟုတ် မသိပေမယ့် ဇင်ပြွန်းသီးမှည့်ကတော့ တောကောင်လေးတွေနဲ့ ချေ၊ ဒရယ်တွေ ကြိုက်တတ်တာမို့ တောကောင် တစ်ကောင်ကောင်တော့ ပစ်ရ[illegible]တော့မယ်ဆိုတာ အတတ်သိလိုက်ပြီး ကိုအောင်စိုးမြင့်က တော[illegible]တွေ



www.burmeseclassic.com

www.burmeseclassic.com



လာလျက်တတ်တဲ့ဆားမြေကို လက်ညှိုးထိုးပြလို့ ကြည့်လိုက်တော့ အဲဒီနေရာမှာ ဘာကောင်မှရှိနေတာ မတွေ့ရပေ။

ကျွန်တော်လည်းပုန်းကွယ်လို့ကောင်းတဲ့ သစ်ပင်ကြီးတစ်ခုရှိတဲ့ ချုံထဲမှာ နေရာယူလိုက်ပြီး ကိုအောင်စိုးမြင့်ကိုလည်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ချောင်းဖို့ ပြောလိုက်ရသည်။ ညနေလည်းစောင်းသွားလို့ ငှက်ကလေးတွေတောင် အိပ်တန်းတက်နေပြီ။ ဇင်ပြွန်းပင်မှာလည်း ငှက်တွေကော ရှဉ့်တွေကော ခုန်ပျံပြေးလွှားလျက် ဇင်ပြွန်းသီးတွေစားနေသလို ဇင်ပြွန်းသီးမှည့်တွေကလည်း မြေပေါ်ကို တစ်ဖောက်ဖောက်နဲ့ ကြွေကျနေသည်။

နာရီဝက်လောက်ကြာတော့ ကျွန်တော်တို့မျှော်လင့်နေတဲ့ဘက်က မဟုတ်ဘဲ မဖျော်လင့်ထားတဲ့ဘက်ကနေ ချေကလေးတစ်ကောင် ဟိုငေးဒီငေး ဟိုနမ်းဒီနမ်းနဲ့ တဖြည်းဖြည်းတက်လာတယ်။ ချက်ချင်းတောက်လျှောက် တက်လာတာမဟုတ်ဘဲ ဟိုအရွက်စားလိုက် ဒီအရွက်စားလိုက်နဲ့ တက်လာတာ။ ကျွန်တော်တို့ ပုန်းကွယ်နေတဲ့နေရာနဲ့ ကိုက် ၁၀၀ ကျော်တော့ဝေးတယ်။ ကျွန်တော်လည်း ကိုအောင်စိုးမြင့်ကို ကျွန်တော်ပဲပစ်မယ်လို့ပြောပြီး အသင့်စောင့်နေလိုက်တယ်။

သားကောင်ကလည်း အနံ့ရလို့လားမသိဘူး၊ တော်ရုံနဲ့ အနားရောက်မလာဘူး။ နားရွက်နှစ်ဖက်ကလည်း ထောင်နေပြီး ဟိုဘက်နားထောင်သလိုလို ဒီဘက်နားထောင်သလိုလိုဖြစ်နေလို့ စိတ်ထဲ မချင့်မရဲဖြစ်နေတယ်။ ကျွန်တော်တို့ရှိနေတာကို ရိပ်မိပြီး ထွက်ပြေးသွားမှ ဒုက္ခလို့ တွေးမိနေတယ်။ တစ်အောင့်လောက်ကြာတော့မှ တောက်ဆတ်တောက်ဆတ်နဲ့ ရှေ့ကိုထွက်လာတော့ နောက်နားမှာ နောက်ထပ် နှစ်ကောင်ထပ်ပါလာတာကိုလည်း တွေ့ရတယ်။

ခပ်လှမ်းလှမ်းနောက်မှာ နောက်ထပ် နှစ်ကောင်ထပ်ပါလာမှ ရှေ့ကချေလေးက ကျွန်တော်တို့ရှိရာကိုလှမ်းလာပြီး ကိုအောင်စိုးမြင့်က ဆားမြေလို့ပြောတဲ့နေရာမှာ ရပ်နေပြီး မြေကြီးကိုနမ်းနေတယ်။ ကျွန်တော် နေရာယူထားတဲ့နေရာနဲ့က ကိုက် ၅၀ လောက်ပဲ ရှိတော့တယ်။ အဲဒီအကွာအဝေး အဲဒီအနေအထားနဲ့ဆို ပစ်မလွဲပဲဆိုပြီး သူများတွေက လက်ပြင်ကိုချိန်ပစ်တတ်





ပေမယ့် ကျွန်တော်က ခေါင်းကိုသာ ချိန်ပစ်တတ်သူမို့ နားရွက်အောက်နားကို သေသေချာချာချိန်ရွယ်ပြီး ပစ်ထုတ်လိုက်တော့တယ်။ သားကောင်ကိုပစ်ရင် ပစ်မှတ်က လက်ပြင်ဆိုရင် ငြိမ်နေပေမယ့် ခေါင်းကိုပစ်ရင်တော့ သားကောင်ရဲ့ ခေါင်းက မငြိမ်တတ်ဘူး။

ဒါကြောင့် အများစုက ခေါင်းကိုမပစ်တတ်ကြဘူး၊ အခုကတော့ မြေကြီးကိုလျက်နေကာ ငြိမ်နေတာကလည်းတစ်ကြောင်း ပစ်မည့်သေနတ်ကလည်း ကာဘိုင်သေနတ်ဖြစ်နေပြီး ပစ်မှတ်ကလည်းနီးနေတာမို့ ခေါင်းကိုသာ ချိန်ရွယ်ပစ်ခတ်လိုက်တော့တာ။ ကာဘိုင်သေနတ်၏ "ဖန်း ..." ဆိုသည့် ပေါက်ကွဲသံနှင့်အတူ သေနတ်ပြောင်းဝကကျည်ဆန်က တိုးထွက်သွားပြီး သားကောင်ကို တိတိကျကျသွားမှန်တာမို့ လက်ထဲမှာ စီးစီးပိုင်ပိုင် ဖြစ်မိသွားတယ်။

တစ်ချက်သာပစ်ပြီး သားကောင်ကိုကြည့်လိုက်တော့ သားကောင်ခမျာ တစ်ချက်သာခုန်နိုင်ခဲ့ပြီး အဲဒီနေရာမှာ ရှာချလည်ဖြစ်နေကာ ခဏအကြာမှာတော့ ငြိမ်သက်သွားတော့တယ်။ နောက်မှာပါလာတဲ့ သားကောင်နှစ်ကောင်လည်း သေနတ်သံကြားကတည်းက ထွက်ပြေးသွားတာ မြင်တောင်မမြင်ရတော့ဘူး။ အိပ်တန်းတက်ဖို့ပြန်လာတဲ့ ငှက်ကလေးတွေကော၊ ရှဉ့်ကလေးတွေပါ သေနတ်သံကြောင့် လန့်ပြီး ထွက်ပြေးပျောက်ကွယ်သွားကာ လောကတခွင် တိတ်ဆိတ်သွားသလိုတောင် ခံစားမိလိုက်တယ်။

ကျွန်တော်တို့နှစ်ယောက်လည်း သားကောင်နား သွားကြည့်လိုက်တော့ ချေကလေးက သေနေပြီ။ ဒဏ်ရာကတော့ ဘယ်ဘက်နား အောက်နားကဝင်ပြီး ညာဘက်နားနေရာက ပွင့်ထွက်သွားတယ်။ ခေါင်းကို အမှတ်တရ သိမ်းထားချင်တဲ့သူဆိုရင်တော့ မလှမပခေါင်းတစ်ခုပဲ ရတော့မှာ။ ဒါပေမယ့် ချေခေါင်းတွေကို သိမ်းလေ့သိမ်းထမရှိကြပါဘူး။ သမင်ခေါင်းလောက်မှ မလှတာ။ သမင်တို့ပြောင်တို့ဆိုရင်တော့ ခေါင်းကိုဘယ်ပစ်ပါ့မလဲ။ အဲဒါနဲ့ပဲ ခြေလက်တွေကိုစုချည်ပြီး ချေကိုထမ်းဖို့ လုပ်ရတော့တယ်။ အစကတော့ အကောင်သေးမယ်ထင်ထားတာ တကယ်ထမ်းမယ်လုပ်တော့မှ နှစ်ယောက်စလုံး သားကောင်ကို ဝါးလုံးလျှိုပြီးထမ်းတာတောင် နင့်နေအောင်ထမ်းရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သားကောင်ထမ်းပြီးပြန်တော့ မှောင်ရိပ်သမ်းနေပြီ။ ဒီနေရာကနေ ရွာကို ၄၅ မိနစ်၊ တစ်နာရီတော့ သွားရဦးမှာမို့ နှစ်ယောက်သား သားကောင်ကို ထမ်းရင်း ခပ်သွက်သွက်ပြန်လာခဲ့လိုက်တာ ရွာစပ်ကိုရောက်တော့ ည ၇ နာရီ ကျော်နေပြီ။ ရွာစပ်ရေချောင်းလေးရောက်တော့ သားကောင်အထမ်းကလည်း လေးလွန်းတာမို့ ကိုအောင်စိုးမြင့်က ...

"ထွန်းလင်းရေ ... သားကောင်နဲ့ငါနဲ့ ဒီချောင်းစပ်မှာနေခဲ့မယ်၊ မင်းက ငါတို့ပြန်ရောက်ပြီဆိုတာကို အရာရှိတွေကို သတင်းသွားပို့၊ ပြီးရင် တပ်စိတ်က ပလိုင်းနဲ့ ဓားမတစ်ချောင်းယူပြီး ပြန်လာခဲ့၊ ဒီချောင်းထဲမှာ ငါ သားကောင် ဖျက်ရင်း စောင့်နေမယ်"

လို့ ပြောလာတယ်။

ရွာနံဘေးက ချောင်းကလေးမှာ အဝတ်လျှော်တဲ့ သစ်တုံးကြီးလည်း ရှိပြီး ရေကလည်း ခါးစောင်းလောက်နက်ကာ တသွင်သွင်စီးနေတာမို့ သားကောင်ဖျက်ရင် အဆင်ပြေမယ်ဆိုတာကိုသိတယ်။ ရွာဘေးလည်း ရောက်နေပြီမို့ ဘာမှလည်း အန္တရာယ်မရှိနိုင်တာမို့ ကျွန်တော်လည်း ကိုအောင်စိုးမြင့်ကို ထားခဲ့ပြီး ရွာထဲဝင်လာခဲ့တယ်။ ကင်းသမားကို ချောင်းစပ်မှာ ကိုအောင်စိုးမြင့် သားကောင်ဖျက်နေတယ်လို့ မှာကြားခဲ့ပြီး တပ်စိတ်ကိုပြန်လာခဲ့တယ်။

တပ်စိတ်ရောက်တော့ IO အရာရှိကို ပြန်ရောက်ပြီဖြစ်ကြောင်း၊ ချေတစ်ကောင်ရခဲ့ကြောင်း၊ ချောင်းစပ်မှာဖျက်နေသဖြင့် ကျွန်တော် ပလိုင်းယူပြီး ပြန်သွားရဦးမယ်လို့ သတင်းပို့တော့ IO ဗိုလ်ကြီးက ...

"အေး ... အေး ... မြန်မြန်လုပ်ပြီး မြန်မြန်ပြန်လာခဲ့" လို့ မှာသည်။

အဲဒါနဲ့ ကျွန်တော်လည်း ဓားမတစ်ချောင်း၊ ဓားပြားလေးတစ်ချောင်းနဲ့ ပလိုင်းလွယ်ပြီး ကိုအောင်စိုးမြင့်ထံပြန်သွားတော့ ကိုအောင်စိုးမြင့်က ချောင်းစပ်က သစ်တုံးပေါ်မှာ အကျအနထိုင်ရင်း သူ့မှာရှိတဲ့ ဓားကောက်နဲ့ ချေသေကို အရေခွံခွာနေတာတောင် ပြီးနေပြီ။ ကျွန်တော်လည်း သစ်တုံးပေါ်မှာ ကိုအောင်စိုးမြင့်နဲ့ မျက်နှာချင်းဆိုင်ထိုင်ရင်း ချေတစ်ကောင်ကို ခုတ်ထစ်ပိုင်း ဖြတ်နေတာကို ဝိုင်းကူနေမိတယ်။ ကျွန်တော်က ...





"ဝမ်းတွင်းသားတွေ ဘယ်လိုလုပ်မှာလဲ"

မေးကြည့်တော့ ...

"အညစ်အကြေးတွေဖောက်ဆေးပြီး ယူသွားမယ်"

လို့ ပြန်ပြောတယ်။

အဲဒီလို အသားတွေကို အပိုင်းပိုင်းခုတ်ထစ်ပြီး ပလိုင်းထဲကို ထည့်နေတုန်းမှာပဲ ကျွန်တော့်ရဲ့နောက်နားဆီက "ဟီး ... ဟီး ... ဟီး ..." ဆိုပြီး ညည်းသံကြီးကို ကြားလိုက်ရတယ်။

စကြားကြားချင်း ကျွန်တော် ခေါင်းနပမ်းကြီးသွားပြီး ကြက်သီးတွေလည်း တဖြန်းဖြန်းထသွားတယ်။ လူကလည်း တောင့်တောင့်ကြီးဖြစ်သွားပြီး နောက်ကို လှည့်မကြည့်ရဲတော့ဘူး။ ကိုအောင်စိုးမြင့်က တစ်ချက်မော့ကြည့်ပြီး ...

"နောက်ကိုလှည့်မကြည့်နဲ့ကွ ... တစ္ဆေ ... တစ္ဆေ ..."

လို့ ကျွန်တော့်ကို ပြောတယ်။

သူက တစ္ဆေလို့ပြောမှ ကျွန်တော်ကြောက်ပြီး ဘာလုပ်ရမှန်းမသိတော့ဘူး။ ကျွန်တော့်အနေနဲ့ သရဲတွေ၊ တစ္ဆေတွေကိုလည်း တစ်ခါဖူးမျှ မြင်ခဲ့ဖူးတာမဟုတ်၊ ကြားစကားနဲ့သာ ကြောက်စရာကောင်းတယ်လို့ သိထားတာ။ နောက်နားကလည်း တဟီးဟီးနဲ့ အော်နေသံကို အဆက်မပြတ် ကြားနေရတယ်။ အော်နေသံက တဖြည်းဖြည်း ဒေါသသံပါနေသလိုတောင် ထင်မိနေတယ်။ ကျွန်တော့်အနားကိုကပ်ပြီး အော်နေသလိုဖြစ်နေလို့ ကျွန်တော် ထွက်ပြေးချင်စိတ်ပေါက်နေပြီ။

ဘယ်အချိန်မှာ ကျွန်တော့်ဂုတ်ကို လှမ်းဆွဲမလည်းလို့တောင် ထင်မိနေတဲ့အတွက် ကြောက်စိတ်က အထွဋ်အထိပ်ရောက်နေပြီ၊ အဲဒီအချိန်မှာပဲ ကိုအောင်စိုးမြင့်က ခုနက သူခွာထားတဲ့ ချေအရေခွံကြီးကို တစ္ဆေဆီ ပစ်ပေးလိုက်ပြီး နှုတ်မှလည်း ...

"အဲဒါကိုစားကွာ ... ငါတို့ကို မနှောင့်ယှက်နဲ့" လို့ ပြောပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းလင်းရေ ... မြန်မြန်ခုတ်၊ မြန်မြန်ထည့်ကွာ၊ ဒီနေရာမှာ ကြာရှည်နေလို့ မကောင်းတော့ဘူး"

လို့ ပြောလာသဖြင့် ကျွန်တော်လည်း မြန်မြန်သွက်သွက် လုပ်နေတော့တယ်။ ခုနက တဟီးဟီးအသံကြီးလည်း မကြားရတော့ဘူး။ ကျွန်တော်က ...

"ကိုအောင်စိုးမြင့် ... မြင်ရလို့လား" လို့ မေးတော့ ...

"မြင်ရတယ် ... ခုနက ၁ ကောင်၊ အခု ၃ ကောင်တောင် ဖြစ်နေပြီ"

လို့ပြောပြီး ...

"မင်းတော့ လှည့်မကြည့်ပါနဲ့ကွာ ... မင်းအနောက်က တဲပျက်ထဲမှာ ရှိနေတာ"

လို့ ပြောတယ်။

အခုမှ ကျွန်တော် ပိုကြောက်မိတယ်။ ခုနက ဒီချောင်းစပ်ကိုဖြတ်တော့ အဲဒီတဲပျက်ဘေးက ကျွန်တော် ဖြတ်လာခဲ့တာ။ အခုမှ တွေးရင်းတွေးရင်း ကြောက်လာပြီး ကြက်သီးတွေလည်း တဖြန်းဖြန်းနဲ့ထနေတာ မရပ်တော့ဘူး။ ကျွန်တော်တို့လည်း လက်စသိမ်းပြီး အသားတွေကိုထည့်သိမ်းနေတဲ့အချိန်မှာပဲ နောက်ထပ် တဟီးဟီးနဲ့အသံတွေ ထပ်ကြားရပြန်ရော။

အခုအသံက ခုနကအသံတွေထက်များလာပြီး အသံတွေ ကျယ်လာတာ သတိထားမိတယ်။ ကိုအောင်စိုးမြင့်က ...

"ထွန်းလင်းရေ ... လစ်မှရမယ် ဒီကောင်တွေ အင်အားတောင့်လာပြီ"

ဟု ပြောဆိုရင်း တစ္ဆေတွေကိုကြည့်၍ ...

"ငါတို့လည်း စားဖို့ရှိသေးတယ်။ ငါတို့စားဖို့ ငါတို့ ပင်ပင်ပန်းပန်းပစ်လာတာ။ မင်းတို့ကိုတော့ အကုန်မကျွေးနိုင်ဘူး။ အခု ငါ နည်းနည်းထပ်ကျွေးမယ်၊ အဲဒါပဲ စားပြီးနေခဲ့ကြ။ ငါတို့နောက်တော့ ဆက်မလိုက်လာတော့နဲ့"

လို့ ပြောဆိုပြီး ဝမ်းတွင်းသားတွေထဲကမှ အသည်း၊ နှလုံး၊ အဆုတ်တို့ကို ယူထားပြီးဖြစ်၍ ရေဆေးပြီးယူသွားရန် ကြံစည်ထားသည်။ အခုတော့





ရေဆေးသန့်စင်မှု မလုပ်ရသေးသည့် အစာအိမ်နှင့် အူအခွေလိုက်အား စုပြုံ၍ တစ္ဆေများထံ ပစ်ပေးပြီးနောက် ...

"ဟေ့ကောင်ရေ ... လာ ... လာ ... သွားမယ်ကွ"

ဆိုကာ သစ်တုံးပေါ်မှ ချောင်းအတွင်းသို့ခုန်ချ၍ တစ်ဘက်ကမ်းရှာထဲသို့ တက်ပြေးလေတော့သည်။

ကျွန်တော်လည်း နောက်သို့ လုံးလုံးလှည့်မကြည့်အား။ ပလိုင်းအားထမ်း၍ ရှာထဲသို့ အတင်းပြေးဝင်တော့ရာ တပ်စိတ်နေထိုင်ရာ တည်းခိုသည့်အိမ်ရောက်မှရပ်နားမိလေတော့သည်။ အမောတကောနှင့်ပြေးလာရာစစ်သည်များမှ ဘာဖြစ်တာလဲဟုမေးသော်လည်း "တစ္ဆေ ... တစ္ဆေ" ဟုသာ ပြောနိုင်ပြီး မောနေ၍ စကားပြောမထွက်။

အခုမှ နောက်သို့လှည့်ကြည့်မိရာ မည်သည့်တစ္ဆေမှ မတွေ့ရတော့။ တစ္ဆေများက ချောင်းကိုကျော်ပြီး လိုက်လို့မရဘူးထင်သည်။ ထို့ကြောင့် လိုက်မလာသလားမသိ။ ကျွန်တော်တို့တော့ နေရာရောက်မှ သက်ပြင်းချနိုင်တော့သည်။

ကိုအောင်စိုးမြင့်က ...

"ယဉ်ကျေးတဲ့ တစ္ဆေတွေမို့လို့ တော်သေးတယ်ကွာ"

ဟု ပြောတော့ ...

"ကိုအောင်စိုးမြင့်ကလည်း ယဉ်ကျေးတဲ့တစ္ဆေရယ်လို့ ရှိသေးလို့လား"

လို့ မေးကြည့်တော့ ...

"ဟ ... ရှိတာပေါ့ကွ၊ သူတို့လည်း လူတွေလိုပဲ။ ယဉ်ကျေးတဲ့သူ၊ မိုက်တဲ့သူဆိုတာ ရှိတာပေါ့၊ အခု သူတို့က ယဉ်ကျေးတဲ့တစ္ဆေမို့လို့ ငါတို့ဆီက သွေးရဲရဲ သံရဲရဲနဲ့ အသားတွေကို လုမစားဘဲ အသံပေးပြီး တောင်းစားတာပေါ့ကွ။ မိုက်ရိုင်းတဲ့တစ္ဆေဆို မင်းနဲ့ငါ ပြေးလို့တောင်ရမှာမဟုတ်ဘူး။ အတင်းဝင်လုစားလို့ ငါတို့နှစ်ယောက် တစ္ဆေတွေနဲ့ နဘမ်းလုံးနေရမှာ"

ဟု ပြောတော့မှ ကျွန်တော် ကြောက်အားတွေ ပိုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့တစ္ဆေနှင့်တွေ့ဆုံ၍ နဘမ်းလုံးခဲ့ဖူးကြောင်း တစ္ဆေနှင့်တိုက်ခိုက်ရသည်မှာ ဖွဲ့အိတ်ကြီးကို ထိုးရသလိုဖြစ်ကြောင်း ပြောသံတော့ ကြားဖူးသည်။ ဟုတ် မဟုတ်တော့မသိ။ ကျွန်တော်က ကိုအောင်စိုးမြင့်အား ...

"အစ်ကို တစ္ဆေတွေကို မြင်ရလား ... ဘယ်လိုပုံစံတွေလဲ"

ဟု မေးကြည့်တော့ ...

"မသိချင်ပါနဲ့ကွာ။ အကောင်တွေကိုတော့ မမြင်ရဘူး။ မှုန်ဝါးဝါးနဲ့ အရိပ်တွေကိုသာတွေ့ရပြီး အသံကိုသာကြားရတာ ကြောက်တော့ကြောက်စရာကြီးတွေကွ"

ဟုသာ ပြောသဖြင့် ကျွန်တော်လည်း ဆက်မမေးမိတော့။

ကျွန်တော်က သတ္တိအလွန်ကောင်းသောသူဖြစ်သည်။ ယခင်က အခုသားကောင်ဖျက်ခဲ့သည့် သစ်တုံးနားတွင် ရေးချိုးခြင်း၊ အဝတ်လျှော်ခြင်းများ ပြုလုပ်တတ်သော်လည်း ထိုနေ့မှစ၍ ထိုတုံးနားသို့ လုံးဝမသွားတော့။ အခြားနေရာ ရေချိုးဆိပ်တွင်သာ ရေချိုးတော့သည်။ ထိုသစ်တုံးအား ချောင်းစပ်ရှိ တဲပျက်ကိုတွေ့သည်နှင့် ကြက်သီးများ တဖြန်းဖြန်းထပြီး အရိုးထဲက ယားသလိုလို အသားထဲကယားသလိုလို ဖြစ်နေမိသည်မှာ တော်ရုံနှင့်မပျောက်ခဲ့။ ယခု စာရေးတာတောင် ကြက်သီးထနေမိတုန်းဖြစ်နေပါသည်။

စစ်သွေးနီ(ရွှေနံ့သား)



## အမေ့မျက်ရည်နဲ့ ငါးလေးအိုးကပ်

ငါးလေးအိုးကပ်ဆိုတာ ... အခုထိတမ်းတမိတဲ့ အမေ့လက်ရာလေး တစ်ခုပါပဲ။ ၁၉၉၅ ခုနှစ် အိမ်ကထွက်လာကတည်းက နေရာဒေသအနှံ့ရောက်ခဲ့တိုင်း ငါးအိုးကပ်ဆို ချက်ချင်းပိုက်ဆာလာတတ်တယ်။ ဟင်းခွက်ရှေ့ရောက်လို့ ကြည့်လိုက်မိရင် တစ်ခုခုလိုနေတယ်။

၂၀၀၄ ခုနှစ်မှာ တပ်ကရှေ့တန်းထွက်ဖို့ အရေးပေါ်ခေါ်ယမ်းသွားထုတ်ရင်း အပြန်မှာ အမေ့အိမ်နဲ့ ၁၄ မိုင်အကွာက ဖြတ်ပြန်ရတယ်။ အမေ့လက်ရာလေးတစ်ခုအတွက် စွန့်စားခဲ့မိတယ်။ "အမေရေ... အချိန်တစ်နာရီလောက်ပဲရမယ်နော်။ ငါးလေးအိုးကပ်နဲ့ ထမင်းစားချင်တယ် အမေ"။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တန်းကို လမ်းမကြီးပေါ်က ထမင်းဆိုင်မှာထားခဲ့ပြီး ကြိုချိတ်ထားလို့ သူငယ်ချင်းတစ်ယောက်က ဆိုင်ကယ်နဲ့ အိမ်ကို ကြိုပို့လုပ်ပေးတယ်။ အမေ့ကိုကန်တော့မယ်၊ ထမင်းစားမယ်၊ အသွားအပြန်ကို နှစ်နာရီတိတိနဲ့ ပြတ်အောင် လုပ်မယ်ပေါ့။

တကယ်တော့ အမေ့လက်ရာ ငါးအိုးကပ်ဆိုတာ လက်ညှိုးအရွယ်လောက် ကပ်သပိုးကိုချက်တာ။ ဆီမပါဘူးဆိုရမလိုလေး။ အိုးလေးကိုဖွင့်လိုက်ရင် ငါးဟင်းတစ်ခုလုံးက အိုးမှာ တဖက်ကြွပ်ကပ်နေတာ။ သံယောင်းမအပြားလေးနဲ့ သေချာကလော်လိုက်ရင် အချပ်လိုက်လေးကိုဖြစ်နေတာ။

အောက်ဖက်ကအနီရောင်သန်းနေပြီး အပေါ်မှာက ပူးကပ်နေတဲ့ ငါးလေးတွေကြားထဲမှာ ငြုပ်သီးစိမ်း၊ မန်ကျည်းသီးအစိမ်းလေးတွေ ညှပ်ထားလို့ နံနံပင်လေးသုံးပင်လောက်ကို အညွှန့်တောင်မကျိုးအောင် အစိမ်းအုပ်ထားတာ။

အိမ်ကိုရောက်တာနဲ့ ခါးကသေနတ် ခါးပတ်တောင်မချွတ်မိဘူး အမေက ဆီးကြိုပွေ့ဖက်တယ်။ အဖေက ထမင်းပွဲလေးပြင်တယ်။ စားပွဲပေါ်က ငါးလေးအိုးကပ်ပန်းကန်လေးက အငွေ့တထောင်းထောင်းနဲ့ အနံ့လေးမွှေးလို့။ ဆာလိုက်တာ နှစ်ဆပိုဆာသွားတယ်။

စားကောင်းလိုက်တာ အမေရာ၊ ထမင်းကို အားရပါးရငုံ့စားနေတုန်း ဘေးကရပ်ပြီး ယပ်ခပ်ပေးနေတဲ့ အမေ့ဆီက မျက်ရည်တစ်စက်က လက်ခုံပေါ်ကို ဖောက်ဆိုပြီး ကျလာတယ်။ အလန့်တကြားမော့ကြည့်မိတော့ အဖေက "မင်းကွာ သားလေးထမင်းစားပျက်အောင် မလုပ်ပါနဲ့" တဲ့။

အမေက ပြုံးပြတယ်။ အမေ့မျက်ဝန်းမှာ မျက်ရည်တွေနဲ့ ရာဇထောင်သိန်းသန်းကြယ်လေးတွေ အမေ့မျက်ဝန်းထဲမှာ မျက်ရည်ကြားထဲ ပေါ်လောမျောနေတယ်။ "စားကောင်းလိုက်တာ အမေရယ်"။ အချိန်တွက်လိုက်တော့ စားပြီးတာနဲ့ အဖေနဲ့အမေကို ကန်တော့ပြီး ဖိနပ်စီး သူငယ်ချင်းဆိုင်ကယ်ပေါ်ကနေ အသင့်စောင့်လို့လက်ပြနှုတ်ဆက်ရင်း နောက်တစ်ခါထပ်စားခွင့် ကြုံရဦးမယ်လို့ တထစ်ချတွက်မိလို့။





"အမေ ... သားအချိန်မရလို့ပါ" ဆိုပြီး ထွက်လာခဲ့တာ နောက်ကိုလှည့်မကြည့်ရဲဘူး။ အမေငိုနေမှာ ကိုယ် သိတယ်လေ။ အမေက ခဏခဏပြောတယ်၊ ငါ သေရင် ဆေးဖိုးမပူနဲ့တဲ့။ ဘယ်သူ့ကိုမှဒုက္ခမပေးဘဲ ခေါက်ကနဲသေမှာတဲ့။

တရားလည်းကျင့်ဆေးလည်းကုတဲ့အမေ၊ နောင်သုံးနှစ်အကြာ အပြင်ကပြန်လာပြီး ဧည့်ခန်းထဲမှာ "မူးလိုက်တာ သေတော့မလားပဲ" လို့ပြောပြီး ကုလားထိုင်ပေါ် အရုပ်ကြိုးပြတ်လဲကျသွားတာ အဖေပြေးပွေ့တော့ အသက်မရှိတော့ဘူး။

မိုင်ရာချီတဲ့ခရီးကို အမေ့မြေချအမီ ကားမောင်းပြီး ပြေးလာခဲ့ရတာ။ အခုတော့ ဘယ်နေရာရောက်ရောက်၊ ဘယ်ဆိုင်ရောက်ရောက် ငါးလေးအိုးကပ်ဆိုရင် အမေ့လက်ရာမမှီဘူးဆိုတာ သိနေတယ်။

အမေ့မျက်ရည်နဲ့ငါးလေးအိုးကပ် တစ်ဖက်ကြွပ်ငါးလေးတွေမှာငရုတ်သီးစိမ်းလေးညှပ်လို့ မန်ကျည်းသီးချဉ်ပြုံးပြုံးလေးနဲ့ သားအရမ်းစားချင်လို့ပါ အမေလို့ တမ်းတမိတယ်။

အမေကြားရင် ကောင်းကင်တစ်နေရာ မျက်ရည်စတွေနဲ့ အခုထပြီး ချက်ပေးနေဦးမှာလား အမေရယ် ...။ ။

မိုးအောင်တင်(Royal)

17-10-2018(20:12)

www.burmeseclassic.com

www.burmeseclassic.com




## မြမြလှိုင် (ခေါ်) လာဘ်ကောင်လေး

ဆရာကြီးမြလှိုင် မားသားယူနစ်က … တစ်ချိန်က တပ်သားမြလှိုင်။ နှစ် ၂၀လောက် ကြာခဲ့ပါပြီ။

အခု ၃၉ နှစ်လောက်နဲ့ ဒုအရာခံ ဗိုလ်လေးအဆင့်နဲ့ ရန်ကုန်နားက တပ်တစ်ခုကို ပြောင်းလာတာတဲ့။

"ဗိုလ်ကြီး ကျနော်မြလှိုင်ပါ။ မြမြလှိုင်လေ"

"ဟော …"

မနက်စောစောဝင်လာတဲ့ ဖုန်းထဲကအသံကြောင့် ကိုယ် အံ့ဩသွားမိတယ်။ တစ်ချိန်တည်းမှာပဲ မှတ်မိသွားတယ်။ ကိုယ့် လာဘ်ကောင်လေးပဲကိုး။ ကိုယ် တပ်ခွဲမှူးဖြစ်စအချိန်က ဈေးဦးပေါက် သေနတ်ရအောင် လုပ်ပေးခဲ့တဲ့သူပဲလေ။

"မမေ့ပါဘူး … ဆရာကြီး။ အခု ဘယ်ကဆက်လဲ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ရာထူးတိုးနဲ့ သူ့ဇာတိရန်ကုန်နား ပြန်ပြောင်းလာရတယ်ဆိုတော့ သူ့အတွက်လည်းဝမ်းသာ၊ ကိုယ့်အတွက်လည်း ဆန်းစရာမို့ သူနဲ့ ပတ်သက်ခဲ့တဲ့ တကယ်ဆန်းလှတဲ့ အတိတ်တစ်ခုကို သတိတရ ပြန်တွေးမိသွားတယ်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားတဲ့အချိန် အဖွဲ့ ၁၇ ဖွဲ့တောင် တစ်နိုင်ငံလုံးထဲမှာ ကွက်ကွက်ကလေးပဲ စစ်တိုက်နေရချိန်။

စစ်မြေပြင်ကို ရောက်လာတဲ့ စစ်ဗိုလ်ပေါက်စလေးကို စ,စ တွေ့ခြင်း ဆီးကြိုလိုက်တဲ့ ရင်းမှုးစကားက "တော်တော်ကံဆိုးတဲ့ကောင်" တဲ့။

ဘာပဲဖြစ်ဖြစ် စစ်တိုက်ရလို့ ပျော်ခဲ့တယ်။

ဒုဗိုလ်ဆိုတာ Known nothing ' do everything ကိုး။

လူက မပိန်မဖြောက်လေး။ အရာရှိက ရှားတဲ့ခေတ်။

နှစ်ပွင့်နဲ့ဆိုရင်ကို ခွဲမှုးဖြစ်ပြီ။ စစ်ဆင်ရေးတစ်ခွင် ပြုပြစင် ကြောက်ရမှန်းလဲမသိ မြောက်ရမှန်းလဲမသိ။

ခွဲမှုးဖြစ်တော့ အဲဒီအချိန်က အလိုချင်ဆုံးအရာက "သေနတ်"၊ ဟုတ်တယ် ...

ရန်သူ့ဆီက သေနတ်ကို ဈေးဦးဖောက်ချင်တာ။

မြလှိုင်က ကိုယ်ခွဲမှုးနဲ့ နတလှုပ်ရှားမှာနေတုန်း တပ်ခွဲကိုရောက်လာတဲ့ တပ်သားသစ်။

လူက မိန်းမချောချောတယ်။

နှုတ်ခမ်းလေးတွေက ရဲလို့။

ဖြူဖြူ ပိန်ပိန် ရန်ကုန်သား။

ပထွေးခေါင်းကို လေးခွနဲ့ပစ်ခဲ့ပြီး စစ်ထဲဝင်လာတာ။ မိန်းမချောချောလို့ မြမြလှိုင်လို့ ချစ်စနိုးခေါ်ကြတော့ ကြာတော့ နာမည်ရင်းပါပျောက်ပြီး ကိုယ်ပါ လိုက်ခေါ်မိတယ်။

တပ်သားသစ်ကို ခွဲရုံးမှာ တစ်ပတ်လောက်ထားပြီးတော့မှ တပ်စုတွေ ပို့ကြတော့ မြလှိုင်က ဆရာကြီးရဲဝင်းတပ်စုက ဒုတက အေးကြိုင်တပ်စိတ်မှာ ကျတယ်။ တပ်စုက ၁၁ ယောက်ရှိတယ်။





ဆရာအေးကြိုင်တပ်စိတ်က ၅ ယောက်ပဲရှိတယ်။ တစ်စု ၁၁ ယောက်ဆိုတာ အဲ့ဒီခေတ်က ဟိုမရောက်ဒီမရောက်။ ကိုယ် တစ်ပွင့်နဲ့ စရောက်တဲ့ တပ်စုတောင် (၁၃)ယောက်ပဲ ရှိတာ။

မြလှိုင်က ရန်ကုန်သား မိန်းမချောချောပေမဲ့ လူကတော့ မာတယ်၊ အချိန်ကြာလာတာနဲ့ အမျှ တပ်စိတ်မှာလည်း နေသားကျလာတယ်ပေါ့။

ခက်တာက ... ကိုယ့်ဆရာက သရဲအလွန်ကြောက်တတ်ဘာငဲ့။

ညရောက်ရင် ကင်းချလို့မရဘူး။

ဆရာအေးကြိုင်က ဒါကို မကြိုက်ဘူးလေ။ အဲဒီမှာ စတွေ့ကြတာပဲ၊

ညဖက်ဆို မြလှိုင်ကို ကြောက်တတ်လွန်းလို့ဆိုပြီး ဆရာအေးကြိုင် ဆဲနေတဲ့အသံကို ခွဲရုံးနဲ့နီးရင် အမြဲ ကြားရလေ့ရှိတယ်၊

အဲတုန်းက ကယားပြည်နယ်ဆိုတာ ထားလဲ - နန်းဖဲကျော်ရင် စစ်မြေပြင်ပဲ။ တပ်ရင်းနားလို့ လှုပ်ရှားလည်း ဒါဟာ နတလည်း ရတ၊ ရတလည်း နတ အတူတူဆိုတဲ့ ဂွင်။

ပေါ့လို့မရဘူး။ တစ်ခွဲတည်းဆိုတော့ ပိုသတိထားရတယ်။ ရန်သူက ရွာတွေမှာ ကိုယ်ဝင်သူထွက်၊ သူဝင်ကိုယ်ထွက် တော့လွဲလေး လွဲလိုက်၊ တော့လွဲ ပြေးလွဲ ပစ်လိုက်နဲ့။

တစ်နေ့တော့ နယ်မြေရှင်းရင်းနဲ့ ရွာသေးလေးတစ်ခုမှာ နေစောင်းမှ ရောက်လို့ အဲရွာမှာပဲ စခန်းချကြတယ်။

နေစောင်းဆိုပေမယ့် မှောင်စပျိုးတော့မယ်၊ ရွာက အိမ်လေး ၁၁ အိမ်လောက်ပဲ။ ရွာဒီဖက်ထိပ်ကအိမ်က ကြီးတော့ ခွဲရုံးအတွက် ဆရာကြီးကနေဖို့ အကြံပေးလို့ လက်ခံလိုက်တယ်။

ဟိုဖက်ထိပ်နဲ့ အနောက်ဖက်မှာ တစ်စုစီ ခွဲချလိုက်တော့ ဆရာကြီးရဲဝင်းတပ်စုက သချိုင်းကုန်း ဇရပ်မှာ မဲပေါက်တာပေါ့၊

ဒီတော့ ကြောက်တတ်တဲ့မြမြလှိုင်နဲ့ စတွေ့တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တပ်စိတ်က သချိုင်းအစွန် ညောင်နစ်ပင်ကြားမှာ။ တပ်စုတပ်စိတ်တွေ ရေခပ်ကြ၊ ထမင်းချက်ကြ၊ အုပ်ချုပ်မှု ဆောင်ရွက်ကြပေါ့။

ဆရာကြီးရဲဝင်းက ဆရာအေးကြိုင်တပ်စိတ်က ၂ ယောက်ကို ရွာထဲမှာ ထမင်းချက်ဖို့ သူ့အဖွဲ့ ၂ ယောက်နဲ့အတူ လွှတ်ခိုင်းတယ်။

ဆရာအေးကြိုင်ဆီလာပြီး မင်းဆီက အစွန်ကျတယ်။ တောဖက်က ရွာအဝင်လမ်းရှိလို့ သတိထားဖို့ ညောင်ပင်ပါးပြင်းကြားမှာ မိုးလုံတယ်။ မြွေကင်းတော့ သတိထား။ ထိုင်ကျင်းတော့ ကိုယ်စီတူးထားဖို့ မှာပြီး ခွဲရုံးဖက်ထွက်သွားတယ်။

ဆရာအေးကြိုင်တပ်စုက ၂ ယောက် ထမင်းချက်ဆိုတော့ ကျန်တဲ့သူတွေက အားလုံးအတွက် ထိုင်ကျင်းတူးပေးရမယ်။

ရာသီဥတုကလည်း မိုးလေးက တဖျောက်ဖျောက် ကျချင်သလိုလိုနဲ့။

ဒီတော့ မြလှိုင်ကို ကင်းစောင့်ခိုင်းပြီး တူးကြတယ်။

ကျင်းတူးသံ မကြားရအောင် မြလှိုင်ကို ကိုက် ၅၀ လောက်က လှည်းလမ်းဘေးခြုံဖုတ်မှာ ဆရာအေးကြိုင်က နေရာချတယ်။

သေချာစောင့်လို့မှာပြီး တပ်စိတ်နေရာရောက်လို့ သေနတ်ချပြီး ပေါက်ပြားသုံးချက်ပဲ ပေါက်ရသေးတယ်။

လှုရိပ်မြင်လို့ကြည့်လိုက်တော့ မြလှိုင်က နောက်တဆုတ်ဆုတ်နဲ့ ကိုက် ၂၀ လောက် ပြန်ရောက်နေပြီ။

ဆရာအေးကြိုင် ဒေါသထွက်သွားတယ်။

ဟုတ်တယ်လေ … ကျင်းတူးသံမကြားအောင် ဝေးဝေး ကင်းထားပါတယ်ဆိုမှ ကိုယ့်ဆရာက နောက်ဆုတ်ဆုတ်လာတယ်။

ဆရာအေးကြိုင်လည်း မအေနမ တိုးတိုးတိတ်တိတ် ကြိတ်ဆဲပြီး မြလှိုင်ကို ကုပ်ကဆွဲ၊ လှည်းလမ်းအတိုင်း ဒရွတ်ဆွဲခေါ်သွားပြီး အဝေးကြီးခေါ်သွားတယ်။





အနည်းဆုံး ကိုက်၁၀၀ မကဘဲ။ လှည်းလမ်းအလယ်မှာ ကုပ်ကကိုင်ဆောင့်ချပြီး မိုးကာစကို အပေါ်ကခြုံပေး၊ မခေါ်မခြင်း ပြန်မလာနဲ့ပြောရင်း "ဖြောင်း ဖြောင်း" ဆို သူ့လက်ထဲက ကာဘိုင်ကို ကျည်ထိုးပြ။

ငါမခေါ်ဘဲ ပြန်လာလို့ကတော့ မင်းခြေထောက်ကို ပစ်ချိုးပစ်မယ်တဲ့။ မြလှိုင်က ဆရာအေးကြိုင်ကို အစ်ကိုလို ဆရာလို ကြောက်တယ်။

သူ့ဆရာက အခုချိန်မှာ သရဲထက် ပိုကြောက်စရာကောင်းသွားပြီ။

ဒီတော့ ပြန်မပြောရဲ ပြန်မပြေးရဲတော့ဘူး။

မိုးလေးက တဖျောက်ဖျောက်၊ မိုးကာလေးကို ခေါင်းမိုးခြုံ BA 63 ကို ကျည်ထိုးလျှက်သား ဒူးနှစ်လုံးကြားမှာ ပြောင်းအပေါ်ထောင်ပြီး မလှုပ်မရှား ငြိမ်နေမိတာပေါ့။

သူ့ဆရာထွက် သွားလို့ သိပ်မကြာဘူး၊ ပတ်ဝန်းကျင်တစ်ခုလုံး မိုးပေါက်လေးတဖွဲဖွဲ အသံကလွဲလို့ ဘာသံမှမကြားရတော့ဘူး။

မြလှိုင်မျက်စိထဲ စောစောက သချိုင်းထဲကအဖြတ် မြေပုံလေးတစ်ခုပေါ်က ထမင်းထုပ်ကို မြင်ယောင်လာတယ်။

အမယ်လေးလေး … ထမင်းထုပ်အရဆိုရင်တော့ အဲမသာက သေတာ ဒီနေ့မှလားပဲ။ ရွာထဲမှာလည်း အသုဘရှိသလိုလို။

ရှေ့ကိုလည်းဘာမှ မမြင်ရ။ တဖြည်းဖြည်းကြောက်ပြီး တဆတ်ဆတ်တုန်လာတယ်။ ဆရာက ကျင်းတူးပြီးရင်တော့ ပြန်လာခေါ်မယ်ပြောတယ်။ သူမခေါ်မခြင်းတော့ ပြန်လို့မဖြစ်။

မြေပုံ၊ ထမင်းထုပ်၊ ညောင်ပင်၊ ဇရပ်၊ သချိုင်း …

မြလှိုင် တွေးရင်း ပိုပိုကြောက်လာတယ်။

ဆောင့်ကြောင့်ထိုင်ရင်း ပေါင်ကြားထဲက သေနတ်ကို လုံခြုံရေးခလုတ်တစ်ဖက် အပစ်ခလုတ်ထဲ လက်ညှိုးထည့်ပြီး အကြောက်ဖြေ ကလိနေမိတယ်။ ပေါင်ကြားမှာညှပ်ထားတဲ့ သေနတ်ပြောင်းက နဖူးကို အေးစက်စက်နဲ့လာထိနေတာ ပြောင်းဖျားက နဖူးအထက် ခြုံထားတဲ့ မိုးကာထဲကနေ ခေါင်းပေါ်ကို နှစ်လက်မလောက် ပေါ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မြလှိုင်က တစ်စက္ကန့်ကုန်တိုင်း ရင်ခုန်သံက တိုးနေသလို၊ ကြောက်စိတ်ကလည်း ပိုလာပြီ။

ဘုရားစာရွတ်ရအောင်ကလည်း ဘယ်ကစလို့ ဘာကိုရွတ်ရမယ် မှန်းမသိ။ စောစောက မြင်ခဲ့တဲ့မြေပုံကိုပဲ မျက်စိထဲ မြင်ယောင်နေမိတယ်။

အခုနေ ဆံပင်ဖားယားကြီးနဲ့ သူ့ကိုနောက်က ကြည့်နေမလား၊ သူ့ အပေါ်မိုးပြီး ကုပ်ကို ကိုက်လိုက်မှဖြင့် တွေးနေတုန်း ...

မိုးမှောင်မှောင်ထဲမှာ မြလှိုင်နဖူးကို ဒုန်းဆို အေးစက်အထိအတွေ့နဲ့ မည်းမည်းအရိပ်ကြီးတစ်ခု အုပ်ခံရသလိုဖြစ်သွားတယ်။

ဘာပြောကောင်းမလဲ ... မြလှိုင်တစ်ယောက် ဝမ်းခေါင်းသံနဲ့ "အောင် မယ်လေးဗျ" လို့ လန့်အော် ပေါင်ကြားထဲကသေနတ်ကို ခလုတ်လန့်ဆွဲမိတော့ ဒိုင်းကနဲ သေနတ်သံကြီးနဲ့အတူ မည်းမည်းအရိပ်ကြီးက မြလှိုင်ကို အပေါ်က ဖိထားပါလေရော။

မြလှိုင် ငယ်သံပါအောင် အော်ပြီလေ။

"ဆရာရေ ... အမယ်လေး ကယ်ကြပါဦး။ သရဲက ဖိထားပြီး ကုပ်ချိုး နေပါပြီ။ ကယ်ကြပါဗျို့" နဲ့။

သေနတ်သံနဲ့အတူ မြလှိုင်အော်သံကြောင့် ကျင်းတူးနေတဲ့ ဆရာ အေးကြိုင်နဲ့တစ်ယောက်လည်း ပေါက်တူးချပြီး သေနတ်ဆွဲ မြလှိုင်ဆီပြေး။

ကိုယ့်ဆီကိုလာနေတဲ့ ဆရာကြီးရဲဝင်းလည်း သူ့တပ်စိတ်ဆီ ကာဘိုင် လေးဆွဲပြီး ပြေးတယ်။

ကိုယ်လည်း ကျန်တပ်စုတွေကို အမိန့်သံပေးရင်း နေရာယူဖို့ မှာကြား နဲ့။

ဘက်စမင်းနဲ့ ဆရာကြီး CQ ကိုခေါ်ပြီး ဆရာရဲဝင်းတို့တပ်စုဖက် ထွက်လိုက်လာခဲ့တယ်။

လှည်းလမ်းအတိုင်း ကိုက် ၁၀၀ ကျော်ကျော်မှာ ဓာတ်မီး တဝင်းဝင်း နဲ့ ဆရာကြီးရဲဝင်းက သူ့လူတွေကို နေရာချနေတာမြင်တော့ ကျည်များ မတော် တဆ ထွက်သလားပေါ့။





အနားကို ကိုယ်ရောက်လာတော့ မြလှိုင်ကို မီးထိုးပြတယ်။

မြလှိုင်ကို ဆရာအေးကြိုင်က ရေဘူးအဖုံးလေးထဲ ရေငှဲ့ ရင်ခွင်ထဲပွေ့ ပြီး ရေတိုက်နေရှာတယ်။ သူ့ညီလေးလို ချစ်တာကိုး။

ဘာဖြစ်သလဲဆရာကြီးဆိုတော့ လက်ထဲက M 16 တစ်လက်ကို လက်တစ်ဖက်က ဓာတ်မီးနဲ့ထိုးပြပြီး ခပ်လှမ်းလှမ်းမြေပေါ်မှာ မိုးကာခြုံလျှက် သား လဲနေတဲ့ ငပွေးတစ်ကောင်ကို ပြတယ်။

"ဟေ ..."

ကိုယ်လည်း အံ့သြဝမ်းသာသွားတာပေါ့။

"ကျွန်တော်တို့ရောက်လာတော့ ဒီကောင်က မြလှိုင်အပေါ်မှာ မှောက် ရက်ကြီး မလှုပ်တော့ဘူး။ ကျည်ဆန်က မေးစေ့အောက်ကဝင်ပြီး ငယ်ထိပ် ဖောက်ထွက်သွားတယ် ဗိုလ်ကြီး" တဲ့။

အတော်လေးကြာမှ မြလှိုင် အကြောက်ပြေပြီး စကားပြောနိုင်လာ တယ်။ အခုမှ သူလည်း ဘာဖြစ်တယ်ဆို သတိရတာ။

ဆရာအေးကြိုင် ထွက်သွားတော့ ကျွန်တော်လည်း ကြောက်လွန်းလို့ သေနတ်ကို ပေါင်ကြားထဲထောင်ထည့် မိုးကားလေးခြုံပြီး ဘုရားစာလေး မရ မက ရွတ်မယ်ကြံ ... ။

ဘုရားစာက မရနဲ့၊ ကြောက်အားပိုနေတုန်း "ဒုန်း" ဆို နဖူးကို တစ်ခုခု ဆောင့်ပြီး မည်းမည်းအရိပ်ကြီး အပေါ်ကပိကျလာလို့ ခလုပ်လန့် ဆွဲလိုက်တာ ကျည်ထွက်သွားပြီး အဲဒီမည်းမည်းကြီးက အပေါ်ကနေ ဖိထားတော့တာပါပဲ ဗိုလ်ကြီးရာ ... တဲ့။

"အေးပေါ့ ... ဟိုကောင်ငပွေးက မိုးတအေးအေးနဲ့ အမှောင်ထဲမှာ M 16 လေး ပခုံးမှာလွယ်၊ တာလပါတ်မိုးကာစလေးခြုံပြီး လှည်းလမ်းအတိုင်း အရက်ထွေထွေနဲ့ သူ့မိန်းမရှိရာရွာကို ခိုးဝင်။

လှည်းလမ်းအလယ်မှာ ကြောက်အားပိုပြီး သေနတ်ပေါင်ကြားထောင် မိုးကာခြုံနေတဲ့ မြလှိုင်နဖူးကို ဒူးနဲ့တိုက်။



www.burmeseclassic.com

www.burmeseclassic.com



မြလှိုင်က လန့်ပြီး ခလုတ်ဆွဲတော့ မေးစေ့အောက်တည့်တည့်ထိ၊ မှောက်ထိုးလဲပြီး မြလှိုင်ပေါ်ပိနေ။

မြလှိုင်ကတော့ သရဲက သူ့အပေါ်တက်ဖိနေပါတယ်လို့အော်၊ ထူးပွဲဆန်းပွဲ ... ။

ဘာပဲပြောပြော ကင်းရှည်စောင့်စဉ် ရန်သူနဲ့ ထိတွေ့သဖြင့် တစ်လောင်းတစ်လက် ရတယ်ပေါ့။

ကြေးနန်းတက်တော့ မြလှိုင်လည်း တစ်ရစ်ဆရာဖြစ်၊ ကိုယ်လည်း ဈေးဦးပေါက် သေနတ်ရ။

အခုတော့ ဆရာကြီးမြလှိုင်ပေါ့။ ဆရာကြီး အခုရော သရဲကြောက်သေးလားမေးတော့ တစ်ဖက်ကနေ ရယ်ကျဲကျဲလေသံနဲ့ သရဲဆိုတာ ဂျိုနဲ့လားဆိုပဲ။ ။



မိုးအောင်တင်(Royal)

17-10-2018(20:12)



# မှုလအိတောင်တစ်ဝိုက်က နတ်မိစ္ဆာများ

မဟူရာရောင်တောက်နေသော ညက ပိန်းပိတ်နက်မှောင်လျှက်ရှိသည်။ နက်ရှိုင်းလှသော တောတွင်းတစ်နေရာ ဖြစ်သည့်အလျှောက်၊ အမှောင်ထုက သာမန်ထက် ပိုမိုသိပ်သည်းလွန်းသည်ဟု ထင်မိသည်။ သစ်ပင်ထက်တွင် သူ တည်ဆောက်ထားသော လင့်က အနည်းဆုံး (၃) ယောက်လောက် ချောင်ချောင်ချိချိနေလို့ရသည်။ ခုတော့ သူတစ်ယောက်တည်းဖြစ်သောကြောင့် ကျွမ်းထိုးနေလို့ပင် ရလောက်သည်။ လက်စွဲတော် တူမီးသေနတ်ကြီးကလည်း ယမ်းထောင်းပြီးသားအသင့်ရှိနေပြီး၊ မာန်တကြွကြွဖြစ်နေသည့်နှယ် ထည်ဝါလှသည်။

စောထူးက အသက်လေးဆယ်ကျော်ပြီ။ သူက ကရင်အမျိုးသားတစ်ဦးဖြစ်ပြီး ကြံ့ခိုင်သန်မာသည်။ သတ္တိကောင်းသည်။ အရွယ်မရောက်မီ ကလေး



www.burmeseclassic.com

www.burmeseclassic.com



သာသာကပင်လျှင် သူ့အဖေ တောလည်ရာနောက် တကောက်ကောက် လိုက်ပါတတ်လေ့ရှိသောကြောင့် သူမှဆိုးသက်တမ်းက မှန်းဆရခက်သည်။ သူတစ်ယောက်တည်း မုဆိုးဘဝတွင် ကျင်လည်ခဲ့သည်ကပင်လျှင် ဆယ်စုနှစ် (၂) ခု မကတော့ပြီ၊ ထို့ကြောင့် တောကောင်များ၏ သဘာဝကို ကျွမ်းကျင်သည်။

သည်တော သည်တောင် တစ်လျှောက် ထုံးလိုချေ၊ ရေလိုနောက်မျှ ကျွမ်းသူလည်းဖြစ်သည်။ ဘယ်ရာသီ ဘယ်တောမှာ ဘာကောင်တွေမြူးသည်ကို တတ်သိသော၊ မုဆိုးသညာ ရင့်သည်။ ဘယ်ရာသီတွင် လေဘယ်အရပ်က တိုက်သောကြောင့် သားကောင်ရှိရာ၏လေအောက်သို့ရောက်ရန် ဘယ်တောင်ကို ဘယ်လမ်းကတက်သင့်သည်ဟု သူသိသည်။

သူ့လင့်စင်နှင့် မလှမ်းမကမ်းတွင် တောင်သလဲပင်ကြီးတစ်ပင် ရှိနေပြီး တောင်သလဲသီးလက်ကျန်လေး နည်းနည်းပါးပါးရှိသေးသည်။ တောင်သလဲသီးကို တောကောင်အားလုံးနီးပါး ကြိုက်ကြသည်။ ထို့ကြောင့် တောင်သလဲပင်အောက်သို့ရောက်လာမည့် သားကောင်ကို ပစ်ကွင်းမြင်ကွင်းကောင်းသည့်နေရာ၌ လင့်စင်ထိုးလျှက် အပိုင်စောင့်နေခြင်းဖြစ်သည်။

●

စောထူးတစ်ယောက် ပိန်းပိတ်နေသော ညအမှောင်အတွင်းသို့ရှိသမျှအားဖြင့် စူးစိုက်လျှက်ကြည့်နေသည်။ သစ်ပင်ကြီးများကြားမှ ကြယ်ကလေး တစ်ပွင့်နှစ်ပွင့်ကို လှမ်းမြင်ရသည်မှအပ ညက မှောင်မိုက်လွန်းသည်။ ကြိုက်သည်၊ စောထူးက အမှောင်ညတွေကို နှစ်သက်သည်။ အမှောင်ထုထဲတွင် တိတ်တဆိတ် တစ်ယောက်တည်း လင့်စီးရသည့်အရသာကို သူနှစ်မြို့က်သည်။

ညဦးက နက်သည်ထက်နက်လာသည်၊ တောကောင်၏ လှုပ်ရှားသံများကို ညမျက်စိဖြစ်သော နားက အာရုံခံနေမိသည်။ ခုမှ လူက အိပ်ချင်သလိုလို ဖြစ်လာသည်။ (မုဆိုးပါဆိုမှ လင့်စီးရင်း အိပ်ငိုက်နေလို့ရမလား) ကိုယ့်ကိုယ်





ကိုယ် သတိပေးလိုက်ရင်း မျက်လုံးတွေကို အတင်းဖြဲကြည့်နေသည်။

အိပ်ချင်လွန်းသော မျက်ခွံတို့သည် ကမ္ဘာပေါ်တွင် အလေးဆုံးဟု သူကြားဖူးသည်။ ဘူးသီးခြောက်ကို ကြိမ်ဖြင့် အုပ်လျှက်ရက်ထားသော ရေဘူးထဲမှ ရေအနည်းငယ်ဖြင့် အာဆွတ်လိုက်သည်၊ ခဏတော့ မျက်လုံးက ကျယ်သလိုလို ဖြစ်လာသော်လည်း များမကြာမီ ပြန်လည်မှေးစင်းလာသည်။

"တောက် ... ဒီညမှ ဘာဖြစ်လို့ ဒါလောက် အိပ်ချင်နေပါလိမ့်"

တစ်ယောက်တည်း စိတ်ထဲမှ မြည်တွန်တောက်တီးရင်း အိပ်ချင်စိတ်များဖြင့် လိုက်တမ်းပြေးတမ်း ကစားနေမိသည်။ လေက တဟီးဟီး တဟဲဟဲ တိုက်ခတ်လာသည်။

"မိုးများရွာမလို့လားဟ"

ဟု သူတွေးနေမိသည်။

မိုးရွာလျှင်တော့ ကြွက်စုတ်ဖြစ်တော့မည်၊ မိုးလည်းပြတ်သလောက်ရှိပြီဖြစ်သောကြောင့် မိုးကာစ,လည်းမပါ၊ နောက်တစ်ခုက မိုးကာစတွေ ဆောင်ထားရတာကို စောထူးကမုန်းသည်။ မိုးကာစတွေက အသံလုံခြုံမှုမရှိ၊ ကိုင်လိုက်သည်နှင့် တချွတ်ချွတ်အသံတွေထွက်သည်။ မိုးကာစတွေက အနံ့လည်းပြင်းသည်။ သားကောင်မဆိုထားနှင့် သူကိုယ်တိုင်ပင်လျှင် မိုးကာပလပ်စတစ်မှ ထွက်သော အနံ့ပြင်းပြင်း မလှမ်းမကမ်းမှ ခံစား၍ရသည်။

သားကောင်တွေကလည်းလူနှင့်အသုံးအဆောင်များမှထွက်သော အနံ့ကိုရလျှင် အနားမကပ်လာတော့။ ထို့ကြောင့် လင့်ထိုးချိန်၌ပင်လျှင် စားပင်နှင့် လေတိုက်ရာအရပ်ကို တွက်ချက်လျှက် လေအောက်ကျသောနေရာကို ရွေးချယ်ပြုလုပ်ထားရသည်။ လေအထက်ရောက်နေလျှင် စားပင်ကအသီးအနံ့နှင့်အတူ လူနံ့ကိုပါ သားကောင်က ခံစားမိသွားပေလိမ့်မည်။

တောတွင်းသတ္တဝါအတော်များများသည် လူတို့ထက် အနံ့ခံအာရုံပိုမိုကောင်းမွန်ကြသည်ချည်းသာဖြစ်ပြီး အန္တရာယ်ကိုလည်း ပါးနပ်စွာ ခွဲခြားသိတတ်ကြလေသည်။

ထိုစဉ် လင့်စင်အောက်နားမှ သူနှာမည်ကို ခေါ်သံကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောထူး ... ဝေ့ ... စောထူး"

အိပ်ချင်စိတ်တွေက ရုတ်တရက် ဘယ်ထွက်ပြေးသည်မသိ၊ ခေါ်သံကို အာရုံစိုက်နားထောင်နေမိသည်။

"ဖိုးခွား ... ရေ ... စောထူး ... ဝေ့ ... စောထူး"

သူ့ရင်ထဲ ထိတ်ကနဲဖြစ်သွားသည်။ ထိုအသံက သူ့အမေအသံဖြစ်သည်။

"အာ ... အမိုးအသံပါလား ... ဒီထိအောင် ဘာလာလုပ်ပါလိမ့်"

စိတ်ထဲမှာ တစ်ယောက်တည်းပြောရင်း သုံးတောင့်ထိုးဓာတ်မီးဖြင့် အသံကြားရာသို့ ထိုးကြည့်မိလျှက်သား ဖြစ်သွားသည်။

"အမယ် ... အမိုးက တောထဲလာတာ နတ်စားပွဲသွားတာကျနေတာပဲ သင်တိုင်းကအသစ်နဲ့ပါလား"

သူ့စိတ်ထဲ ထိုသို့တွေးမိသည်။ ဓာတ်မီးရောင်အောက်တွင် သူ့အမေကို တွေ့လိုက်ရသောကြောင့် စောထူးတစ်ယောက် စိတ်ထဲမှာ ထူပူသွားသည်။

"အမိုး ... ဘာဖြစ်လို့ လိုက်လာတာလဲ"

"ဟယ် ... နင့်မိန်းမ မီးဖွားနေပြီ။ အဲ့ဒါ နင့်ကိုခေါ်ခိုင်းလိုက်လို့ ငါလာတာ"

"ဗျာ ... နော်ဒါးက မွေးပြီလား ... ဟုတ် ... ဟုတ် ... လာပြီအမေ"

စောထူးတစ်ယောက် သူ့မိန်းမ မွေးနေပြီဆိုသောကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ ရေဘူးလေးဆွဲ၊ သေနတ်ကို ကောက်လွယ်လိုက်သည်။ ထို့နောက် သူ့အမေရှိရာသို့ ဓာတ်မီးတစ်ချက်ဝေ့လိုက်တော့ ထိုနေရာတွင် မရှိတော့။

"အင်...အမေက ဘယ်ရောက်သွားပြန်တာလဲ"

ဟု စိတ်ထဲမှရေရွတ်ရင်း ဟိုဟိုဒီဒီ ဓာတ်မီးကို ကစားကြည့်မိသည်၊

သူ့အမေကို မတွေ့ရတော့၊ အရေးထဲ လေက တဟီးဟီး တဟဲဟဲနှင့် တိုက်နေသေးသည်။ လေသာတိုက်နေသော်လည်း သစ်ပင်တွေက လှုပ်ခတ်မှုမရှိ၊





"အမိုး ... အမိုး"

သူ စိတ်ပူသွားသည်။ ဒီတောတွေမှာ ကျားတွေက ပေါလွန်းသည်။ သစ်ပင်အောက်မှာ အန္တရာယ်ကြီးလွန်းသည်။ သူ ဓာတ်မီးတရမ်းရမ်းနှင့် ရှာဖွေနေသော်လည်း သူ့အမေကို မမြင်တော့၊ လင့်စင်ပေါ် အတက်အဆင်းလုပ်သော ကြိုးကို အောက်ချရန် ပြင်လိုက်သည်။ အရေးထဲကျမှ ကြိုးက ရှုပ်နေသေးသည်၊ ကြိုးကို ဖြေနေရင်း အသိတစ်ချက် လင်းလက်သွားသည်။

"အင် ... ငါ့မိန်းမဗိုက်က အခုမှ လေးလပဲရှိသေးတယ်။ ဘယ့်နယ် ကလေးမွေးရမတုံး၊ ပျက်များကျသလားဟ"

စောထူး စိတ်ထဲတစ်ချက် ထင့်သွားသည်။

"အမေက ငါလင့်စီးတဲ့နေရာကို ဘယ်လိုလုပ်သိပါလိမ့်၊ ငါလည်း တစ်ခါမှ မပြောပြဖူးပါဘူး၊ ငါ ဘယ်တောသွားမယ်ဆိုတာ ဘယ်သူ့မှလည်း မပြောခဲ့ဘဲ အမေက ဘယ့်နယ့် ဆိုက်ဆိုက်မြိုက်မြိုက် ငါ့ဆီရောက်လာတာလဲ"

သတ္တိကောင်းလှသော စောထူးတစ်ယောက် တစ်စုံတစ်ခုကို တွေးမိလိုက်ပြီး ကြက်သီးတွေ ဖြန်းကနဲ ဖြန်းကနဲနေအောင် ထလာတော့သည်၊ စောထူးစဉ်းစားမိသည်က အကယ်၍ အမေလိုက်လာမယ်ဆိုရင်လည်း တစ်ယောက်တည်းလာစရာ အကြောင်းမရှိ။ ဒီလောက် ကျားရဲတဲ့တောမှာ အမေတစ်ယောက်တည်းလိုက်လာလျှင် သူ့ထံ ယခုလိုရောက်လာလိမ့်မည်မဟုတ်၊ ကျားစာသာ ဖြစ်သွားလောက်သည်။

ထိုစဉ် ...

"ဝေ့ ... ဖိုးခွား ... မြန်မြန်ဆင်းလာလေ ... ပြန်ကြမယ်"

သူ့အမေအသံက ပြန်ပေါ်လာပြန်သည်။ သူက လင့်စင်ရှေ့အာရုံစိုက်နေစဉ် လင့်စင်အနောက်ဘက်မှ ခေါ်လာခြင်းဖြစ်သည်။ သူဓာတ်မီးနှင့် ဖျတ်ကနဲထိုးထားလိုက်တော့ မြင်ရသည့်မြင်ကွင်းက သူ့အမေနှင့်တော့ တူနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးခွား ... မင်းကို တောထဲမှာ ကျွတ်တွေ၊ မင်စာတွေ၊ နာနာဘာဝတွေက လှည့်စားပြီဆိုရင် မင်းမျက်လုံးတွေက အမှန်အတိုင်း မမြင်နိုင်တော့ဘူးကွ။ အဲ့ဒါက မင်းဆီမှာ သားကောင်တွေကိုပစ်ခတ်ဖို့ သေနတ်တစ်လက်ရှိနေလို့ပဲ။ သေနတ်ကို အပေါ်မြှောက်ကြည့်လိုက် အားလုံးကို အမှန်အတိုင်း မင်းမြင်ရလိမ့်မယ်"

စောထူးတစ်ယောက် သူ့အဖေ မုဆိုးကြီးပြောသော စကားများကို ပြန်ကြားမိသည်။ ဒီတော ဒီတောင် တစ်လျှောက် သူအမဲလိုက်စားလာတာ ကြာခဲ့ပြီ။ နာနာဘာဝဟု ယူဆနိုင်စရာ အတွေ့အကြုံတွေလည်း အများကြီးရှိခဲ့သည်။ သို့သော် သေနတ်ကို မြှောက်ကြည့်ရလောက်အောင်တော့ မဖြစ်ဖူးခဲ့။ ဒီတစ်ခါတော့ အဖေ့စကား စမ်းကြည့်ရပေတော့မည်။

ဓာတ်မီးတစ်ဘက်ထိုးလျှက်နှင့် ပုခုံးတွင် လွယ်ထားသော သေနတ်ကို ခေါင်းပေါ် လက်တစ်ဆုံးမြှောက်တင်ကြည့်လိုက်သည်။ မြင်ကွင်းမှာ အမေမဟုတ်တော့ဘဲ ရဲရဲတောက်နေသော မျက်လုံးနှစ်လုံးကို ဦးစွာတွေ့သည်။

"အား ... ဘာကြီးလဲဟ"

စောထူးတစ်ယောက် စိတ်လှုပ်ရှားမှုကြောင့် ပါးစပ်ကပင် အသံတိုးတိုးထွက်၍ ပြောမိသွားသည်။ သူ သေချာစွာ အားစိုက်လျှက်ကြည့်တော့မှ ဓာတ်မီးရောင်အောက်တွင် အဝါပေါ်အနက်စင်းများဖြင့် ကျားကြီးတစ်ကောင်ကို တွေ့လိုက်ရသည်ဟု သူခံစားရသည်။

"အားပါးပါး ... ကျားကြီးပါလားဟ"

သူ့စိတ်ထဲတွင် တိတ်တိတ်ကြိတ်ရေရွတ်မိလိုက်ပြီး တူမီးကြီးကိုပစ်ရန် ပြင်ဆင်လိုက်သည်။ ထို့နောက် ဘယ်ဘက်လက်တွင် သေနတ်နှင့်ဓာတ်မီးရောကိုင်လျှက် ထိုကျားရှိရာသို့ ထိုးချိန်လိုက်သည်။ ထိုအချိန် ကျားကို သူ မမြင်တော့။ သူ့အမေက လင့်ပေါ်မှ သူဆင်းအလာကို စောင့်နေဟန်သာ သူမြင်ရသည်။

"မဟုတ်ဘူး ... စောထူး ... ဟုတ်ကို မဟုတ်ဘူး ... မင်း ပစ်ကိုပစ်ရမယ်"





စောထူးတစ်ယောက် သေနတ်တစ်ချက်ပစ်ရန် ကိုယ့်ကိုယ်ကိုယ် အားတင်းနေမိသည်။

"ကျွတ်တွေ၊ မင်စာတွေက လှည့်စားနေပြီဆို ဘယ်အရာကမှ သဘာဝမကျတော့ဘူးကွ။ မင်းစိတ်တွေလည်း ဝေဝေဝါးဝါးတွေဖြစ်လာမယ်။ အဲဒီအချိန်မှာ စိတ်ကိုစုစည်းထား၊ မကောင်းဆိုးဝါးတွေဟာ သေနတ်နဲ့ တကယ်ပစ်ရင် တကယ်ပြေးပါတယ်။ မင်းပစ်နိုင်ဖို့ပဲ လိုတာ"

အဖေ့စကားတွေကို စောထူး ပြန်ကြားယောင်နေမိသည်။

"ဟုတ်တယ် ... အခု သဘာဝမကျတာတွေဖြစ်နေပြီ။ ငါပစ်ရမယ် ... ပစ်ကိုပစ်ရမယ်"

ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ကြီးချလိုက်ပြီး တူမီးပစ်ခလုတ်ပေါ်တင်ထားသော လက်ညှိုးကို အလျှင်စလို ကွေးချလိုက်မိတော့သည်။ ဒေါင်းကနဲ သေနတ်သံတစ်ချက်နှင့်အတူ ကျားတစ်ကောင်၏ အော်ဟစ်ဟိန်းဟောက်သံ တဝေါင်းဝေါင်းနှင့် တောထဲသို့ ပြေးဝင်သွားသံများ တဖြုန်းဖြုန်းကြားရသည်။ သေနတ်သံနှင့် ကျားဟိန်းသံတို့က တောထဲတွင် ပဲ့တင်ထပ်နေသည်။ လေတွေက တဖျောဖျောတိုက်လာသည်။

ဒီည အတွက်တော့ ဘာကောင်လာလာ မပစ်တော့ဟု သူစဉ်းစားနေမိသည်။ မကြောက်တတ်ဘူးဟု ကိုယ့်ကိုယ်ကိုယ်ထင်နေသော်လည်း ယခုတော့ ပုံမှန်မဟုတ်တော့။ ညတာကလည်း ဒီနေ့မှ ပိုရှည်နေသလိုလိုထင်သည်။ တူမီးကို နောက်တစ်ချက်ပစ်ရန် အသင့်ပြင်ဆင်ရင်း မိုးမြန်မြန်လင်းရန်သာ သူဆုတောင်းနေသည်။ သူ့ကိုယ်သူ သတ္တိကောင်းသည်ဟု ယုံကြည်မှုရှိနေသော စောထူးတစ်ယောက် ခုတော့ ကိုယ့်သတ္တိကိုယ် သံသယရှိလာသည်။

ကြောက်စိတ်ဝင်လာသည်ကြောင့်ပေလားတော့မသိ။ မလှမ်းမကမ်းနေရာကနေ ကျားတစ်သံလိုလို ဘာလိုလို အသံပလန်တွေကို သူကြားနေရသည်။ ပတ်ဝန်းကျင်ကို ယခင်ထက်ပိုမို အာရုံစူးစိုက်ထားမိသည်။ လေတိုးသံတွေလိုလို တဟီးဟီး တဟဲဟဲအသံတွေက တစ်ချက်တစ်ချက်ထွက်လာသေး သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လင့်စင်နားပတ်လည်တွင် အကောင်အလျောင်တွေ တိုးသွားနေသလို အသံတွေကိုလည်း ကြားမိသလိုရှိသည်။ တိတ်ဆိတ်သောညဥ့်တွေကို နှစ်သက်တတ်သူမုဆိုးကြီးစောထူးတစ်ယောက် ခုတော့စိတ်တွေကဂယောက်ဂယက်ဖြစ်နေလေသည်။ ထိုစဉ် လင့်ထိုးထားသောသစ်ပင်ကို သတ္တဝါတစ်ကောင်က ကုတ်ခြစ်နေသောအသံများ သူကြားရသည်။ ခေါင်းနားပမ်းတွေကြီးသွားသည်၊ ရှုတ်တရက် ဆောက်တည်ရာမဲ့သလို တုန်လှုပ်ချောက်ချားနေမိသည်။

ခုနကကျားပြန်လာပြီး သစ်ပင်ပေါ်ကုတ်တက်နေလေသလား၊ ကျားဆိုသောအကောင်က ကျားသစ်လောက် သစ်ပင်တက်မကျွမ်းသော်လည်း တော်ရုံသစ်ပင်ကို တက်နိုင်စွမ်းရှိသည်။ ခုမှ လင့်စီးသည့်အချိန် အဖော်နှင့်ဆိုအဆင်ပြေမည်ဟူသော အတွေးကို ပထမဦးဆုံး သူတွေးမိသည်။ သို့သော် ထိုအတွေးက နောက်ကျနေပြီ၊ ကုတ်ခြစ်သံများက ပေါ်လာလိုက် ပျောက်သွားလိုက်ဖြစ်နေသော်လည်း အပေါ်သို့ နီးလာသည့်အသံမျိုးတော့မဟုတ်၊ နီးလာသည်ဖြစ်စေမနီးလာသည်ဖြစ်စေကြောက်စိတ်ကတော့ တရိပ်ရိပ်တက်လာနေသည်။

ဇောချွေးတွေ ပေါက်ပေါက်ကျသည်။ အချိန်တွေက ကုန်ခဲလွန်းသည်ဟု သူကထင်နေသည်။ တောကြက်တွန်သံတချို့ကို သူ ကြားရသည်။

"အား ... ဒါ ... လင်းကြက်တွန်တာ၊ မိုးလင်းတော့မယ်ကွ"

သူ့ကိုယ်သူ အားပေးနေမိသည်။ ပတ်ဝန်းကျင်ကို တဖြည်းဖြည်းဝေဝေဝါးဝါး မြင်လာသည်။ သို့သော် မိုးစင်စင်လင်းသည့်တိုင် လင့်အောက်သို့ သူ.မဆင်းရဲဖြစ်နေသည်။ လင့်အောက်သို့ဆင်းသည်နှင့် ညတုန်းကတွေ့သည့်ကျားက သူ့ထံ ပြေးမလာလေမလားဟူသော အတွေးက စိတ်ကိုဖိစီးနှိပ်စက်သည်။ မဆင်းလို့တော့မဖြစ်။ ဒီည ဒီမှာ တစ်ညထပ်အိပ်နေရလျှင် စားစရာမရှိတာတစ်ကြောင်း၊ ညကကြုံရသည့် ဂမ္ဘီရကျားနှင့်ထပ်ဆုံရန် သူ့တွင် သတ္တိမွေးမရသည်ကတစ်ကြောင်းဖြစ်သည်။





မနက် (၉) နာရီခန့်တွင် သူနှာမည်ခေါ်သံ ကြားရသည်။ ထိုခေါ်သံကြောင့် စောထူးရင်ထဲ ပြောင်းဆန်သွားရပြန်သည်။

"ဒီကောင်တွေ လာပြန်ပြီလားမသိဘူး ... ဒုက္ခပဲကွာ"

သူ ညည်းတွားမိသည်။ ယခုတစ်ခါကြားရသည့် ခေါ်သံက သူ့အမေခေါ်သံ မဟုတ်တော့၊ သူ့ညီဝမ်းကွဲအသံဖြစ်သည်။ အသာချောင်းကြည့်လိုက်တော့ သူ့ညီဝမ်းကွဲ စောထီးကောနှင့် တူတော်မောင်တို့ကို တွေ့ရသည်၊ သူဝမ်းမသာမိ။ ဒီကောင်တွေ နောက်တစ်ပုံ ပြောင်းလာပြန်ပြီထင်သည်။

သူ ပြန်မထူးဘဲ အသာလေးငြိမ်နေမိသည်။ ဒီလင့်နေရာကို ထီးကောတို့ သားအဖသိသည် မှန်သော်လည်း ဒီနေရာမှာ သူရှိနေမည်ဟု မပြောခဲ့၊ အဘယ်ကြောင့် သူတို့ ရောက်လာခဲ့သနည်း။

"သဘာဝမဆန်တာတွေဖြစ်လာရင် လက်မနေးနဲ့"

သူ့အဖေမုဆိုးကြီးက သေချာမှာထားသည်၊ ညကတည်းက ပစ်ရန်အသင့် ပြန်လည်ပြင်ဆင်ထားသော တူမီးကို ကောက်ကိုင်လိုက်သည်။

"ဝဲ ... ကျော် ... စောထူး"

သူ့ညီက တစာစာခေါ်နေသည်၊ တူတော်မောင်ကလည်း ခေါ်သည်၊

"ခေါ်စမ်းကွာ"

စောထူးစိတ်ထဲ ကြိမ်းဝါးလိုက်ပြီး တူမီးဖြင့် ထိုးချိန်လိုက်သည်။ ညီဝမ်းကွဲနှင့် တူတော်မောင်က နှစ်ယောက်ဘေးချင်းယှဉ်နေသည်။ သူတို့မှာလည်း တူမီးတစ်လက်ပါလာတာ တွေ့ရသည်။ ယှဉ်နေတုန်း ပစ်ထုတ်လိုက်ရလျှင်ဖြင့် တစ်ချက်တည်းနှင့် နှစ်ကောင်ကြွလောက်သည်။

ရုတ်တရက် ညက အခြေအနေအတိုင်းပင် သူ့အဖေစကားပြန်အမှတ်ရလာပြန်သည်။

"သေနတ်ကိုအပေါ်မြှောက်ကြည့်လိုက်အားလုံးကိုအမှန်အတိုင်းမင်းမြင်ရလိမ့်မယ်"

"သြ ... ဟုတ်ပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



စောထူးတစ်ယောက် သေနတ်ကိုမြှောက်ကြည့်လိုက်သည်။ စောထီးကောတို့ သားအဖက သူ့ကို တကြော်ကြော်ခေါ်နေဆဲ မြင်နေရသည်။

"အင်း ... ဒါဆိုတော့ ... ဒါက တကယ်ပဲ စောထီးကောတို့သားအဖပေါ့"

သူ စဉ်းစားမိသွားသည်။ ထို့ကြောင့် သူအသံ ပြန်ပေးလိုက်သည်။

"အေ့ ... ထီးကော"

"အာ ... မင်းကလည်း အိပ်ပျော်နေတာလား၊ ခေါ်နေတာကြာလှပြီ"

"မအိပ်ဘူးကွ ... မင်းတို့ ဘာလို့လိုက်လာတာလဲ"

သံသယက မစင်သေး။ ဒွိဟဖြစ်နေသည့်ကိစ္စအတွက် မေးခွန်းထုတ်လိုက်သည်။

"ညက မင်းသေနတ်သံ ကြားတယ်လေ။ ဒါကြောင့် မင်း ဒီလင့်မှာရှိမယ်လို့ ငါသိတာပေါ့။ မင်းက သေနတ်ကို အလကားမပစ်ဘူးလို့ ငါယုံတယ်လေ။ မင်း အကောင်ရပြီဆိုပြီး ငါလိုက်လာတာပဲ။ မင်းအကောင် ဘယ်နားမှာလဲ"

စောထူးတစ်ယောက် လင့်အောက်ကိုဆင်းလာသည်။ ဆင်းသာဆင်းသည် ကြောက်စိတ်က မပြယ်သေး။ ညကအဖြစ်ကြောင့် ထီးကောတို့သားအဖအပေါ် သက်ာမကင်း ရှိနေဆဲဖြစ်သည်။ အောက်ရောက်သည်နှင့် တူမီးကို အသင့်ကိုင်ထားသည်။ ဒီကောင်နှစ်ယောက်က နာနာဘာဝတွေဖြစ်နေလျှင် အမြန်ပစ်ထုတ်နိုင်ရန်ဖြစ်သည်။

"ဟေ့ကောင် ... မင်းကလည်း တူမီးကြီးကိုင်ပြီး ဘယ်လိုဖြစ်နေတာလဲ။ မင်းအကောင်က လိုက်ရှဉ်းမှာလား။ ငါတို့မှာ အကောင်ဖျက်စရာ ဓားတွေရော၊ ထမ်းစရာတွေရော ပါတယ်"

ရုံခါတွင် သားကောင်များကထိမှန်ပြီးနောက် ချက်ချင်းမသေဘဲ ထွက်ပြေးသွားတတ်သည်။ ထိုအခါ ထိုသားကောင်နောက်သို့ ခြေရာခြေကြောင်း၊ စွတ်ကြောင်းများကိုကြည့်လျှက် လိုက်ကြရသည်။ အောက်မှာ သားကောင်





မတွေ့သောကြောင့် လိုက်ရှဉ်းမှာလားဟု စောထီးကောက မေးနေခြင်းဖြစ်သည်။

ညက သူကြုံရသည့် အခြေအနေအား စောထီးကောတို့သားအဖကို ပြန်ပြောပြမိသည်။

"ငါ ... မင်းတို့သားအဖကို ပစ်မိတော့မလို့ကွာ"

ပြောရင်း သူ မျက်ရည်တွေဝဲနေသည်။ ထို့နောက် သူတို့သုံးဦးသားရွာသို့ သုတ်ခြေတင်ပြန်ကြလေတော့သည်။

"ဖထီး ... အဲ့ဒါ ... ဟုတ်ရဲ့လားဗျ"

မြို့မ်းချမ်းရေးခေါင်းဆောင်တစ်ယောက်က ပြောပြနေသောအဖြစ်အပျက်ကို ဗိုလ်ကြီးတိုးလွင်တစ်ယောက် မယုံကြည်နိုင်စွာ မေးခွန်းထုတ်နေမိသည်။

"ဗိုလ်ကြီး ...အဲ့ဒီစောထူးဆိုတာကျွန်တော့်တပည့်အရင်းပါ။ ဒီကောင်က စကားပြောခဲတယ်၊ မဟုတ်တာမပြောဘူး။ စောထီးကောနဲ့လည်း ကျွန်တော်သိတယ်။ သူကလည်း အဲ့ဒီနေ့ သူတို့သားအဖလိုက်သွားတော့ စောထူးတစ်ယောက် ကြောင်စီစီဖြစ်နေတဲ့အကြောင်းတွေ ပြောပြတယ်။ ဒါက အမှန်ဖြစ်ခဲ့တယ်လို့ ကျွန်တော်ယုံတယ်။ ကရင်ပြည်နယ်ထဲမှာ မုလအိတောင်ဆိုတာ နာမည်ကြီးဗျ။ ဒီတောင်တစ်ဝိုက်က တောတွေမှန်သမျှ တောသိပ်ကြမ်းတယ်။ ဒီလိုအဖြစ်တွေ အများကြီးရှိတယ် ဗိုလ်ကြီး"

"အင်း ... ဖထီးကိုယ်တိုင် ထောက်ခံပြောပြတော့လည်း ယုံရမှာပေါ့။ ကျွန်တော်ထင်တာက စောထူးက အိပ်ချင်နေတာဆိုတော့လေ ... အဲ့ဒါ အိပ်မက်လိုလို ဂယောက်ဂယက်တွေ မြင်မိသလားလို့ပါ"

"ဗိုလ်ကြီးပြောတာလည်း ဖြစ်နိုင်တယ်လေ။ အဲ့ဒီလိုအဖြစ်မျိုးတွေ ကြုံပြီးတဲ့လူတွေက သူတို့အတွေ့အကြုံ ပြန်ပြောပြတဲ့အခါ အဲ့ဒီလိုဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေဟာ အိပ်မက်ထဲမှာ ကြားမြင်နေရတဲ့ ခံစားမှုမျိုးနဲ့တူတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ အဲ့ဒါတွေက အိပ်မက်မဟုတ်ဘူးဆိုတာလည်း သူတို့က ယုံကြည်နေပြန်တယ်ဗျ"

"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်လေ ... ကျွန်တော်ကိုယ်တိုင်လည်း နော်တရာတောင်ထိပ်မှာ တစ္ဆေလိုလို၊ မင်စာလိုလို၊ ကျတ်လိုလို၊ တောဝက်တွေနဲ့ တွေ့ခဲ့ဖူးပါတယ်။ သဘာဝလွန်ဖြစ်ရပ်တွေ ရှိတယ်ဆိုတာတော့ လက်ခံရမှာပဲ ဖထီးရေ"

●

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ တောင်ခြမ်းတွင် ကျိုက်ဒုံမြို့နယ်ဟူ၍ ရှိလေသည်။ အဇင်းကျိုက်ဒုံခွင်ဆိုသည်က ကရင်ပြည်နယ်မှာ နာမည်ကြီးစစ်ဆင်ရေးခွင်တစ်ခုဖြစ်သည်။ ထိုခွင်အတွင်း မုလအိတောင်ဆိုတာရှိသည်။

ထိုတောင်သည် ကရင်ပြည်နယ် တောင်ဘက်အစွန်ဆုံးဟု ပြောလေ့ရှိကြပြီး တစ်ဘက်နိုင်ငံ နယ်စပ်မျဉ်းနှင့် အလွန်နီးကပ်စွာ တည်ရှိသည်။ ကျွန်တော် အမှတ်မမှားလျှင် ထိုတောင်အမြင့်က ပေ (၆၀၀၀) ကျော်ဖြစ်ပါသည်။ တောင်ကြီးက နဂါးတစ်ကောင်လို တွန့်လိန်နေပြီး နဂါးခေါင်းလိုနေရာတွင် ဘုရားတစ်ဆူတည်ထားသည်။ ဘွဲ့အမည်ကို သေချာမမှတ်မိတော့သော်လည်း မုလအိတောင်ကိုအစွဲပြုလျှက် မုလအိဘုရားဟူ၍သာ ခေါ်ကြလေသည်။

တောင်ထိပ်တွင် ကျောက်ကြားမှ ရေကျနေသော နေရာတစ်ခုရှိပြီး အမျိုးသမီးများ ရေချိုးခွင့်မရှိဘဲ အမျိုးသမီးများရေချိုးလျှင် ရေခမ်းသွားတတ်သည်ဟု ဆိုကြသည်။ ထိုတောင်ပေါ်တွင် အသားမစားရဟု အယူရှိကြသည်။ ငြိမ်းချမ်းရေး အစဦးကာလတွင် ထိုတောင်ပေါ်၌ ငြိမ်းချမ်းရေးအဖွဲ့မှ အိုင်ကွန်အထိုင် စက်သမား (၂) ယောက်ရှိသော်လည်း နောက်ပိုင်း ငြိမ်းချမ်းရေးမယူသော ကေအင်န်ယူအဖွဲ့မှ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု သိရသည်။





ထိုသို့ဖမ်းဆီးခေါ်ဆောင်သွားပြီးသည်၏နောက်တွင် ထိုတောင်ပေါ်၌ စ.က.ခ တစ်ခုမှ တပ်စုတစ်စု စခန်းထိုင်ခဲ့ပြီး ထိုအဖွဲ့ထဲမှ တပ်စိတ်တစ်စိတ်က ကျိုက်ဒုံတွင် ရိက္ခာသွားထုတ်ကြသည်။ အပြန်တွင် လမ်းမှ ခွေးတစ်ကောင်ကို သေနတ်နှင့်ပစ်သတ်၍ တောင်ပေါ်သို့သယ်တက်လာသည်။ အသားမစားရဘဲ ငတ်နေသောကြောင့် ခွေးသားချက်စားရန်ဖြစ်သည်။

သို့သော် ထိုတပ်စိတ် တောင်ပေါ်စခန်းသို့ ပြန်မရောက်ကြတော့။ တောင်တစ်ဝက်မှာ မည်သည့်ဒဏ်ရာမှမရှိဘဲ (၆) ယောက်သား ငုတ်တုတ်သေနေကြသည်။ ထိုအဖွဲ့များကို ဆင်းရှာတော့ (၃) ရက်ကြာမှတွေ့သည်။ သို့သော် အလောင်းများက ပုံမပျက် ပုပ်ပွခြင်းမရှိသေး။ ဆေးပညာသဘောအရတော့ အောက်ဆီဂျင်ငတ်၍အသက်ရှုမရသောကြောင့် သေဆုံးကုန်သည်ဟု မှတ်ချက်ပြုသည်။

တချို့ကလည်း အသားမစားရနယ်မြေတွင် ခွေးသားချက်စားရန် ခွေးကိုသတ်ခဲ့သောသောကြောင့်တောင်ပိုင်ကိုင်သည်၊ နတ်ဖမ်းစားသည်၊ စသဖြင့် ပြောကြသည်။ လေ့လာချက်များအရ ဒေသခံများသည်လည်း တောင်တက်လမ်းခရီးတွင် ထိုင်မနားရဟု ယုံကြည်မှုတစ်ခုရှိသည်။ ဘိုးစဉ်ဘောင်ဆက် ဘယ်သောအခါမှ နားလေ့မရှိဟု ဆိုကြသည်။ ထိုအယူအဆရှိနေခြင်းမှာ ထိုသို့ သေဆုံးတတ်ခြင်းကြောင့် ဖြစ်မည်ဟုထင်ပါသည်။

●

မုလအိတောင်၏ တောင်ဘက်ခြမ်းတွင် ပွိုင့် ၅၂၀၅ ဟူသော တောင်တစ်လုံးရှိပြီး ထိုတောင်သို့မရောက်မီ နတ်ဘီလူးတောင်ဟူသော တောင်စွယ်တစ်ခုရှိသည်။ ပွိုင့်၅၂၀၅နှင့်တစ်ဆက်တစ်စပ်တည်းသာဖြစ်သည်။ တောင်ခြေတွင်ရှိသော ချောင်းကလေးကိုလည်း နတ်ဘီလူးချောင်းဟု ခေါ်ကြသည်။

ထိုနေရာတွင် မြွေမသတ်ရဟု ဒေသန္တရ အယူအဆရှိပြီး မြွေသတ်မိလျှင် ဘေးကြမ္မာဆိုးများဖြင့် ရင်ဆိုင်ရသည်။ အသက်သေသည်အထိ နတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



တွေက ဒုက္ခပေးတတ်သည်ဟု ယုံကြည်ကြသည်။ ငြိမ်းချမ်းရေးရသွားချိန်၌ ဒေသဖွံ့ဖြိုးမှုများကို တပ်မှဆောင်ရွက်ပေးကြရာတွင် ထိုတောင်ကြောတစ်လျှောက် ကားလမ်းဖောက်သော လုပ်ငန်းလည်းပါဝင်သည်။

တစ်နေ့သောအခါ လမ်းဖောက်ရန် လမ်းအူကြောင်းရှာရင်း ကျောက်တုံးကြီးတစ်တုံးကို ဂရေတာနှင့် တွန်းကြသည်။ ကျောက်တုံးကြီးရွေ့သွားသောအခါ ကျောက်တုံးအောက်တွက် ဂလိုင်ခေါင်းတစ်ခုရှိနေပြီး၊ ထိုမြေအခေါင်းပေါက်ထဲတွင် စပါးကြီးမြွေကြီးတစ်ကောင်ရှိနေသည်။ ကျောက်တုံးကိုတွန်းစဉ်က မြွေကို ထိမိခဲ့ပြီး မြွေကြီးက ခါးတစ်ပိုင်းကျိုး ကြေနေလေသည်။

အင်ဂျင်နီယာတပ်မှ ဘီအီးတပ်သားတစ်ယောက်က ...

"ခါးလည်းကျိုးနေပြီကွာ ... သေမှာပဲလေ၊ ကိုယ်သတ်တာမှမဟုတ်ဘဲ" ဟု ဆိုလျှက် မြွေကြီးကို ရိုက်သတ်ပစ်လိုက်သည်။

စားစရာအသားရှားလှသောနေရာတွင် မြွေသားကိုချက်စားရန် သတ်ပစ်လိုက်ခြင်းဖြစ်သည်။ သူက ချင်းတိုင်းရင်းသားကလေးဖြစ်သည်။ ထိုသတင်းက ဒေသခံတွေနားပေါက်သွားသည်။ ဒေသခံအချို့ရောက်လာသည်။ သတ်မိခဲ့သည်မှန်သော်လည်း ချက်မစားရန် အတန်တန်တားကြသည်။ ထိုအချိန်က ငြိမ်းချမ်းရေးကာလဖြစ်သောကြောင့် ဒေသခံတို့နှင့်ဆန့်ကျင်သော မည်သည့်ကိစ္စကိုမှ မလုပ်ရပေ။

ထို့ကြောင့် ချင်းတပ်သားကလေးက လက်လျှော့လိုက်ပြီး မြွေကြီးကို ကျင်းတူး၍မြှုပ်လိုက်ရလေတော့သည်။ နောက်တစ်နေ့ လမ်းဖောက်အဖွဲ့များ ထိုနေရာသို့ရောက်ချိန်တွင် ထိုမြွေကြီးမြှုပ်ထားသော မြေသားများနေရာဝန်းကျင်တွင် အလွန်ကြီးမားသော မြွေဝမ်းပိုက်ရာတချို့ကို တွေ့ကြရသည်။ သို့ဆိုလျှင် ထိုမြွေမြှုပ်ထားသောနေရာသို့ အခြားမြွေကြီးများ ရောက်လာခဲ့သည်ဟု ယုံကြည်ရလေတော့သည်။

ကြီးမားလွန်းသည့် မြွေဝမ်းပိုက်အရာကြီးများကို မြင်ရသည်နှင့် လူတွေက ကြက်သီးမွေးညင်းတွေ ထကုန်သည်။ သို့သော် ကြောက်နေရုံမျှနှင့် ကိစ္စကမပြီးသေး၊ လမ်းဖောက်ဖို့အလုပ်ကလည်းရှိသေးသည်။ လမ်းအူကြောင်း





ရှာခြင်းလုပ်ငန်း ဆက်လုပ်ကြသည်။ တစ်နေကုန် လမ်းအူကြောင်းရှာပြီးနောက် ညနေတွင် တောင်ပေါ်ပြန်တက်ကြသည်။ လုံခြုံရေးအဖွဲ့တွေက ရှေ့နောက်ခပ်ခွာခွာလိုက်ကြသည်။ အုပ်ချုပ်မှုအဖွဲ့တွေက ထိုဂရေတာကြီးကို တက်စီးလျှက် လိုက်ကြသည်။

ဂရေတာစီးသူများတွင် ဘီအီးက ချင်းတပ်သားလေးလည်းပါသည်။ ကံမကောင်းချင်သောအခါ ဂရေတာက တောင်အတက်တွင် ဟိုက်ဒရောလစ်စနစ် ရုတ်တရက် ချို့ယွင်းသွားပြီး နောက်ပြန်လိမ့်ကျလာသည်။ တောင်အောက်သို့တောက်လျှောက်ကျဆင်းသွားပြီး နတ်ဘီလူးချောင်းစပ်တွင် မေးတင်လျှက် ရပ်တန့်သွားသည်။

စက်ပေါ်ကလူတွေ အကုန်နီးပါး ဒဏ်ရာဒဏ်ချက်တွေနှင့် ဖြစ်ကုန်သည်။ သို့သော် မြွေသတ်သူ ချင်းတပ်သားကလေးကတော့ ဒဏ်ရာကြီးကျယ်စွာဖြင့် သူတစ်ဦးတည်း ပွဲချင်းပြီးသေဆုံးသွားခဲ့လေသည်။ မတော်တဆ သူတစ်ဦးတည်း သေဆုံးရသည်လား၊ မြွေကိုသတ်ခဲ့သောကြောင့် နတ်မိစ္ဆာများက သူ့တစ်ဦးတည်းကို အသေသတ်ခဲ့သည်လားတော့ မည်သူကမှ အတပ်မပြောနိုင်ပါချေ။

"မိုးညို ... နေစမ်းပါဦးကွ ... မင်းရော တိုးလွင်လိုပဲ ငြိမ်းချမ်းရေးကလူပြောပြတာလား"

"ဘယ်ကလာကွာ ... ငါက သူများပြောတာမဟုတ်ဘူး၊ ငါကိုယ်တိုင် စက်ကြီးလုံခြုံရေး လုပ်လာတာကွ"

"အင်း ... ဒီလိုပဲလေ ... ဒိုဇာတွေ၊ ဂရေတာတွေတောင်အောက်လန်ကျတဲ့ ဖြစ်စဉ်တွေက ရှိပါတယ် ... ငါလည်း လမ်းဖောက်ဖူးတာပဲ"

"အဲ့ဒါတော့ မှန်ပါတယ် ... အခုဟာက မင်းစဉ်းစားကြည့် တောင်ကိုကွေ့ပတ်ဖောက်တဲ့လမ်းကွာ၊ စက်ကြီးက ပြုတ်ကျတော့၊ ပြုတ်ကျတဲ့လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေ အများကြီးကွ၊ ပိုပြီးထူးဆန်းတာက ကျကျခြင်းနေရာမှာ သစ်ပင်ကြီးနှစ်ပင်ခံနေတယ်ကွာ၊ တစ်ပင်နဲ့တစ်ပင်ကြား အဲ့ဒီဂရေတာစက်ကြီး တစ်စီးစာပဲရှိတယ်၊ အဲ့ဒီနှစ်ပင်ကြား မောင်းဝင်စမ်းကွာဆိုရင်တောင် ဝင်ဖို့အတော်ခက်တယ်ကွ"

"အခု အဲ့ဒီစက်ကြီးက အဲဒီသစ်ပင်နှစ်ပင်ကြားကနေ ကျသွားတာပေါ့"

"သေချာတာပေါ့ကွာ ... ဒီလောက် စက်တစ်စီးစာလေးပဲရှိတဲ့ သစ်ပင်နှစ်ပင်ကြားကနေ လွတ်လွတ်ကျွတ်ကျွတ်ကြီး ဝင်သွားတယ်ကွာ၊ နောက်လည်း အောက်မှာ သစ်ပင်ကြီးတွေရှိသေးတယ်ကွာ ... ဘယ်အပင်မှ မတိုက်ဘူးကွာ၊ လွတ်လွတ်ကျွတ်ကျွတ်ကြီးကို ပြုတ်ကျသွားတာ။ ကဲ ... ထူးဆန်းမနေဘူးလား"

"အင်း ... ဒါကတော့ စဉ်းစားစရာပေါ့လေ ... ဖြစ်တော့ ဖြစ်တတ်ပါတယ်"

ကျွန်တော်က ခပ်ဖွဖွသာ ထောက်ခံလိုက်ပါသည်၊ သို့သော်လည်း ကျွန်တော်ကိုယ်တိုင် သဘာဝလွန်ဖြစ်ရပ်များနှင့် ကြုံခဲ့ဖူးသည်ကြောင့် တိုက်ဆိုင်မှုသာဖြစ်သည်၊ အခြားနာနာဘာဝတွေကြောင့် မဖြစ်နိုင်ဘူးဟုတော့ ကန့်ကွက်စကား မပြောခဲ့မိပါချေ။

တစ်နေ့တွင် တစ်ပတ်စဉ်တည်း သူငယ်ချင်းနှစ်ယောက်ဖြစ်သော ဗိုလ်မှူးမိုးညို (ငြိမ်း) နှင့် ဗိုလ်ကြီးတိုးလွင် (ငြိမ်း) တို့ ကျွန်တော့်ထံ ရောက်ရှိလာပြီး၊ ကရင်ပြည်နယ်၊ ကော့ကရိတ်တောင်ခြမ်းရှိ မုလအိတောင်နှင့် မုလအိဘုရားအကြောင်းများ၊ ဆန်းကြယ်လှသော ဂမ္ဘီရအတွေ့အကြုံများ၊ ရှေ့တန်းအတွေ့အကြုံများကို ပြောပြနေခြင်းဖြစ်သည်။






သူတို့ပြောပြနေသော ကော့ကရိတ်တောင်ခြမ်းစွင်ကို ကျွန်တော် စစ်ဆင်ရေးဝင်ခဲ့ဖူးပါသည်။ တိုက်ပွဲတွေလည်း ဖြစ်ခဲ့ဖူးပါသည်။ သို့သော် ထိုမုလအိတောင်သို့ မရောက်ဖူးခဲ့၊ မုလအိဘုရားကိုလည်း မဖူးခဲ့ရပါ။ ယခုတော့ ထိုနေရာများ ငြိမ်းချမ်းနေခဲ့ပြီဖြစ်သည်၊ အင်တာနက်တွင် Mulayit Taung ဟု ရိုက်ရှာကြည့်သောအခါ ပုံများ၊ Video file များကို တွေ့ရသည်။ ထို့ကြောင့် စာရှုသူမိတ်ဆွေများလည်း လေ့လာလိုပါက အင်တာနက်တွင် ရှာဖွေလေ့လာနိုင်ကြောင်း တင်ပြလိုက်ရပါသည် ခင်ဗျား ...။

မဟော်ဂနီ

www.burmeseclassic.com

www.burmeseclassic.com




## အရိုးတောင်တွင် သူတို့နေသည်

လူတစ်ယောက်ကို ဘယ်လောက်အထိ သင်ချစ်ဖူးပါသလဲ။ သူသေသွားရင်ရော ဘယ်အတိုင်းအတာထိ သူ့ရဲ့အမှတ်တရပစ္စည်းတွေ သိမ်းထားဖူးပါသလဲ။

တစ်ခါတစ်ရံ လူ့ဘဝမှာ တကယ်ဖြစ်ခဲ့တဲ့အဖြစ်တွေက အင်မတန်ဆန်းကြယ်လှပါတယ်။ ကျွန်တော့်အနေနဲ့ အထက်ပါမေးခွန်းတွေကိုဖြေရရင်တော့ ထူးဆန်းတဲ့ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။

၁

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

"မအေးသီ … မအေးသီရေ၊ ငါ့ကို တစ်ယောက်တည်း ထားခဲ့ပြီလား … အီး … ဟီး … ဟီး …"

လူတစ်ယောက် သေဆုံးခြင်းအတွက် သူ့မိသားစုက ဝမ်းနည်းစွာ ငိုကြွေးနေခြင်းဖြစ်သည်။ အတိအကျပြောရပါလျှင် အမှတ် (…) ခြေမြန်တပ်ရင်း အိမ်ထောင်သည်လိုင်းရှိ နာရေးတစ်ခုတွင်ဖြစ်ပါသည်။ ငိုနေသောယောကျ်ားလူငယ်ကို အခြားတစ်ယောက်က နှစ်သိမ့်နေပြန်သည်။

"မငိုနဲ့တော့ တပည့်ရေ … မင်းငိုလို့လည်း မင်းမိန်းမမအေးသီမှ မကြားတော့တာကွာ။ မင်း ထမင်းမစားတာလည်း ရက်ကြာပြီပဲကွာ … မနက်ဖြန်နေ့လယ်ဆိုရင် မင်းမိန်းမကို မီးသင်္ဂြိုဟ်ပြီလေ။ စိတ်လျှော့ချလိုက်ပါ တပည့်ရာ"

ဗိုလ်ကြီးဝနမှ တပ်သားလေးနိုင်ကို နှစ်သိမ့်နေရခြင်းဖြစ်သည်။

မျက်ရည်တွေစီးကျနေလျက် လေးနိုင် ခေါင်းညိတ်ပြသည်။ ပြီးတော့ ဆုပ်ကိုင်ထားသော အသက်ဝိညာဉ်မဲ့နေသော မအေးသီ၏လက်ချောင်းများကို တစ်ချက် ခပ်တင်းတင်း ဖျစ်ညှစ်လိုက်သည်။





မအေးသီ၏ ညာလက်သူကြွယ်တွင် သူတို့ မင်္ဂလာဆောင်စဉ်က ဆင်တူလုပ်ထားခဲ့သော မောင်းကွင်းပုံစံလက်စွပ်ကလေးကို သူ မချွတ်ယူထားတော့ဟု ဆုံးဖြတ်လိုက်တော့သည်။ မအေးသီနှင့်အတူ တည့်သွင်းမြှုပ်နှံပေးရန် သူ ဆုံးဖြတ်လိုက်၏။ ပြီးတော့ သူ့အား. အားပေးသူ ဗိုလ်ကြီးဝနကိုပြန်ဖြေသည်။

"ကျေးဇူးတင်ပါတယ် … ဗိုလ်ကြီး။ ကျွန်တော် မငိုတော့ပါဘူး။ ထမင်းလည်း စားပါ့မယ်။ ဒါပေမဲ့ဗျာ … ဘာမှမသိတဲ့ ရင်သွေးလေးနဲ့ မအေးသီကို ကျွန်တော် သိပ်နမြောတယ်"

"ငါလည်း နမြောမိတယ် … လေးနိုင်။ မင်းမိသားစုဆိုတာလည်း ငါ့ရဲဘော်ရဲဘက်ပါပဲ"

ရုံးဖွင့်ရက်၏ တစ်ခုတည်းသောညနေစောင်းတွင် အိမ်ထောင်သည်လိုင်းခန်းမှ တခြားအခန်းသို့အကူးတွင် မအေးသီချော်လဲရာမှ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ပါ၏။

မအေးသီက နေ့စေ့လစေ့ မကြာခင်မွေးတော့မည့် ကိုယ်ဝန်ကြီး (ကိုယ်ဝန်ဆောင်ခုနစ်လကျော်ကာလ) နှင့် ချော်၍လဲခဲ့သည်။ ရင်သွေးကလေးကလည်း သမီးမိန်းကလေးဟု Ultrasound ရိုက်၍ သိထားပြီးခါမှ အဖြစ်ဆိုးကြုံရခြင်းဖြစ်သည်။

မအေးသီ ခြေချော်ပြီးပြုတ်အကျ ခြေလွတ်လက်လွတ်နှင့်မို့ နောက်စေ့နှင့်လှေကားထစ် ရိုက်မိသည်။ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခြင်းဖြစ်၏။ လေးနိုင်က ဆေးလိပ်ထွက်ဝယ်နေစဉ်ဖြစ်သည်။ သူ အိမ်ရောက်တော့ သူ့ဇနီး သေဆုံးနေပြီ။ ထို့ကြောင့် သူ ယူကျုံးမရ ငိုနေခြင်းဖြစ်ပါသည်။

မနက်ဖြန်နေ့လယ် မအေးသီ၏ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်မည်။ လေးနိုင်ကိုနှစ်သိမ့်ရင်း ညဥ့်အတော်နက်မှ သူ့အိမ်ကိုဗိုလ်ကြီးဝန ပြန်ခဲ့ပါသည်။ လာကူသူများ၊ နာရေးလာမေးသူမိတ်ဆွေများလည်း ညဥ့်နက်မှပြန်ကြသည်။

ညဥ့်က နက်လာပြီ။ ဆောင်းလေက အေးလာသည်။ လူ ၃၊ ၄ ယောက်ထက် အသုဘအိမ်တွင် လူမပိုတော့ပါ။ ဘာကြောင့်မှန်းမသိ ခွေးတွေက ဆွဲဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ငင်ငင်အော်၍ လိုက်ကာအူသည်။ လေးနိုင်တစ်ယောက်ကတော့ အလောင်းစင်ပြင်ထားရာခုတင်ဘေးက မခွာရသေးပါ။ ထိုစဉ်အခိုက် ထူးဆန်းလှသောအပုပ်နံ့ကြီးတစ်ခုကို သူတို့ရလိုက်ကြသည်။

နံနံစော်စော် မသတီစရာအနံ့ကြီးလည်းဖြစ်သည်။ အမှတ်မထင်လေးနိုင်မျက်လုံးတွေက လမ်းအပြင်ကို ကြည့်မိသည်။ တံခါးပင်အောက်တွင်မတ်တတ်ရပ်လျက် သူ့အိမ်ကိုငေးကြည့်နေသော ထဘီအနီနဲ့ မိန်းမတစ်ယောက်။ မျက်နှာက ဝိုးတဝါး။ သို့သော် ကိုယ်ဝန်ဆောင်ကြီးနှင့်မှန်း သိသာနေပါသည်။ မအေးသီ ... ဟုတ်သည်။ မအေးသီ လာရောက်၍ အရိပ်အခြည်ပြလေပြီ။

"မအေးသီရေ ... လွတ်ရာကျွတ်ရာ သွားပါတော့လေ။ ငါပြုသမျှကုသိုလ်ကို အမျှဝေပါတယ်"

တုန်ရီလိုက်မောစွာ သူဆိုမိသည်။ သူ့အသံကြောင့် အိပ်ငိုက်နေဟန်ရသောမိတ်ဆွေများ လန့်ဖျပ်သွားကြပြီ။ အားလုံး၏မျက်လုံးများက အိမ်အပြင်လမ်းမက တံခါးပင်ဆီ ရောက်သွားကြသည်။ မပီပြင်ဝိုးတဝါး မိန်းမရိပ်က ရှိနေဆဲ။

"လမ်းမပေါ်မှာ ဘာကြီးလဲဟ၊ မအေးသီ လာခြောက်တာလား"

"ဟာ ... သေချာကြီး မြင်ရတယ်ဟ"

"အစ်မ မအေးသီရေ ... အမျှ ... အမျှ ... အမျှ ... ပါဗျာ"

[၂]

လေးနိုင်ကတော့မအေးသီအရိပ်အယောင်လာပြသည်ဟုထင်သည်။ သတင်းလာမေးသူများကမူ လန့်ဖျပ်နေကြတော့သည်။ အရိပ်သဏ္ဌာန်ကြီးကခြံစည်းရိုးအနီး ထိကပ်လာသည်။ အိမ်အပေါ်ထိတက်လာမည့်ဟန်ပြင်သည်။

သို့သော် ... ဘာကြောင့်မှန်းမသိ။ ခြံစည်းရိုးအတွင်း သူဝင်မရပေ။ ခွေးတွေက ပိုအူလာသည်။ လှည့်ကင်းအဖွဲ့၏ စကားပြောသံက လေးနိုင်တို့လိုင်းခန်းအနီး ရောက်လာပြီ။ အရိပ်မည်းကြီးက အိမ်ဘက်ဆီသို့ တစ်ချက်ကြည့်ရင်း တံခါးပင်ပေါ် တက်သွားသည်။

ခွေးတွေက အူသည်ထက် ကြောက်လန့်တကြား တဂိန်ဂိန်အော်သံပိုထွက်လာတော့သည်။ ထို့နောက် ပတ်ဝန်းကျင်က တိတ်ဆိတ်သွားပြန်သည်။ လှည့်ကင်းခေါင်းဆောင် တပ်ကြပ်ကျော်ဝင်းနှင့်အဖွဲ့ လေးနိုင်အိမ်ရှေ့ရောက်လာသည်။

"ဟေ့ ... လေးနိုင်ရေ၊ ခွေးတွေက အူလှချည်လားကွ။ မအေးသီလာခြောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကင်းအဖွဲ့က ပါးစပ်ဆော့ဟန်ရသော စစ်သည်တစ်ဦးက မမေးသင့်သည်ကိုမေးသည်။ လေးနိုင်က စိတ်မကောင်းစွာ ပြန်ဖြေရတော့သည်။

"အဲ့လိုမပြောပါနဲ့ဗျာ ... ကျွန်တော့်မိန်းမက သရဲမဟုတ်ဘူး"

လေးနိုင်စကားအဆုံး တာဒပင်နှင့် လေးနိုင်အိမ်ခေါင်မိုးဆီသို့ ခဲလုံးများကျလာသည်။လေမတိုက် ...မိုးမရွာ၊ ပစ်သူမဲ့သော ကျောက်ခဲများ။ အားလုံးအံ့သြတကြီး ဖြစ်ကြရတော့သည်။ မအေးသီက မကြိုက်သည့်သဘောလားမသိပါ။

ခဲများကျခြင်းက မိနစ်ဝက်ခန့်အကြာ ရပ်သွားသည်။ တိတ်ဆိတ်နေသောပတ်ဝန်းကျင်က ပိုချောက်ချားစရာအတိ။ မကြာမီတော့ လှည့်ကင်းအဖွဲ့လည်း နှုတ်ဆက်ထွက်ခွာသွားသည်။ လေးနိုင်အိမ်လေးလည်း ပြန်လည်တိတ်ဆိတ်သွားပါ၏။

ပရိတ်သတ်များလည်း ငိုက်သူကငိုက်၊ ဖဲထုပ်အဟောင်းလေးကိုဆော့သူကဆော့နှင့် အလုပ်ရှုပ်နေလေသည်။ ထိုစဉ် မီးပြတ်သွားပြန်သည်။ ညဥ့်သန်းခေါင်ကြီး မီးပြတ်နေသော အသုဘအိမ်တွင် မနေချင်ကြသူများပြန်သွားကြပါတော့သည်။

လေးနိုင်နှင့် စစ်သည်တစ်ဦးသာ အိမ်ပေါ်တွင် အသုဘစောင့် ကျန်ခဲ့တော့သည်။ ထိုစစ်သည်ကလည်း ခေါင်းအုံး၊ စောင်ခြုံကာ အိပ်တော့မည့်ဟန်ပြင်၏။ လေးနိုင်လည်း သူ့အိပ်ရန်ပြင်ပေးပြီး မအေးသီ၏ရုပ်အလောင်းပြင်ထားရာ ခုတင်ဆီသို့ ပြန်လာတော့ခဲ့တော့၏။

ခုတင်နားအရောက် လေးနိုင်ခါးဆီသို့ လက်တစ်ဖက်က လာဖက်လိုက်သည်။ သူ ထိတွေ့ဖူးသော အတွေ့အထိ။ ဩော် ... မအေးသီရယ်။ မင်း ငါ့အပေါ်စွဲလမ်းလှချည်လား။ လေးနိုင်က မျက်ရည်တွေ ကျလာပြီ။ သူ့နားထဲတွင်လည်း မအေးသီက သူ့ကိုခေါ်ထားရန် တတွတ်တွတ်ပြောနေသံ ကြားရသည်။

မထူးတော့ပြီမို့ လေးနိုင်လည်း ဓားများထားသော ကြောင်အိမ်ဆီလာခဲ့သည်။ ဟင်းခုတ်ဓားတစ်ချောင်းကို ယူသည်။ ထို့နောက်တွင်တော့ ဆောင်းလေအေးအေး ခုတင်ပေါ်ရှိ ကိုယ်ဝန်ဆောင်သည် ရုပ်အလောင်း၊ အိပ်နေသော





အဖော်စစ်သည်။ ဓားကိုင်ထားရင်း အသုဘပြင်ထားရာ ခုတင်ဆီသို့လာနေသော လေးနိုင် ...။

ဘာကြောင့်မှန်းမသိ မအေးသီ၏ ညာလက်သူကြွယ်မှ လက်စွပ်ကလေး၏ လက်ကနဲအလင်းရောင်ကို သူတွေ့လိုက်ရသလို။ မိုးကလင်းတော့မည်။ ဘဝတွေက ခါးနေဆဲ။

[၃]

မနက်လင်းတော့ စစ်သည်များ၊ မိသားစုဝင်များ လေးနိုင်အိမ်သို့ရောက်လာကြပါသည်။ မကြာမီ နေ့လည်တွင် မအေးသီ၏ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား မီးသင်္ဂြိုဟ်မည်မဟုတ်ပါလား။

လေးနိုင်ကတော့ တစ်ညလုံး အိပ်ရသေးဟန်မရပါ။ မျက်လုံးများနီလျက် စကားမဆိုဘဲ မအေးသီရုပ်အလောင်းဘေးတွင် မတ်တတ်ရပ်လျက်သား။ မိတ်ဆွေများက လေးနိုင်ကို ဖျောင်းဖျကြပြီး မအေးသီ၏ရုပ်အလောင်းကို ခေါင်းတလားထဲ ထည့်ကြရတော့သည်။

လေးနိုင်က မျက်ရည်တွေကျရင်း ငြိမ်သက်နေပါ၏။ ထို့နောက်တွင်တော့ အသုဘအိမ်၏ လုပ်ဆောင်ဖွယ်ရာများလုပ်ကြပြီး နေ့လည်တွင်တော့ တပ်ရင်း၏ မော်တော်ယာဉ်များဖြင့် မင်္ဂလာဒုံရှိ စစ်သချိုင်းသို့ ထွက်ခွာကြပါတော့သည်။

အေးငြိမ်းဇရပ်ဟုခေါ်တွင်သော အမိုးအကာရှိသော ဇရပ်ကလေးတွင် ကြိုတင်ပင့်ဖိတ်ထားသော သံဃာတော်များရောက်ရှိကာ သက်ပျောက်တရားနာကြသည်။ ပြီးတော့ မအေးသီ၏ရုပ်အလောင်းကိုမီးသင်္ဂြိုဟ်ရန်ပြင်ကြသည်။ အရိုးပြာကိုတော့ တပ်ရင်းအနီးရှိသုသာန်တွင် အမှတ်တရအုတ်ဂူလုပ်မည်ဟု စီစဉ်ထားခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအဖုံးလှပ်၍မအေးသီ၏ရုပ်အလောင်းကို မျက်နှာကြည့်ကြကာ နှုတ်ဆက်ကြသည်။ ထူးဆန်းသည်တစ်ခုက မအေးသီ၏ညာဘက်လက်တွင် ပတ်တီးတစ်ခု စည်းထားသည်။ အရာရှိတစ်ယောက်က လေးနိုင်ကို ဘာလို့ စည်းထားသလဲဟုမေးသည်။

လေးနိုင်က ညက မီးအပြတ်တွင် ကြွက်လာကိုက်၍ သူစည်းပေးထားသည်ဟု ပြန်ဖြေသည်။ အတင်းအကြပ်မမေးချင်ကြ၍ မမေးကြတော့ပါ။ မီးသဂြိုဟ်ခြင်းစတော့ လေးနိုင်က သူ့မျက်လုံးများကို မှိတ်လိုက်သည်။

ရဲမေအချို့က ငိုကြသည်။ စိတ်မခိုင်သော စစ်သည်များ၊ မိတ်ဆွေများ ပါ ငိုကြလေသည်။ မအေးသီ၏ရုပ်အလောင်းကိုမီးလောင်ကာ မီးခိုးခေါင်းတိုင်မှ မီးခိုးများထွက်လာသည်။

"သွားပေဦးတော့ … မအေးသီရေ၊ မင်းသေခါနီး မင်းအနားမှာ မနေပေးနိုင်ခဲ့တာ ငါ့ကိုခွင့်လွှတ်ပါ။ နောက်ဘဝမှာ မင်းရယ်၊ ငါရယ်၊ ငါတို့သမီးလေးရယ် အတူတူနေကြမယ်နော်၊ သွားနှင့်တော့ … မအေးသီရေ"

နာရေးလာသူများ မျက်ရည်တွေကျပြီပေါ့။ သံဝေဂရစရာအတိ။ မြင်ကွင်းက စိတ်မကောင်းစရာ။ တပ်ပြန်လာခဲ့ကြသည်။ မအေးသီ၏ ရက်လည် ဆွမ်းသွတ်ပြုလုပ်ကြသည်။ နောက်ထပ်တစ်လအကြာတွင် လေးနိုင်တို့တပ်ရင်း ရှေ့တန်းသို့ ထွက်ခဲ့ကြရသည်။

နာမည်ကျော် ဘော်စဲခိုမြေဆီသို့ဖြစ်ပါ၏။ တိုက်တိုက်ဆိုင်ဆိုင် လေးနိုင်က ဗိုလ်ကြီးဝနနှင့်အတူ တပ်ရင်းမှူးပါ လိုက်ပါလာသောစစ်ကြောင်း ၁ နှင့် အတူ ယွန်းစလင်းစခန်းတွင်နေရမည်။

တပ်ရင်းမှ ပဲနွယ်ကုန်း – နတ်သံကွင်း ကျောက်ကြီးမြို့သို့ ယာဉ်များဖြင့် ချီတက်ကြရသည်။ ကျောက်ကြီးမြို့မှ သံဘိုဟူသောရွာကလေးရှိရာသို့ ဆက်ထွက်ခဲ့ရသည်။ သံဘိုတွင် အခြေချစစ်ဗျူဟာတစ်ခုနှင့် တပ်ရင်းတစ်ရင်းရှိနေသည်။ သံဘိုတွင်တစ်ညအိပ်ပြီး နောက်နေ့တွင် ဘော်စဲခိုသို့ ခြေကျင်ချီတက်ကြရသည်။ စိန်ခေါ်မှုများပြည့်နှက်နေသော ဘော်စဲခိုမြေက လေးနိုင်ကို ခပ်စိမ်းစိမ်း ဆီးကြိုနှုတ်ဆက်နေသည်။

[၄]

ဘော်စဲခိုသို့ တစ်နေ့ခရီး ချီတက်ရသည်။

ချီတက်ရာ လမ်းတစ်လျှောက်တွင် မှုသဲ၊ ကပ်ပယ်၊ တုံးတံတား၊ လားလန်၊ နယ်ခြား၊ ငှက်ပျောတော၊ နတ်စင်ကုန်းနှင့် အခြားသော စခန်းငယ်လေးများရှိသည်။ ဘော်စဲခိုတွင် ညအိပ်နားကြသည်။

ဘော်စဲခိုတွင် ဈေးဆိုင်တွေလည်းရှိသည်။ (ထိုစဉ်ကဖြစ်သည်။ ယခုတော့မသိပါ) စစ်သည်အများစုကတော့ ဈေးဝယ်သူ၊ ထမင်းစားသူ၊ ကျားကစားသူ၊ အသိအကျွမ်းများကို နှုတ်ဆက်ကြသူ စသည်ဖြင့် အလုပ်များကာ ပျားပန်းခတ်မျှ လှုပ်ရှားနေကြသည်။

သူတို့တပ်ရင်းနေရသော ဝါးဘားတိုက်ကလေးတွင်တော့ လေးနိုင်တစ်ယောက်တော့ မအေးသီ၏ဓာတ်ပုံကလေးကိုကြည့်ရင်း ငြိမ်သက်နေပါသည်။ ထိုညကိုတော့ တိတ်တိတ်ဆိတ်ဆိတ်ပဲ သူတို့ဖြတ်သန်းလိုက်ကြသည်။ မနက်လင်းတော့ သူတို့တပ်ရင်းကို ဖွဲ့စည်းပုံအတိုင်း ဖြန့်ခွဲလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းစစ်ကြောင်း ၁ က ယွန်းစလင်းစခန်း၊ တပ်စုတစ်စုက ယွန်းစလင်းကာကင်းကုန်း။ တပ်ခွဲတစ်ခွဲက သစ်တပင်ကုန်းစခန်း၊ တပ်စုတစ်စုက ၂၈၃၃ နည်းဗျူဟာ တွဲဘက်၊ စစ်ကြောင်း ၂ နှင့် တပ်စုတစ်စု ယွန်းစလင်းနှင့် ထီးထစောထထိ လှုပ်ရှားစစ်ကြောင်းအဖြစ် ဖြန့်ခွဲခဲ့ကြပါသည်။

(ဤဇာတ်လမ်းဖြစ်ပေါ်ခဲ့စဉ်က အခြေအနေဖြစ်ပါ၏။ ထိုအတိုင်းပုံသေမဟုတ်ပါ။)

လေးနိုင်က စစ်ကြောင်း ၁ တွင် တာဝန်ကျသည်။ ယွန်းစလင်းစခန်း ခြေကုပ်တာဝန်ဆိုပါတော့။ သူ့စခန်းတွင် ဗိုလ်ကြီးဝနလည်း ကာကင်းတပ်စုမှူး တာဝန်နှင့်ပါလာခဲ့ပါ၏။ နောက်နေ့ မနက် ဝ၆း၀၀ နာရီတွင် ဘော်စဲခို တပ်မကုန်းမှ ယွန်းစလင်းသို့ ဦးတည်ထွက်ခဲ့ပါသည်။

စစ်ကြောင်း၊ တပ်ခွဲများအားလုံး ယွန်းစလင်းတွင် ညအိပ်အခြေပြုကြမည်။ နောက်နေ့မနက်မှ သွားစရာရှိသော တာဝန်ကျနေရာများသို့ ဆက်လက်ထွက်ခွာကြမည်ပေါ့။ ယွန်းစလင်းစခန်းမရောက်ခင် ဗျက်ကောပုစခန်း၊ မိုင်းပေါက်လှသော ဗျက်ကောပုချောင်း၊ သတ်ကွင်းလယ်ကွင်းပြန့်၊ စခန်းပျက်များရှိရာဝါးတော၊ ထိုမှ ညောင်ပင်ကုန်းစခန်း၊ ပြီးလျှင် အမြင့်ပေ ၄၀၀၀ နီးပါးရှိ အရှည် ၅ မိုင်ကျော်သော ပလပ်ခိုဟူသောစခန်းရှိရာ ပလပ်ခိုတောင်ကြောကို ဆက်တက်ရပြန်သည်။

ပလပ်ခိုတွင် နေ့လည်စာစားကြသည်။ ပလပ်ခို ပြီးတော့ ပွိုင့် ၃၄၀၀ စခန်းသို့ရောက်သည်။ ပွိုင့် ၃၄၀၀ နှင့် ယွန်စလင်းတို့ကြားတွင် အရိုးတောင်ဟူသော ဂမ္ဘီရဆန်ဆန်နေရာတစ်ခုလည်းရှိနေပြန်သည်။ အရိုးတောင်ဆိုသော နာမည်ရလာပုံက ကရင့်ခေါင်းဆောင် စောဘဦးကြီး၏ ဘိုးဘေးများနှင့် တခြားသောနီးစပ်ရွာ၊ ယခင်ရွာဟောင်းများမှ သေဆုံးသူများကို ထိုနေရာတွင် မြှုပ်နှံထားခဲ့သည်။

အရိုးများ တောင်လိုပုံခဲ့သောနေရာ သို့မဟုတ် အရိုးရှိရာတောင်ကို အစွဲပြုကာ အရိုးတောင်ဟု ခေါ်ခဲ့ပုံဟုထင်ရပါ၏။ ယခုတော့ ထပ်မံ၍ လူသေများမြှုပ်နှံခြင်း မရှိတော့ပါ။





သို့သော် … အချို့သော မြေပုံဟောင်းများ၊ ပျက်စီးနေသော အုတ်ဂူအကျိုးအပဲ့များ၊ ကဗ္ဗည်းတိုင်အပျက်များကရှိနေဆဲဖြစ်ပါ၏။ မိုင်းထိထားသော စစ်ကားဟောင်း ၃စီးရှိသည်။ တချို့နေရာများတွင်ရိက္ခာစုပုံစဉ်က သေဆုံးခဲ့ဟန်ရသော လားများ၊ မိုင်းထိထား၍ ပျက်စီးနေသောကားများ၊ မြည်းများ၏အရိုးများလည်း ရှိနေပါသေးသည်။

အရိုးတောင်နှင့် ကိုက် ၁၀၀၀ မပြည့်မီနေရာတွင် ယွန်းစလင်းစခန်းရှိနေသည်။ ယွန်းစလင်းစခန်းအကျော်တွင် ယွန်းစလင်းချောင်းရှိနေသည်။ ချောင်း၏ဟိုမှာဘက်ကမ်းတွင် ကာကင်းစခန်းတစ်ခုရှိသည်။ ကာကင်းမှဆက်သွားလျှင် သစ်တစ်ပင်ကုန်းဟုအမည်ရသော စခန်းတစ်ခုရှိသည်။

ကြားဖူးနားဝသတင်းများ၊ ပြောလေ့ရှိကြသောသတင်းများအရ ကရင်တို့၏ခေါင်းဆောင် အဘိုးစောဘဦးကြီး၏ ဘိုးဘေးများ မြှုပ်နှံထားသောမြေပုံများကို လမ်းဖောက်သော ဒိုဇာတစ်စီးက ထိုးမိ၊ တိုက်မိသည်။ ထိုဒိုဇာအား သစ်တစ်ပင်ကုန်းတွင်ခေတ္တထားသည်။ ထိုဒိုဇာအား မကြာခဏလာရောက်၍ ယခင်ရွာပုန်းများမှလာ၍ ပစ်ခတ်ကြသည်။

ထိုဒိုဇာက သစ်တစ်ပင်ကုန်းစခန်းမှ ထွက်မရတော့။ အခြားသော နောက်ထပ်လာသော ဒိုဇာများကိုမူ မပစ်ခတ်ကြပေ။ အစွဲအလန်းကြီးသော အငြိုးထားသောသူများပင်။

ကဲ … ဘာပဲပြောပြော လေးနိုင်တို့စစ်ကြောင်း ၁ က ယွန်းစလင်းစခန်းသို့ရောက်ခဲ့ပြီဖြစ်သည်။ အေးချမ်းသောနေရာမို့လေးနိုင်က ခွင့်တောင်းပြီး အရိုးတောင်တွင် အိမ်သာခဏတက်သည်။ လမ်းဘေးတွင် မိုင်းရှင်း၍သွားခြင်းဖြစ်သည်။

သူသွားသောနေရာတွင် ကားပျက်တစ်စီးနှင့် သစ်ပင်ကြီးတစ်ပင်လည်းရှိသည်။ ပြီးတော့ သူတို့ ယွန်းစလင်းစခန်းဆီသို့ ဆက်ထွက်ခဲ့ကြပါတော့သည်။ ယွန်းစလင်းက မှုန်ကုပ်ကုပ်အေးစက်စက်ဖြင့် လေးနိုင်ကိုဆီးကြိုနေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

ယွန်းစလင်းစခန်းက ပတ်ဝန်းကျင်က တောင်များထက်နိမ့်သည်။ ယွန်းစလင်းချောင်းကို အစွဲပြုကာ ယွန်းစလင်းစခန်းဟု ခေါ်ခဲ့ပုံရ၏။ စခန်းအဆင်းတွင် ချောင်းရှိသည်။ တစ်ဘက်တွင် ထင်းရှူးပင်တောတန်းရှိသည်။

စခန်းရှိ တဲအများစုက မြေစိုက်တဲများဖြစ်ပြီး သစ်လုံးများကာထားပါသည်။ ဆက်သွယ်ရေးမြောင်းများမှာ နက်နဲမတ်စောက်လှပြီး ရေညှိများပါရှိသည်။ ခြံစည်းရိုးက ၂ ထပ်ဖြစ်သည်။

လေးနိုင်က လက်နက်ကြီးတပ်စုတွင်နေရာယူရသည်။ သူ့တွင်လည်း တဲတစ်လုံးရသည်။ စရောက်သည့်ညက ဘေးပတ်လည်မှ ချပေါက်သံ၊ မျောက်အော်သံများ ကြားရသည်။ ဇကဝနက ကာကင်းတပ်စုကို ဦးစီးရပါသည်။ စခန်းရောက်ပြီး တစ်ပတ်နီးပါးခန့်က အေးချမ်းလွန်းလှပါသည်။

ဤသို့ဖြင့် ဒုတိယမြောက်အပတ်သို့အရောက်ညတွင် စခန်းရှေ့တွင် ညမှောင်ရီဖြိုးဖျ (ညီအစ်ကိုမသိတသိအချိန်တွင်) မိန်းမတစ်ယောက် ကလေးကိုလက်ဆွဲထားကာ စခန်းရှေ့တောင်ကုန်းပေါ် (ခန့်မှန်း ကိုက် ၂၀၀) ကျော်မှ ပေါ်လာသည်။





ထိုတောင်ကုန်းသည် မိုင်းပေါလှသည်ဟု အစဉ်အဆက်ချိန်းခဲ့သော တပ်များက ပြောခဲ့သည်။ စခန်းက တံခါးကို ညနေ ၅ နာရီတွင် ပိတ်ထားပါသည်။ ပတ်ဝန်းကျင်ကလည်း ရွာမရှိ၊ မိမိတပ်နှင့် ငြိမ်းချမ်းရေးအဖွဲ့များသာရှိပါသည်။ သေချာသည်က မိန်းမတစ်ယောက်နှင့်ကလေး လာရောက်၍ရနိုင်သော၊ ရမည်ဖြစ်သော နေရာဒေသ အချိန်အခါမဟုတ်ပါ။

ကင်းသမား၏သတိပေးသံကြောင့်တပ်ရင်းမှူး (စစ်ကြောင်းမှူး) အပါအဝင်၊ အရာရှိစစ်သည်များလာရောက်ကာ အခြေအနေကြည့်ကြပါသည်။ မပီဝိုးတဝါးအလင်းရောင်ဖြစ်သော်လည်း ထိုသဏ္ဌာန်သည် မအေးသီဖြစ်မည်ဟု ရင်းနှီးနေကြသောစစ်သည်များမှ ပြောကြသည်။ လေးနိုင်လည်း လာကြည့်သူများတွင်ပါနေသည်။

မအေးသီက ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ မီးသဂြိုဟ်ခဲ့ပြီးလည်းဖြစ်သည်။ ထိုသို့ဆိုပါလျှင် ယခုလာရောက်သောသူသည် သရဲဒါမှမဟုတ်မအေးသီ၏ ဝိညာဉ်သာဖြစ်ပေမည်။ လေးနိုင်နှုတ်မှ "မအေးသီ" ဟု လွှတ်ကနဲအော်မိလိုက်သည်။ အဝေးတောင်ကုန်းမှမိန်းမကလည်း "လေးနိုင်…လာခဲ့…လာခဲ့" ဟု ကျယ်လောင်စွာ အော်သည်။

မိနစ်အနည်းငယ်အကြာမှ တောင်ကုန်းပေါ်မှပျောက်ကွယ်သွားတော့သည်။ အတွေ့အကြုံရင့်ကျက်သော တပ်ရင်းမှူးက တောခြောက်ပြီဟုတွက်ဆမိသည်။ သေနတ်ဖြင့်လေးချက်ပစ်ခိုင်းခဲ့သည်။ ပြီးတော့ ကိုယ်နေရာကိုယ်ပြန်၍ နေရာယူခိုင်းပါသည်။ ထိုညတွင်တော့ ဘာမှထူးမလာခဲ့ပါ။

သို့သော် ထိုကဲ့သို့ တစ်ပတ်နီးပါး အချိန်မှန်လာ၍ "လေးနိုင် … လာခဲ့ … လာခဲ့" ဟု လာအော်နေသည်။ ခြောက်ချားစရာအတိ။ စခန်းရှိစစ်သည်များလည်း ခြောက်ချားတုန်လှုပ်စပြုလာသည်။ အခြေအနေက သွေးပျက်စရာမဟုတ်ပါလား။ တပ်ရင်းမှူးလည်း ဆုံးဖြတ်ချက်ချရတော့သည်။ ဘာဆက်လုပ်မည်နည်းပေါ့။

နောက်တန်းမှလာမည့်လစာပေးအဖွဲ့နှင့် ပရိတ်ရေများ၊ ပရိတ်ချည်များယူလာခိုင်းလိုက်မည်။ ဆိုလာပြားနှင့် ဘက်ထရီအိုးများကို အားသွင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ခရီးဆောင် DVD နှင့် ပရိတ်တော်များဖွင့်မည်။ ညစဉ် လာ၍အော်နေသော နေရာတွင် ကင်းပုန်းဝပ်မည်။ သေနတ်နှင့်ပစ်မည်။ လေးနိုင်တွင် အမှားအယွင်း (မအေးသီနှင့်ပတ်သက်သော တစ်ခုခုသောအမှား)ကိုမေးမြန်းမည်။ အဖြေရှာမည်။ ထိုသို့ တွေးလိုက်ပါသည်။

နောက်တစ်နေ့မနက်လင်းလျှင် ထိုအစီအစဉ်များကို တပ်ရင်းမှူးက စတင်မည်ဟု အသိပေးလိုက်သည်။ သို့သော်လည်း ... မမျှော်လင့်သော အခြေအနေကဖြစ်လာသည်။ ထိုညတွင်ပေါ့။

ထုံးစံအတိုင်း စခန်းရှေ့ကုန်းမှ မအေးသီ၏ဝိညာဉ်က လာအော်သည်။ ပြီးတော့ ပြန်သွားသည်။ ထူးထူးဆန်းဆန်း ထိုညက လေးနိုင် ကင်းမကျသော နေ့ဖြစ်သည်။ သူ၏စိတ်အခြေအနေ (မအေးသီကိစ္စ) ကြောင့် သူ့အား တမင် အနားပေးထားခြင်းလည်းဖြစ်ပါ၏။

လေက တဟူးဟူးတိုက်နေသည်။ လရောင်က မပီဝိုးတဝါး။ ကင်းသမားလည်း ရှေ့တူရူ ဘေးဘယ်ညာကိုကြည့်ရင်း ကင်းစောင့်နေပါသည်။ ရုတ်တရက် လေးနိုင်၏တဲဆီက "အား..." ဟုအော်သံကြီး ကြားလိုက်ရသည်။

တဲတံခါးကိုတွန်းဖွင့်ပြီး လေးနိုင်တစ်ယောက် ခြံစည်းရိုးကိုခုန်ကျော်လိုက်သည်။ ယွန်းစလင်းစခန်းသည် အတော်ခံစစ်လုံသောစခန်းဖြစ်ပါ၏။ စခန်း၏ခြံစည်းရိုးသည် အမြင့်ပေ ၈ ပေ ကျော်မည်။ စခန်းအတွင်းမှ သံဆူးကြိုးကာထားပြီး ဒုတိယထပ်သည် ကျားလုန်ခေါ် ဝါးညှောင့်များ (ရန်သူ့ဘက်သို့)တပ်ထားသော ခြံစည်းရိုးထပ်ဖြစ်သည်။

အလယ်တွင် ညှောင့်ကျင်းများ၊ တင့်အတားအဆီးများ၊ ဝါးချွန်များ၊ မိုင်းကွင်းများထားရှိသော အထပ်ဖြစ်သည်။ အတိအကျရေတွက်ရလျှင် စခန်းအတွင်းမှ ခြံစည်းရိုးထပ်သည် အမြင့် ၈ ပေရှိ သံဆူးကြိုးထပ်၊ ပြီးလျှင် ညှောင့်ကျင်းများရှိသော အကျယ် ၇ ပေခန့်ရှိ မြေပြင်အတားအဆီး၊ ပြီးလျှင် ၈ ပေကျော်မြင့်သော ဝါးဖြင့်ပြုလုပ်ထားသော ခြံစည်းရိုး၊ ၈ ပေကျော်ခြံစည်းရိုး၊ အကျယ် ၇ ပေကွင်းပြင်၊ နောက်ထပ် ၈ ပေကျော် ခြံစည်းရိုးတို့ဖြစ်ပါသည်။





ထိုသို့သောအတားအဆီးများကိုကျော်ကာ စခန်းရှေ့ဆီသို့ လေးနိုင်ခုန်ထွက်သွားသည်။ ကင်းသမား၏သတိပေးသံကြောင့် အခြားသောစစ်သည်များလည်း လေးနိုင်ဆီသို့ပြေးလာကြသည်။ လေးနိုင်က မြေကြီးပေါ်တွင်ခြေစုံရပ်ကာ စခန်းရှေ့က မအေးသီလာအော်သောကုန်းကမူဆီသို့ ကြည့်နေသည်။

{၆}

လူသာမာန် မကျော်သွားနိုင်သော အခြေအနေဖြစ်သည်။ လေးနိုင်က ကြောင်ခုန်သလို ပေါ့ပေါ့ပါးပါးဖြင့် ကျော်သွားခဲ့သည်။ တပ်ရင်းမှူးက လေးနိုင်တွင် တစ်စုံတစ်ခုသောပယောဂ ဝင်ပူးနေမှန်းသိသည်။

သူ၏ ဘုရားစင်မှ သောက်တော်ရေခွက်ကိုယူလာကာ လေးနိုင်မျက်နှာဆီသို့ လှမ်းပက်လိုက်ပါတော့သည်။ တောင့်တောင့်ငူငူကြီး ရပ်နေသော လေးနိုင်တစ်ယောက် ပျော့ခွေရင်း လဲကျသွားတော့သည်။

တပ်ရင်းမှူးက လေးနိုင်ကို မြေပုံတဲဆီသို့ သယ်လာခိုင်းခဲ့သည်။ လေးနိုင်တွင် ပြောစရာစကားတို့ရှိနေသည်ကို တပ်ရင်းမှူး သိနေခဲ့မိသည်။ နာရီဝက်ခန့်အကြာ လေးနိုင် သတိရလာသည်။ တပ်ရင်းမှူးက ...

"တပည့်ရေ ... မင်းဘာတွေဖြစ်ခဲ့တာလဲ၊ ဘာတွေလုပ်မိခဲ့လဲ၊ ငါ့တို့ကို ပြောပြပါ။ ဒါမှ ... မင်းအတွက်ဘာလုပ်ပေးရမယ်ဆိုတာ ငါတွေးလို့ အဖြေရှာလို့ရမယ်"

"ဟုတ်ကဲ့ ... တပ်ရင်းမှူး၊ ကျွန်တော် တဲထဲမှာလှဲနေတုန်း မအေးသီ ရောက်လာတယ်။ ပြီးတော့ ကျွန်တော့်ကိုမပြီး ခြံစည်းရိုးအပြင်ကို ခုန်ကျော်သွားတယ်ဗျ"

"မအေးသီက ကျွတ်လွတ်ပုံမရဘူးကွ။ မင်း သူ့ကို ဘာတွေလုပ်ထားလဲ။ သူ မင်းနောက်ကို ဘာလို့တကောက်ကောက်လိုက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



လေးနိုင် ငိုတော့သည်။

"ကျွန်တော် အကုန်ပြောမယ်ဗျ၊ ကျွန်တော် သူ မီးမသဂြိုဟ်ခင်ညက သူ့လက်ချောင်းလေး (လက်သူကြွယ်) ကိုဓားနဲ့ဖြတ်ယူထားခဲ့မိတယ်။ တကယ်တော့ ကျွန်တော်တို့ မင်္ဂလာလက်စွပ်ကလေးကို ယူဖို့ပါပဲ။ ဒါပေမဲ့ ချွတ်မရတဲ့အပြင် သူကပါ သူ့လက်ကိုဖြတ်ယူထားဖို့ တဖွဖွပြောနေတယ်။ ဒါကြောင့် ဖြတ်ယူထားခဲ့မိတယ်။ နောက်နေ့ တခြားသူတွေမေးတော့ သူ့လက်ကိုကြွက်ကိုက်လို့ ပတ်တီးစည်းပေးထားတယ် ဖြေလိုက်တယ်"

"ဒါဆို အခု ... မအေးသီရဲ့လက်ချောင်းကလေးရော မင်းဘယ်မှာထားလဲ"

"လက်စွပ်ကတော့ လက်ကိုဖြတ်ပြီးတော့ ချွတ်လို့ရသွားတယ်။ ကျွန်တော့်အကျီ အိတ်ထဲမှာပါ။ လက်ချောင်းကလေးကိုတော့ ..."

လေးနိုင်က ပြောရင်း ရှိုက်ငိုနေတော့သည်။ သူ့မျက်လုံးများက ကြေကွဲရိပ်များအပြည့်။

"ငါသိပြီတပည့်ရေ၊ မင်းက မအေးသီလက်ချောင်းကို အရိုးတောင်မှာ မြှုပ်ခဲ့ပြီထင်တယ်"

"ဟုတ်ပါတယ် ... ကျွန်တော် အိမ်သာတက်ချင်ယောင်ဆောင်ပြီးတော့ အရိုးတောင်မှာ မြှုပ်ခဲ့တာပါ"

[၇]

လေးနိုင်က ပြောရင်း သူ့အိတ်ထဲမှ လက်စွပ်ကလေး ထုတ်ပြသည်။ ရွှေမောင်းကွင်းလက်စွပ်ကလေးပင်။ တပ်ရင်းမှူးက မအေးသီ၏လက်ချောင်း မြှုပ်ထားခဲ့သောနေရာကို မှတ်မိလားဟု ထပ်မေးသည်၊ လေးနိုင်က မှတ်မိပါသည်ဟု ဖြေပါသည်။





လေးနိုင်ကို ဘုရားသောက်တော်ရေကိုစွန့်ကာ တစ်ငုံတိုက်ရင်း ကင်းသမားချထားကာ အိပ်ခိုင်းလိုက်သည်။ မနက်လင်းသော် ဗကဝနဦးစီးသော တပ်စိတ်တစ်စိတ်ကိုထုတ်နှုတ်ကာ မအေးသီ၏လက်ချောင်းကလေးမြှုပ်ထားသောနေရာသို့ သွားရောက်စေခဲ့ပါသည်။

အရိုးတောင်က ချောက်ချားတိတ်ဆိတ်သောနေရာတစ်ခုပါ။ လေးနိုင်က မအေးသီ၏ လက်ချောင်းကလေးကို ကျောက်တုံးတစ်တုံး၏အခြေတွင် မြှုပ်ထားသည်။ ထိုလက်ကိုဖော်ကာ လေးနိုင်က သိမ်းဆည်းလိုက်သည်။

ကိစ္စဝိစ္စပြီး၍ သူတို့စခန်းပြန်ခဲ့ပါသည်။ စခန်းသို့ အပြန်လမ်းတွင် လေးနိုင်တစ်ယောက် တိတ်ဆိတ်နေသည်။ တပ်ရင်းမှူးက မအေးသီ၏ ခန္ဓာအစိတ်အပိုင်းဖြစ်သော လက်ချောင်းကလေးကို အမိန့်စာပြန်ကာ ယွန်းစလင်းချောင်း၏ ကုန်းကမူတစ်ခုတွင် မြှုပ်ပေးလိုက်သည်။

ထို့နောက်တွင်တော့ လေးနိုင်ဆီသို့လာလာခေါ်နေကျ မအေးသီ၏ ဝိညာဉ်လည်း ရောက်မလာတော့ပါ။ ယွန်းစလင်းစခန်းသည်လည်း ငြိမ်းအေးသွားပြီဖြစ်ပါသည်။ နောက်တစ်လ၏ လစာပေးအဖွဲ့တက်လာသောအခါ လေးနိုင်ကို နောက်တန်းဌာနချုပ်သို့ တပ်ရင်းမှူးက ပြန်ပို့ခဲ့သည်။ အခြေအနေများက အေးချမ်းသွားပါပြီ။

သို့သော် တစ်လခန့်အကြာတွင် လေးနိုင်၏ စိတ်မကောင်းဖွယ်ရာ သတင်းတစ်ခုက ယွန်းစလင်းစခန်းကလေးဆီသို့ ရောက်လာသည်။ လေးနိုင်တစ်ယောက် သူ၏လိုင်းခန်းတွင် ဆွဲကြိုးချကာ သေဆုံးသွားခဲ့ကြောင်းဖြစ်ပါသည်။

စိတ်အခြေအနေမှုမမှန်ကာ ထိုသို့လုပ်သွားသည်ဟုသာ အကြမ်းဖျဉ်း ကြားရသည်။ ထူးဆန်းသည်တစ်ခုက ကြိုးဆွဲချသေနေသော လေးနိုင်၏ လက်ချောင်းကလေးတစ်ချောင်းသည် ဖြတ်လျက်သား သူ၏မင်္ဂလာလက်စွပ်စွပ်ထားလျက် ကြမ်းပေါ်တွင် ကျနေသည်။ သူ့လက်တွင် ပတ်တီးစည်းထားသည်။ မအေးသီ၏ဝိညာဉ် လာခေါ်သွားလေပြီလားမသိ။

လေးနိုင်သေသောညက ယွန်းစလင်းစခန်း၏ ရှေ့ကာကင်းသမားသည် လေးနိုင်နှင့်မအေးသီကို လက်ချင်းတွဲလျက် ရုတ်တရက်မြင်ရသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့သည်။ တပ်ရင်းမှူးကတော့ လေးနိုင်တစ်ယောက် မလုပ်သင့်သည့်ကိစ္စ (သေသူ၏ခန္ဓာအစိတ်အပိုင်းကို ဖြတ်ယူထားသည်) ကိုလုပ်၍ သေဆုံးခဲ့ဟန်ရှိသည်ဟု ယူဆခဲ့ပါသည်။

တစ်ခါတစ်ရံတွင်တော့ ယွန်းစလင်းစခန်းတွင် ယောက်ျားနှင့်မိန်းမ အရိပ်အယောင်ကို လေးနိုင်တို့၏တပ်က တွေ့ရပါသည်။ အရိုးတောင်တွင် သူတို့ နေလေပြီလားမသိ။

ထူးဆန်းသည်က လေးနိုင်သေသောနေ့က သူ၏အိမ်ခန်းထဲတွင် လက်ချောင်းအရိုးတစ်ခုလည်း တွေ့ရသည်။ မအေးသီ၏လက်ချောင်းကို လေးနိုင်ပြန်ဖော်ကာ ယူခဲ့လေပြီလားမသိပါ။ ဘာပဲပြောပြော အရိုးတောင်တွင် သူတို့ ဆုံခဲ့ကြပါပြီ။

ဤအဖြစ်အပျက်သည် အချစ်ကြီးကြသူများ၏ ရင်နာစရာအဖြစ် တစ်ခုလည်းဖြစ်ပါသည်။ လူတစ်ယောက်ကို ဘယ်လောက်အထိ သင်ချစ်ဖူးပါသလဲ။ သူသေသွားရင်ရော ဘယ်အတိုင်းအတာထိ သူ့ရဲ့အမှတ်တရပစ္စည်းတွေ သိမ်းထားဖူးပါသလဲ။

တစ်ခါတစ်ရံ လူ့ဘဝမှာ တကယ်ဖြစ်ခဲ့တဲ့အဖြစ်တွေက အင်မတန်ဆန်းကြယ်လှပါတယ်။ ကျွန်တော့်အနေနဲ့ အထက်ပါမေးခွန်းတွေကို ဖြေရရင်တော့ အထက်ပါထူးဆန်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။

အရိုးတောင်တွင် သူတို့နေကြသည်။ ယခုရော သူတို့နေနေတုန်းလားမသိနိုင်ပါ။ ဘဝတစ်ကွေ့တွင် ဆုံခဲ့ဖူးသော အချစ်ကြီးသူများဖြစ်သော မအေးသီနဲ့လေးနိုင် ကောင်းရာသုဂတိလားကြပါစေ။

**ကပ္ပတိန်ဝန**

(ယွန်းစလင်းစခန်းတွင် ကြုံတွေ့ခဲ့ရသော ကိုယ်တွေ့အဖြစ်ကိုရေးပါသည်။)



## အခန်း အမှတ်(၈)

**နိဒါန်း**

ရိပ်သာတစ်ခုရှိသည်။

ရိပ်သာ၏ နောက်ဘက်မှာ တောင်ကုန်းတစ်ခုရှိသည်။

ရိပ်သာ၏ ညာဘက်ဘေးတွင်လည်း တောင်ကုန်းတစ်ခုရှိသည်။

ရိပ်သာ၏ ဘယ်ဘက်ဘေးတွင် အနည်းငယ်ပြန့်ပြူးသော မြေပြန့်လွင်ပြင်လေးရှိသည်။

ရိပ်သာ၏ ရှေ့ဘယ်ဘက်ခြမ်းတွင် တောင်ကုန်းမို့မို့လေးများရှိပြီး ရှေ့ညာဘက်ခြမ်းတွင် ချုံအနည်းငယ်ထူသော တောအုပ်အုပ်လေးရှိသည်။

ရိပ်သာ၏ ရှေ့တိုက် (၁၀၀) ခန့်အကွာတွင် အရှေ့မှအနောက်သို့ စီးဆင်းနေသည့် စမ်းချောင်းလေးရှိသည်။ ရေအနက် (၄) ပေခန့်ရှိမည်။ အကျယ်က (၁၀) ပေခန့်ရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာတစ်ခုလုံးကို မြင်နိုင်သည့် နေရာသည် ရိပ်သာ၏ ရှေ့ပေ (၂၀) ခန့် ကွာဝေးသည့်နေရာမှ ဖြစ်သည်။

ညနေ မှောင်ရီပျိုးစ အချိန်ဆိုလျှင် ရိပ်သာတစ်ခုလုံးကို ကြည့်ရသည်က အတော်ကို ချောက်ချားစရာကောင်းသည်။ တောင်ကုန်းနှစ်ခုကြားမှာ ထောင့်ချိုးတည်ရှိနေသည့် ရိပ်သာဖြစ်ပြီး လူနေအိမ်တွေနှင့်လည်း (၁)မိုင်ခန့် ကွာဝေးသည့်အတွက် လူသူကင်းမဲ့သည့်အချိန်များတွင် အထီးကျန်နေရာတစ်ခုသဖွယ် ဖြစ်တည်နေသည့် ရိပ်သာဖြစ်သည်။

အဲဒီရိပ်သာသည် အခန်း (၈) ခန်း နှင့် ဖွဲ့စည်းထားသည်။ ရိပ်သာအဝင်လမ်းမှ စတင်တွေ့ရသည့် အခန်းသည် အခန်းအမှတ် (၁) ဖြစ်ပြီး တောင်ကုန်းနှစ်ခုအကြားထောင့်ချိုးသဏ္ဍာန်နေရာတွင် ရှိနေသည်က အခန်းအမှတ်(၈) ဖြစ်သည်။

အခန်းအမှတ်(၈) ၏ ဖြစ်စဉ်ဖြစ်ရပ်များက စိတ်ဝင်စားဖို့ကောင်းသည်။ ပဟေဠိဆန်သည်။ အဖြေထုတ်ရန် ခဲယဉ်းသည်။ တိတိကျကျ မှတ်ချက်ပြုရန်လည်း မလွယ်ကူခဲ့။

တပ်ရင်းဌာနချုပ်တွင် ရှိကြသည့် အရာရှိ၊ စစ်သည်အများစုသည်လည်း အခန်းအမှတ်(၈)နှင့် ပတ်သက်လာလျှင် မှတ်ချက်ပြုဖို့ စိုးရွံ့ကြသူတွေဖြစ်သည်။ တစ်ဆင့်စကား တစ်ဆင့်နားနှင့် အခန်းအမှတ်(၈) ၏ဖြစ်စဉ်ဖြစ်ရပ်များက ယခုထက်ထိတိုင် အဖြေမတွေ့သေးသည့် ပုစ္ဆာတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။



## ဖြစ်စဉ်-၁

၂၀၁၀ ခုနှစ်တွင် ရိပ်သာကို ဆောက်လုပ်ပြီးစီးခဲ့သည်။ ဆောက်လုပ်ခဲ့ကြသည့် အလုပ်သမားတွေလည်း အဲဒီရိပ်သာမှာပင် တည်းခိုနေထိုင်နေကြဆဲ ကာလဖြစ်သည်။ စတင်ဆောက်လုပ်စဉ်တည်းက ပြီးဆုံးသည်အထိ ဆောက်လုပ်ခဲ့ကြသူတွေလည်း ဖြစ်သည်။ ဆောက်လုပ်စဉ် ကာလတစ်လျှောက်လုံး ထူးထူးဆန်းဆန်း ဖြစ်ပျက်ခဲ့ခြင်းမရှိ၍ သူတို့အားလုံးသည်လည်း အေးအေးဆေးဆေးသာသာယာယာနှင့် ဖြတ်ကျော်ခဲ့ကြသည်။

ထူးထူးဆန်းဆန်း ဖြစ်ခဲ့သည်က။

အလုပ်ပြီးစီးပြီဖြစ်၍ သူတို့တစ်တွေ သောက်ပွဲစားပွဲ ကျင်းပခဲ့ကြသည်။ ည (၁၀)နာရီခန့်ရောက်သည့်အခါ လူစုခွဲကြသည်။ ဆောက်လုပ်ပြီးစီးသည့် အခန်းတွေမှာပင် ဖြစ်သလို အိပ်ကြသည်။

အခန်း (၈)မှာ အိပ်ကြမည့်သူက ယောက်ျားလေး သုံးဦးဖြစ်သည်။ သူတို့သုံးဦးက အခန်းမှာနေရာယူပြီးသည့်တိုင် မအိပ်နိုင်သေး။ လက်ကျန်ပုလင်းထောင်ပြီး ဆက်ဆွဲကြသည်။ အမြည်းက အမဲသားကြော်တွေ ဖြစ်သည်။ ည (၁၂)နာရီခန့်အထိ သူတို့သုံးယောက် သောက်လိုက်၊ စကားပြောလိုက်နှင့် ရှိနေခဲ့ကြသည်။ ပြီးသည့်အခါ သူတို့ အိပ်ရာဝင်ခဲ့ကြသည်။

တစ်နာရီခန့် ရှိသည့်အခါ သူတို့ အခန်းအလည်တည့်တည့်ရှိ ပန်ကာကြီးက သူ့အလိုလို လည်နေခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် သူတို့သုံးယောက်စလုံး လန့်နိုးသွားကြသည်။ ပိတ်ထားသည့် ပြတင်းပေါက် (၄) ခုစလုံး ပွင့်ထွက်သွားသည်။ သူတို့ခေါင်းရင်းဘက်ရှိ တောင်ကုန်းဘက်မှ ပြေးလွှားနေသည့်အသံတွေ ကြားရသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း သူတို့တစ်တွေ စကားပြောဖို့ ဆွံ့အနေခဲ့သည်။ ပန်ကာကို ပြန်ပိတ်ရင်း ပြတင်းတံခါးတွေ ပြန်ပိတ်ရင်း သူတို့တစ်တွေ အိပ်ဖို့ ကြိုးစားကြသည်။

နာရီဝက်ခန့် ကြာသည့်အခါ သူတို့သုံးယောက်လုံးကို ခုတင်ပေါ်မှ တွန်းချသည်။ ခုတင် နှစ်လုံးသာရှိ၍ အခန်းဝင်ပေါက်နှင့်ကပ်လျက် ခုတင်မှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အိပ်သည်။ အခြားတစ်ဖက်ရှိ ခုတင်မှာ တစ်ယောက်တည်း အိပ်သည်။ သုံးယောက်စလုံး ခုတင်အောက်ကို ပြုတ်ကျသည်။

ထိုအခိုက်ပန်ကာပြန်လည်လာသည်။ ပြတင်းပေါက်တံခါး(၄)ခုစလုံး ပြန်၍ ပွင့်ထွက်သွားသည်။ ခေါင်းရင်းဘက်ရှိ တောင်ကုန်းထက်မှ စူးစူးဝါးဝါး အော်သံကြီးတွေကို သူတို့ ကြားရသည်။

ထိုသည်ခဏ သူတို့သုံးယောက်စလုံး အခန်းမှ ထွက်ပြေး၍ အခြား အခန်းရှိသူတွေကို နှိုးကြသည်။ သူတို့ဖြစ်ခဲ့သည့်ဖြစ်စဉ်ကို ပြောပြကြသည်။ အတော်များများက တအံ့တသြ။ ယုံကြည်သလိုလို မယုံကြည်သလိုလိုနှင့်။

အခြားအခန်းမှာ နေကြသူတွေ အခန်းအမှတ်(၈) ကိုရောက်လာကြသည့်အခါ လည်နေသည့်ပန်ကာက ပိတ်သွားခဲ့ပြီ။ ပြတင်းတံခါး (၄) ခုစလုံးလည်း ပိတ်သွားခဲ့ပြီ။ ခေါင်းရင်းဘက် တောင်ကုန်းပေါ်က စူးစူးဝါးဝါးအော်သံတွေလည်း မကြားရတော့။ အခြားသူတွေလည်း အခန်း အမှတ် (၈) မှာပင် ဝိုင်းဖွဲ့၍ စကားပြောဖြစ်ကြသည်။

ထိုအခိုက်မှာပင် အခန်းအလယ်ရှိ ပန်ကာက ပြန်လည်သွားသည်။ ပြတင်းတံခါး (၄) ခုစလုံး ပြန်ပွင့်သွားသည်။ ခေါင်းရင်းဘက်ရှိ တောင်ကုန်းပေါ်မှ စူးစူးဝါးဝါးအော်သံတွေကို ကြားလိုက်ရသည်။ သူတို့အားလုံး အခန်း အမှတ် (၈) မှ ထွက်ပြေးကြသည်။ ထွက်ပြေးကြသူတွေထဲမှာ ရိပ်သာမှာနေသည့် စစ်သည်အချို့လည်း ပါသည်။

အဲဒီတစ်ညလုံး အခန်းအမှတ် (၈) မှာ ဘယ်သူမှ မအိပ်ရဲကြတော့။ အခန်းအလွတ်အတိုင်း ထားခဲ့လိုက်သည်။

နံနက်မိုးလင်းသည့်အခါရိပ်သာတာဝန်ခံမှတစ်ဆင့် တပ်ရေးဗိုလ်ကြီးထံ သတင်းပို့သည်။ တပ်ရေးဗိုလ်ကြီးက ဆက်လက်သတင်းပို့သည့်အခါ တပ်မှူးကိုယ်တိုင် ရိပ်သာကို လာရောက်ကြည့်ရှုသည်။ ညနေဘက်ရောက်သည့်အခါ သံဃာတော်များပင့်ဖိတ်၍ အခန်းအမှတ်(၈) ၏ ရှေ့စင်္ကြံလမ်းတွင် အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်သည်။





လေမတိုက် မိုးမရွာဘဲ နှင့် အခန်းအမှတ် (၈) ၏ ရှေ့ဘက် ပြတင်းတံခါးရှိ မှန်တွေ ကွဲသွားခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင် ရေစက်သွန်းချ၍ သာဓု အနုမောဒနာ ခေါ်ဆိုနေချိန်လည်း ဖြစ်သည်။

၀

## ဖြစ်စဉ်-၂

၂၀၁၁ ခုနှစ် ရောက်ခဲ့ပြီ ဖြစ်သည်၊ ပြည်ပမှ ဧည့်သည်အချို့ လာရောက်တည်းခိုခဲ့ကြသည်။ ဧည့်သည်များသည့်အတွက် အခန်းအမှတ် (၈) တွင် နေရာချထားပေးသူ သုံးဦးရှိခဲ့သည်။

ပြည်ပဧည့်သည်များ ဖြစ်သည့်အတွက် ရိပ်သာ၏ တည်ရှိမှုအနေအထားကို သူတို့တစ်တွေ သဘောကျသည်။ တိတ်တိတ်ဆိတ်ဆိတ်နှင့် လူနေအိမ်တွေနှင့် ဝေးကွာခြင်းကြောင့်လည်းဖြစ်မည်ထင်ပါသည်။

သူတို့ ထုံးစံအတိုင်း ရိပ်သာရှေ့မြက်ခင်းပြင်မှာ မီးပုံပွဲ ဆင်နွှဲကြသည်။ သူတို့နှင့်အတူ ပါလာသည့် စကားပြန်မှတစ်ဆင့် အခန်းအမှတ်(၈)၏ အကြောင်းကို ရိပ်သာတာဝန်ခံက ပြောပြသည်၊ သူတို့တစ်တွေက အယုံအကြည်မရှိကြ။

သူတို့မီးပုံပွဲပြီးသည့်အခါ ည(၁၂)နာရီ ကျော်ခဲ့ပြီ။ အခန်းအမှတ်(၈) မှာ တည်းကြသည့် သုံးဦးစလုံး အရက်ပုလင်းယူပြီး အခန်းထဲကို သွားခဲ့ကြသည်။ အမြည်းအဖြစ်ယူသွားခဲ့သည်က သူတို့ကိုယ်တိုင် ကင်ထားသည့် အမဲသားကင်တွေဖြစ်သည်။ သောက်ပြီးစားပြီး သူတို့သုံးဦးစလုံး အိပ်ရာဝင်ခဲ့ကြသည်။

တစ်နာရီခန့်ကြာသည့်အခါ ရေချိုးခန်းအတွင်းရှိ ရေပန်းမှ ရေများ ပန်းထွက်လာသည်။ ဘိုထိုင်အိမ်သာရှိ ရေကမှတ်အတွင်းမှ ရေများ သူ့အလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲချသွားသည်။ အခန်းအလယ်တည့်တည့်ရှိ မီးချောင်းနှစ်ချောင်း သူ့အလိုလို ပိတ်သွားကြသည်။

ထိုအချိန်မှာပင် သူတို့သုံးယောက်စလုံး လန့်နိုးသွားကြပြီး တွေ့မြင်ကြားသိခဲ့ရသည်။ ရေပန်းကို ပြန်ပိတ်သည်။ မီးခလုတ်ကို ပြန်ဖွင့်သည်။ ဘိုထိုင်အိမ်သာ ရေကမှုတ်ကို အဖုံးဖွင့်ကြည့်ကြသည်။ ကမုတ်ထဲမှာ ရေအပြည့် တွေ့ရသည်။ သူတို့သုံးယောက်စလုံး ပြန်အိပ်ဖို့ ကြိုးစားကြသည်။

နာရီဝက်ခန့်ကြာသည့်အခါ လေအေးပေးစက် သူ့အလိုလို ရပ်သွားသည်။ ပြတင်းတံခါးလေးခုစလုံး ပွင့်ထွက်သွားကြသည်။ သူတို့သုံးယောက်စလုံးကို ခုတင်ပေါ်မှ ဆွဲချသည်။

စိမ်းရွှေရွှေ အနံ့ရသည်။ သူတို့ အခန်း အမှတ်(၈)၏ ခေါင်မိုးတည့်တည့်ကို ခဲနင့်ထုသံတွေ ကြားရသည်။ သူတို့သုံးယောက်စလုံး အခန်းထဲမှ ပြေးထွက်၍ အခြားအခန်းဖော်တွေကို နှိုးကြသည်။ သူတို့အခန်းကို ရောက်လာခဲ့ကြသည်။

ပိတ်ထားသည့် လေအေးပေးစက်က ပြန်ပွင့်၍ ပွင့်သွားသည့် ပြတင်းတံခါးတွေလည်း ပြန်ပိတ်သွားကြပြီ။ ခေါင်မိုးအပေါ် ခဲနင့်ထုသံတွေလည်း မကြားရ။ အခြား ခန်းဖော်တွေ စကားပြော၍ ကောင်းဆဲရှိသေးသည်။

ထိုအချိန်မှာပဲ မီးခလုတ် သူ့အလိုလို ပိတ်သွားသည်။ ပြတင်းတံခါးတွေ သူ့အလိုလို ပြန်ပွင့်သွားသည်။ ခေါင်းရင်းဘက်ရှိ တောင်ကုန်းထက်မှ ဖူးရူးဝါးဝါးအော်သံတွေ ကြားရသည်။ အခန်းမှာ ရှိကြသူတွေအားလုံး ထွက်ပြေးကြသည်။ အခန်းအမှတ် (၈) မှာ မည်သူမျှ မရှိတော့။

မယုံကြည်သည့် ပြည်ပဧည့်သည်တွေလည်း ယုံရမလိုလို ...၊ မယုံရမလိုလိုနှင့်။

နောက်တစ်နေ့ နံနက်ရောက်သည့်အခါ ရိပ်သာတာဝန်ခံက တပ်ရေးဗိုလ်ကြီးကို သတင်းပို့သည်။ တပ်ရေးဗိုလ်ကြီးက ဆက်လက်၍ သတင်းပို့သည့်အခါ တပ်မှူးကိုယ်တိုင် လာရောက်ကြည့်ရှုသည်။ ပြည်ပဧည့်သည်များကို တောင်းပန်စကားဆိုသည်။





ညနေဘက်ရောက်သည့်အခါ သံဃာတော်များကို ပင့်ဖိတ်၍ ရိပ်သာ ရှေ့ရှိ မြက်ခင်းပြင်တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သည်။

လေမတိုက် မိုးမရွာဘဲနှင့် အခန်းအမှတ်(၈) ၏ ခေါင်းရင်းဘက်ရှိ ပြတင်းတံခါးမှန်များ ကွဲသွားခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင် ရေစက်သွန်းချ၍ သာဓုအနုမောဒနာ ခေါ်ဆိုနေချိန်လည်း ဖြစ်သည်။

## ဖြစ်စဉ်-၃

၂၀၁၂ ခုနှစ် ရောက်ခဲ့ပြန်ပြီ ဖြစ်သည်။ တိုင်းစစ်ဌာနချုပ်မှ အရာရှိတချို့ အလုပ်တာဝန်ဖြင့် လာရောက်သည့်အတွက် ရိပ်သာ၌ နေရာချထားပေးသည်။ လုပ်ငန်းတာဝန်များပြား၍ ညစာကို တပ်ရင်းရုံးမှာပင် ဧည့်ခံကျွေးမွေးရသည်။

သူတို့တစ်တွေ ရိပ်သာကို ပြန်ရောက်သည့်အချိန်က ည (၁၂)နာရီကျော်ခဲ့ပြီ။ အခန်းအမှတ်(၈)တွင် တည်းခိုမည့်သူက ဗိုလ်ကြီးသုံးဦးဖြစ်သည်။ စကားပြောကြရင်းနှင့် နံနက် တစ်နာရီကျော်မှ သူတို့တစ်တွေ အိပ်ရာဝင်ခဲ့ကြသည်။

တစ်နာရီခန့်ကြာသည့်အခါ လေအေးစက်အထဲမှ အဖြူရောင်အဖတ်တွေ ကျလာသည်။ ခြင်ထောင်,ထောင်ပြီး မအိပ်သဖြင့် သူတို့ခန္ဓာကိုယ်ပေါ်ကို ကျသည်။ လေအေးပေးစက်ရှိရာ ခုတင်မှာ ဗိုလ်ကြီးနှစ်ယောက်အိပ်သည်။ အခန်းတံခါးရှိရာ ခုတင်မှာ ဗိုလ်ကြီးတစ်ယောက်အိပ်သည်။ သုံးဦးစလုံး ပြန်နိုးသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက်ဆိုသလိုပင် မီးခလုတ်ပိတ်သွားသည်။ အခန်းရှေ့စင်္ကြံလမ်းမှ လမ်းလျှောက်သည့်ခြေသံတွေ ကြားရသည်။ ရေချိုးခန်းမှ လက်ဆေးသည့်ရေစင်မှ ရေပိုက်ခေါင်း သူ့အလိုလို ပွင့်သွားသည်။ ခေါင်းရင်းဘက်ပြတင်းပေါက် တံခါး(၂)ချပ် သူ့အလိုလို ပွင့်ထွက်သွားသည်။

ခေါင်းရင်းဘက်ရှိ တောင်ကုန်းပေါ်မှ ရူးရူးဝါးဝါးအော်သံတွေ ကြားရသည်။ သူတို့သုံးဦးစလုံး မြင်တွေ့ကြားသိလိုက်ကြသည်။

မီးခလုတ်ကို ပြန်ဖွင့်သည်။ လက်ဆေးသည့်ရေစင်မှ ရေပိုက်ခေါင်းကို ပြန်ပိတ်သည်။ လေအေးပေးစက်မှ ကျလာသည့် အဖြူရောင်အဖတ်တွေကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။ ပြတင်းတံခါးတွေကို ပြန်ပိတ်လိုက်သည်။ ရူးရူးဝါးဝါးအော်သံတွေ မကြားရတော့။

စကားပြောကြရင်းနှင့် သူတို့သုံးဦး အိပ်ပျော်ကြီးစားကြသည်။ နာရီဝက်ခန့်ကြာသည့်အခါ မီးခလုတ် ပြန်ပိတ်သွားသည်။ အခန်း၏ အမိုးပေါ်ကို ခဲနှင့်ထုသံ ကြားရသည်။ ရေချိုးခန်းအတွင်းရှိ ရေပန်း သူ့အလိုလို ပွင့်သွားသည်။ ဘိုထိုင်အိမ်သာ ကမုတ်အတွင်းရှိ ရေများ သူ့အလိုလို ကျသွားသည်။ သူတို့သုံးဦးစလုံး ယခင်လူတွေလို ထွက်မပြေးကြ။ ဖြစ်သွားသည်များကို အစီအစဉ်တကျ ပြန်လည်လုပ်ဆောင်သည်။

သူတို့တွင်ပါလာသည့် ခရီးဆောင်ကွန်ပျူတာတစ်လုံးကိုဖွင့်၍ပရိတ်ကြီး (၁၁) သုတ်နှင့် ပဋ္ဌာန်းတရားတော်ကို နာယူပူဇော်ခဲ့ကြသည်။ ထူးထွေဆန်းပြားသည့် ဖြစ်ရပ်တွေကို မကြုံရတော့။ နံနက်မိုးလင်းသည်အထိ သူတို့သုံးဦး အိပ်စက်နိုင်ခဲ့ကြသည်။

နံနက်မိုးလင်းသည့်အခါ ရိပ်သာတာဝန်ခံ ဆရာကြီးကို သူတို့သုံးဦးကြုံခဲ့ရသည်များကို ပြောပြသည်။ ရိပ်သာတာဝန်ခံ ဆရာကြီးလည်း တအံ့တသြ ဖြစ်ရသည်။

သူကြုံခဲ့ရသည်က ယခုလို နံနက်မိုးလင်းသည်အထိ အိပ်စက်၍ ရခဲ့သည့် ဖြစ်စဉ်တွေမဟုတ်ခဲ့။ အခန်းမှာ မနေရဲသဖြင့် ထွက်ပြေးခဲ့ရသည့် ဖြစ်စဉ်တွေဖြစ်သည်။





တပ်ရေးဗိုလ်ကြီးကို သတင်းပို့သည်။ တပ်ရေးဗိုလ်ကြီးနှင့်အတူ တပ်မှူးပါ ရောက်လာခဲ့ပြီး ဗိုလ်ကြီးသုံးဦးကို တောင်းပန်စကားဆိုသည်။ ယခင်ကဖြစ်ခဲ့သည့် ဖြစ်ရပ်တွေကိုပါ တပ်မှူးက ဗိုလ်ကြီးတွေကို ရှင်းပြသည်။ ကြားရသူအများစု တအံ့တသြနှင့်။ ရင်ခုန်စိတ်လှုပ်ရှားခဲ့ကြသည်။

နောက်တစ်ရက် နံနက်ပိုင်းတွင် သံဃာတော်များကို ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သည်။

မိုးမရွာ လေမတိုက်ပါဘဲနှင့် အခန်းအမှတ် (၈)၏ တံခါးမကြီး အပေါ်ဘက်မှန် ကျကွဲခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင် သာမုအနုမောဒနာ ခေါ်ဆိုနေချိန်ဖြစ်သည်။

## နိဂုံး – ၁

၂၀၁၃ ခုနှစ်မှသည် ၂၀၁၇ ခုနှစ် အထိ အခန်းအမှတ်(၈) တွင် မည်သည့်ဧည့်သည်ကိုမှ နေရာချထားပေးခြင်း မပြုတော့။ သော့ခတ်ထား၍သာ ထားခဲ့လိုက်သည်။

အခန်းအမှတ်(၇)တွင် တည်းခိုခဲ့ကြသူတွေက မှတ်ချက်ပြုကြသည်။ အခန်းအမှတ် (၈) ၏ ရှေ့စင်္ကြံလမ်းတွင် ညဘက် သန်းခေါင်ရောက်သည့်အခါ လမ်းလျှောက်သံကြားရသည်။ အခန်းတွင်းမှ စကားပြောသံလိုလို ကြားရသည်။ ရေချိုးခန်းအတွင်းမှ ရေကျသံကြားရသည်။ ပန်ကာလည်သံ ကြားရသည်။ လေအေးပေးစက်လည်နေသည့် အသံကြားရသည်။ ပြတင်းတံခါးပေါက်ပွင့်၍ တံခါးရွက်လှုပ်သည့်အသံ ကြားရသည်။ စသည်ဖြင့် ...။

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး - ၂

တပ်ရင်းဌာနချုပ်၏ ဘေးပတ်ဝန်းကျင်တွင် ရှိကြသည့် ကျေးရွာများရှိ သက်ကြီးဝါကြီးပုဂ္ဂိုလ်များကို မေးမြန်းစုံစမ်းသည့်အခါ ရိပ်သာဆောက်လုပ်ထားသည့် မြေနေရာသည် ထူးခြားမှုမရှိသည့် မြေလွတ်မြေရိုင်းနေရာတစ်ခုသာဖြစ်ကြောင်း သိရသည်။

ထိုနည်းတူ ရိပ်သာဘေးဘက်နှင့် နောက်ဘက်ရှိ တောင်ကုန်းတွေသည်လည်း ထူးခြားမှုမရှိသည့် နေရာတွေသာဖြစ်ကြောင်း သိရသည်။ ရိပ်သာမဆောက်လုပ်ခင် အန္တရာယ်ကင်းပရိတ်တရားတွေ ရွတ်ဖတ်ခဲ့သည်။ ရိပ်သာဆောက်လုပ်ပြီး ဖြစ်စဉ်တွေ ကြုံရသည့်အခါ အန္တရာယ်ကင်း ပရိတ်တရားတွေ ထပ်မံ၍ ရွတ်ဖတ်ခဲ့သည်။

ယနေ့အချိန်အထိ အခန်းအမှတ်(၈) ၏ ထူးခြားမှုများကို ကပ်လျက်အခန်းမှာ တည်းခိုခဲ့ကြသူတွေက သတိပြုမိနေကြဆဲဖြစ်သည်။ အခန်းအမှတ် (၈) သည်လည်း သော့ခတ်ထားဆဲဖြစ်သည်။

## နိဂုံး - ၃

အဲဒီတပ်ရင်းဌာနချုပ်ကို ကျွန်တော်သာ ရောက်ရှိသွားခဲ့လျှင်တော့ အခန်းအမှတ်(၈) တွင် သွားရောက်၍ တည်းခိုလိုပါသည်။ ရတောင့်ရခဲ ထူးခြားဆန်းပြားမှုများကိုလည်း သည်းထိတ်ရင်ဖိုစွာနှင့် ခံစားလို၍ ဖြစ်ပါသည်။

တွက်ဆ၍မရသည့် ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လို၍လည်း ဖြစ်ပါသည်။

မျိုးချစ်
၁၂၊ နိုဝင်ဘာ၊ ၂၀၁၈။
၀၀း၁၈ နာရီ။



# ကုသိုလ်ကံလေးနှစ်ချက်

[ ၁ ]

"ထိုင်းနိုင်ငံ ချွန်ပူလီမြို့ ပင်လယ်ကမ်းခြေမှာ အချောင်ဆိုတဲ့ ရွာလေးတစ်ရွာရဲ့ရှိတယ် ကိုဇေယျ။ အဲဒီ အချောင်ဆိုတဲ့ရွာလေးမှာ ချိဝစ်ဆိုတဲ့ တံတားလည်းရှိတယ်။ မြန်မာလိုဘာသာပြန်ရင်တော့ ချိဝစ်ဆိုတာ "ဘဝ" လို့ အဓိပ္ပာယ်ရတယ်တဲ့။ ဘဝတံတားလို့ဆိုရမှာပေါ့။ အဲဒီရွာက လူအများစုက ငါးဖမ်းစက်လှေတွေထောင်ပြီး တံငါသည်အလုပ်နဲ့ အများဆုံး အသက်မွေးဝမ်းကျောင်းပြုကြတယ်ဗျ။ စက်လှေတွေက အဲဒီချိဝစ်တံတားမှာ ကမ်းကပ်ကြတယ်။ ကျွန်တော်က အဲဒီတံတားမှာ ကမ်းကပ်တဲ့ ငါးဖမ်းစက်လှေတွေထဲက လှေတစ်စင်းမှာ အလုပ်လုပ်နေတဲ့ အချိန်ပေါ့လေ"

"သူတို့အခေါ် လပ်နိုးလို့ခေါ်တဲ့ ၂၃ . ၂၄ လှေနှစ်စီးနဲ့ ပိုက်ကို အလယ်မှာ ချိတ်ဆွဲပြီး ငါးဖမ်းကြတဲ့ ငါးဖမ်းလှေအမျိုးအစားပေါ့။ ကျွန်တော်က နေဖြူ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့တပ်ကနေ ဆေးဘုတ်နဲ့ အငြိမ်းစားယူပြီး ထွက်လာရတဲ့အချိန်၊ ကိုဇေယျ သိတဲ့အတိုင်း အဲဒီအချိန်ကပင်စင်ကလည်း အခုလို စားလောက်သောက် လောက်မဟုတ်တော့ အလုပ်တစ်ခုတော့ မဖြစ်မနေလုပ်ဖို့က လိုအပ်လာ တယ်လေ။ အမေကတော့ သူနဲ့အတူပဲ ရွာမှာ ဒိုးတူဘောင်ဖက်လုပ်ကိုင်စား သောက်ပြီး နေစေချင်ပေမယ့် ကျွန်တော့်မှာက အမေ့ရဲ့ ဘဝနေဝင်ချိန်မှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တရားဘာဝနာလေး အားထုတ်ပြီး နေသွားနိုင်စေချင်တဲ့ ဆန္ဒလေးကလည်း ရှိတာကြောင့် အလုပ်လုပ်ရတာခြင်းအတူတူ ပင်ပန်း သလောက် ပိုက်ဆံပိုရတဲ့ ဒီတိုင်းတစ်ပါးက ဒီငါးဖမ်းတဲ့အလုပ်ကို ရွေးချယ်ဖြစ် ခဲ့တယ်ဆိုပါတော့လေ"

"ဘဝပေးအခြေအနေကြောင့် တိုင်းတစ်ပါးမှာ လာပြီးလုပ်နေရတဲ့ အပြင်၊ လုပ်ရတဲ့အလုပ်ကလည်း အကုသိုလ်အလုပ်ဖြစ်နေတာမို့ ပုဒ္ဓဘာသာ ဝင် မြန်မာလူမျိုးပီပီ အဲဒီအလုပ်ကို စိတ်ထဲတော့ သိပ်မနှစ်မြို့ဘူးပေါ့ အစ်ကို ရာ။ ညဘက် ဘုရားရှိခိုးလို့ ငါးပါးသီလခံရင်တောင်မှ ပါဏာတိပါတာ ဝေရာ မဏီသိက္ခာကို ထည့်မဆိုရဲဘဲ လေးပါးသီလနဲ့သာ တင်းတိမ်ရောင့်ရဲခဲ့ရတဲ့ အခြေအနေကိုး။ မိရိုးဖလာအလုပ်ကလည်း တံငါသည်မျိုးရိုးမဟုတ်တော့ ပိုက်ဆံရလို့သာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် လုပ်နေရပေမယ့် ည‌ည ဘုရားရှိခိုးပြီးတိုင်း ဒီဘဝကနေ အမြန်လွတ်မြောက်ရပါလို၏လို့ ဆုတောင်းရတာလဲ အမောပါပဲ ... ကိုဇေယျရေ"

"ရပ်ဝေးမြေခြားမှာ မိဝေးဖဝေးနဲ့ အကုသိုလ်အလုပ်.လုပ်နေရသူမို့ အခြေအနေအရ သူများအသက်ကို မလွှဲမရှောင်သာ သတ်ခဲ့ရပေမယ့် ကျန် တဲ့လေးပါးသီလကိုတော့ လုံအောင်ကြိုးစားခဲ့ပါတယ်။ အဝေးမှာ ကျန်ခဲ့တဲ့ အမေအိုကြီးကိုလည်း နေ့စဉ် ဘုရားရှိခိုးတိုင်း သတိတရနဲ့ ရှိခိုးမေတ္တာပို့ဖြစ်ခဲ့ တယ်ဗျ။ လက်ထဲမှာ ပိုက်ဆံလေး စုမိဆောင်းမိဖြစ်လာတိုင်းလည်း အမေ့ဆီ အမြဲငွေလွှဲပို့ဖြစ်ခဲ့တယ်။ အမေတစ်ခု သားတစ်ခုဘဝဆိုတော့ ကျွန်တော် ဂရု စိုက်စရာလည်း ဒီအမေအိုကြီးတစ်ယောက်ပဲရှိတာမဟုတ်လား။ ကိုယ်တိုင်က





အကုသိုလ်အလုပ်နဲ့ ပင်ပင်ပန်းပန်း အသက်မွေးနေရပေမယ့် အမေ့ကိုတော့ ဘဝရဲ့နေဝင်ချိန်တွေမှာ ဘာမှအပူအပင် အကြောင့်အကြမရှိဘဲ အေးအေးချမ်း ချမ်း ဖြတ်သန်းစေချင်တယ်လေ"

"အဲဒီငါးဖမ်းစက်လှေကလေးပေါ်မှာ မြန်မာလူမျိုးဆိုလို့ ကျွန်တော့် အပြင် ခင်မောင်ဆိုတဲ့ ကောင်လေးတစ်ယောက်ပါ ပါသေးတယ်ဗျ။ စက်လှေ တစ်စီးလုံးပေါင်းမှ မြန်မာလူမျိုးနှစ်ယောက်ပဲရှိတာဆိုတော့ စည်းလုံးကြတာ ပေါ့ဗျာ။

ပိုပြီးစည်းလုံးစေတာက ခင်မောင်ကလည်း ကျွန်တော့်လိုပဲ အမေ တစ်ခု သားတစ်ခုဖြစ်နေတာပဲ။ ဘဝတူတွေဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်နားလည်ပြီး သံယောဇဉ် ပိုဖြစ်မိကြတာပေါ့ဗျာ။ တစ်ယောက်နဲ့ တစ်ယောက် ညီအစ်ကိုအရင်းထက်တောင် ချစ်ခဲ့ခင်ခဲ့ကြတာပေါ့။ ဒါပေမယ့် ခင်မောင် ကံဆိုးပါတယ်။ တစ်ရက် ငါးဖမ်းထွက်နေရင်းနဲ့ သူ့နဂိုအခံရှိတဲ့ ရောဂါ က ရုတ်တရက် ထဖောက်လာခဲ့တယ်။ ကမ်းကိုပြန်မကပ်နိုင်သေးတော့ စက် လှေပေါ်ပါတဲ့ ရှိစုမဲ့စုဆေးမြီးတိုနဲ့ ကုရတာပေါ့လေ။ ဒါပေမယ့် ခင်မောင့်ရောဂါ က မသက်သာပါဘူးဗျာ။ အချိန်တိုအတွင်းမှာ ဆိုးရွားလာပြီး နောက်ဆုံး သူ့ အသက်ကိုပါ အပြီးအပိုင် နုတ်ယူသွားတော့တာပါပဲ"

"ကျွန်တော်တို့ ခင်မောင့်အလောင်းကို ထုံးစံအတိုင်း မြစ်ထဲပစ်ချ သဂြိုဟ်ခဲ့ရတယ်။ သူ့အမေဆီပို့ဖို့ သူစုထားတဲ့ပိုက်ဆံတွေကိုလည်း ကျွန်တော် ပဲ သိမ်းဆည်းထားခဲ့တယ်။ ကျွန်တော်တို့ ငါးဖမ်းစက်လှေလေး ချိုင်စ်ကိုကပ်တဲ့ တစ်နေ့ မြန်မာပြည်ခဏပြန်ပြီး ခင်မောင့်အမေဆီကို မရောက်ရောက်အောင် သွားလွှဲပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့ဗျာ။ အလွဲသုံးစားလုပ်ပြီး ဘုန်းပစ် လိုက်ဖို့လည်း စိတ်ကူးမရှိခဲ့ပါဘူး။ အဲဒီစိတ်စေတနာအကျိုးအားကြောင့် ဖြစ် မယ်ထင်ပါရဲ့၊ တစ်နေ့တော့ ကျွန်တော်တို့အားလုံး မထင်မှတ်တဲ့အဖြစ်ဆိုးနဲ့ ရင်ဆိုင်တိုးခဲ့ရပေမယ့် ကျွန်တော်တစ်ယောက်တည်း ကံကောင်းထောက်မ စွာ လွတ်လာခဲ့ရတယ်ဗျ"

ကိုဝင်းမင်းဦးက ပြောရင်းနှင့် ပင့်သက်ရှည်ကြီးကို ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးစကားစကို ခဏဖြတ်ပြီး အဝေးကို ငေးနေပြန်ရှာသည်။ အဟောင်းတွေ အသစ်ဖြစ်နေရသည်မို့ စိတ်မကောင်းဖြစ်မိပေမယ့် ဇာတ်လမ်းကို စပြီးမှတော့ အဆုံးထိရောက်အောင် တွန်းရပေလိမ့်မည်ဖြစ်သဖြင့် သူ အနည်းငယ် လောဆော်မိလိုက်လေ၏။

"အင်း ... ဆက်ပါဦးဗျ၊ အဲဒီနေ့က ဘာဖြစ်သလဲ"

သူ့စကားကြောင့် ကိုဝင်းမင်းဦး သတိဝင်လာဟန်တူသည်။ အဝေးကို ငေးနေရာမှ သူ ဘက်ကို ပြန်ကြည့်ပြီး အားနာပြုံးလေး ပြုံးပြလေ၏။

"အဟဲ ... စာရေးဆရာကို လေးစားလို့ ဆုံဖို့ ခွင့်တောင်းတာပါဗျာ။ ကိုဇေယျပြောတာ နားမထောင်ရဘဲ ကျွန်တော်ပြောတာပဲ ကိုဇေယျ နားထောင်နေရတယ် ... အဟဲ"

ကိုဝင်းမင်းဦးစကားကြောင့် သူ ရယ်လိုက်မိလေ၏။

သူက သူ၏ (၅) အုပ်မြောက်စာအုပ်ဖြစ်သော "စစ်မြေပြင်တလင်းထံမှောက် သေခြင်း၏တံခါးများကိုခေါက်ခဲ့သည်" ဟူသော စစ်မြေပြင်နောက်ခံဖြစ်ရပ်ဆန်းကြယ်စာအုပ်လေး ထွက်သဖြင့် စာအုပ်မှာသူများအား လက်မှတ်ထိုးပေးရန် စာအုပ်တိုက်သို့လာရင်း အပြန်တွင် ကိုဝင်းမင်းဦးနှင့် ဆုံဖြစ်ကြခြင်းပင်ဖြစ်သည်။ လူမှုကွန်ယက်မှာ ရင်းနီးနေသည်မှာ ကြာပေမင့် အပြင်မှာတော့ ခုမှ ဆုံရခြင်းဖြစ်သဖြင့် ခင်မင်ရင်းနီးမှုကို အမြန်ဆုံးတိုးပွားစေရန်အတွက် နစ်ယောက်သား စားသောက်ဆိုင်ကို ချိတက်ဝိုင်းဖွဲ့ခဲ့ကြလေ၏။

စားသောက်ဆိုင်ရောက်တော့ သူ့အကြောင်း ကိုယ့်အကြောင်း သူ့အတွေ့အကြုံ ကိုယ့်အတွေ့အကြုံ ဖလှယ်ကြရာမှ သူ ရေးခဲ့ဖူးသော ကုသိုလ်ကံလေးတစ်ချက် ဝတ္ထုကဲ့သို့သော အဖြစ်အပျက်မျိုးကို အပြင်မှာ အမှန်တကယ် ကြုံခဲ့ရဖူးသည်ဟု ကိုဝင်းမင်းဦးကဆိုလာခဲ့သဖြင့် ပြောပြပေးရန် တောင်းဆိုခဲ့ရာမှ ယခုကဲ့သို့ စကားဦး အစချီခဲ့ကြရခြင်းပင် ဖြစ်ပါလေ၏။

"စာရေးဆရာဆိုတာက ငါတွေ့မှာ လမ်းဆုံးလို့မရဘူးဗျ ကိုဝင်းမင်းဦးရဲ့၊ အခြားသူငါရဲ့အတွေ့အကြုံတွေကိုလည်း စိတ်ကူးနဲ့ ပေါင်းစပ်ခြယ်မှုန်းတတ်ရသေးတယ်ဗျ။ လုပ်ပါ ... ပြောပြပါဗျ။ ကျွန်တော်လည်း ကုန်ကြမ်းရတာပေါ့"





သူ့စကားကြောင့် ကိုဝင်းမင်းဦးက ပြုံး၏။

"ဟုတ်ကဲ့ဗျ ... အဖြစ်အပျက်တွေကတော့ ဘဝတစ်ကွေ့မှာ တစ်သက်မမေ့စရာ အဖြစ်တွေပါပဲ ... အမှန်အတိုင်းဆိုရင်ကို အံ့ဩစရာ ဆန်းကြယ်ဖြစ်ရပ်ပါပဲ၊ ကိုဇေယျ စိတ်ကူးနဲ့သာ ပေါင်းစပ်လိုက်ရင်တော့ တကယ့်ကို ဖတ်ကောင်းသွားမှာပါ၊ ဒီလိုကိုဇေယျရဲ့ ...

ခင်မောင်ဆုံးပြီး နောက်ရက်တွေမှာ ကျွန်တော်တို့ ဖမ်းနေကျနေရာမှာ ငါးသိပ်မရတော့လို့ ကျွန်တော်တို့ ပင်လယ်အတွင်းပိုင်းထိဝင်ပြီး ငါးဖမ်းဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ အဲဒီမှာပဲ ... အခုပြောပြမယ့်အဖြစ်တွေ ကြုံလာရတော့တာပါပဲဗျာ"

ကိုဝင်းမင်းဦးကား အဝေးကိုငေးလျက်သားမှ သူ့အဖြစ်အပျက်အကြောင်းကို ဖြည်းဖြည်းချင်း ပြောပြပါလေတော့၏။

အဖြစ်အပျက်က ဆန်းကြယ်လှပြီး မယုံနိုင်စရာကောင်းလှသည့်အတွက် နားထောင်နေရင်း တစ်ခါ တစ်ခါ အသက်ရှူဖို့ မေ့နေရလေ၏။ တစ်ခါတစ်ခါကျတော့လည်း ယောင်ယမ်းပြီး အာမေဋိတ်သံများ ထွက်သွားရလေ၏။ တစ်ခါတစ်ခါကျတော့လည်း ပင့်သက်ရှည်ကြီးများကိုသာ ချမိရလေတော့၏။

ထို့ကြောင့် ဤမျှဆန်းကြယ်အံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်အား မိမိတစ်ဦးတစ်ယောက်ထဲ နားထောင်ရ သိရရုံဖြင့်ပင် အားမရဘဲ စာဖတ်ပရိသတ်တို့ပါ ဖတ်ရှုရ၊ သင်ခန်းစာယူနိုင်ကြပါရန်အတွက် တင်ပြလိုက်ရပါလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

[၂]

အမြင်အာရုံထဲ၌ သူတို့ငါးဖမ်းစက်လှေလေးဆီသို့ တိုးဝင်လာသော သင်္ဘောကြီးတစ်စင်း၏ဦးပိုင်းကို တွေ့လိုက်ရပြီးနောက် "ဝုန်း" ဆိုသည့် အသံနှင့်အတူ တစ်စုံတစ်ယောက်က ဆွဲယူလွှင့်ပစ်လိုက်သလို ခံစားလိုက်ရပြီး ကိုဝင်းမင်းဦး တစ်ယောက် စက်လှေပေါ်မှ လွင့်စင်ထွက်သွားရလေသည်။

သတိတစ်ချက်ပြန်ဝင်လာခဲ့ချိန်မှာတော့ သူ့ခန္ဓာကိုယ်တစ်ခုလုံး ရေထဲမှာ နစ်မြုပ်နေမှန်း သိလိုက်ရလေ၏။ လွင့်ကျလာသော အရှိန်နှင့်အတူ ခန္ဓာကိုယ်က ကိုင်ရိုက်ခံထားရသလို နာကျင်နေသော်လည်း အသက်ရှင်သန်ရေးအတွက် ရှိသမျှ ခွန်အားတို့ကိုသုံး၍ ရေထဲမှ အတင်းရုန်းကန်ပြီး ရေပေါ်ကို ထိုးတက်လာခဲ့ရလေ၏။

ရေပေါ်ကိုရောက်မှ သူ အသက်ကို ကမန်းကတမ်း ရှူမိရတော့သည်။ ဘေးဘီကို ထိတ်လန့်စွာ ကြည့်မိတော့လည်း ပတ်ဝန်းကျင်တစ်ခုလုံးက ပိန်းပိတ်အောင် မှောင်မဲနေလျက်ရှိသည်။ အတန်ကြာမှ အမှောင်မှာ ကျင့်သားရသွားပြီး အားစိုက်ကြည့်လိုက်မိတော့ ရေပေါ်မှာ သူ အလုပ်လုပ်ခဲ့ရာ ငါးဖမ်းစက်





လှေမှ အပျက်အစီးများသာ မျောပါလျက်ရှိသည်ကို တွေ့လိုက်ရလေတော့သည်။ ဟိုးအဝေးဆီမှာ ရွေ့လျားသွားသော သင်္ဘောကြီး၏ မီးရောင်ခပ်သဲ့သဲ့တစ်ခုကိုသာ တွေ့လိုက်ရပြီး သူတို့၏ ငါးဖမ်းစက်လှေကလေးကတော့ မထင်မှတ်ဘဲ ပျောက်ခြင်းမလှ နစ်မြုပ်ပျက်စီး ပျောက်ဆုံးသွားရလေပြီဖြစ်သည်။

ထိုအနိုက် ရေစီးနှင့်အတူ ငါးဖမ်းစက်လှေများတွင် အသက်ကယ်ဘောအဖြစ်သုံးရန် ပြုလုပ်ထားသော ရေပုံးအဝါကြီးတစ်ခု မျောလာတာတွေ့လိုက်ရသဖြင့် ကိုဝင်းမင်းဦးတစ်ယောက် ကမန်းကတမ်းဆွဲယူပြီး ဖက်ထားလိုက်ရလေသည်။

မိုးကလည်း တစိမ့်စိမ့် ရွာနေရသည့်အပြင် အပြောကျယ်လှသော ပင်လယ်ပြင်ထဲမှာ သူတစ်ယောက်တည်း ကမ်းမမြင် လမ်းမမြင် မျောနေရသည့်အဖြစ်က ကိုဝင်းမင်းဦးကို ပိုပြီး ချောက်ချားစေလျက်ရှိ၏။

မည်သို့ပင်ဆိုစေလူဆိုသည်မှာ အသက်မသေမခြင်း မျှော်လင့်ချက်တော့ ရှိနေသေးသည်သာပင် မဟုတ်လား။ သူလည်း ယခု အသက်ရှင်နေသေးသည်။ အသက်ရှင်နေသေးသမျှ သေခြင်းတရားမှလွတ်မြောက်ရန် အခွင့်အရေးရှိနေသေးသည်။ ယောက်ျားတို့ဖွဲ့ သေခါမှလျှော့ဟူသကဲ့သို့ အစွမ်းရှိသ၍တော့ ရုန်းကန်ရဦးမည်သာပင်။ ရှင်သန်ခြင်းတရားအတွက် မဆုတ်မနစ် ကြိုးစားအားထုတ်ရပေဦးမည်သာပင် မဟုတ်ပါလား။

ကျသွားသော စိတ်ဓာတ်များကို ပြန်ဆွဲတင်ပြီး ကိုဝင်းမင်းဦး ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် ကြည့်လိုက်မိသည်။ ငါးဖမ်းလှေပေါ်က သူ့လုပ်ဖော်ကိုင်ဖက် တစ်ယောက်တစ်လေများ ကျန်နေခဲ့လေဦးမလားဟူသော အတွေးနှင့်ဖြစ်၏။

"ဟေး ..."

"ဘယ်သူရှိသေးလဲဟေ့"

အပြောကျယ်လှသော ပင်လယ်ပြင်တစ်လျှောက် သူ့အသံက ခပ်သဲ့သဲ့လေးတောင် ပဲ့တင်ထပ်ပြန်မလာနိုင်ဘဲ ပျောက်ကွယ်မှုန်ဝါးသွားရလေတော့သည်။ မည်ကဲ့သို့သော တုန့်ပြန်မှုမျိုးမှ ပြန်မရနိုင်ခဲ့ရှာပေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမင်းဦး သက်ပြင်းတစ်ချက်ချလိုက်မိသည်နှင့်အတူ အတင်းကာရော ဆွဲဘင်ထားခဲ့မိသော စိတ်ဓာတ်တို့လည်း အောက်ကို တစ်ဖန်ပြန်လည် ကျဆင်းသွားခဲ့ရလေတော့သည်။ မကျဆင်းသွားဘဲ ခံနိုင်ပါရိုးတဲ့လား။ ငါးဖမ်းစက်လှေလေးကား လှေလုပ်သားအားလုံးကို သူနှင့်အတူ ရေအောက်သို့တစ်ပါတည်း ခေါ်ဆောင်သွားလေပြီဖြစ်ရာ အခြေအနေက ရေပြင်ကျယ်ကြီးတစ်လျှောက် မိမိတစ်ယောက်တည်း ကူရာကယ်ရာမဲ့ မျောနေရတော့မည်မှာ သေချာနေပြီပင် ဖြစ်တော့သည်ပဲလေ။

ထိုအခိုက်ရေလှိုင်းကြီးတစ်ချက်က ဝုန်းခနဲလာပြီး ရိုက်ခတ်လာသဖြင့် ကိုဝင်းမင်းဦး ဖက်ထားသောရေပုံးနှင့်လွတ်ပြီး ရေအောက်ကို ပြန်ရောက်သွားရလေပြန်သည်။ ကိုဝင်းမင်းဦး ရေထဲမှ အတင်းရုန်းကန်ပြီး အပေါ်ကိုပြန်တက်ရန် ကြိုးစားလိုက်သော်လည်း သူ့ခြေထောက်ကို တစ်စုံတစ်ယောက်က ဆွဲထားခြင်းကို ခံလိုက်ရလေ၏။

ကိုဝင်းမင်းဦး အောက်သို့ ကမန်းကတမ်း ငုံ့ကြည့်လိုက်မိသည်။ သူ့ခြေထောက်ကို ဆွဲထားသည်မှာ အခြားသူမဟုတ်။ သူ့လုပ်ဖော်ကိုင်ဖက် ခင်မောင်သာလျှင် ဖြစ်ပေတော့၏။

ခင်မောင်မျက်နှာက လူသေအလောင်းကဲ့သို့ ဆွတ်ဆွတ်ဖြူဖွေးလျက်ရှိလေ၏။ ထိုအခါကျမှ ကိုဝင်းမင်းဦး သတိရလိုက်မိသည်။ တကယ်တော့ ခင်မောင်သေသွားသည်မှာ အတော်ကြာခဲ့ပြီဖြစ်သည်။ သူ ဒီငါးဖမ်းစက်လှေမှာ အလုပ်စဝင်ပြီး မကြာမီ ခင်မောင်နှင့် စတင်ရင်းနှီးခဲ့ရသည်။ ငါးဖမ်းစက်လှေပေါ်မှာ ပြေးကြည့်မှ မြန်မာလူမျိုးဟူ၍ သူတို့ ၂ ဦးတည်းသာပါသဖြင့် သူတို့ အမြဲတပူးပူးတတွဲတွဲဖြင့် ရင်းနှီးခင်မင်စွာ ပေါင်းသင်းခဲ့ကြ၊ အလုပ်လုပ်ခဲ့ကြ၏။ အိပ်တော့လည်း တစ်ခန်းထဲမှာ အတူအိပ်ကြရသဖြင့် သူတို့ ၂ ဦး၏ ရင်းနှီးမှုမှာ ညီရင်းအစ်ကိုနှင့်မခြားပင်။

ခင်မောင်က မြေလတ်ဒေသရှိ မြို့ငယ်လေးတစ်မြို့ကဖြစ်ပြီး ကိုဝင်းမင်းဦးကဲ့သို့ပင် အမေတစ်ခု သားတစ်ခုဘဝသာဖြစ်၏။ နှစ်ယောက်စလုံးမှာ





မိခင်အိုကြီးများကို မပူမပင် မကြောင့်မကြထားနိုင်ရန်အတွက် ယခုလို ငွေရလွယ်သော တစ်ဘက်နိုင်ငံမှာ အလုပ်လာလုပ်နေကြခြင်းဖြစ်ရာ ဘဝတူများလည်းဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ပိုမိကြသည်မှာ အဆန်းတော့မဟုတ်ပါချေ။ တစ်နိုင်ငံထဲမှာနေသူတွေ ဇာတိမြေနှင့် များစွာဝေးကွာချိုလှမ်းသော တိုင်းတစ်ပါး၌ လာဆုံရသည်မှာ ရေစက်ကြောင့်ကလွဲ၍ အခြားဘာများဖြစ်နိုင်ပါတော့အံ့နည်း။

သို့သော် သူတို့ ၂ ဦး၏ရေစက်မှာ သိပ်တော့ ကြာရှည်မခံလှပေ။ နေပူမရှောင် မိုးရွာမရှောင် ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲလုပ်ကိုင်ရသော ဒဏ်များကြောင့် ယခုတစ်ခေါက် ပင်လယ်ပြင်မှာ ငါးဖမ်းထွက်နေစဉ်အတွင်း ခင်မောင် ရုတ်တရက်ဖျားလေ၏။

ပင်လယ်ပြင်အတွင်း ခရီးထွက်နေစဉ် ဖျားသည်မို့ ဘာဆေးဝါးမှ မည်မည်ရရ ပါမလာခဲ့။ ထို့ပြင် ခင်မောင်မှာ နဂိုကပင် ရောဂါဝေဒနာအခံက ရှိနှင့်နေပြီးဖြစ်ဟန်တူသည်။ ကိုဝင်းမော်ဦးတစ်ယောက် သူငယ်ချင်းကို အစွမ်းကုန်ပြုစုခဲ့သော်လည်း ခင်မောင်တစ်ယောက်ကတော့ဖြင့် သူချစ်သော သူငယ်ချင်းကို တစ်ယောက်တည်းချန်ထားခဲ့ပြီး မရဏာနိုင်ငံကို တိတ်တဆိတ် ခရီးထွက်သွားခဲ့ရှာတော့သည်။

သို့ဖြစ်၍ ယခုကဲ့သို့ ဒုက္ခရောက်နေချိန် ခင်မောင်ကို တွေ့လိုက်ရသော်လည်း ကိုဝင်းမင်းဦး ဝမ်းမသာနိုင်ခဲ့။ ခင်မောင် ... ခင်မောင်သည် သူနှင့်အတူ မရဏာနိုင်ငံကို အတူချီလှမ်းခရီးဆက်ဖို့ သူ့ကို အတင်းဆွဲခေါ်နေသည်ပင် မဟုတ်ပါလေလား။

"ခင်မောင် ... ခင်မောင် ငါ့ကိုလွှတ်၊ လွှတ်စမ်း ... ဟေ့ကောင် ... လွှတ် ... လွှတ်"

စိတ်ထဲက ဗလုံးဗထွေးပြောလိုက်ခြင်းဖြစ်၍ စကားသံတွေက အပြင်ကို ထွက်မလာနိုင်ခဲ့။ ခင်မောင်ကတော့ ကိုဝင်းမော်ဦး၏ ခြေထောက်အစုံကို အေးစက်သောလက်များနှင့် မြဲမြံအောင်ဆွဲထားလျက်ပင် ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့်ကိုဝင်းမင်းဦးတစ်ယောက်ရေထဲမှာအသက်ရှူကျပ်လာပြီး အားအင်တွေလည်း တဖြည်းဖြည်း ယုတ်လျော့လာခဲ့သလို ခံစားလာရလေသည်။ မျက်စိတွေကလည်းပြာဝေလာသကဲ့သို့အသိစိတ်အချို့ကလည်း တစ်ဖြည်းဖြည်း အားနည်းမှုန်ဝါးလာခဲ့ရပြီး သတိက တစ်ချက်တစ်ချက် လွတ်ထွက်ချင်လာရသည်။

ကိုဝင်းမင်းဦး နောက်ဆုံးအနေဖြင့် လက်ကျန်ခွန်အားအချို့ကိုသုံးပြီး ဆောင့်ရုန်းကန်ပစ်လိုက်၏။ မရ ... ဘယ်လိုမှ မရ။ ခင်မောင်၏လက်တွေက ပြုတ်တူ နစ်ချောင်းနှင့် ညှပ်ထားသလို မြဲမြံခိုင်မာလွန်းလှသည်။

နောက်ဆုံး အချိန်ကြာလာသည်နှင့်အမျှ ကိုဝင်းမင်းဦးတစ်ယောက် ခန္ဓာကိုယ်တစ်ခုလုံး ရှိသမျှအားတွေအကုန် ကုန်သွားလေပြီဖြစ်သည်။ ထို့ကြောင့် အားလျှော့ချလိုက်သည်နှင့် လူက ပျော့ခွေပြီး ခင်မောင်ဆွဲခေါ်ရာရေအောက်ကို တဖြည်းဖြည်း မျောပါသွားခဲ့ရလေပြီဖြစ်၏။

တကယ်တော့ ခင်မောင်ဆွဲခေါ်နေတာ ရေအောက်ကိုမဟုတ်။ ပြန်လမ်းကင်းမဲ့သော သေမင်းနိုင်ငံဆီသို့သာပင် ဖြစ်လေတော့၏။

မိုတွယ်ရာ ဘဝအသိုက်အမြုံမှ စွန့်ခွာရတော့မည်ကို တိတိပပ သိလိုက်ရချိန် အိမ်မှာကျန်နေခဲ့သော မိခင်အိုကြီး၏မျက်နှာက ကိုဝင်းမင်းဦး၏ မပီမိုးတဝါး အမြင်အာရုံမှာ ကွက်ခနဲ ကွက်ခနဲ ပျောက်လိုက်ပေါ်လိုက်နှင့်ပင်။

ချောက်ချားတုန်လှုပ်သော အသိတစ်ချက်နှင့် ကိုဝင်းမင်းဦးတစ်ယောက် ငရဲပျက်မတတ် အော်ဟစ်လိုက်မိလေတော့၏။

"အား ..."

[၃]

"အား ..."

ကိုဝင်းမင်းဦးတစ်ယောက် အလန့်တကြားအော်မိရင်းက အိပ်ရာပေါ်မှ "ဝုန်း ..." ခနဲ ထထိုင်မိလိုက်လေသည်။ အိပ်ရာမှ နိုးလာသည့်တိုင်အောင် ကြောက်စိတ်က မပြေနိုင်သေး။ ဇောချွေးတွေက ဆံပင်ကြားမှနေ၍ လည်ပင်းနားထိတိုင် စိမ့်ထွက်ယိုစီးနေကြပြီး ခန္ဓာကိုယ်တစ်ခုလုံးက တဆတ်ဆတ် တုန်ယင်နေလျက် ရှိလေ၏။

"ဘုရား ... ဘုရား သိပ်ကြောက်စရာကောင်းတဲ့ အိပ်မက်ပါလား"

အိပ်ရာပေါ်မှာ အတန်ကြာအောင် ထိုင်နေမိရင်းက ဖားဖိုထိုးသကဲ့သို့ တုန်ယင်လှုပ်ရှားနေသော ရင်အစုံကို တည်ငြိမ်အောင်ကြိုးစားနေမိသည်။ တုန်လှုပ်ချောက်ချားနေရသော စိတ်တွေက မိနစ်ပိုင်းမျှ ကြာသည့်တိုင်အောင် အနည်မထိုင်နိုင်ရှာသေးဘဲ ဖြစ်နေရရှာ၏။

အခန်းထဲကို ဝေ့ဝဲကြည့်လိုက်တော့လည်း ဝန်းကျင်တစ်ခုလုံးက မှောင်အတိကျနေလျက်ရှိသည်။ အပြင်မှာလည်း မိုးသံလေသံတွေက တဝေါ ဝေါ တဒုန်းဒုန်း တိုက်ခတ်ဖုံးလွှမ်းလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမင်းဦးတစ်ယောက် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိသည်။ ပြီး အိပ်ရာဘေးမှာတင်ထားသော ဆိုလာမီးအိမ်လေးကို ကောက်ဖွင့်လိုက်၏။ ဆိုလာမီးရောင်လေးက ပိန်းပိတ်မှောင်မိုက်နေသော အခန်းကျဉ်းလေးအား ချက်ချင်းပင် လင်းချင်းသွားစေလေတော့သည်။

အလင်းရောင်လေးရမှ ကိုဝင်းမင်းဦးတစ်ယောက် စားပွဲပေါ်မှာတင်ထားသော ရေဘူးကိုမြင်မိပြီး ကမန်းကတမ်း လှမ်းယူလိုက်မိသည်။ ထို့နောက် ရေတစ်ဘူးလုံးကုန်အောင် တဂွပ်ဂွပ်နှင့် အငမ်းမရ မော့ချလိုက်မိလေတော့၏။

ရေတစ်ဘူးလုံးကုန်အောင်သောက်လိုက်ရပြီးမှတုန်ယင်လှုပ်ခတ်နေသောစိတ်တွေက အနည်းငယ် အနည်ထိုင်လာသလို ခံစားရမိ၏။ စိတ်တွေအနည်းငယ်တည်ငြိမ်သွားမှ ခဏအကြာက မြင်မက်မိခဲ့သော သန်းခေါင်ယံအိပ်မက်ဆိုးအကြောင်းကို စဉ်းစားမိလေတော့သည်။

ဪ … ဘယ်လောက်တောင် ဆိုးရွားလွန်းလှသည့် အိပ်မက်ပါတဲ့လဲ။ ကေန္တတော့ နေ့လယ်ခင်းက အလုပ်လုပ်ရင်း လှေသူကြီးပြောပြသော အကြောင်းတွေနှင့် ခင်မောင့်ကိုစိတ်စွဲပြီး ဤသန်းခေါင်ယံအိပ်မက်ဆိုးကြီးကို မြင်မက်မိပုံရသည်။

နေ့လယ်ခင်းက လှေသူကြီးက သူ့ကို သူတို့လက်ရှိ ရောက်ရှိရာနေရာ၏အကြောင်းအား စကားစပ်မိရင်း ပြောပြခဲ့လေ၏။ သူတို့ရောက်ရှိရာ နေရာသည် အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်ထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ဤနေရာ၌ပင်လယ်ကူးသင်္ဘောကြီးများသည် auto pilot ဖွင့်ပြီး ရေဒါနှင့်ချိန်၍ မောင်းတတ်ကြကြောင်း၊ ငါးဖမ်းလှေငယ်လေးများမှာ ၎င်းတို့၏လမ်းကြောင်းအတွင်းသို့ မတော်တဆရောက်ရှိသွားပါက မရှောင်ဘဲ ဝင်တိုက်ပစ်ကြပြီး နောက်ပိုင်းမှသာ ကုမ္ပဏီနှင့် ရှင်းတတ်ကြကြောင်း စသဖြင့်ပြောပြခဲ့လေသည်။

ကိုဝင်းမင်းဦးတစ်ယောက် လှေသူကြီး၏ပြောစကားများနှင့် သူငယ်ချင်းဖြစ်သူ ခင်မောင်၏အကြောင်းများကို စိတ်စွဲမိပြီး ယခုကဲ့သို့ အိပ်မက်ဆိုးများကို မြင်မက်ခဲ့ခြင်းပင်ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။





အတွေးနှင့်အတူ ပင့်သက်ရှည်ဘစ်ချက်ကို ထပ်ချမိပြန်သည်။ အတွေးအိမ်ထဲမှာ ခင်မောင်၏ ခင်မင်နှစ်လိုဖွယ်ကောင်းသော မျက်နှာလေးကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်ယောင်လာမိလေ၏။

မတူညီသောဘဝတွေမှ လာခဲ့ရသူတွေဖြစ်သော်လည်း ဘဝပေးအခြေအနေအရ တစ်နေရာထဲမှာ အလုပ်အတူလုပ်ခဲ့ကြရသည်။ တစ်နိုင်ငံတည်းသားချင်း နိုင်ငံရပ်ခြားမှာ အလုပ်အတူလုပ်နေရသူတွေမို့လည်း တစ်ဦးကိုတစ်ဦး စောင့်ရှောက်ရင်းက ညီရင်းအစ်ကိုသဖွယ် သံယောဇဉ်တွယ်လာမိကြရသည်။

သို့သော် သူတို့ရေစက်သည် တိုတောင်းလွန်းလှချေသည်၊ မျှော်လင့်မထားရသော ကံတရား၏ရိုက်ခတ်မှုတွေနှင့် မမြဲသော အနိစ္စတရားတို့၏ စီရင်ပြဋ္ဌာန်းမှုတွေအကြား၌ ခင်မောင်သည် သူ့ကို စောစီးစွာ ခွဲခွာသွားခဲ့ရသည်။ မျက်စိထဲမှာ ခင်မောင်၏မျက်နှာကို ပြေးပြီးမြင်ယောင်မိရင်း ကိုယ်တိုင် သတိမထားလိုက်မိချိန်တွင် ပါးပြင်ထက်သို့ မျက်ရည်စတွေက စီးကျလာခဲ့ရလေတော့၏။

နားထဲမှာလည်းခင်မောင်မကွယ်လွန်မီက ပြောသွားခဲ့သောခပ်ယဲ့ယဲ့စကားတို့ကို ကြားယောင်လာမိရ၏။

"ကျွန်တော့်အပေါ် အစ်ကိုကြီး ခုလို ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေကိုကျွန်တော် ဘယ်တော့မှမမေ့ပါဘူးအစ်ကိုကြီးရာ။ အခွင့်သာတဲ့တစ်နေ့ ကျွန်တော် ပြန်ဆပ်မှာပါ" ဟူသော စကားများပင်။

ကိုဝင်းမင်းဦးတစ်ယောက် ရင်ထဲမှာ နင့်ခနဲဖြစ်လာရသဖြင့် စိတ်ပေါ့သွားစေရန်အလို့ငှာ မျက်ရည်တို့ကိုသုတ်လိုက်ပြီး သက်ပြင်းတို့ကိုသာ အခါခါ ချမိလိုက်လေတော့သည်။

"ဪ … ခင်မောင် … ခင်မောင်၊ ငါ့ညီလေးတစ်ယောက် ဘယ်ဘုံဘဝတွေမှာများ ရောက်နေရှာလေသလဲကွာ … ကိုယ်ပြုသမျှ ကုသိုလ်ကောင်းမှုတွေရဲ့အဖို့ကို အမျှဝေတာ ငါ့ညီလေးတစ်ယောက် ရမှရပါလေစ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း နှုတ်မှ တီးတိုးရေရွတ်မိသော စကားတို့သည် သက်ဆိုင်သူကြားဖို့တော့ဖြင့် မသေချာနိုင်ခဲ့ပါချေ။

"ဝုန်း ... ဂျိန်း"

ထိုအခိုက် လျှပ်တစ်ချက်ပြက်သွားပြီး လေပြင်းက ဆောင့်တိုက်လိုက်သဖြင့် လေက အနည်းငယ်လူးသွားရသည်။ စားပွဲပေါ်မှာတင်ထားသော မီးအိမ်လေးကလည်း အောက်သို့လျှောဆင်းသွားသဖြင့် ကိုဝင်းမင်းဦး လက်နှင့်လှမ်းထိန်းလိုက်မိသည်။

"ဟင် ..."

မီးအိမ်ကို လက်နှင့်ဆုပ်ကိုင်မိရင်း အမှတ်တမဲ့နှင့် အခန်းနံရံကိုကြည့်လိုက်မိသည့်အခိုက် မထင်မှတ်ဘဲ တွေ့လိုက်ရသောမြင်ကွင်းကြောင့် ကိုဝင်းမင်းဦးတစ်ယောက် "ဟင် ..." ခနဲ အာမေဋိတ်သံပင် ထွက်သွားအောင် အံ့သြသွားရလေ၏။ မီးအိမ်မှဖြာကျနေသော အလင်းရောင်ကြောင့် နံရံမှာ ကိုဝင်းမင်းဦး၏အရိပ်က ထင်ဟပ်နေသည်။

သို့သော် ...

သို့သော် ... နံရံမှာထင်ဟပ်နေသည်မှာ ကိုဝင်းမင်းဦး၏ အရိပ်တစ်ခုတည်းမဟုတ်။ ခုတင်ပေါ်ထိုင်နေသော သူ့အရိပ်အပြင် ခုတင်ခြေရင်းထောင့်စွန်းမှာ ရပ်နေသော အရိပ်တစ်ခု၏ပုံပါ ထင်ဟပ်နေပြီး နံရံရှိ အရိပ်မှာ နှစ်ခုဖြစ်နေခြင်းပင်။

ကိုဝင်းမင်းဦး နံရံကအရိပ်ကို သေချာကြည့်ရင်းနှင့် ကျောရိုးတစ်လျှောက် စိမ့်တက်လာနေသလို ခံစားလာရသည်။ ခြေဖျားလက်ဖျားတွေ အေးစက်လာပြီး ကြက်သီးမွေးညှင်းတွေလည်း ထလာသလိုပင်။

ကိုဝင်းမင်းဦး မီးအိမ်ကို စားပွဲပေါ်မှာ အသာငြိမ်အောင်တင်ထားပြီး ကုတင်အောက်ကိုဆင်းလိုက်မိသည်။ ပြီးမှ စိတ်ကိုအားတင်း၍ ခုတင်ခြေရင်းကို ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်မိသည်။

သို့သော် ...





မျှော်လင့်ထားမိသလို ကြောက်မက်ဖွယ်ရာ မည်သည့်အရိပ်အယောင်ကိုမှတော့ တွေ့မြင်ခဲ့ရခြင်းမရှိပါပေ။

ထိုအခါကျမှ ရင်ဘတ်ကို အသာဖိပြီး အသက်ကို ခပ်ပြင်းပြင်း နှစ်ချက်သုံးချက်မျှ ရှိုက်လိုက်မိလေတော့သည်။ စိတ်ကို တည်ငြိမ်အောင်ထားပြီး နံရံဆီကို ပြန်လှည့်ကြည့်လိုက်မိ၏။ မီးရောင်တွင် သူ့အရိပ်တစ်ခုသာ နံရံမှာ ထင်ဟပ်နေသည်ကိုတွေ့ရသည်။

သက်ပြင်းတစ်ချက်ချပြီး ခေါင်းကို ခါယမ်းလိုက်မိလေတော့သည်။ အမှန်တော့ မိမိ၏စိတ်က မိမိကို တစ်ဖန်ပြန်လှည့်စားပြီး ခြောက်လှန့်နေပုံရလေသည်။ စိတ်ကိုလျှော့ပြီး နံရံဆီမှ အကြည့်လွှဲလိုက်မိသည့် အခိုက်အတန့်။ မျက်ဝန်းအစုံက တံခါးပေါက်နားမှာချိတ်ထားသော ကြည့်မှန်တစ်ချက်ဆီသို့ အကြည့်က ရောက်သွားမိလေ၏။

"ဘုရား ... ဘုရား ..."

ဘုရားတရင်း အံ့သြထိတ်လန့်လွန်းလှသဖြင့် ပါးစပ်ကို လက်နှင့် ကမန်းကတမ်း ပိတ်လိုက်မိရသည်။ မြင်ရသည်က ဘယ်လိုမှ ယုံကြည်နိုင်စရာမကောင်းသောမြင်ကွင်း။

မှန် ... မှန်ထဲမှာ ...။

သူ ... သူ မြင်လိုက်ရသည်က သူ့နောက်ကျောမှနေ၍ သူ့ကို ကြည့်နေသော ခင်မောင့်၏မျက်နှာပင် ဖြစ်လေတော့၏။

"အစ်ကိုကြီး ..."

"အား ..."

မှန်ထဲကပုံရိပ်ကို ကြည့်နေစဉ်မှာပင် ရုတ်တရက် နောက်ကျောနားမှ ကပ်ခေါ်လိုက်သော ခင်မောင့်အသံကြောင့် ကိုဝင်းမင်းဦးတစ်ယောက် ထိတ်လန့်တကြား အော်ဟစ်လိုက်မိလေတော့၏။

ထို့နောက် အလန့်တကြားနှင့် နောက်သို့လှည့်ပြီး ခြေလှမ်းတို့ ကမန်းကတမ်းအဆုတ် ခန္ဓာကိုယ်နှင့် စားပွဲတို့တိုက်မိလျက် စားပွဲပေါ်တင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်သည်လည်း အောက်ကိုလျှောဆင်းပြီး "ခွမ်း ..." ခနဲ ကျသွားရလေတော့၏။

မီးအိမ်ကျကွဲသွားရသည့်အသံနှင့်အတူ အခန်းကျဉ်းလေးကား ထိတ်လန့်ချောက်ချားဖွယ်ရာကောင်းလောက်အောင်ပင် မှောင်အတိ ကျသွားရလေတော့သည်။

•

## [၄]

မီးအိမ်ကျကွဲသွားသည့် "ခွမ်း ..." ခနဲ အသံနှင့်အတူ အခန်းကျဉ်းလေးထဲသို့ အမှောင်ထုက ရုတ်ချည်းပင် ချဉ်းနင်းဝင်ရောက်လာပြီး တစ်ခန်းလုံးလည်း ချောက်ချားဖွယ်ကောင်းလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားရလေတော့၏။

ကိုဝင်းမင်းဦး နောက်သို့ မမြင်မစမ်းနှင့် ဆုတ်လိုက်ရင်းက အခန်းနံရံကိုလက်နှင့်စမ်းလိုက်မိသဖြင့် ချက်ချင်းလှည့်ပြီး နံရံကိုကျောနှင့်ကပ်ထားလိုက်မိသည်။ ကြောက်စိတ်ကြောင့် ခန္ဓာကိုယ်က တဆတ်ဆတ်တုန်ယင်နေပြီး အသက်ရှူသံတွေကလည်း မြန်ဆန်နေလေ၏။

တိတ်ဆိတ်မှောင်မဲနေသော အခန်းကျဉ်းလေးထဲမှာ ကိုယ့်အသက်ရှူသံ ကိုယ်ပြန်ကြားနေရသည်ကပင် ချောက်ချားဖွယ်ရာကောင်းနေသလိုပင်။ ကိုဝင်းမင်းဦးတစ်ယောက် ရင်တစ်ခုလုံး ဖားဖိုထိုးသလို လှိုက်ခုန်မောဟိုက်စွာ အသက်ရှူနေရသည့်အဖြစ်ကို သတိထားမိပေမင့်လည်း ကြောက်စိတ်က ဖုံးလွှမ်းနေသဖြင့် စိတ်ကိုထိန်းချုပ်၍ ခန္ဓာကိုယ်ကိုငြိမ်သက်သွားအောင် ကြိုးစားဆောက်တည်၍မရနိုင် ဖြစ်နေရလေ၏။

"ခင် ... ခင်မောင် ... ညီ ... ညီလေး၊ မင်း ... ငါ ... ငါ့ကို မခြောက်ပါနဲ့ကွာ"





ထိတ်လန့်တုန်လှုပ်စွာဖြင့် စကားတစ်ခွန်းကို အထစ်ထစ်အငေ့ါငေ့ါပြောလိုက်မိသည့်ခဏ၌ အပြင်မှ "ဂျိန်း ..." ခနဲ လျှပ်တစ်ချက်ပြီးပြက်ပြီး လက်သွားသည်နှင့်အတူ လှိုင်းတစ်ချက်ပုတ်ခတ်မှုကြောင့် လှေက တစ်ချက်လူးသွားလေရာ ကိုဝင်းမင်းဦး ရပ်နေရာမှ ဟန်ချက်ပျက်ပြီး လဲကျသွားလေတော့၏။ အခန်းတွင်းရှိ ပစ္စည်းများမှာလည်း ဂလုံဂလွမ် သံစုံမြည်လျက် ပြိုလဲကုန်ကြပြီး ကြမ်းပြင်ပေါ် ပြန့်ကျဲသွားရပြန်သည်။

ရုတ်တရက် လျှပ်တစ်ချက် ထပ်ပြီးပြိုးပျက်သွားလေရာ မှောင်မဲနေသော အခန်းကျဉ်းလေးထဲ၌ အခိုက်အတန့်မျှ ထပ်မံလင်းချင်းသွားရလေ၏။ ကိုဝင်းမင်းဦး စက္ကန့်ပိုင်းမျှသော အလင်းရောင်လေး၏အားကိုးနှင့် အခန်းတွင်းကို ကျိုးကန်းတောင်းမှောက် ကြည့်လိုက်မိလေသည်။ အခန်းတွင်း၌ သူမှလွဲ၍ အခြားမည်သို့သော လှုပ်ရှားမှုအရိပ်အယောင်မျိုးကိုမှ မတွေ့ရတော့ပေ။

လျှပ်ရောင်က အခိုက်အတန့်မျှသာ လင်းချင်းသွားပြီး ချက်ချင်းမှောင်အတိကျသွားရပြန်၏။ ကိုဝင်းမင်းဦး သက်ပြင်းတစ်ချက်ချပြီး လဲနေရာမှ ပြန်ထရန်အတွက် ကြမ်းပြင်ကို လက်နှင့်ထောက်ပြီး အားယူလိုက်မိသည်။

ထိုအခိုက် ...

လက်ဖျားကိုလာထိသော အေးစိမ့်သောအထိအတွေ့ကြောင့် ရင်ထဲ "ဒိန်း" ခနဲဖြစ်သွားရပြီး ကျောရိုးတစ်လျှောက် စိမ့်တက်သွားသလို ခံစားလိုက်ရပြန်လေသည်။ ပိုပြီးမြန်ဆန်လာသော အသက်ရှူသံတို့ကို အားတင်းပြီး ထိန်းထားရင်းက လက်နှင့်စမ်းမိသော အေးစက်စက်အရာကို ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ထပ်တိုး၍ စမ်းကြည့်လိုက်မိလေ၏။ စူးစမ်းလိုစိတ်က ကြောက်စိတ်ကို အသာစီးရနေမိသည့် အခြေအနေမျိုးပင်။ စိတ်ထဲမှာလည်း ထိုအရာသည် သူ့စိတ်ထဲကထင်သလို မဖြစ်ပါစေနှင့်ဟု တိုးတိုးကြိတ်၍ ဆုတောင်းနေမိ၏။

သို့သော် ...

ကိုဝင်းမင်းဦးတစ်ယောက် စိတ်ထဲက သူထင်ထားသလို မဖြစ်ပါစေနှင့်ဟု ဘိုးတိုးကြိတ်၍ ဆုတောင်းနေခဲ့ရသည်မှာ မပြည့်နိုင်တော့ပြီဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ထိုအေးစက်စက်အရာကို စမ်းလိုက်မိသောခဏ၌ အသေအချာသိလိုက်ရလေတော့သည်။

တကယ်တော့ ...

တကယ်တော့ ကိုဝင်းမင်းဦးစမ်းလိုက်မိသည်မှာ အေးစက်နေသောလက်တစ်ဖက်သာလျှင် ဖြစ်ပေတော့၏။

ကိုဝင်းမင်းဦးတစ်ယောက် "အား ..." ဟု ကြောက်လန့်တကြား အော်လိုက်မိသော်လည်း အသံက အပြင်ကို ထွက်မလာနိုင်ခဲ့။ လည်ချောင်းထဲမှာပင် တစ်ဆို့ပြီး ပျောက်ကွယ်သွားရပြန်လေ၏။

ကျောရိုးတစ်လျှောက် စိမ့်တက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ကြက်သီးမွေးညင်းများထ၍ တဆတ်ဆတ် တုန်ယင်နေမိလေသည်။ ချွေးတွေက ဆံပင်ကြားမှ စိမ့်ထွက်လာပြီး လည်ပင်းထိတိုင် စီးယိုနေလျက်ရှိလေတော့သည်။

တစ်ယောက်တည်းနေသော အခန်းကျဉ်းလေးထဲ၌ တစ်ခန်းလုံး ချောက်ချားဖွယ်ရာကောင်းလောက်အောင် မှောင်မဲနေပြီး မကောင်းသည့် အငွေ့အသက်တို့ဖုံးလွှမ်းနေချိန်တွင် အေးစက်နေသောလက်တစ်ဖက်ကို စမ်းမိရခြင်းလောက် ချောက်ချားတုန်လှုပ်စရာကောင်းသည့်အဖြစ်မျိုး ရှိနိုင်တော့မည်မထင်ပါချေ။

ကိုဝင်းမင်းဦး ရုတ်တရက် ထပြေးရန်ကြိုးစားလိုက်ပေမင့် ခန္ဓာကိုယ်တစ်ခုလုံး အားအင်ဟူသမျှ ယုတ်လျော့နေပြီး ထ၍ ရပ်တည်ခြင်းငှာ မစွမ်းနိုင်သလိုပင် ခံစားနေရလေ၏။ စိတ်ကိုအားတင်းရင်း ထပြီးပြေးသွားဖို့အတွက် ဒုတိယအကြိမ်မြောက် ထပ်မံကြံစည်လိုက်မိချိန်မှာပင် နားရွက်နားသို့ တိုးကပ်လာသော အေးစက်စက်အငွေ့အသက်တစ်ခုကို ခံစားလိုက်ရပြန်လေသည်။

မိမိ၏ နောက်ဖျားမှနေ၍ တရွေ့ရွေ့တိုးကပ်လာသော ကြောက်စရာအငွေ့အသက်မျိုး။

"အစ်ကိုကြီး ... ပြေးတော့"

"အား ..."





ကြားလိုက်ရသည်က မိမိနားကိုကပ်ပြီး ပြောလိုက်သော ခင်မောင့်အသံစစ်စစ်ပင်။ ကြောက်စိတ်က အဆုံးစွန်ဆုံးထိရောက်သွားပြီး ကိုဝင်းမင်းဦးတစ်ယောက် အတင်း ဝုန်းခနဲထပြီး တံခါးပေါက်ရှိရာသို့မှန်း၍ ထပြေးလိုက်လေတော့သည်။

တံခါးသော့ကိုလည်း လှည့်ဖွင့်ဖို့ သတိမရမိတော့။

ခန္ဓာကိုယ်ဖြင့် အတင်းဝင်တိုက်မိလိုက်ရာ နဂိုကမှ သိပ်မခိုင်ချင်သော တံခါးသည် ဝုန်းခနဲပွင့်ထွက်သွားလေတော့၏။ အပြင်ကုန်းပါတ်ပေါ် ရောက်သည်နှင့် အေးစိမ့်သောလေတို့က ကိုဝင်းမင်းဦး၏မျက်နှာကို လာရိုက်ခတ်လေတော့သည်။

ကုန်းပါတ်ပေါ် ဒူးထောက်ထိုင်ချလိုက်မိရင်းက ပတ်ဝန်းကျင်အား ကြောက်လန့်တကြား ကြည့်လိုက်မိချိန်တွင် ...

"ဟာ ..."

မယုံနိုင်စရာကောင်းသောမြင်ကွင်းကြောင့် ကိုဝင်းမင်းဦး ပါးစပ်အဟောင်းသားနှင့် မင်သက်သွားရလေတော့၏။

ကိုဝင်းမင်းဦး မြင်လိုက်ရသည်က သူတို့၏ ငါးဖမ်းလှေလေးဆီသို့ ဦးတည်ပြီးတိုးဝင်လာသော ကုန်တင်သင်္ဘောကြီးတစ်စင်းကိုသာလျှင် ဖြစ်ပေတော့သည်။သင်္ဘောကြီးကား ငါးဖမ်းလှေကလေးနှင့် အလွန်အမင်းပင် နီးကပ်နေလျက်ရှိလေပြီဖြစ်သည်။

ဒီအခြေအနေရောက်မှတော့ ရှောင်တိမ်းရန် ဘယ်လိုမှမဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ကိုဝင်းမင်းဦးတစ်ယောက် မျက်စိကိုသာ တင်းတင်းမှိတ်ချထားလိုက်မိလေတော့၏။

တကယ်တော့ ခင်မောင်သည် သူ့ကို ခြောက်လှန့်ရန် ကြိုးစားခဲ့သည်မဟုတ်ပေ။ ဘဝတွေခြားသွားသည့်တိုင် ရစ်ပတ်ချည်နှောင်နေရဆဲ သံယောဇဉ်တို့ကြောင့် ကိုဝင်းမင်းဦးအား ကံကြမ္မာဆိုးကို တီးတိုးသတိပေးရန် ကြိုးစားခဲ့ခြင်းသာ ဖြစ်ပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမင်းဦးတစ်ယောက် အခြေအနေမှန်ကို သဘောပေါက်လိုက်ရပေမင့် များစွာ နောက်ကျသွားရလေပြီဖြစ်သည်။ သင်္ဘောကြီးကား သူတို့လှေကလေးဆီသို့ အရှိန်အဟုန်ပြင်းစွာ တိုးဝင်လာလျက်ရှိနေတော့ပြီ မဟုတ်ပါလေလား။

●

[ ၅ ]

မိမိတို့ ငါးဖမ်းစက်လှေလေးဆီသို့ဦးတည်တိုးဝင်လာသော သင်္ဘောကြီးကို ကြည့်ပြီး ကိုဝင်းမင်းဦး ကြောက်လန့်တကြားနှင့် မျက်စိကို စုံမှိတ်ထားလိုက်မိသည်၊ စိတ်ထဲမှာ မည်သို့သောငရဲခန်းမျိုးနှင့် ကြုံတွေ့ရပါလိမ့်ဦးမည်လဲဟူသော စိုးရိမ်ကြောင့်ကြမှုတွေအပြည့်နှင့်ဖြစ်၏။

ပတ်ဝန်းကျင်တစ်ခုလုံး လေတဟူးဟူးတိုက်နေသောအသံက သူတို့ဆီကို တိုးဝင်လာနေသော သင်္ဘောကြီး၏စက်သံကို မဖုံးလွှမ်းနိုင်တော့ချေ၊ နီးကပ်လာသည်နှင့်အမျှ သင်္ဘောအင်ဂျင်လည်ပတ်နေသောအသံကိုလည်း တဒီးဒီးနဲ့ ကြားရလျက်ရှိသည်၊

အင်ဂျင်သံကား သေမင်း၏တံခါးဝဆီသို့ တဖြည်းဖြည်း နီးကပ်လာသကဲ့သို့သော အချက်ပေးသံမျိုးနှင့်ပင် တူလွန်းလှချေတော့သည်။ စိတ်ထဲမှာလည်း မိမိ၏ လူ့ဘဝခရီးတာလေးသည် ယခုလို မိဝေးဖဝေး ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ထဲမှာပင် လူမသိ သူမသိ ဆိုးရွားစွာ ပျက်စီးဆုံးရှုံးရမည့် အဖြစ်ကို တွေးမိ၍ တစ်ကိုယ်လုံးမှာ ရှိသမျှသောအားအင်အကုန် ပျောက်ကွယ်သိမ်ငယ်သွားသလို ခံစားလိုက်ရလေ၏။ အမြင်အာရုံထဲတွင် မိမိ၏အိမ်အပြန်လမ်းကို လည်တဆန့်ဆန့်နှင့် မျှော်နေရှာမည့် မိခင်အိုကြီး၏မျက်နှာသည် ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာလိုက် ပျောက်ကွယ်သွားလိုက်ပင်။





"သြော် ... ငါသေသွားခဲ့ရင် ငါ့အမေတစ်ယောက်တော့ အိုကြီးအိုမနဲ့ ဒုက္ခရောက်နေရှာတော့မှာပဲ" ဟု တွေးလိုက်မိတော့လည်း လှိုက်ဖိုမောဟိုက်နေသော ရင်ဘတ်အတွင်းမှ နှလုံးသားသည် နင့်ခနဲ နင့်ခနဲ နာကျင်သွားရလျက် ရှိလေသည်။ မပြတ်နိုင်သော သံယောဇဉ်ကြိုးတို့၏ ရစ်ပတ်နှောင်ဖွဲ့မှုဒဏ်ကို ခံလိုက်ရသဖြင့် ကိုဝင်းမင်းဦး၏ မှိတ်ထားသောမျက်ဝန်းအစုံတွင်းမှ မျက်ရည်စတချို့သည်လည်း ပါးပြင်ထက်သို့ တိုးထွက်လျှံကျ စီးဆင်းလာခဲ့လေ၏။

ကံကြမ္မာဆိုး၏ချောင်ပိတ်ထိုးခွဲခြင်းကို ခံလိုက်ရသည့်ခဏ၌ အဆိုးဆုံးအခြေအနေအတွက် အားကိုးရာသည် ဘုရားမှတစ်ပါး အခြားမရှိတော့လေပြီဟု ကိုဝင်းမင်းဦး သိမြင်မိလိုက်လေတော့သည်။

"အရှင်ဘုရား ... တပည့်တော်ကို ကယ်တင်တော်မူပါဘုရား"

ရေနစ်သူတစ်ယောက် ကောက်ရိုးတစ်မျှင်ကို အားကိုးတကြီးဆွဲမိသကဲ့သို့ ဆွဲမိဆွဲရာ အားကိုးရာကို ယောင်ယမ်းဖက်တွယ် ညည်းတွားလိုက်မိသည့်ခဏ၌ ...

ရှေ့တူရူမှလာသော သင်္ဘောကြီးမှ ရုတ်တရက်ထိုးလိုက်သော ဆလိုက်မီးအလင်းရောင်ကြောင့် ကိုဝင်းမင်းဦး၏ အမြင်အာရုံထဲတွင် ဝင်းခနဲဖြစ်သွားရ၏။

မျက်စိထဲ စူးခနဲဖြစ်သွားသဖြင့် လက်ဖြင့်ယောင်ယမ်းကာရန် ကြိုးစားလိုက်စဉ်မှာပင် နားထဲ၌ "ဝုန်း ..." ခနဲ အသံကြီး ကြားလိုက်ရပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ကိုင်ပေါက်လွှင့်ပစ်လိုက်သလို လွင့်စင်ထွက်သွားရလေတော့သည်။

"အား ..."

"ဝုန်း ..."

လေထဲ ရုတ်တရက်လွင့်စင်ထွက်သွားရသဖြင့် အလန့်တကြား အော်မြည်လိုက်မိစဉ်မှာပင် ရေထဲသို့ ဝုန်းခနဲ ကျရောက်နစ်မြုပ်သွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖအေးစိမ့်သောအထိအတွေ့ကြောင့်မျက်စိကိုကမန်းကတမ်းဖွင့်ကြည့်လိုက်မှ ရေထဲသို့ ရောက်နေသည့်အဖြစ်ကို ကိုဝင်းမင်းဦး တွေ့လိုက်ရလေတော့၏။ ထိုအခါမှသာ အသက်ကိုအောင့်ထားလျှက်က ကိုဝင်းမင်းဦး ရေပေါ်ကို အတင်းတွန်းထိုးကန်တက်လာခဲ့ပြီး ရေပြင်ပေါ်ရောက်မှ အသက်ကို အလုအယက်ရှူလိုက်မိတော့သည်။

အဖြစ်အပျက်တွေက ထင်မှတ်မထားရလောက်အောင် မြန်ဆန်လွန်းလှသဖြင့် ရုတ်တရက် ဆွံ့အနေရသလို ဖြစ်နေရသည်။ ငါးဖမ်းစက်လှေပေါ်မှ တစ်စုံတစ်ယောက်က ဆွဲကိုင်လွှင့်ပစ်လိုက်သကဲ့သို့ လွင့်စင်လာရသော်လည်း မည်သည့်အတွက်ကြောင့် ယခုလိုဖြစ်ပျက်သွားခဲ့ရသည်ဆိုသည်ကို သူကိုယ်တိုင်ပင် မသိနိုင်ခဲ့ပေ။

ထိုအခိုက် "ဝုန်း …" ခနဲ အသံကြီးနှင့်အတူ စူးစူးဝါးဝါးအော်ဟစ်သံများကိုပါကြားလိုက်ရသဖြင့်ကိုဝင်းမင်းဦးအသံလာရာဆီသို့အလန့်တကြားကြည့်လိုက်မိလေသည်။

မြင်လိုက်ရသော မြင်ကွင်းကား အံ့သြမင်သက်စရာ ကောင်းလွန်းလှသည်။ သင်္ဘောကြီးကား သူတို့၏ ငါးဖမ်းစက်လှေကလေးကို ထိုးခွဲတိုက်ဖျက်သွားခြင်းပင်ဖြစ်သည်။

ငါးဖမ်းစက်လှေလေးပေါ်မှ မိမိနှင့်ဘဝတူ ငါးဖမ်းလုပ်သားများ၏ ကြောက်လန့်တကြား အော်ဟစ်ငိုကြွေးသံတို့က ပွက်လောရိုက်ဆူညံလျက်ရှိကြသည်။သင်္ဘောကြီးကတော့ ငါးဖမ်းစက်လှေလေးကိုမညှာမတာ ဝင်ရောက်တိုက်ဖျက်နစ်မြုပ်လျက်ရှိလေပြီ။ ကိုဝင်းမင်းဦးတစ်ယောက် ရေပေါ်မှာ ကိုယ်ဖော့ထားရင်းက မျက်စိရှေ့မှ ထိတ်လန့်စရာကောင်းသောမြင်ကွင်းကို မကြည့်ရဲကြည့်ရဲနှင့် ကြည့်နေခဲ့ရသည်။

ငါးဖမ်းစက်လှေလေးကား သင်္ဘောကြီး၏တိုက်ဖျက်မှုကြောင့် ခါးလယ်မှကျိုးပဲ့၍ နစ်မြုပ်သွားရပြီဖြစ်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ငါးဖမ်းစက်လှေတစ်စီးလုံး ရေထဲကိုနစ်မြုပ်ပျောက်ကွယ်သွားရလေပြီဖြစ်၏။ စက်လှေနစ်မြုပ်သည့်အရှိန်နှင့်အတူ ဝဲကတော့တစ်ခုပေါ်လာပြီး အားလုံးကိုစုပ်ယူဆွဲနစ်





သွားလေရာ ဘဝတူငါးဖမ်းလုပ်သားတို့၏ အော်ဟစ်အကူအညီတောင်းသံများမှာလည်း နစ်မြုပ်သွားသော စက်လှေကလေးနှင့်အတူ ရေအောက်သို့ရောက်ရှိ စုန်းစုန်းမြုပ်သွားရလေပြီဖြစ်သည်။

"ဟေး … ဟေး … ဒီမှာ လူရှိသေးတယ်ဗျို့"

ကိုဝင်းမင်းဦး ထိုင်းဘာသာစကားနှင့် အော်ဟစ်အကူအညီတောင်းလိုက်သော်လည်း အချည်းနှီးပင်ဖြစ်သည်။

ရက်စက်မှုအပေါင်း သရုပ်ဆောင်းထားသော သင်္ဘောကြီးကား အနိုင်ရသွားသော စစ်သူကြီးတစ်ယောက်ကဲ့သို့ အရာအားလုံးကို ထီမထင်ဟန်နှင့် ဘဝများစွာကို နင်းခြေလျက် ခပ်သွက်သွက်ကြီး ခုတ်မောင်းထွက်ခွာသွားလေတော့သည်။ ကိုဝင်းမင်းဦးတစ်ယောက် ရေပေါ်မှာ ကိုယ်ဖော့နေရင်းက အသက်ရှင်ကျန်နေမည့် တစ်ယောက်တစ်လေများ ရှိဦးမလားဟူသောအတွေးနှင့် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်မိသည်။ ချက်ချင်းပင် ဆိတ်ငြိမ်သွားသော ရေပြင်ကျယ်ကြီးထဲ၌ လှိုင်းသံလေသံ တဝုန်းဝုန်းမှအပ အခြားမည်သည့်အရိပ်အယောင် မည်သည့်အသံမှ မတွေ့ရပေ။

"အစ်ကိုကြီး …"

ရုတ်တရက် နောက်ဘက်မှ ထွက်ပေါ်လာသော အသံကြောင့် ကိုဝင်းမင်းဦး လန့်ဖျတ်သွားရသည်။ အသက်ကို လှိုက်မောစွာရှူရင်းက လက်နှစ်ဖက်ကိုယက်ရင်း ခန္ဓာကိုယ်ကို နောက်ဘက်သို့ ကမန်းကတမ်း လှည့်လိုက်မိသည်။ နောက်ဘက်တွင် မည်သည့်အရိပ်အယောင်မှ မတွေ့ရပေ။

သတိထား စောင့်ကြည့်နေမိစဉ်မှာပင် ရေထဲမှာ သူ့ဆီဦးတည်၍ လှုပ်လီလှုပ်လဲ့မျောပါလာသော အရာတစ်ခုကို တွေ့လိုက်ရ၍ ကိုဝင်းမင်းဦး ထိတ်ခနဲဖြစ်သွားရသည်။ မပီဝိုးတဝါးလရောင်လေး၏ အားကိုးနှင့် မျောပါလာသောအရာကို သေချာကြည့်လိုက်မိသည်။

မျောလာသောအရာကား လူတော့မဟုတ်။ ငါးဖမ်းစက်လှေများတွင် အသက်ကယ်ဘောအဖြစ် ပြုလုပ်ထားလေ့ရှိသော ပိုက်ကွန်များနှင့်တုပ်ထားသည့် ရေပုံးအပါကြီးတစ်လုံးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမင်းဦး လိုက်ခနဲ ဝမ်းသာသွားရပြီး ရေပုံးအဝါကြီးကိုဆွဲယူ၍တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိသည်။ ကံကြမ္မာက သူ့ကို အသက်ရှင်ခွင့်တော့ ပေးချင်သေးပုံရသည်ဟု တွေးမိတော့လည်း အမောတွေကြားထဲမှ အနည်းငယ်တော့ စိတ်ပြေသွားမိရသည်။

"အစ်ကိုကြီး ..."

ရုတ်တရက် ထပ်ပြီး ပီပီသသကြားလိုက်ရသော အသံတစ်ချက်။

ကိုဝင်းမင်းဦး အသံကြားရာကို ကမန်းကတမ်းကြည့်လိုက်မိသည်။

မလှမ်းမကမ်းမှ မျောပါလျက်ရှိသော ပျဉ်ချပ်တစ်ခုပေါ်တွင် ရပ်နေသော အရိပ်တစ်ခုကို တွေ့လိုက်ရသည်။

"ဟင် ... ခင် ... ခင်မောင် ... ညီလေး"

မှန်ပါသည်။

ခင်မောင်ကား ကိုဝင်းမင်းဦးကို ပျဉ်ချပ်ပေါ်မှာရပ်ပြီး လက်ပြနှုတ်ဆက်လျက်ရှိလေသည်။ ကြည့်နေစဉ်မှာပင် စက္ကန့်ပိုင်းအတွင်း ခင်မောင်၏ပုံရိပ်တို့က တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားလေတော့သည်။

"ခင်မောင် ... ခင်မောင် ... ညီလေး၊ ကိုယ့်ကိုတစ်ယောက်တည်းမထားခဲ့ပါနဲ့ကွာ၊ ခင်မောင် ... ညီလေးရေ"

ကိုဝင်းမင်းဦးတစ်ယောက် သွေးပျက်စွာ ကယောင်ကတမ်း အော်ဟစ်ငိုကြွေးလိုက်မိလေတော့သည်။ တကယ်တော့ ခင်မောင်သည် သူ့ကို ခြောက်လှန့်ခဲ့သည်မဟုတ်။ ကံကြမ္မာဆိုးကြီးမှ လွတ်မြောက်စေရန်အတွက် လက်ကျန်သံယောဇဉ်လေးဖြင့် တမလွန်မှလာ၍ စောင့်ရှောက်ကူညီပေးခြင်းပင်ဖြစ်၏။

ယခုတော့ဖြင့် ခင်မောင်ကား သူ့တာဝန်ပြီးဆုံးသွားပြီဟု ထင်မှတ်သွားလေပြီလားမသိ။ ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးအတွင်း၌ ကိုဝင်းမင်းဦးကို တစ်ယောက်တည်းထား၍ ပျောက်ကွယ်သွားရလေပြန်ပြီ။

"ခင်မောင် ... ညီလေးရေ ..."

ညနက်ကြီးထဲ မိုးတဖွဲဖွဲကျနေသော ပင်လယ်ပြင်အတွင်း၌ မျောပါနေသော ဒုက္ခသည် လူသားတစ်ယောက်၏အသံကို မည်သူမျှ ကြားနိုင်အံ့မထင်





ပေ။ ကံကြမ္မာဆိုးတို့ကား သူ့တာဝန်ကျေပွန်သွားပြီဟု ယူဆ၍လားတော့မသိ၊ ပြန်လည်ဆိတ်ငြိမ် တိတ်ဆိတ်သွားသည်မှာ ကြောက်မက်ဖွယ်ပင် ကောင်းလွန်းလှလေတော့သည်။ ဒုက္ခသည်လူသားကတော့ဖြင့် အသက်ရှင်သန်ရေးအတွက် ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်အတွင်းဝယ် မျောပါရန်းကန်ရပေဦးတော့မည်သာပင်။

အရာရာသည် မည်သို့မျှပင် မဖြစ်ပျက်ခဲ့သယောင်နှင့် မာယာများလှသော ပင်လယ်ကား လှိုင်းလေတို့ကိုပင် အိပ်မွေ့ချငြိမ်သက်စေလျက်ရှိ ချေတော့လေ၏။

●

[ ၆ ]

ကိုဝင်းမင်းဦးတစ်ယောက် ရေပုံးအဝါကြီးကိုဖက်ပြီး ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်တွင် တစ်ညလုံးလိုလို မျောနေရခဲ့ရသည်။ နွေအခါမို့ ရေကနွေးနေသဖြင့်သာ တော်တော့သည်။

တစ်ညလုံးကမ်းမမြင် လမ်းမမြင် မျောပါနေရင်းက နံနက်မိုးသောက်၍ အရှေ့မိုးကောင်းကင်ဆီမှ ရောင်နီပေါ်စပြုလာချိန်တွင် အဝေးမှာ ခုတ်မောင်းနေသော ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းကို တွေ့လိုက်ရလေ၏။

"ဟေး ... ဟေး ... ကယ်ကြပါဦးဗျို့ ..."

ကိုဝင်းမင်းဦးတစ်ယောက် ရှိစုမဲ့စုအားအင်တို့ကို စုစည်း၍ အော်ဟစ်အကူအညီတောင်းခံလိုက်သော်လည်း အချည်းနှီးပင်ဖြစ်သည်။ ပင်လယ်ကူးသင်္ဘောကြီးများအဖို့ ၎င်းတို့၏ဆူညံနေသော အင်ဂျင်စက်သံကြောင့် အဝေးတစ်နေရာမှ အသံသဲ့သဲ့တစ်ခုကို ကြားဖို့ဆိုသည်မှာ မလွယ်ကူလှပါချေ။ ထို့ပြင် ကိုဝင်းမင်းဦးဖက်ပြီးမျောနေသောအရာသည် ပိုက်ကွန်နှင့် ရစ်ပတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ရေပုံးဝါကြီး တစ်လုံးမျှသာဖြစ်၏။ အပြောကျယ်လှသော ပင်လယ်ပြင်အတွင်း၌ ၎င်းပုံသဏ္ဍာန်သည် အလွန်တရာသေးငယ်သော အစက်အပြောက်လေးကဲ့သို့ပင် ဖြစ်လိမ့်မည်ဖြစ်သဖြင့် အဝေးမှ လှမ်းပြီးမြင်နိုင်ဖို့ အခွင့်အလမ်း အလွန်တရာနည်းပါးလွန်းလှသည်တော့ အမှန်ပင်ဖြစ်သည်။

ပင်လယ်ကူးသင်္ဘောကြီးကား ကိုဝင်းမင်းဦး၏ အော်သံသဲ့သဲ့နှင့် အသက်ရှင်ရေးအတွက် မျှော်လင့်ချက်ဟူသမျှကို လုံးဝဥဿုံပေကျွာပြု၍ ခပ်သွက်သွက် ခုတ်မောင်းထွက်သွားလေတော့သည်။

မိနစ်ပိုင်းမျှအချိန်အတွင်း မိမိနှင့် ဘယ်လိုမှလက်လှမ်းမမီနိုင်အောင် ဝေးကွာသွားသော သင်္ဘောကြီးကိုငေးကြည့်ရင်း အားငယ်စိတ်တို့ လှိုက်ခနဲ လိမ့်တက်လာသလိုကိုဝင်းမင်းဦး ခံစားလိုက်ရ၏။ အော်ဟစ်ငိုကြွေးပြီးအသက်ရှင်ရေးအတွက် ရုန်းကန်ကြိုးစားနေခဲ့ရသမျှကိုလည်း လက်လျှော့ပစ်ချင်စိတ် ပေါက်လာခဲ့ရသည်။

သို့သော်လည်း ... ဟိုးအဝေး မြန်မာပြည်တစ်နေရာ၌ ကျန်နေခဲ့သော မိခင်အိုကြီး၏မျက်နှာက ကိုဝင်းမင်းဦး၏ အမြင်အာရုံထဲတွင် ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာလျက်ရှိပြီး အားငယ်စိတ်ဟူသမျှကို မောင်းထုတ်ရန် တွန်းအားပေးလျက် ရှိလေသည်။

သက်ပြင်းတစ်ချက်ချပြီး ကိုဝင်းမင်းဦး တောက်တစ်ချက်ခေါက်၍ အံတင်းတင်းကြိတ်လိုက်မိ၏။ တစ်ဆက်တည်းလည်း တွေးလိုက်မိသည်။ မိမိသည် ယောကျ်ားကောင်းတစ်ယောက်ဖြစ်လေသည်။ ယောကျ်ားကောင်းဆိုသည်မှာ လောကဓံတရား၏ ရိုက်ပုတ်ကန်ကျောက်မှု ဟူသမျှကို အံကြိတ်သည်းခံကျော်လွှားရင်း မိမိအတွက် အောင်မြင်မှု၊ လိုချင်တက်မက်မှု ဟူသမျှကို အရယူနိုင်စမြဲသာဖြစ်၏။ ထို့ကြောင့် မိမိသည်လည်း အခက်အခဲဟူသမျှကို အံကြိတ်သည်းခံရင်း အသက်ရှင်ရေးအတွက် စွမ်းနိုင်သမျှ ရုန်းကန်ရမည်သာပင်ဖြစ်သည်။

ယောကျ်ားကောင်းတစ်ယောက်၏ဖွဲ့နှင့်သတ္တိအား အဘယ်လောကဓံတရားတို့သည် အန်တုယှဉ်ပြိုင်နိုင်ပါအံ့နည်း။





ထို့ပြင် မိမိမှာအသက်ရှင်သန်ရေးအတွက် နိုင်မာသောအကြောင်းပြချက် နှစ်ချက်ပင် ရှိနေသေး၏။ တစ်ချက်မှာ မိမိ၏မိခင်အိုကြီးပင်ဖြစ်သည်။ မိမိသာ အသက်သေဆုံးသွားခဲ့ပါက မိခင်အိုကြီးအား လုပ်ကျွေးပြုစုမည့်သူ ရှိနိုင်မည်မဟုတ်တော့။ ထို့ကြောင့် မိခင်အိုကြီးအတွက် မိမိအသက်ရှင်သန်ဖို့ လိုအပ်သေးသည်။

နှစ်အချက်ကတော့ ညီငယ်ဖြစ်သူ ခင်မောင်ပင်ဖြစ်၏။ ခင်မောင်သည် တမလွန်ဘဝကိုရောက်သည့်တိုင် မိမိအား အစွမ်းကုန် ကူညီစောင့်ရှောက်ခဲ့သူပင်ဖြစ်သည်။ ထို့ကြောင့် ခင်မောင်၏ကျေးဇူးကို တုံ့ပြန်ရန် မိမိမှာ တာဝန်ရှိသည်။ မိမိအသက်ရှင်နေမှသာ ခင်မောင်ကွယ်လွန်သွားကြောင်း ခင်မောင့်အိမ်ကို အကြောင်းကြားပေးနိုင်မည်။ ခင်မောင့်အတွက် အမျှကုသိုလ်ပေးဝေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မည်သို့ပင်ဖြစ်စေ မိမိတစ်ဦးတည်းအတွက်သာမက မိမိ၏မိခင်နှင့် ညီငယ်ခင်မောင့်အတွက် မိမိ မဖြစ်မနေ အသက်ရှင်ရန်လိုအပ်သည်။

ထို့ကြောင့် တတ်စွမ်းနိုင်သမျှ အသက်ရှင်ရေးအတွက် စိတ်အားမလျှော့ဘဲ ရုန်းကန်ရပေလိမ့်မည်။

သေချာစမ်းစစ်ကြည့်မိတော့လည်း မိမိအဖြစ်သည် ဘုရားလောင်း မဟာဇနက္ကမင်းသား၏အဖြစ်နှင့် သွားရောက်တူနေသည်ကို ကိုဝင်းမင်းဦး သတိထားမိလိုက်၏။ ဘုရားလောင်းသည် ခုနစ်ရက် ခုနစ်လီ ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်အတွင်း မလျှော့သောဖွဲ့လုံ့လ ဝီရိယတို့ဖြင့် လက်ပစ်ကူးခတ်နေခဲ့သည့်အတွက် ယောကျ်ားကောင်းတို့၏ ဖွဲ့သတ္တိကို အလေးအနက်မထားဘဲ အသိအမှတ်မပြုပံ့ဘဲ မနေရဲသော မဏိမေခလာနတ်သမီး၏ ကယ်တင်စောင်မခြင်းကို ခံခဲ့ရှာ၏။

မိမိမှာတော့ လက်ပစ်ကူးစရာမလို၊ အသက်ကယ်ပုံးကိုဖက်၍ အလိုက်သင့်မျောပါနေရုံသာ။ အဘယ့်ကြောင့်များ လက်လျှော့လိုက်ရပေတော့အံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် ကိုဝင်းမင်းဦးတစ်ယောက် စိတ်ဓာတ်တက်ကြွလာပြီး ဘုရားလောင်း မဟာဇနက္ကမင်းသား၏ လမ်းစဉ်ကိုလိုက်ရန် ယောက်ျားတို့ဖွဲ့ သေမှလျှော့ရန် ဆုံးဖြတ်ချက်ချလိုက်မိလေတော့သည်။ ထို့ကြောင့် မျောပါနေလျက်ကပင် ပင်လယ်ရေကို တစ်ချက်ငုံ့သောက်လိုက်သည်။ ပြီးနောက် ထွီခနဲ ထွေးထုတ်ပစ်လိုက်၏။

ကိုဝင်းမင်းဦးကား ဆုံးဖြတ်ချက်ချပြီးသည့်အတိုင်း ဘုရားလောင်း လမ်းစဉ်ကိုလိုက်၍ ဆားငန်ရေဖြင့် ပလုတ်ကျင်းပြီး ဥပုသ်သီလဆောက်တည်ရန် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်ပေတော့သည်။

ပလုတ်ကျင်းပြီးသည့်နောက် ကိုဝင်းမင်းဦး အသက်ကယ်ပုံးကို ဖက်ထားလျက်သားအနေအထားဖြင့် လက်အုပ်ချီမိုးပြီး ဘုရားရှိခိုး မေတ္တာပို့၍ ငါးပါးသီလခံယူလိုက်လေတော့သည်။

မိမိအတွက် အသက်ရှင်ဖို့ရှန်းကန်ရန် အခွင့်အရေးရှိသည်မှန်သော်လည်း ရာခိုင်နှုန်းက နည်းလွန်းလှသည်ကိုလည်း သတိထားမိပြန်ချေသေးသည်။ အခြေအနေအရပ်ရပ်အတွက် အကောင်းဆုံးလုပ်ရန်သည် အသက်ရှင်ရေး အစွမ်းကုန်ရုန်းကန်ရန်နှင့် အခွင့်မရခဲ့ပါက ဥပုသ်သီလခံယူပြီး သေရန်သာလျှင် ဖြစ်ပေတော့သည် မဟုတ်ပါလေလား။

"ဩကာသ ... ဩကာသ ... ဩကာသ ..."

လှိုင်းလေငြိမ်သက်နေသော ပင်လယ်ပြင်အတွင်း ကိုဝင်းမင်းဦး၏ ဘုရားရှိခိုးသံက အောင်မြင်ထည်ဝါစွာ ထွက်ပေါ်လာချေတော့သည်။

"ဂုဏ်း ... ဒလိန်း ..."

"ဝေါ ... ဝေါ ..."

ထိုအခိုက် လျှပ်ရောင်များ ရုတ်တရက်ပြိုးပျက်ပြီး အခါမဲ့မိုးကလည်း တဝေါဝေါနှင့် ရွာချလာလေတော့သည်။ နွေအခါဖြစ်သော်လည်း မိုးသည် ပင်လယ်ပြင်အတွင်း၌ ရွာချင်သောအခါ ထရွာတတ်သည့် သဘောရှိသည်သာပင်။





ယခုလဲ နေပူပြီးလေငြိမ်နေလျက်ကမှ လျှပ်စီးများ ရုတ်တရက်ပြိုးပြက်ပြီး မိုးတွေ တဝုန်းဝုန်း ရွာချလာလေတော့သည်။ မည်သို့ဆိုစေ မိုးရေစက်များကား ကိုဝင်းမင်းဦး၏ အဓိဋ္ဌာန်ကို မဖျက်ဆီးနိုင်ပါချေ။

ကိုဝင်းမင်းဦးကား ရွာနေသောမိုးသည် သူနှင့် လားလားမှမဆိုင်ဟု ခံယူထားပုံပေါ်လေသည်။ မိုးတွေသည်းထန်စွာ ရွာနေသော်လည်း ဘုရားရှိခိုး သီလခံယူခြင်း မပျက်ရှာပေ။

ဆောက်တည်ခံယူအပ်သော ကိစ္စအလုံးစုံပြီးသွားမှသာ ကိုဝင်းမင်းဦး ရွာနေသောမိုးကို မော့ကြည့်မိ၏။ မိုးကား ဆက်လက်ရွာသွန်းနေဆဲပင်ဖြစ်သည်။ စင်စစ်တော့ ထိုမိုးသည် ကိုဝင်းမင်းဦး၏ ကုသိုလ်အဖို့အတွက် ဘုရားရှင်က လက်ဆောင်ချီးမြှင့်သော မိုးသာပင်ဖြစ်၏။

တကယ်တော့ လူတစ်ယောက်အတွက် အစာအဟာရမသုံးဆောင်ရဘဲ နေနိုင်လျှင်တောင်မှ ရေမသောက်ဘဲတော့ နေနိုင်ချေမည်မဟုတ်ပါပေ။ အပြောကျယ်လှသော ပင်လယ်ပြင်အတွင်း၌ မျောပါနေရသူအဖို့ တစ်ခုတည်းသော ရေချိုရနိုင်ဖွယ်ရာသည် မိုးရွာမှပင်ဖြစ်တော့သည် မဟုတ်ပါလေလား။ ထို့ကြောင့် ဤမိုးကား ကိုဝင်းမင်းဦးအတွက် ဘုရားသခင်က လက်ဆောင်ပေးသောမိုးသာလျှင်ဖြစ်သည်ဟု ဆိုရခြင်းသာလျှင် ဖြစ်ပေတော့သည်။

ကိုဝင်းမင်းဦးကား ဤပုံစံအတိုင်း မိုးရေဖြင့် အသက်ဆက်၍ ပင်လယ်ပြင်ထဲတွင် တစ်နေ့လုံး တစ်ညလုံး ထပ်ပြီး မျောပါနေခဲ့ရသည်။

ဒုတိယမြောက်ရက်၏ မနက်ပိုင်း၌လည်း ပင်လယ်ကူးသင်္ဘောကြီးများကို တွေ့ရသဖြင့် ထုံးစံအတိုင်း ရှိသမျှအင်အားတို့ဖြင့် လှမ်းအော်အကူအညီတောင်းခဲ့မိသေးသည်။

သို့သော်ထိုသို့ဆောင်ရွက်ခဲ့ရသမျှသည်လည်း အချည်းနှီးသာပင်ဖြစ်၏။ သင်္ဘောကြီးများကား ကိုဝင်းမင်းဦးအသံကို မကြားဘဲ ထွက်ခွာသွားကြသည်သာပင်။ ကံကြမ္မာကား ကိုဝင်းမင်းဦးကို မျက်နှာသာမပေးချင်သေးသည်ဘဲလား။ သို့တည်းမဟုတ် ကိုဝင်းမင်းဦး၏ အတိတ်ဘဝကပေးဆပ်ရမည့်ကျန်



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကြွေးများက မကုန်ခမ်းသေးသည်ပဲလားတော့မသိ။ ဒုတိယမြောက်ရက်၏ ညပိုင်းတွင်လည်း မည်သည့်ကယ်တင်ရှင်တို့၏ အရိပ်အယောင်မျှပင် မတွေ့ရှိရဘဲ ကိုဝင်းမင်းဦးတစ်ယောက် အပြောကျယ်လှသော ပင်လယ်ပြင်ထဲတွင် မျောချင်တိုင်း မျောနေခဲ့ရလေ၏။

ရေပြင်ထဲတွင် မည်သည့်အဟာရမှ မမှီဝဲရဘဲ နှစ်ရက်တိတိ မျောနေခဲ့ရသဖြင့် တဖြည်းဖြည်း အားနည်းယုတ်လျော့လာမှုနှင့်အတူ အသိစိတ်တချို့သည်လည်း ကိုဝင်းမင်းဦးထံ၌ ပူးချည်ရွာချည် ဖြစ်နေလျက်။

ထိုကဲ့သို့သောအခြေအနေမျိုးတွင် ကိုဝင်းမင်းဦး၏စိတ်ထဲ သတိတရတမ်းတမိသောအရာ တစ်ခုသာရှိတော့၏။ ထိုအရာသည်ကား ...

"အမေ ... အမေ ... အမေရေ"

[၇]

ထိုအချိန် မြေလတ်ဒေသတစ်နေရာရှိ ကိုဝင်းမင်းဦး၏ အမေဖြစ်သူ ဒေါ်ဌေးနေထိုင်ရာ ရွာငယ်လေးတွင်လည်း တိုက်တိုက်ဆိုင်ဆိုင် မိုးများ သည်းထန်စွာ ရွာသွန်းနေလျက်ရှိ၏။

မိုးနှင့်အတူ လေပါပါလာပြီး တချက်တချက် လျှပ်စီးများလက်၍ မိုးကြိုးများကလည်း တဂျိန်းဂျိန်းပစ်နေပြန်လေရာ ဒေါ်ဌေးတစ်ယောက် အိပ်ပျော်နေရာမှ တစ်ချက် တစ်ချက် လန့်လန့်ပြီး နိုးနိုးလာသလို ဖြစ်နေရလေ၏။

"အမေ ... အမေ"

အိပ်တစ်ဝက် နိုးတစ်ဝက်အခြေအနေတွင် ဒေါ်ဌေး၏နားထဲ ကြားလိုက်ရသော အသံတစ်ချက်။ အသံက ရေခြားမြေခြားမှာ သွားရောက်အလုပ်လုပ်နေသော သားဖြစ်သူ ကိုဝင်းမင်းဦး၏အသံ။





"အမေ ... အမေ ... အမေရေ"

"သား ... သား ... သားလေး"

ဒေါ်ဌေးတစ်ယောက် ကယောင်ကတမ်း အော်ဟစ်ရင်း အိပ်ရာမှ ကမန်းကတမ်း ထထိုင်လိုက်မိလေ၏။

အသံက ကယောင်ကတမ်းနှင့်ကြားမိသော အသံမျိုးမဟုတ်။

အနားနားမှာ ကပ်ပြီးခေါ်လိုက်သလိုမျိုး ပီပီသသကြီးကိုကြားလိုက်ရသော အသံမျိုး။ တစ်ဦးတည်းသောသား သူတော်ကောင်းကြီး၏ အမေကိုတမ်းတမ်းတတခေါ်နေသော အသံမျိုးပင်ဖြစ်၏။

"သား ... သားလေးများ မပြောမဆိုနဲ့ ဗြုန်းစားကြီး ပြန်ရောက်လာလေရော့သလား"

ဒေါ်ဌေး စောင်ကို ကမန်းကတမ်းဖယ်ပြီး ကုတင်ပေါ်မှဆင်း၍ အိမ်တံခါးမကြီးဆီသို့ အပြေးတပိုင်းနှင့် လှမ်းလာခဲ့မိလေတော့၏။ ပြီး ... အိမ်တံခါးကို ကမန်းကတမ်းဆွဲအဖွင့် ...

"ဂျလိန်း ... လိန်း ... လိန်း"

ရုတ်တရက် ထစ်ချုန်းပြီးပျက်သွားသော လျှပ်ပန်းနွယ်များကြားမှာ ဒေါ်ဌေး မြင်လိုက်ရသည်က ...

"ဟင် ..."

မည်သူတစ်ဦးတစ်ယောက်မျှမရှိသော အိမ်ရှေ့မြေကွက်လပ်လေးတစ်ခုပင် ဖြစ်လေတော့၏။

မှန်ပါ၏။

အိမ်ရှေ့က မြေကွက်လပ်လေးမှာ သားဖြစ်သူ၏ အရိပ်အယောင်မဆိုထားနှင့် ခွေးတစ်ကောင် ကြောင်တစ်မြီးကိုပင် တွေ့မြင်ရခြင်းမရှိခဲ့ပေ။ မိမိများနားကြားလွဲမိလေရော့သလားဟု ဒေါ်ဌေး သံသယဖြစ်စွာတွေးလိုက်မိ၏။

သို့သော် ...

ထိုသို့ဆိုရအောင်ကလည်း မိမိကြားလိုက်ရသောအသံသည် တကယ့်ကိုမှ သားဖြစ်သူ၏ လိုက်လှဲပြီသသောအသံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ...

"ဝရော ... ဝေါ"

ရုတ်တရက် အိမ်ထဲသို့တိုင် တိုးဝှေ့တိုက်ခတ်လာသော လေပွေတစ်ချက်ကြောင့် ဒေါ်ဌေး မျက်စိကို ကမန်းကတမ်းမှိတ်လိုက်မိ၏။

"ခလွမ်း ... လွမ်း"

လေအရှိန်ကြောင့် တဲအိုလေး၏နံရံမှာ ချိတ်ထားသော မှန်ဘောင်သွင်းထားသည့် ဓာတ်ပုံတစ်ခု လွင့်စင်ပြုတ်ကျကွဲကြေသွားသော အသံ။

"ဟင် ..."

ဒေါ်ဌေး တံခါးကို ကမန်းကတမ်းပိတ်၍ ပြုတ်ကျသွားသောဓာတ်ပုံကို သွားရောက်ကြည့်ရှုမိလိုက်လေ၏။

"ဘုရား ... ဘုရား"

ဓာတ်ပုံကား သားကြီးဖြစ်သူ တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က ရိုက်ကူးထားခဲ့သော ပုံပင်ဖြစ်၏။ စစ်ယူနီဖောင်းနှင့်သားကြီး၏ ဓာတ်ပုံသည် ညဏ် ဖျိုးဖျသော အလင်းရောင်သဲ့သဲ့အောက်မှာ အားနည်းညှိုးငယ်နေသလိုလိုပင်။ ဒေါ်ဌေး ရင်ထိတ်သွားမိလေသည်။

သားဖြစ်သူမှာ တပ်မတော်သားဘဝမှ အငြိမ်းစားယူခဲ့ရသော်လည်း အေးအေးဆေးဆေးမနေနိုင်ခဲ့။ အမေအိုကြီးကို ပြည့်ပြည့်စုံစုံ ငြိမ်းငြိမ်းချမ်းချမ်းထားလိုသေးသည်ဟုဆိုကာ တစ်ဖက်နိုင်ငံသို့သွား၍ ငါးဖမ်းစက်လှေမှာ ဆင်းရဲပင်ပန်းစွာ အလုပ်လုပ်ရင်း ငွေရှာနေခဲ့သူ။ ယခုတော့ ...

ယခုလို မိုးသက်မုန်တိုင်းများကြားမှာ သားဖြစ်သူ၏ ငါးဖမ်းစက်လှေလေးသည်လည်း ဘေးအန္တရာယ်များကြား ကျရောက်နေရလေပြီလားမသိ။

"အို ... ဘုရား ... ဘုရား"

စိုးရိမ်ပူပန်မှုတို့နှင့်အတူ ဒေါ်ဌေးတစ်ယောက် မျက်ရည်များ တွေတွေကျဆင်းလာခဲ့ရလေတော့၏။

"ဂျလိန်း ... လိန်း ... လိန်း"

အပြင်မှာ မိုးသက်လေရိုင်းတို့ကား သည်းထန်နေဆဲပင်။ တဲအိမ်လေးအတွင်းသို့တိုင် ကျူးကျော်ပြိုးပြက်လာသော လျှပ်ရောင်ကြောင့် ရုတ်တရက်





ဘုရားစင်မှ ကြေးဆင်းတုရုပ်ပွားတော်လေးမှာ အရောင်ဟပ်လင်းလက်သွားသည်ကို ဒေါ်ဌေး တွေ့လိုက်ရလေ၏။

ဒေါ်ဌေး မျက်ရည်တွေတွေကျဆင်းနေသည့်ကြားမှ ဘုရားစင်အားမော့ကြည့်၍ လက်အုပ်ချီမိုးကာ တိုးတိုးလေး ရှိခိုးတောင်းပန်တိုးလျှိုးလိုက်မိလေတော့၏။

"အရှင်ဘုရား ... တပည့်တော်မ၏သားကြီး ဒုက္ခရောက်နေရပြီထင်ပါတယ်။ တပည့်တော်မ၏သား သူတော်ကောင်းကြီးကိုကယ်တင်တော်မူပါအရှင်ဘုရား"

အပြင်မှာ မိုးသက်လေရိုင်းတို့ကား ကြမ်းတမ်းနေဆဲပင်ဖြစ်၏။ တဲအိုလေးအတွင်းမှ အမေအိုတစ်ယောက်၏ မျက်ရည်နှင့်ရောပြွမ်းသော ဘုရားရှိခိုးကန်တော့သံတို့သည်လည်း မိုးသံလေသံများကြားတွင် တချက်တချက် ခပ်သဲ့သဲ့လေး ထွက်ပေါ်နေလျက်ပင်ရှိလေတော့၏။

●

[ ၈ ]

တတိယမြောက်ရက်၏ နေ့ခင်း ...

မည်သည့်အရိပ်အယောင်မှ မတွေ့ရတော့ပေ။

မိုးကလည်းမရွာသဖြင့် ကိုဝင်းမင်းဦးအဖြစ်က ဖောင်စီးရင်း ရေငတ်နေသလိုပင်။ သုံးရက်လုံးလုံး ရေထဲတွင် မျောနေခဲ့ရသဖြင့် ခန္ဓာကိုယ်တစ်ခုလုံးက ထုံကျင်ကိုက်ခဲလျက်ရှိ၏။

ကြာတော့ အားလျော့ချင်လာလေသည်။ ရှိစုမဲ့စု ယောက်ျားမာန်ခပ်ယဲ့ယဲ့လေးသာမရှိလျှင် ကိုဝင်းမင်းဦး ပင်လယ်ပြင်ထဲ နစ်မြုပ်သွားခဲ့သည်မှာ ကြာလေပြီ။ စင်စစ် ထိုမာန်မာနလေးသည်လည်း ကိုဝင်းမင်းဦး၏ အသက်ပမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို ကျားကန်ပေးထားသောအရာများထဲက တစ်ခုအပါအဝင်ပင် ဖြစ်လေတော့၏။

ထိုမာန်မာနလေးနှင့်ပင် ကုန်ခဲလှသောအချိန်ကာလတွေကို ဖြတ်ကျော်ရင်း တဖြည်းဖြည်းနှင့် ညပိုင်းအချိန်ကာလသို့ ပြန်လည်ရောက်ရှိလာခဲ့လေတော့၏။ အချိန်တွေသာလျှင် နေ့နှင့် ည လည်ပါတ်ကူးပြောင်းနေခဲ့သော်လည်း ကိုဝင်းမင်းဦး၏ အခြေအနေကား မပြောင်းလဲနိုင်သေး။ ရေပုံးအဝါကို ဖက်လျက်သားနှင့်ပင် ကမ်းမမြင် လမ်းမမြင်ပင်လယ်ထဲ မျောပါနေရဆဲပင်ဖြစ်၏။

ကြာတော့လည်း အားမာန်တင်းထားရသည့်ကြားမှပင် မျက်ခွံတွေကလေးလံလာပြီး အသိစိတ်တို့က ကိုဝင်းမင်းဦး၏ခန္ဓာကိုယ်နှင့် ကပ်တစ်ချက်မကပ်တစ်ချက်။

မည်သို့ပင်ဖြစ်စေကိုဝင်းမင်းဦး သတိတော့မလွှတ်သေး။ နှုတ်မှ ရသမျှဘုရားရှိခိုးစာများကို ရွတ်ဆိုနေမိသေးသည်။

ထိုအခိုက် ကိုဝင်းမင်းဦးနားထဲ၌ အသံတစ်ချက် ရုတ်တရက် ကြားလိုက်ရလေ၏။

"အစ်ကိုကြီး ... ထတော့ ... အစ်ကိုကြီး ... အစ်ကိုကြီး ... သွားဖို့အချိန်တန်ပြီ"

အသံက နားရွက်နားသို့ကပ်ပြောလိုက်သကဲ့သို့ပီပီသသ ကျယ်ကျယ်လောင်လောင်ကြီးပင်ဖြစ်သည်။ ကိုဝင်းမင်းဦး ဆတ်ခနဲတုန်သွား၏။

မျက်စိကို ကဗျာကယာဖွင့်ကြည့်လိုက်တော့ မိမိအနီးမှာ မည်သူ့ကိုမျှ မတွေ့ရပေ။ သွေးလေချောက်ချားခြင်းတော့ မဖြစ်နိုင်။ အသံ ... အသံက ခင်မောင့်အသံဖြစ်ပြီး တကယ့် ပီပီသသ ကျယ်ကျယ်လောင်လောင်ကြီးပင်ဖြစ်သည်။

ကိုဝင်းမင်းဦး ပတ်ဝန်းကျင်ကို သေချာစူးစမ်းလေ့လာကြည့်လိုက်မိ၏။ အပြောကျယ်လှသောပင်လယ်ပြင်တွင် မည်သည့်အရာကိုမျှ မတွေ့ရပေ။ ကိုဝင်းမင်းဦး စိတ်ဓာတ်ကျသွားရမိသည်။ မိမိသည် သွေးလေတွေများ ချောက်





ချားပြီး ကယောင်ကတမ်းတွေ မြင်နေကြားနေမိပြီလားမသိဟုလည်း စိတ်အားငယ်စွာ တွေးလိုက်မိလေ၏။

ထိုအခိုက် ...

နားထဲကိုထပ်မံတိုးဝင်လာသောအသံတစ်ချက်ကြောင့် ကိုဝင်းမင်းဦး ဆတ်ခနဲ ခေါင်းထောင်မိသွားရသည်။

ကိုဝင်းမင်းဦး ကြားလိုက်ရသည်မှာ အခြားမဟုတ်။ ငါးဖမ်းစက်လှေတစ်စီး၏ သိမ်မွေ့ညင်သာသော စက်သံပင်ဖြစ်၏။ ကိုဝင်းမင်းဦးရင်ထဲ တဒိတ်ဒိတ်နှင့်ဖြစ်လာပြီး မျက်လုံးအစုံကလည်း ပို၍ပြူးကျယ်လာရလေ၏။ ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက် ထပ်မံရှာဖွေကြည့်လိုက်မိသည့်အခိုက် ကိုဝင်းမင်းဦးရင်ကို ထိတ်ခနဲ ဖြစ်သွားစေမည့် အရာတစ်ခုကို တွေ့လိုက်ရလေသည်။

မီးရောင် ...။

အဝေးမှ ရွေ့လျားနေသော ငါးဖမ်းစက်လှေလေးတစ်စင်း၏ မီးရောင်သာလျှင်ဖြစ်၏။

"ဟေး ... ဟေး"

"ကယ်ကြပါဦးဗျို့"

ကိုဝင်းမင်းဦး အသံကုန်အော်ဟစ်လိုက်မိသည်။ သို့သော် စက်လှေလေးက သူ့အသံကို ကြားပုံမရ။ ခုတ်မောင်းသွားရင်းက တစ်ဖြည်းဖြည်း ဝေး၍ ဝေး၍ သွားလေတော့၏။

ယခုတစ်ခါတော့ ကိုဝင်းမင်းဦး အမှန်ပင် စိတ်ဓာတ်ကျသွားခဲ့ရသည်။ ရေပုံးကိုဖက်ထားသော လက်တို့လည်း အားနည်းပြေလျော့သွားခဲ့ရ၏။ မိမိဘဝသည် ဤကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်အတွင်း၌ နိဂုံးချုပ်ရတော့မည်ဟု အတတ်တွေးထင်မိလိုက်လေတော့သည်။

သို့သော် ...

ထိုကဲ့သို့ အားငယ်စိတ်ဝင်နေမိစဉ်မှာပင် မထင်မှတ်သော အကြောင်းချင်းရာတစ်ခု ဖြစ်ပွားလာခဲ့တော့လေ၏။ ငါးဖမ်းစက်လှေလေးကား ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန် ခုတ်မောင်းနေရင်းက ရုတ်တရက် စက်ချို့ယွင်းသွားဟန်တူသည်။ ရေလယ်ခေါင်တွင် တိခနဲရပ်သွားလေ၏။

ကိုဝင်းမင်းဦး ထိတ်ခနဲဖြစ်သွားသည်။

ရေဆန်ကို ခုတ်မောင်းနေသော စက်လှေသည် စက်ရပ်သွားသဖြင့် ရေစီးအတိုင်း မိမိနှင့်နီးရာသို့ တဖြည်းဖြည်း မျောပါလာနေသလိုပင်။

ကိုဝင်းမင်းဦး အံ့ဩဝမ်းသာစိတ်နှင့်အတူ ရေစုန်ကို ရှိသမျှအားနှင့် အတင်းယပ်ခပ်ရင်း လှေနှင့်နီးအောင် ကြိုးစားလိုက်လေသည်။

"ဟေး ... ဟေး ... ကယ်ကြပါဦးဗျို့"

ပါးစပ်မှလည်း ထိုင်းလိုရော ရှမ်းလိုရော အော်ဟစ်အကူအညီတောင်းမိ၏။ ထိုအခိုက် စက်လှေမှ မီးရောင်တစ်ချက် ကိုဝင်းမင်းဦးဘက်ကို ဖြာကျလာလေ၏။မီးမောင်းနှင့် ထိုးလိုက်ခြင်းပင်ဖြစ်သည်။

"ဟေး ... ဗမာလား၊ ရှမ်းလား"

စက်လှေပေါ်မှ ဗမာလိုမေးသံတစ်ချက်။ ကိုဝင်းမင်းဦး မျက်ရည်များပင် စို့မတတ် ဝမ်းသာသွားမိလေ၏။ တိုက်တိုက်ဆိုင်ဆိုင် ဗမာလုပ်သားတွေပါသော စက်လှေနှင့် တွေ့နေရလေပြီ။

"ဗမာဟေ့ ... ဗမာဟေ့၊ ကယ်ကြပါဦးဗျ"

စက်လှေဆီမှ ရုတ်တရက် ဝုန်းဒိုင်းခတ်သွားသော အသံများကို ကြားလိုက်ရသည်။

"ဟာ ... ဗမာတဲ့ဟေ့ လုပ်ကြပါဦးဟ၊ ဆယ်ကြပါဦးဟ" ဟူသော အသံများပင်ဖြစ်၏။

စက်လှေကလည်း ခဏချင်းပင် စက်ပြန်ကောင်းသွားပုံရသည်။

မကြာမီမှာပင် စက်သံတစ်ဖုန်းဖုန်းကြားလိုက်ရပြီး ငါးဖမ်းစက်လှေလေး သူ့ဆီပြန်ပြီး ဦးလှည့်လာတာကို ကိုဝင်းမင်းဦး မြင်လိုက်ရလေတော့သည်။

သူ့ဆီသို့ ဦးတည်ခုတ်မောင်းလာသော စက်လှေကိုကြည့်ပြီး ကိုဝင်းမင်းဦး ဝမ်းသာအားရ ငိုကြွေးလိုက်မိလေတော့သည်။





အန္တရာယ်များလှသော ချောက်ချားဖွယ်ရာ ဒီပ်မက်ဆိုးတို့မှ ကိုဝင်းမင်းဦးတစ်ယောက် လွတ်မြောက်ခဲ့လေပြီဖြစ်သည်။ ငါးဖမ်းစက်လှေလေးကား ချိုဝစ်တွင် ကမ်းကပ်သောစက်လှေဖြစ်ပြီး ကိုဝင်းမင်းဦးကို ကယ်ဆယ်ခဲ့လေသည်။

စက်လှေပေါ်ရောက်တော့ ကိုဝင်းမင်းဦး သူ့အသက်ကိုကယ်ခဲ့သော ရေပုံးအဝါလေးကို သံယောဇဉ်မပြတ်စွာ လှည့်ကြည့်မိလေ၏။ ထိုအခိုက် တွေ့လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် ကိုဝင်းမင်းဦး ရင်ထဲဆို့နင့်သွားခဲ့ရလေတော့သည်။

သူတွေ့လိုက်ရသည်က ရေပုံးအဝါလေးပေါ်ရပ်နေသော ခင်မောင်ပင်ဖြစ်၏။ ခင်မောင်ကား ပြုံးရွှင်ကြည်မြသောမျက်နှာဖြင့် ကိုဝင်းမင်းဦးအား လက်အစုံကို ဝေ့ယမ်းနှုတ်ဆက်လျက် ...။

ဇေယျကျော်ထင်

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နှင့် နော်တရာတောင်ပုစ္ဆာ

မင်းထက်ကျော်ဇော



## ကျွန်တော်နှင့် နော်တရာတောင်ပုစ္ဆာ

[၁]

"ကဲ ... ကိုကျော်ဇော၊ ခင်ဗျား ... ဘာလိုသေးတုံး၊ ကျုပ်ဘက်က ဘာလုပ်ပေးရမတုံး"

ဘားအံမြို့ အမှတ် (၇) ဆက်သွယ်ရေးတပ်ရင်း တပ်ရင်းမှူးရုံးခန်းအတွင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ထွေးမှ ဗိုလ်ကြီးကျော်ဇောကို နော်တရာတောင်တွင် ဘည်ဆောက်ထားသော တပ်မတော်ဆက်သွယ်မှု ကွန်ယက် စတေရှင်ပြုပြင်ရေးခရီးအတွက် မှာကြားနေခြင်းပင်ဖြစ်သည်။

"ရတယ် ... တပ်ရင်းမှူး၊ အထူးအထွေတော့မလိုပါဘူး၊ ဒီတစ်ခေါက်တော့ မိုးရာသီတုန်းကလို လမ်းလျှောက်မတက်ရတော့ဘူးဆိုတော့ အေးအေးဆေးဆေးပါပဲခင်ဗျ"

ဗိုလ်ကြီးကျော်ဇော ပြန်လည်ဖြေဆိုမှုကို တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ထွေး ခေါင်းညိတ်ရင်း ထပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... စက်ကကော အဆင်ပြေပုံမလားကွ"

တပ်ရင်းမှူး စိုးရိမ်မည်ဆိုလည်း စိုးရိမ်ချင်စရာပင်။ အဆိုပါ နော်တရာတောင်စတေရှင်ကားစက်ချို့ယွင်းနေသည်မှာ ဂုလကျော်နေပြီဖြစ်ပြီး ပြုပြင်ရေးအဖွဲ့များ အခေါက်ခေါက်အခါခါတက်ကာ အဖြေရှာပေမဲ့ ပြစ်ချက်ကိုမတွေ့ခဲ့။ အခြားတပ်ကို ယာယီတာဝန်ဖြင့် တွဲဖက်ထားသော အနီကျော်ဇော ပြန်လည်ရောက်ရှိချိန်တွင် ထပ်မံသွားရောက်ကာ ပြစ်ချက်ကို ရှာတွေ့ခဲ့ခြင်းပင်ဖြစ်သည်။

"အဆင်ပြေမှာပါ ... တပ်ရင်းမှူး၊ စက်က အသစ်ကြီးပါခင်ဗျ၊ ရန်ကုန်မှာလည်း စမ်းလာပါတယ်"

ကရင်ပြည်နယ် ပိုင်ကျုံမြို့နယ်အတွင်းရှိ ပေ ၅၀၀၀ ကျော်မြင့်မားသည့် ကုလားမတောင်ခေါ် နော်တရာတောင်တန်းကြီးသည် မိုးရာသီများတွင် ကားလမ်းများပျက်စီးသွားပြီး နွေရာသီမှသာ ရိက္ခာလမ်းကြောင်း ပြန်လည်တည်ဆောက်နိုင်သဖြင့် သွားရောက်ဖို့ ခက်ခဲလှသဖြင့် ယခုတစ်ခေါက်တည်းဖြင့် အဆင်ပြေစေချင်သည်မှာ သူတို့ ဆက်သွယ်ရေးတပ်ရင်းရှိ အရာရှိ၊ စစ်သည်တိုင်း၏ ဆန္ဒပါလေ။

"အေးကွာ ... ဒါဆိုလည်းပြီးတာပါပဲ ... လမ်းခရီးမှာ ဂရုတော့စိုက်၊ ဟိုးအရင်အခေါက်တွေထဲက မင်းသွားပြင်မှ အဆင်ပြေခဲ့တာဆိုတော့ မင်းလည်း ဒီကို ၄ ခေါက်လောက် ရောက်ဖူးနေတာပဲ ... အထူးအထွေတော့ မမှာလိုပါဘူး"

တပ်ရင်းမှူးဆိုလည်း ဆိုချင်စရာပင်။ ယခင့်ယခင် ကျော်ဇောနစ်ပွင့်ဘဝကလည်း ယခုလိုစက်ပျက်ခြင်းနှင့် ရင်ဆိုင်ခဲ့ရသည်။ အဖွဲ့အဖွဲ့ပေါင်းများစွာ တက်ပြင်သော်လည်း မရဘဲ သကောင့်သားကျော်ဇောရောက်မှသာ ပြန်လည်ကောင်းမွန်ခဲ့ပြီး နှစ်အတန်ကြာမှ ထပ်မံချို့ယွင်းခြင်းပင်ဖြစ်သည်။

"ဟုတ်ကဲ့ ... တပ်ရင်းမှူး၊ စိတ်ချပါခင်ဗျာ"

ဗိုလ်ကြီးကျော်ဇော တပ်ရင်းမှူးကို အာမထပ်ခံကာ ဖြေလိုက်ပြန်သည်။





"အေးကွာ ... ဒါဆိုလည်း အောင်မြင်ပါစေ၊ မင်းကို ထောက်ပို့က လုပ်ငန်းယာဉ်တန်းက ပွိုင့် ၉၂၈ ထိ လိုက်ပို့လိမ့်မယ်၊ X ........................"

လမ်းခရီးချိတက်ရမည့် အစီအမံအဆင့်အဆင့်ကို ဒုမှူးကြီးအောင်ထွေး ကျော်ဇောကို အသေအချာ ချပြရှင်းလင်းပြီးနောက် ဆက်လုပ်ဖို့အတွက် ခေါင်းညိတ်ကာ အချက်ပြလိုက်သည်။

"အေး ... အဲ့တော့ အစီအစဉ်ကိုရှင်းတယ်နော် ... ရပြီ ... ညီလေး ဆက်လုပ်တော့"

လက်တင်အလေးပြုပြီးနောက် တပ်ရင်းမှူးရုံးခန်းအတွင်းမှ ကျော်ဇော ပြန်လည်ထွက်ခွာလာခဲ့သည်။ ဆက်သွယ်မှုကွန်ယက် တပ်ခွဲရုံးခန်းအတွင်း စောင့်ဆိုင်းနေသော သူငယ်ချင်းဖြစ်သူ ဗိုလ်ကြီးသက်ပိုင်စိုးက ကျော်ဇောကိုမြင်သည်နှင့် ခရီးစဉ်အတွက် စကားဆိုသည်။

"သူငယ်ချင်း ... မနက်ဖြန်မနက် ဝ၇း၀၀ ချိန်မှာ ယာဉ်တန်းထွက်မယ်၊ ပစ္စည်းတွေကတော့ ငါခုနကလေးတင် သွားတင်လိုက်ပြီ ... မင်းနဲ့အတူလိုက်မဲ့ လူ့ပ်ရှားစက်ပြင်အဖွဲ့နာမည်စာရင်းက ဒီမှာ ..."

အင်အား၊ ရိက္ခာနှင့် အစီအမံတို့ကို ကြိုတင်ပြင်ဆင်ထားသဖြင့် ကျော်ဇောအတွက် အုပ်ချုပ်မှုကိစ္စ တစ်ရန်အေးရပေသည်။

"အေးကွာ ...၊ ကျေးဇူးပဲ ... သူငယ်ချင်းရေ၊ မင်းခုလို ပြင်ဆင်ပေးထားတော့ ငါ ... အုပ်ချုပ်မှုကိစ္စ စိတ်အေးရတာပေါ့"

ကျောင်းဆင်းစ ဒုဗိုလ်ပေါက်စကတည်းက တွဲလာခဲ့ကြသည့်သူတွေမို့ တစ်ယောက်အကြောင်း တစ်ယောက်သိပြီးသားသူတွေပင်။ သူငယ်ချင်းဖြစ်သူက စက်ပိုင်းဆိုင်ရာတွင် ကျော်ဇောလောက်မကျွမ်းကျင်သော်လည်း အုပ်ချုပ်မှုကိစ္စရပ်မှာတော့ ကျော်ဇောထက်ပင် နိုင်နင်းသူပါလေ။

"ငါ ... စိတ်ပူနေတာကွာ၊ နော်တရာကြီး အဆင်ပြေပုံမလားလို့"

အတွင်းသိ အဆင်းသိတွေမို့ ကျော်ဇော စိတ်ထဲမှာရှိသည့်အတိုင်း ခပ်ဘွင်းဘွင်း ဖွင့်ပြောလိုက်သည်။ လမ်းခရီးက ကြမ်းတမ်းရသည့်ကြားထဲ ရာသီ



www.burmeseclassic.com

www.burmeseclassic.com



ဥတုဒဏ်နှင့် ဘာမှန်းမသိသည့်ကိစ္စရပ်များ ခဏခဏဖြစ်ကာ ခဏခဏပင် ချို့ယွင်းနေသော စတေရှင်မို့ သွားရမှာကို ကြောက်ရွံ့နေမိသည်။

"ဟာ … ဆရာသမားကလည်း ဘာတွေစိတ်ပူနေတာလဲ၊ တစ်နိုင်ငံလုံး … မင်းလျှောက်သွားပြီး ဆက်သွယ်မှုကိစ္စတွေလုပ်လာတာပဲ၊ မင်းသွားတိုင်းလည်း အောင်မြင်နေတာချည်းပဲလေ၊ ဒါကြောင့် … လူကြီးက ယုံကြည်လို့နိုင်းတာ"

အကြောက်ဆုံးက သက်ပိုင်စိုး စကားအဆုံးမှာပါသည့် စာသားတွေပင်။

"အေး … အဲ့ဒါကြောင့် ပိုလန့်နေတာပေါ့ကွာ"

စကားစကိုဖြတ်ရင်း ကျော်ဇေ သက်ပြင်းချလိုက်သည်။ ကိုယ့်ဝမ်းနာကိုယ်သာသိသည်မို့ သူငယ်ချင်းဖြစ်သူကို စိတ်မပင်ပန်းစေလို။

"ကဲ … ကျော်ဇေ ပြန်ကြမယ်လေ … ရိပ်သာကို၊ ဒီည … မင်း စောစောနားမှဖြစ်မယ်"

ပြောပြောဆိုဆိုနှင့် သူကောင့်သားက ကျော်ဇေကို ပခုံးပုတ်ရင်း ရိပ်သာပြန်ဖို့ဆိုကာ ပြောသဖြင့် ခေါင်းပြန်ညိတ်ပြကာ အရာရှိရိပ်သာဆီကို ပြန်လည်လျှောက်လှမ်းခဲ့ကြသည်။ ဒီတစ်ညကတော့ သက်ပိုင်စိုးပြောသလိုပင် စောစောအနားယူရမှာမို့ ရေမိုးချိုး အဝတ်အစားလဲပြီးသကာလမှာ ကျော်ဇေတစ်ယောက် စောစီးစွာအိပ်ရာဝင်ဖို့အတွက် ခုတင်ပေါ်ကုလှဲချလိုက်စဉ် ဖုန်းမြည်လာသည်။

"တီ … တီ … တီ"

ကုတင်ဘေးမှာရှိသည့် စာကြည့်စားပွဲပေါ်မှ ဖုန်းကိုလှမ်းယူကာ Screen ကိုကြည့်လိုက်တော့ ချစ်ဇနီးသည် အိသင်ဇာမွန်ဆီကဖြစ်သဖြင့် ကဗျာကယာပင် ဖုန်းလက်ခံခလုတ်ကို ဆွဲယူရင်း စကားဆိုလိုက်သည်။

"အေး … သည်းသည်းလေး ပြော …"

ကျော်ဇေပြောပြီးနောက် တစ်ဖက်ဇနီးသည်ဆီက အသံပြန်လည်ထွက်ပေါ်လာသည်။

"အင်း … ကိုကို မနက်ဖြန်သွားဖြစ်လား … ခရီး"





သူမကား ကျော်ဇေကို အရမ်းပင်သိတတ်သည့် အိမ်သူသက်ထားပါလေ။ အိမ်ထောင်ကျခါစမှစကာ သမီးလေးတစ်ယောက်မွေးဖွားပြီး ၇ နှစ်ကျော်သည့်တိုင် ခရီးသွားတိုင်း ခရီးပြန်လာတိုင်း မပျက်မကွက် ဖုန်းဆက်ကာ ဂရုစိုက်တတ်သဖြင့် ကျော်ဇေ အချစ်ပိုရသူ။

"အင်း … သွားဖြစ်တယ် သည်းသည်းလေးရေ၊ အဲ့ကြောင့် … ခုစောစောအိပ်နေတာ၊ ဘာလို့ …"

သူ့စကားဆုံးသည်နှင့် ဇနီးသည်ကား စကားထပ်ကာဆိုသည်။

"အင်း … ဘာရယ်မဟုတ်ပါဘူး၊ ကိုကို့ကို မှာစရာရှိလို့၊ နော်တရာမှာ နတ်ကြီးတယ်တဲ့နော်၊ ဒီနေ့ … သည်းသည်းတို့ရုံးက လုံခြုံရေးဦးလေးကြီးက ပြောတယ်"

ရုတ်တရက်မို့ ကျော်ဇေ မျက်မှောင်ကြုတ်ရင်း ပြန်မေးလိုက်သည်။

"ဟင် … သူကဘယ်လိုသိတာတုံး၊ သည်းကရော သူ့ဘယ်လိုမေးတာတုံး"

စိတ်သားမို့ ထုံးစံအတိုင်း ဘ.ဆယ့်ငါးလုံးမေးခွန်းတွေ တရစပ်ထုတ်လိုက်သဖြင့် ဇနီးသည်ကား ရယ်မောရင်းပြန်ဖြေသည်။

"ဖြေးဖြေးမေး … ကိုကို၊ မောနေဦးမယ် … ဒီလို … သည်းတို့ရုံးက အဲ့ဦးလေးကြီးက တပ်မတော်ကထွက်တာလေ၊ တပ်မတော်မိသားစုဆိုတော့ … ဒီလိုပဲ ရင်းနှီးနေတာ၊ မနက်က ကိုကို့အကြောင်း သူငယ်ချင်းတစ်ယောက်နဲ့ပြောရင်း သူလည်းကြားသွားပြီး ဝင်ပြောတာလေ။ အဲ့တောင်ကြီးက နတ်ကြီးတယ်တဲ့။ ကုလားမတောင်လို့လည်း နာမည်ကြီးတယ်တဲ့"

ဇနီးသည်ပြောစကားလိုပင် နော်တရာတောင်ကား အမှန်တကယ်ဆန်းကြယ်မှုတွေနှင့် ပြည့်ဝနေသည်။ ပေ ၅၀၀၀ ကျော်မြင့်မားသော တောင်တန်းကြီးပေါ်တွင် အလောင်းမင်းတရားကြီးတည်ထားခဲ့သည်ဆိုသော ဘုရားကုန်းဘေးမှ ကုန်းမြင့်ပေါ်တွင် တည်ဆောက်ထားပြီး ရာသီဥတုမှာလည်း အမြဲအုံ့မှိုင်းနေသည်၊ ဘုရားမှာ သာမာန်ဘုရားစေတီငယ်လေးသာဖြစ်ပေမဲ့ ဘုရားရင်ပြင်မှာရှိသည့်ခေါင်းလောင်းမှာ ထိုးမရ။ ခေါင်းလောင်းထိုးလျှင် မိုးကြိုးပစ်



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်ဆိုသော ရှေးစကားကြောင့် စခန်းကို အဆက်ဆက်တာဝန်ယူခဲ့သော တပ်များမှာ ခေါင်းလောင်းမတီးရဲ။ သည့်အပြင် ခေါင်းလောင်းမှာ မြေကြီးပေါ်တွင်သာချထားပြီး တိုင်မှာတွဲထားခြင်းမရှိ။

နော်တရာတောင်တန်းကြီးတစ်ခုလုံးတွင် စစ်စခန်းနှင့် ထိုင်းနှင့်ဆက်သွယ်ရန် ဒေသခံများမှ ပြုလုပ်ထားသည့် ဖုန်းရုံအချို့သာတည်ရှိပြီး လူဆိုလို့ စစ်သားနှင့် ဖုန်းရုံမှ အရပ်သားများသာရှိသည်။ လူသွားလူလာမှာလည်း အင်မတန်မှ နည်းလှသည်။ တောတောင်များမှာ နက်လွန်းသည့်အပြင် တစ်ခါတစ်လေ ဝက်ဝံများတွေ့ရတတ်သည်။

ညနက်ပိုင်းတွင် တစ်ခါတစ်ရံ စခန်းကုန်းပေါ် လက်ကောက်ချွင်သံများ ကြားရတတ်ပြီး တစ်ခါတစ်ရံ ဘုရားပေါ်တွင် မည်သူထွန်းသွားမှန်းမသိသည့် ဖယောင်းတိုင်တစ်တိုင် အမြဲထွန်းလင်းနေတတ်သည်။

"အင်းပါ ... ကိုကိုသိပါတယ်၊ စိတ်ချပါ ... အေးဆေးပါ ... သည်သည်းရဲ့"

ဖြစ်ကြောင်းရယ်ကုန်စင်ကိုပြောပြနေလည်းစိတ်ပူနေရုံမှတပါးအခြားမရှိသဖြင့် ကျော်ဇော ဇနီးသည်ကို စကားဖော့ကာပြောလိုက်ပေမဲ့ ချစ်ရသောသူမကတော့ ဆက်တိုက်.မှာလို့မဆုံး။

"ဘုရားတရားမမေ့နဲ့နော် ... ကိုကို၊ အဲ့မှာဘုရားလည်းရှိနိုးဦး၊ ပတ်ဝန်းကျင်မှာရှိတဲ့ မြင်အပ်မမြင်အပ်တွေအမျှဝေ မေတ္တာပို့၊ ဒါမျိုးတွေက မယုံလို့မရဘူး...ကိုကိုရဲ့ ပြော် ... ဆေးဝါးလည်းယူသွားဦးနော်၊ CDMA 450 ဖုန်းလည်းဘတ္တရီအပိုယူသွားဦး"

ခုလိုဂရုတစိုက်ရှိတတ်လွန်းသဖြင့် ကျော်ဇောအချစ်ပိုခဲ့ရသူမပါလေ။ ဇနီးသည်စကားဆုံးတော့ ကျော်ဇော ပြုံးရင်းပြန်ဖြေလိုက်သည်။

"အင်းပါ ... စိတ်ချ၊ သည်းသည်းမှာတာ ကိုကို အကုန်ဂရုစိုက်မယ်၊ ပစ္စည်းတွေလည်းပါတယ် ... Laptop တောင် ၂ လုံးယူသွားတယ်"

နှစ်ဦးသား အပြန်အလှန်စကားပြောရင်း ခရီးသွားခါနီး ကြည်နူးနေရသည်။ ဇနီးသည်ကား မှာစရာရှိတာမှာပြီးပြီမို့ ကျော်ဇောကို နှုတ်ဆက်စကားတွေပြောရင်း ဖုန်းချဖို့ပြင်သည်။





"ကဲ ... ဒါဆိုလည်းပြီးရော၊ ကိုကို ... အစစအရာရာဂရုစိုက်နော်၊ စောစောအိပ်ဦး ... မနက်ကျ သည်းသည်းလှမ်းနှိုးလိုက်မယ်၊ ဒါပဲနော် ... အရမ်းချစ်တယ်"

နောက်ဆုံးစကားကားတော့ ကျော်ဇော အနှစ်သက်ဆုံးစကား။ အိမ်ထောင်သက် တွေဘယ်လောက်ကြာကြာ သူမဆီက ဒီစကားကြားရတိုင်း ကျော်ဇောစိတ်ထဲ တစ်ခုခု စီးမျှောသွားသလိုခံစားရသည်။

"အင်းပါ ... သည်းသည်း၊ အဲ့ဒါဆို ... ဒါပဲနော်၊ အရမ်းချစ်တယ်"

ပြောစရာရှိတာပြောပြီးပြီမို့ ကျော်ဇော ဖုန်းကိုချလိုက်ကာ မနက်ထွက်ရမည့်ခရီးအတွက် ပစ္စည်းပစ္စယတွေပြန်စစ်သည်။ ယူသွားရမည့် အပိုပစ္စည်းများကိုစစ်ဆေးပြီးသကာလ စိတ်ထဲ အကြိုစိတ်ကူးနှင့် စက်ဆင်လိုက်သည်။ အရာရှိဖြစ်ပြီး ဆက်သွယ်မှုကွန်ယက်တည်ဆောက်မှု အစပိုင်းကတည်းကဘယ်သွားသွား စိတ်ကူးဖြင့် ကြိုတင်တည်ဆောက်တတ်သည်ကား ကျော်ဇောရဲ့ အားသာချက်ပင်။ ပြင်ဆင်စရာအားလုံး ပြင်ဆင်ပြီးပြီမို့ ကျော်ဇော ဖုန်းကိုခေါင်းနားမှာချရင်း မှေးစက်လိုက်သည်။ တစ်ရက်လုံး လုံးလည်ချာလည်လိုက်နေသမျှစိတ်ကော လူကော ပင်ပန်းထားသမျှ ဘားအံမြို့၏ညချမ်းကား နှစ်ခြိုက်စွာ အိပ်မောကျစေသည်။

"တီ ... တီ ... တီ"

နောက်တစ်နေ့မနက် အိပ်မောကျနေသော ကျော်ဇောကို ဇနီးသည်ကား သူလုပ်ဆောင်နေကျအတိုင်းပင် ဖုန်းဆက်နှိုးသဖြင့် ကမန်းကတမ်းထကာ ပစ္စည်းပစ္စယ၊ လှုပ်ရှားစက်တပ်ဆင်ရေးအဖွဲ့ လူအင်အားများစစ်ဆေးပြီး ထောက်ပို့ယာဉ်တန်းတည်ရှိရာ အမှတ် (၉၃၅) ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းဝင်းကို တပ်မှ အုပ်ချုပ်မှုကားဖြင့် သွားရောက်စုဖွဲ့သည်။

"အောင်မြင်ပါစေ... ငါ့သူငယ်ချင်း"

လှုပ်ရှားဆက်သွယ်မှုကွန်ယက်အဖွဲ့ကားပေါ်ရောက်သည့်အချိန်တွင် ထောက်ပို့ယာဉ်တန်းစထွက်သည်။ လိုက်လံပို့ဆောင်သော ဗိုလ်ကြီးသက်[illegible] လက်ပြကာနှုတ်ဆက်ပြီး ဆုတောင်းပေးရင်း ကျန်ရစ်ခဲ့သည်။ ကျော်ဇောပါဝင်



www.burmeseclassic.com

www.burmeseclassic.com



သော ထောက်ပို့ယာဉ်တန်းကား တဖြေးဖြေးနှင့် ဘားအံမြို့မှစတင်ထွက်ခွာခဲ့သည်။ ဘားအံမှ လှိုင်းဘွဲ့အခြေချစစ်ဗျူဟာကို တစ်နာရီကျော်မှ မောင်းနှင်ပြီးနောက် ယာဉ်တန်းရောက်ရှိကြောင်း ဗျူဟာကိုသတင်းပို့ကာ ဆက်ထွက်ခဲ့သည်။

"ပိုင်ကျုံစခန်းရောက်ပြီ ... ဗိုလ်ကြီး"

လှိုင်းဘွဲ့မှာ သတင်းပို့ပြီးနောက် ချက်ချင်းပင် ဆက်လက်ခရီးနှင်ခဲ့ရာ ပိုင်ကျုံမြို့နယ်ခွဲရှိ ရှေ့တန်းစခန်းရောက်ရှိတော့ ကားဆရာကား ကျော်ဇောကို စကားဆိုပြီး ကားကို စခန်းဘေးနားတွင်ရပ်လိုက်သည်။ ကားရပ်ရပ်ချင်း ကျော်ဇော စခန်းတွင်းကိုဝင်ရောက်ကာ ရောက်ရှိကြောင်းသတင်းပို့သည်။

"ညီလေး ... အစ်ကိုတို့ ဆသရ (၇) နော်တရာစတေရှင်ပြင်ဆင်ရေးအဖွဲ့ရောက်ပြီ ... ညီလေး၊ ညီလေးဆီက ခွင့်ပြုချက်ရတာနဲ့ ဆက်ထွက်မယ်"

ကျော်ဇော သတင်းပို့လိုက်ပြီးနောက် စခန်းမှူးအရာရှိမှာ ခေါင်းညိတ်ပြီးအထက်ဌာနအဆင့်ဆင့် ဆက်လက်သတင်းပို့ပြီး လမ်းခရီးတောက်လျှောက်လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးရှာသည်။

"ရပြီ ... အစ်ကိုကြီး ဆက်ထွက်လို့၊ ပွိုင့် ၉၂၈ စခန်းမှာ 4Wheel တွေအစ်ကိုတို့ကိုစောင့်နေတယ်"

လမ်းခရီးတစ်လျှောက် လုံးဝနှောင့်နှေးမှုမရှိသေးသဖြင့် ကျော်ဇောစိတ်ထဲ ကြိတ်ကာပျော်မိသည်။ ဘာပဲဖြစ်ဖြစ် သူတို့ရည်မှန်းချက်အောင်မြင်ဖို့အတွက် အတိတ်နိမိတ်တွေက ကောင်းနေသည့်သဘောဟု စိတ်ထဲတွေးထင်ရင်း ခရီးဆက်ခဲ့ရာ ၂ နာရီမျှအကြာတွင် ပိုင်ကျုံချောင်းဘေးနားက ပွိုင့် ၉၂၈ စခန်းကိုရောက်ရှိခဲ့ရာ ပိုင်ကျုံစခန်းက တပ်ခွဲမှူးပြောသလိုပင် 4wheel ကားများကား အသင့်စောင့်ကြိုနေကြသည်။

"မိုးကြိုးအဖွဲ့တွေ ... မိုးကြိုးအဖွဲ့တွေ ... ခုလေးလုံးပဲ၊ ရောင်နီပြနေပြီ ... ရောင်နီပြနေပြီ ပကြုံနဲ့ ဆက်လွှတ်လိုက်တော့မယ် ... ရထားလား"

ပွိုင့် ၉၂၈ စခန်းကလည်း စောင့်မျှော်နေသည့်အတိုင်း သူတို့အဖွဲ့ရောက်ရှိလာသည်နှင့် အထက်ဌာနအဆင့်ဆင့်ကို ဆက်လက်သတင်းပို့ကာ





ထောက်ပို့ယာဉ်တန်းပေါ်မှ ပစ္စည်းပစ္စယနှင့် လူများအားလုံး 4Wheel 3 စီးပေါ်ပြောင်းတင်ရင်း ခွင့်ပြုချက်ရသည်နှင့် ဆက်ကာခရီးဆက်ခဲ့ကြသည်။

"ကဲ ... အစ်ကိုကြီးတို့ ဆက်ထွက်လို့ရပြီ ..."

ပိုင်ကျုံချောင်းကို ဖြတ်ကျော်ပြီး နော်တရာတောင်ခြေက နတ်ကွန်းနားရောက်တော့ ကျော်ဇောတို့လာကြသည့် ကား ၃ စီးလုံးရပ်ကာ ဟွန်းတီးပြီး ပူဇော်ပသမှုပြုလုပ်ကြသည်ကို တပ်သားထွန်းထွန်းနိုင်က ထူးဆန်းသလိုကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။

"ဗိုလ်ကြီး ... သူတို့ အဲ့ဒါဘာလုပ်ကြတာလဲ"

နော်တရာကို ၄ ခေါက်ကျော်မျှ ရောက်ဖူးနေပြီဖြစ်သဖြင့် ကျော်ဇောအတွက်တော့ အဆန်းမဟုတ်တော့။

"ဒီနေရာကို ... အောက်ရေတံခွန်လို့ခေါ်တယ် တပည့်ကျော်ရ၊ ဒီတောင်ကုန်းပေါ်တက်ရင် ဒီနေရာမှာ ပူဇော်ပသမှ အန္တရာယ်ကင်းတယ်လို့ ဒီဒေသက အဖွဲ့တွေ အယူရှိတယ်ကွ"

ရှင်းပြသံဆုံးတော့ တပည့်ကျော်ကား ဘာမျှမပြောတော့။ ခေါင်းတညိတ်ညိတ်ဖြင့် ပတ်ဝန်းကျင်ရှိ ကားသမားများကိုသာကြည့်ရင်း မူးဝမ်းနေရှာသည်။ အမွှေးတိုင် ဖယောင်းတိုင်ထွန်းပြီးသည်နှင့် ကားသမားများ ခရီးဆက်ခဲ့ကြရာ ၁ နာရီမျှ ခရီးကြမ်းကို မောင်းနှင်ပြီးနောက် တဲသုံးလုံးဆီ ရောက်သည်။

"ကားလမ်းကကြမ်းတယ်နော် ... ဗိုလ်ကြီး၊ တချို့နေရာတွေများ ဘုရားတ.စီးနေရတယ်၊ ဘယ်လောက်ရောက်ဖူးရောက်ဖူး လန့်တယ်၊ လမ်းပဲလျှောက်လိုက်ချင်တော့တယ်"

တပ်သားထွန်းပိုင်လင်းရဲ့ ညည်းညူကာပြောသံကြောင့် ကျော်ဇောပြုံးမိသည်။ တပည့်ကျော်ပြောသလိုပင် နော်တရာသွားလမ်းကား အတော်ပင်ကြမ်းတမ်းကာ မတ်စောက်လှသဖြင့် အန္တရာယ်များလွန်းလှသည်။ 4 Wheel တောင် တစ်ခါတလေ ငယ်သံပါအောင် အင်ဂျင်သံထွက်သည်အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကောင်ရေ ... လမ်းလျှောက်ရင် မင်းဒီအချိန်ဆို တဲသုံးလုံးမရောက်သေးဘူးဟ"

အဖွဲ့တွင်ပါဝင်လာသည့် တပ်ကြပ်ကြီးကျော်လွင်စိုးကား ထွန်းပိုင်လင်းကို လှမ်းဆိုသည်။

"ဟ ... ရပ်ပြန်ပြီ ... ရှေ့မှာရေတံခွန်ကြီးပါလား ... ဗိုလ်ကြီး"

နော်တရာစတေရှင်ကို မရောက်ဖူးသည့် တပ်သားထွန်းထွန်းနိုင်အတွက် တွေ့သမျှကား ထူးဆန်းနေသည်။

"အေး ... ဟုတ်တယ်တပည့်ကျော် ... ဒီနေရာကို အထက်ရေတံခွန်လို့ခေါ်တယ်၊ သူတို့ကားတွေ ဒီနေရာမှာ ရေဆေးကြတယ်ကွ"

ကျော်ဇောရှင်းပြသလိုပင် ကားများအားလုံးအထက်ရေတံခွန်တွင် ရပ်တန့်ကာ ရေဆေးကြသည်။

"ကဲ ... ကဲ ... ဆက်ထွက်ကြမယ်ဟေ့၊ မမှောင်ခင်ပြန်ဆင်းမှ အဆင်ပြေမှာ"

ကားသမားရဲ့စကားသံကြောင့် ကျော်ဇော လက်ပတ်နာရီကိုကြည့်လိုက်ရာ ၁၇၅၀ ခန့်ရှိနေပြီဖြစ်သဖြင့် အံ့သြစွာ စကားပြန်ဆိုမိသည်။

⦿

( ၂ )

"ဟ ... ကားဆရာ ကျွန်တော်တို့စခန်းနားမှာ ယိုးဒယားဖုန်းရုံတွေ ရှိတယ်လေ။ အဲ့မှာ ... အိပ်လိုက်ပေါ့။ ညဘက်ကြီး ပြန်ဆင်းလို့ဖြစ်ပါ့မလား"

ကျော်ဇောကသာစိတ်ပူပြီးပြောနေတာ ကားဆရာကတော့နည်းနည်းလေးမှ တုန်လှုပ်မှုမရှိ။ ပြုံးရင်းပြန်ဖြေသည့် စကားသံကြားတော့ ကျော်ဇောအတွက် ပိုလို့တောင်အံ့သြရပါသည်။





"ဟာ ... ဗိုလ်ကြီး ဒီလမ်းကြောင်းက ကျွန်တော်ရိုးနေပြီ၊ ဒီလိုမှမဟုတ်ရင် ... တစ်ညပုပ်တယ်လေ။ ဟဲ ဟဲ ... အိမ်ပြန်မိန်းမနဲ့ ဖက်အိပ်မယ်။ ကိုညွန့်အတွက်က အေးဆေးပါ"

သူတို့အရပ်နှင့် သူတို့ဇာတ်ကတော့ ဟုတ်နေတာပဲဟု ကျော်ဇောစိတ်ထဲ တွေးမှတ်လိုက်သည်။ အထက်ရေတံခွန်ကျော်လွန်ပြီး နာရီဝက်မျှခရီးဆက်ပြီးသကာလ နော်တရာစခန်းခြေကို ကားဆိုက်ရောက်ခဲ့သည်။ အဆင့်ဆင့်သတင်းပို့ထားပြီးဖြစ်သဖြင့် စခန်းတံခါးကိုဖွင့်ကာ အသင့်စောင့်ကြိုနေကြသည်။

"အစ်ကိုကြီးတို့ လာမယ်ဆိုလို့ မနက်ကတည်းက စောင့်နေတာ။ မင်္ဂလာပါ ... အစ်ကိုကြီး"

နော်တရာအခြေစိုက်စခန်းမှ စခန်းမှူးဖြစ်ဟန်တူသည့် အရာရှိတစ်ယောက် ကျော်ဇောတို့ကားရပ်သည့်နားကို လျှောက်လှမ်းလာပြီး ခေါင်းခန်းထဲမှ ကျော်ဇောကို နှုတ်ဆက်လိုက်သဖြင့် ပြန်လည်နှုတ်ဆက်ရင်း စကားစမြည်ပြောဆိုလိုက်သည်။

"အေး ... ညီလေး၊ အစ်ကိုတို့လည်းမနက် ဝ၇း၀၀ ထဲကထွက်လာတာ၊ တော်သေးတယ် ... လမ်းမှာခရီးဖင့်တာမရှိလို့၊ ကားသမားကလည်း ကျွမ်းကျင်ကွာ"

တပ်ခွဲမှူးအရာရှိကတော့ ပြုံးရင်း ပြန်လည်ပြောဆိုသည်။

"အာ ... ဒါကြောင့် ကိုညွန့်ကိုငှားပေးတာ ... အစ်ကိုကြီးရဲ့ ဒီလမ်းကြောင်းမှာ ကိုညွန့်တို့ကားတွေပဲ စိတ်ချရတာ"

လူသူမရောက်ပေါက်သည့်လမ်းကြောင်းတွင် ကိုညွန့်တို့သာ အားကိုးနေရသည်။

"အိုကေ ... အိုကေ ညီလေး ...၊ ကဲ ... အစ်ကို့စက်တွေဝိုင်းချပေးပါဦး၊ စခန်းပေါ်တင်ချင်လို့"

စကားကောင်းနေရင်းနဲ့ ကျော်ဇော စခန်းမှူးအရာရှိကို အကူအညီတောင်း လိုက်ရာ တစ်ဖက်မှလည်း လိုလိုချင်ချင်ပင် ကူညီပေးရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... စိတ်ချ အစ်ကိုကြီးရေ ... အစ်ကိုတို့အဖွဲ့ကိုမျှော်နေတာ ... ဒီဒေသမှာ အစ်ကိုတို့စက်ကြီးကောင်းမှ ကျွန်တော်တို့အဆင်ပြေမှာ ... မဟုတ်ရင် ဆက်သွယ်ရေးစက်နဲ့ပဲ ဆက်သွယ်နေရတာအစ်ကိုရေ၊ ဂိုဒါမရှိတော့ မိသားစုတွေဆီလည်း ဖုန်းမဆက်နိုင်ဘူး"

ပြောပြောဆိုဆိုနှင့် စခန်းမှူးအရာရှိမှာ အသင့်စောင့်ဆိုင်းနေကြသော ခြေလျင်စစ်သည်များနှင့်အတူ ကျော်ဇောတို့ပါလာသည့် စက်ပစ္စည်းများကို နော်တရာ စတေရှင် တံခါးပေါက်ဝထိ ထမ်းပိုးရင်းသယ်ယူပေးခဲ့ကြသည်။ နော်တရာစတေရှင်ကားရပ်နားသည့်နေရာနှင့်စတေရှင်တံခါးပေါက်ဝကား ၂၀ ပေခန့်မြင့်သဖြင့် လူအားနှင့် ခက်ခက်ခဲခဲ တင်ယူခဲ့ကြရသည်။

ညဘက်ကြီးမှာပင် စက်ပစ္စည်းများကို ချက်ချင်းဝိုင်းကူသယ်ပေးကြသည့် ခြေလျင်စစ်သည်များကိုကြည့်ရင်း ကျော်ဇောစိတ်ထဲ တာဝန်ပိုကြီးခဲ့သည်။ မျှော်လင့်တကြီး စောင့်ဆိုင်းနေကြသည့် သူတို့အတွက် ဆက်သွယ်မှုရရှိရန် မဖြစ်ဖြစ်တဲ့နည်းဖြင့် ဆောင်ရွက်ပေးရမည့်ဝတ္တရားကား ကျော်ဇောခေါင်းပေါ် ပိကျလာသည်။

"ကဲ ... အစ်ကိုကြီး၊ ပစ္စည်းတွေရောက်ပြီ ... ဆင်တော့မလား"

စတေရှင်တံခါးပေါက်ဝရောက်တော့ တပ်ခွဲမှူးအရာရှိစကားသံကြောင့် ကျော်ဇော ခေါင်းခါကာရီမောရင်း ပြန်ပြောရသေးသည်။

"ဟာ ... မဆင်သေးဘူးညီလေး ... မမြင်မစမ်းနဲ့မို့ ... မနက်ဖြန်မှဆင်မှာ။ မီးစက်လည်း ပြန်စမ်းရဦးမှာမို့"

ကျော်ဇောစကားသံကြောင့် တစ်ဖက်က စခန်းမှူးအရာရှိလေးမျက်နှာ အနည်းငယ်ညှိုးကျသွားသည်။

"ဟုတ်လား ... မသိပါဘူးဗျာ၊ ကျွန်တော်က ခုဆင်မယ်မှတ်လို့ ... ဟီဟီ၊ မနက်ဆင်ရင်လည်း ကျွန်တော်တို့လာကူပါ့မယ် အစ်ကိုကြီး၊ အကူအညီလိုရင် ပြောပါခင်ဗျ"

မျှော်လင့်ချက် မေးမှိန်သွားသဖြင့် နှုတ်ဆက်ကာထွက်ခွာသွားသော စခန်းမှူး အရာရှိ၊ စစ်သည်တစ်စု ကျောပြင်ကိုကြည့်ရင်း ကျော်ဇော သက်ပြင်း





ချမိသလို တပ်ကြပ်ကြီးကျော်လွင်စိုးလည်း လေသံတိုးတိုးနှင့် စကားဆိုသည်။

"အင်း ... ခြေလျင်ကအဖွဲ့တွေ တော်တော်မျှော်လင့်ထားတာပဲ ... ဗိုလ်ကြီးရေ၊ မနက်ဖြန်အဆင်ပြေပါစေလို့ ... ဆုတောင်းရမှာပဲ၊ နော်တရာကိုတော့ လန့်တယ်"

ဆက်ပြောမည့်စကားတွေကို ကျော်ဇော လက်ကာပြရင်း တားလိုက်သဖြင့် တပ်ကြပ်ကြီးကျော်လွင်စိုး ဘာမျှဆက်မဆိုတော့။

"ဗိုလ်ကြီး ... အဖွဲ့တွေ ညစာစားဖို့ပြင်ထားပြီးပါပြီ။ ညစာစားပြီးမှ အိပ်ကြပေါ့"

နော်တရာစတေရှင်တာဝန်ခံ တပ်ကြပ်မျိုးအောင် ကျော်ဇောကို အလေးပြုရင်း သတင်းလာပို့သည်။ အားလုံးကလည်း ဗိုက်ဆာနေသည်မို့ တပ်ကြပ်မျိုးအောင်ညွှန်ပြသည့် ထမင်းဝိုင်းနေရာကို ပြေးကာလွှေးခဲ့ကြသည်။ ကြက်ဥကြော်၊ ကန်စွန်းရွက်ကြော် ၂ မျိုးတည်းပါဝင်သော်လည်း ကျော်ဇောတို့ အားလုံးအတွက် နတ်သုဒ္ဓါစားနေရသလို မြိန်လှသည်။

"ဗိုလ်ကြီး ... ဒီနေရာက သားကြီးငါးကြီးစားတာ မကြိုက်ဘူးဆိုပြီး ရှေ့ကအဖွဲ့တွေမှာသွားလို့ ကြက်ဥကြော်လေးပဲကျွေးနိုင်တယ် ဆရာသမားရေ"

တပ်ကြပ်မျိုးအောင်ကတော့ သူ့ဗီဇအတိုင်း ဗိုလ်ကြီးကျော်ဇောကို အားနာနေဟန်တူသဖြင့် ပြောရသေးသည်။

"ဟာ ... ဆရာမျိုးအောင်ကလည်း ကျွန်တော်လည်းစစ်သားပါဗျ၊ နားလည်ပါတယ်ဗျာ ... ဒီလောက်စားရတော်ရောပေါ့"

မြိန်မြိန်ဆန်ဆန်နှင့် ထမင်းဝိုင်းလေးလက်စသတ်ပြီးနောက် ဆရာတပည့်တွေအားလုံး အိပ်ရာဝင်ဖို့ ပြင်ကြသည်။

"ဂွိ ... ဂွိ ..."

"ဟာ ... ကိုညွန့်တို့၊ ပြန်ဆင်းသွားကြပြီ ... ဗိုလ်ကြီး"

ကားဆရာကိုညွန့်ကား သူပြောသည့်အတိုင်းပင် တောင်ပေါ်စခန်းရောက် ပစ္စည်းချပြီး ကားအင်ဂျင်အေးသည်အထိ ခဏစောင့်ကာ ပြန်မောင်းဆင်းသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲ့လူ တကယ့်လူပဲဗျ၊ ဒီတော ဒီတောင် ဒီလမ်းကို သူမို့လို့ ဒီအချိန်မောင်းရဲတယ်"

ကားဆရာကိုသာမက သူ့တပည့်ကျော်ကျန်ကားဆရာ ၂ယောက်ကိုပါ အံ့ဩသည်။

"ကဲ ... အဖွဲ့တွေ စားပြီးတာနဲ့ အနားယူကြတော့၊ မနက်စောစောထပြီး အလုပ်စမယ်၊ ဆရာမျိုးအောင် ... ခင်ဗျား အမွှေးတိုင်ရှိလား"

ဗိုလ်ကြီးကျော်ဇော စက်တပ်ဆင်ရေးအဖွဲ့ကို အနားယူဖို့ ညွှန်ကြားပြီးသည်နှင့် တပ်ကြပ်မျိုးအောင်ဘက်ကိုလှည့်ကာ အမွှေးတိုင်တောင်းလိုက်သည်။ သူ့ဆီက အမွှေးတိုင်တောင်းသံကြားတော့ တပ်ကြပ်မျိုးအောင်မျက်နှာကား အံ့ဩသွားသည့်ပုံနှယ်။

"ဗိုလ်ကြီး ... ဘာလုပ်မလို့တုံးဗျ"

တပ်ကြပ်မျိုးအောင်အမေးကို ကျော်ဇော အေးဆေးတည်ငြိမ်စွာပင် ပြန်ဖြေ လိုက်သည်။

"ဘုရားရှိခိုးမလို့လေ ဆရာမျိုးအောင် ... ဟိုဘုရားလေးမှာ"

ယခင်အခေါက်တွေတုန်းက အဆိုပါဘုရားကုန်းလေးမှာ မနက်ပိုင်းမှသာ ဘုရားရှိခိုးဖြစ်ပေမဲ့ ဒီတစ်ခေါက် ကျော်ဇောစိတ်ထဲ ညဘက်ကြီး ဘုရားဝတ်ပြုချင်သည့်စိတ်ဖြစ်လာသဖြင့် အမွှေးတိုင်တောင်းလိုက်ခြင်းပင်ဖြစ်သည်။ တပ်ကြပ်မျိုးအောင်ခမျာနယ် သူ့ဆရာကျော်ဇောရဲ့တောင်းဆိုမှုကို မျက်စိပျက် မျက်နှာပျက်နှင့် ပြန်ဖြေသည်။

"ဟာ ... ဗိုလ်ကြီး မလုပ်ပါနဲ့၊ ဒီအချိန်ကြီးကျမှ အဲ့ဘုရားကုန်းပေါ်မတက်ပါနဲ့၊ မနက်ကျမှ သွားရှိခိုးပါ"

ကျော်ဇောကလည်း လူတစ်မျိုးပါလေ။ သူလုပ်ချင်တာဆို ချက်ချင်းပင်လုပ်လိုက်ရမှ ကျေနပ်သည့်အမျိုးဆိုတော့ လုံးဝလက်မလျှော့။

"ရတယ် ... အေးဆေး ဆရာမျိုးအောင် ... ကျွန်တော် ခုသွားရှိခိုးချင်တာ၊ အမွှေးတိုင်၊ ဖယောင်းတိုင်သာပေးပါ"





အထက်အရာရှိတစ်ယောက်ရဲ့ပြောစကားဆိုတော့လည်း တပ်ကြပ်မျိုးအောင် မငြင်းသာတော့ဘဲ ဖယောင်းတိုင်နှင့် အမွှေးတိုင်များထုတ်ပေးရှာကာ စကားထပ်ဆိုသည်။

"ဗိုလ်ကြီး ... အဆင်ပြေပါ့မလား၊ ကျွန်တော်လိုက်ခဲ့ရမလား"

ပတ်ဝန်းကျင်အခြေအနေကိုကြည့်ပြီး ကျော်ဇော သုံးသပ်ကာ ပြန်ဖြေလိုက်သည်။

"မလိုပါဘူးဗျာ ... ဘုရားကုန်းကို ခင်ဗျားတို့ မြင်နေရတာပဲ။ အရေးအကြောင်းရှိ တက်လာခဲ့ပေါ့။ ဒါနဲ့ အဲ့ဘုရားကုန်းပေါ်ကို ကျွန်တော်တို့ စတေရှင်က မီးလှူထားတယ်ဆို"

ပြောရင်းနဲ့ ကျော်ဇောသတိရကာ တပ်ကြပ်မျိုးအောင်ကို မေးခွန်းထုတ်လိုက်သည်။

"ဟုတ်တယ် ... ဗိုလ်ကြီး၊ အရင်စတေရှင်ကောင်းတုန်းကတော့ စတေရှင် မီးစက်မောင်းချိန်တိုင်း ဘုရားကို မီးချောင်း ၄ ချောင်းပူဇော်ပေးထားတယ်၊ ခုဟာက ပျက်နေတာလည်း ကြာနေပြီဆိုတော့ ကျွန်တော်တို့လည်း မီးစက်မနိုးဖြစ် ဘုရားကုန်းလည်းမှောင်နေတာ"

ကျော်ဇော တပ်ကြပ်မျိုးအောင် ဖြေကြားသံဆုံးသည်နှင့် ပြန်ပြောလိုက်သည်။

"ခုထွန်းလိုက်ဗျာ ... မီးစက်လည်း ခုနိုး။ မီးစက်မှတ်တမ်းမှာ ကျွန်တော့်အမိန့်လို့ ရေးလိုက်"

တပ်ကြပ်မျိုးအောင် ခေါင်းညိတ်ရင်း စတေရှင်အောက်ဘက် စခန်းကုန်းနားတွင်ထားရှိသော မီးစက်ဂိုဒေါင်ကို အလျင်အမြန်ပြေးဆင်းသွားသည်။ မကြာခင်မှာပင် မီးစက်သံ စတင်ထွက်ပေါ်လာကာ နော်တရာစခန်းကုန်း၊ စတေရှင်ကုန်းနှင့် ဘုရားကုန်းတို့ပေါ်တွင် မီးများ ထိန်ထိန်စလင်းလာတော့သည်။ အမှောင်ထဲမှာ သိပ်မသိသာသော်လည်း မီးချောင်းများလင်းထိန်သွားချိန်တွင်တော့ ဘုရားမှာ လွန်စွာသပ္ပာယ်ကြည်ညိုဖို့ ကောင်းလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်ကျော်တို့ ... ငါ ဘုရားသွားရှိခိုးလိုက်ဦးမယ်။ ဆရာမျိုးအောင်ကိုပြောလိုက် ငါပြန်ဆင်းလာမှ မီးစက်ပိတ်မယ်လို့"

ယတိပြတ်တစ်ခါတည်း ညွှန်ကြားပြီးသကာလ ကျော်ဇော ဘုရားကုန်းပေါ်ကို လျှောက်လှမ်းသွားလိုက်သည်။ လေပြေအေးလေး တဝေ့ဝေ့နှင့် ဘုရားကုန်းကား အေးချမ်းလှပေစွ။ ဒေါးပတ်ပတ်လည်ရှိ တောင်ကုန်းများထက်မြင့်မားသဖြင့် တဖြူးဖြူးတိုက်ခတ်နေသော လေများသည် ဘုရားထီးတော်ရှိ ခေါင်းလောင်းများကို ဆက်တိုက်လှုပ်ခါစေသဖြင့် တစ်မျိုးလေး ခံစားရသည်။

ကျော်ဇော ဘုရားဆင်းတုတော်ငယ်လေးရှေ့ရှိ ကွပ်ပျစ်ပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း ပါလာသော ဖယောင်းတိုင်အချို့ကို စတင်မီးပူဇော်ချိန်တွင် အဆင်မပြေမှုကစသည်။ အစပိုင်းတွင် သိပ်မသိသာသော လေတိုက်ခတ်မှုကား ဖယောင်းတိုင်မီးထွန်းရန်အလို့ငှာ လုံးဝအဆင်မပြေချေ။ လက်ဖြင့်ကာလိုက် လေတိုက်ခတ်ကာ ငြိမ်းသွားလိုက်နှင့် ဆီးမီးပူဇော်ဖို့ အခက်တွေ့နေသဖြင့် ကျော်ဇော ဆီမီးထွန်းငြိမှုကို ခေတ္တရပ်နားလိုက်ပြီး အမွှေးတိုင်ပူဇော်လိုက်သည်။

ထူးဆန်းသည်ကား ဖယောင်းတိုင်ပူဇော်ရန် မီးညှိခဲ့စဉ်က လေမှာ အဆက်မပြတ် တိုက်ခတ်နေသော်လည်း အမွှေးတိုင်အတွက် မီးကူးချိန်မှာတော့ လေနတ်သားမှာ သူနှင့်မဆိုင်သလို ငြိမ်သက်လျက်။ ကျော်ဇောစိတ်ထဲ မသိုးမသန့် စတင်ခံစားလိုက်ရပေမဲ့ မာန်ကိုတင်းကာ ဘုရားစတင်ရှိခိုးသည်။

"ဩကာသ ... ဩကာသ × × × × × × × × × × × × × × × × × ×"

ဩကာသအစချီပြီး ဘုရားပူဇော်မှုစတင်လိုက်ချိန်တွင်တော့ လေတိုက်ခတ်မှုကား ငြိမ်သက်သွားပြီး ပတ်ဝန်းကျင်မှာ တည်ငြိမ်တိတ်ဆိတ်နေသဖြင့် ဘုရားကုန်းလေးပေါ်သို့ နောက်ထပ်လူတစ်ယောက် ထပ်မံတက်လာသလို ကျော်ဇောစိတ်ထဲ ခံစားလိုက်ရသည်။

"ဟေတုပစ္စယော ... ဟေတု ဟေတု ..."





ပဋ္ဌာန်းဒေသနာတော်အကျယ် စတင်ရွတ်ဆိုချိန်မှာတော့ တစ်စုံတစ်ယောက်ကား ကျော်ဇောဘေးမှာလာထိုင်ပြီး သူ့ကို စိုက်ကြည့်နေသလို ထပ်မံခံစားလိုက်ရသဖြင့် ကြက်သီးတဖြန်းဖြန်းထလာသည်။ ဘုရားကိုသာ ဆက်အာရုံပြုရင်း မျက်လုံးကိုဘေးဘယ်ညာမကစားရဲဘဲ ပဋ္ဌာန်းစာအုပ်ကိုသာ စိုက်ကြည့်ရင်း ဆက်လက်ပူဇော်သည်။ မသိစိတ်ထဲမှာတော့ တစ်စုံတစ်ယောက်သောသူသည် ကျော်ဇောနောက်ကျောဘက်ကိုရောက်သွားကာ ထိုင်ချလိုက်သလို ထပ်မံခံစားလိုက်ရသဖြင့် ပဋ္ဌာန်းရွတ်ဆိုမှုမှာ ပိုမိုမြန်ဆန်လာသလို ရင်ခုန်သံတွေကလည်း တဒုန်းဒုန်းနှင့်။

"ဘုရားတပည့်တော်ပြုသမျှ ကုသိုလ်အဝဝကို ... ကိုယ်စောင့်နတ် × × × × × × × × × အားလုံး ကြားကြားသမျှ အမျှ ... အမျှ ... အမျှ ယူတော်မူကြပါကုန်သော်"

ကြောက်ကြောက်နှင့်ဇောချွေးပြန်ကာ ရွတ်ဖတ်လိုက်သည်မှာ ပဋ္ဌာန်းဒေသနာတော် ပြီးဆုံးသွားသဖြင့် အမျှဝေခြင်းကို ဆက်လက်ရွတ်ဆိုတော့ ကြက်သီးမွေးညင်းများ တစ်ကိုယ်လုံးတုန်သွားစေသည့်အသံကား ထင်ထင်ရှားရှားကြားလိုက်ရပြန်သည်။

"သာဓု ... သာဓု ... သာဓု"

အမျိုးသမီးအသံ။ ဟုတ်ပေသည် ... သေသေချာချာနားနှင့်ဆတ်ဆတ်ကို ကြားလိုက်ရသည်ကား အမျိုးသမီးတစ်ဦးအသံ။ ဒါပေသိ ... မြန်မာလို ပီပီသသမဟုတ်ဘဲ ပါဠိလိုလို ဘာလိုလို။ ဟန်ကိုယ့်ဖို့ မာန်တင်းထားရသည့် ကျော်ဇောဒီတစ်ခေါက်တော့ ဘုရားစာအုပ်တွေရော ဖယောင်းတိုင် အမွှေးတိုင်တွေကော ထားခဲ့ကာ စတေရှင်ဆီကို တစ်ချိုးတည်းသုတ်ချေတင်သလို ပါးစပ်မှလည်း တတွတ်တွတ်နှင့် ...

"မင်းတို့ကို ငါ ... အန္တရာယ်မပေးဘူးနော်၊ ငါ့ကိုလည်း အန္တရာယ်လာမပေးနဲ့၊ ဘာအရိပ်အယောင်မှ လာမပြနဲ့"

၂ မိနစ်ကျော်လောက် လမ်းလျှောက်သွားရသည့် လမ်းကြောင်းကို ဇောနဲ့ ပြေးဆင်းသွားတာ စက္ကန့်ပိုင်းမျှသာကြာမြင့်သည်။ စတေရှင်အပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့တပ်ကြပ်မျိုးအောင် တံခါးဘောင်ကိုမှီရင်း မတ်တပ်ရပ်လျက် မှေးစက်နေသည်ကို ထူးဆန်းစွာတွေ့လိုက်ရသဖြင့် ကျော်ဇော ဆရာမျိုးအောင် ပခုံးကိုကိုင်လှုပ်ရင်းနှိုးလိုက်သည်။

"ဆရာမျိုးအောင် ... ဆရာမျိုးအောင် ... ဆရာမျိုးအောင်"

နာမည် ၃ ကြိမ်လောက် အော်နှိုးချိန်မှ ဆရာသမားက သတိဝင်လာဟန်တူကာ ဘေးဘယ်ညာကိုကြည့်ရင်း သူ့ကို နားမလိုသလိုပြန်မေးသည်။

"ဟင် ... ဗိုလ်ကြီး ဘုရားသွားရှိခိုးနေတာမဟုတ်လား၊ ကျွန်တော် ... ခုနကကြည့်နေတာ"

ဗိုလ်ကြီးကျော်ဇော တပ်ကြပ်မျိုးအောင်ကို ကြည့်နေရင်း ကြောက်စိတ် တောင်ပျောက်ကွယ်သွားသည်။

"ဟာ ... ကြည့်နေတယ်လည်းပြောသေး၊ ကျွန်တော်ဆင်းလာတော့လည်း တိုင်မှီပြီး မတ်တတ်ရပ်အိပ်ပျော်နေသေး ... ဆရာမျိုးအောင်ကတော့ တကယ့်လူ ... ဟားဟား"

စတေးရှင်စက်ခန်းထဲမှာတော့ တပည့်ကျော်တစ်သိုက် နေရာအသီးသီးယူရင်း အိပ်ပျော်နေကြသည်။ အားလုံးကို ကျော်ခွသွားရင်း ကျော်ဇော သူ့အတွက် အိပ်ရာပြင်ဆင်ပေးထားသောနေရာတွင် ကျောကိုဆန့်ရင်း နဖူးပေါ်လက်တင်ကာ ဘုရားကုန်းပေါ်ကဖြစ်ရပ်ကို စဉ်းစားလိုက်ရာ ကြက်သီးတွေက ဖြန်းကနဲ ဖြန်းကနဲ ပြန်ထနေသဖြင့် ကျော်ဇောတစ်ယောက် စောင်ကိုခေါင်းမြီးခြုံလိုက်ကာ မျက်စိကို စွတ်ပိတ်ပြီး တစ်ညတာကို ဖြတ်ကျော်လိုက်သည်။ တစ်နေကုန်ပင်ပန်းထားသည်ကတစ်ကြောင်း နော်တရာဒေသရဲ့အအေးဓာတ်ကြောင့်တစ်ကြောင်း ကျော်ဇော အိပ်မောကျသွားသည်မှာ နောက်တစ်နေ့မနက် တပည့်ကျော် တပ်သားမြတ်မင်းဇော် လာနှိုးမှ နိုးလေတော့သည်။

"ဗိုလ်ကြီး ... ဗိုလ်ကြီး၊ မနက် ၈ နာရီထိုးနေပြီ"

အိပ်လို့ကောင်းနေသည့်ကျော်ဇော တပည့်ကျော် စကားသံကြားမှ အိပ်ချင်မူးတူးနှင့် နိုးထလာသည်။ မျက်စိကိုပြူးပြဲဖွင့်ပြီး လက်ကနာရီကိုကြည့်





လိုက်တော့ ၀၈း၁၀ တောင်ရှိနေသဖြင့် ကမန်းကတမ်းကောက်ထကာ အခန်းအပြင်ကိုထွက်ရင်း မျက်နှာသစ်လိုက်သည်။

"တပည့်ကျော် ... မရှိမသေကွာ ... အိပ်ရာလေးခေါက်သိမ်းလိုက်ပါ။ ငါ နောက်ကျနေပြီ။ မျက်နှာသစ်ပြီးတာနဲ့ ငါတို့ အလုပ်စကြမယ်"

ပါးစပ်မှပြောလည်းပြော ကိုယ်တိုင်လည်း စတေးရှင်အောက်ခြေခန်းရှိ အုတ်ကန်ကိုပြေးကာ မျက်နှာသစ်သွားတိုက်လုပ်ပြီး စတေးရှင်ရှိရာကို ပြန်ရောက်တော့ တပည့်ကျော်တစ်စုကား ဟန်းကောက်ယ်စီနှင့် မနက်စာစားနှင့်နေကြပြီ။ ဘပ်ကြပ်မျိုးအောင် ကျော်ဇောကိုမြင်တော့ ဟန်းကောထဲ ထမင်းကြော်ထည့်ကာ လာပေးပြီး စကားဆိုသည်။

"ဗိုလ်ကြီး ... မနက်စာစားလိုက်ဦး၊ ထမင်းကြော်လေး ... ရှိတာလေးနဲ့ ကြော်ထားတာ"

လက်ရည်တစ်ပြင်တည်း စတေးရှင်အပြင်ဘက်တွင် ဆရာတပည့်တွေ မနက်စာ တန်းစီစားသောက်နေစဉ် ကျော်ဇောအကြည့်တွေကား ဘုရားကုန်းဆီကို မမျှော်လင့်ဘဲ ရောက်သွားမိသည်။

"အင်း ... ဒီနေ့ နေသာလို့ထင်တယ် ... ဘုရားကဝင်းအိပြီး ကြည်ညိုစရာကောင်းကွာ"

ပြောလည်းပြော ပါးစပ်ထဲကို ထမင်းကြော်တစ်လုတ် ပစ်သွင်းလိုက်သည်။ တပ်ကြပ်ကြီးကျော်လွင်စိုးကား ကျောဇောစကားဆုံးသည်နှင့် ထပ်ပြောသည်။

"ဟုတ်တယ် ... ဗိုလ်ကြီးရေ၊ ကျွန်တော်တို့အတွက် ဘုရား သိကြားမ.တာပဲ၊ စက်မြန်မြန်ဆင်ကြရအောင်"

တပ်ကြပ်ကြီးကျော်လွင်စိုး ပြောသလိုပင် ကျော်ဇောတို့အတွက် ထောက်ပို့ယာဉ်တန်းကား ပွိုင့် ၉၂၈ တွင် အချိန် ၃ ရက်စောင့်ဆိုင်းပေးသဖြင့် လုပ်ငန်းမြန်မြန်လက်စသတ်နိုင်မှ အဆင်ပြေမည်။ မဟုတ်ပါက သူတို့အဖွဲ့လက်ကုန်မှသာ ပြန်ဆင်းဖို့အဆင်ပြေတော့မည်။ ဗိုလ်ကြီးကျော်ဇော ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ ထမင်းကြော်ကို ခပ်သွက်သွက်စားသောက်လိုက်ပြီး လုပ်ငန်းစဖို့အတွက် စကားစလိုက်သည်။

"ကဲ ... ကဲ တပည့်ကျော်တွေ ... စားတာလေးတွေ လက်စသတ်လိုက်တော့၊ ငါတို့ မြန်မြန်လုပ်ငန်းစကြရအောင်"

သူတို့အားလုံး မနက်စာစားခြင်းကို ခပ်မြန်မြန်လက်စသတ်ရင်း စက်တပ်ဆင်ရေးလုပ်ငန်းခွင်ကို ဝင်ခဲ့ကြသည်။ စတေရှင်အတွက် လိုအပ်သော စက်ပစ္စည်းများကို ပါကင်ဖောက်သူကဖောက်၊ စတေရှင်ခန်းထဲ အထိုင်ချသူကချနှင့် ကိုယ်စီအလုပ်တွေ ရှုပ်နေကြသည်။

၀

[၃]

"ဟော့ ... Drill သေချာဖောက်ဟ၊ နာခေါင်းကြီး Lan Cable ကို ဒီ Ladder အတိုင်းသွားမယ်၊ မြတ်မင်းဇော် Micro ကဆင်းလာတဲ့ × × × × ×"

အတွင်းပိုင်း စက်တပ်ဆင်မှုကား ၄၅ မိနစ်မျှသာ ကြာမြင့်ခဲ့သည်။ စက်တပ်ဆင်ရေးအဖွဲ့သားအားလုံးမှာ လုပ်ငန်းအမြန်အပြီးသတ်လိုကြသဖြင့် ချက်ချင်းပင် တာဝါတိုင်စက်တပ်ဆင်မှုလုပ်ငန်းကို ဆက်ကူးကြသည်။

"ဗိုလ်ကြီး ... ကျွန်တော်တို့ တာဝါတက်လိုက်တော့မယ်၊ မြန်မြန်ပြီးလေ ... ကောင်းလေပဲလေ"

တပ်ကြပ်ကြီးကျော်လွင်စိုးဦးစီးကာ တာဝါတိုင်တက်ကျွမ်းကျင်သော စစ်သည်တစ်စု တာဝါတိုင်ပေါ်ကိုတက်သွားချိန်တွင် ဗိုလ်ကြီးကျော်ဇောနှင့် ကျန်စစ်သည်များကား တာဝါတိုင်တွင်တပ်ဆင်ရမည့် စက်ပစ္စည်းများတပ်ဆင်ပြီး ကြိုးဖြင့်တိုင်ပေါ်တင်ရန်အတွက် ဆောင်ရွက်နေကြသည်။





"ဟာ ... ခုနက အကောင်းကြီးပါဟ ... ခုမှ ဘယ်လိုဖြစ်တာတုံး"

တပ်ကြပ်မျိုးအောင်ရဲ့အာမေဋိတ်စကားသံကြောင့် ကျော်ဇော တာဝါတိုင်ပေါ်တင်မည့်ပစ္စည်းများကို အာရုံရောက်နေရာမှ ပတ်ဝန်းကျင်ကို ဂရုပြုလိုက်တော့ နေရောင်များပျောက်ကွယ်ကာ တိမ်သားလိပ်များ မည်းတက်လာသည်ကို မြင်လိုက်ရသည်။

"အေးဗျာ ... စောစောကတောင် နေပွင့်နေတာကို ... ဘယ်လိုဖြစ်တာလည်းမသိဘူး၊ ဒုက္ခပါပဲ"

ခေါင်းကိုကုတ်ရင်း စကားပြန်ဆိုလိုက်သည့် ကျော်ဇောကား ရုတ်တရက် တစ်စုံတရာကို သတိရသွားကာ လက်အုပ်ချီပြီး ရွတ်ဆိုလိုက်သည်။

"သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် မြင်အပ်မမြင်အပ်သတ္တဝါများအပေါ် အမှားအယွင်းရှိပါက တောင်းပန်ပါတယ် ... ကျွန်ုပ်တို့အဖွဲ့ကို စောင့်ရှောက်ပေးကြပါ"

ထူးဆန်းစွာပင် မဲတက်နေသည့်တိမ်လိပ်များကား ဆက်မမဲတော့ဘဲ ကောင်းကင်မှာတည်ငြိမ်သွားသဖြင့် တပ်ကြပ်မျိုးအောင် ပါးစပ်အဟောင်းသားနှင့် တအံ့တသြပင်။

"ဒီမှာနေတာကြာပြီ လူပြောသာများနေတာ တစ်ခါမှလက်တွေ့မကြုံဖူးဘူး၊ ခုမှပဲ ... ကြုံဖူးတော့တယ်"

မိုးသားတွေတည်ငြိမ်သွားပြီမို့ ကျော်ဇော တာဝါတိုင်ပေါ်မှ တပ်ကြပ်ကြီး ကျော်လွင်စိုးတို့အား ဆက်လုပ်ဆောင်ရွက်စေသည်၊

"ဆရာသမားတို့ ... ခပ်သွက်သွက်လုပ်ကြ၊ သတိလည်းထားကြဦး ... ခါးပတ်ပတ်ထားနော်"

တပ်ဆင်ရမည့်ပစ္စည်းများ တပ်ဆင်ပြီးချိန်တွင် တပ်ကြပ်ကြီးကျော်လွင်စိုး ဦးဆောင်ကာ စစ်သည်တစ်စု တာဝါတိုင်ပေါ်မှ ပြန်လည်ဆင်းသက်လာသည်။ သူတို့အားလုံး မြေပြင်ပေါ်ရောက်မှ ကျော်ဇော သက်ပြင်းချနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲခင်ဗျားတို့ကလည်းပြီးပြီဆိုတော့ ကျွန်တော့်အပိုင်းပဲကျန်တော့တယ်၊ ဆရာမျိုးအောင် ... မီးစက်နှိုးလိုက်တော့"

ပြောပြောဆိုဆိုနှင့် ကျော်ဇော တာဝါတိုင်ဆီမှ စက်ခန်းအတွင်းကို ပြေးဝင်လိုက်သည်။ ကဏ္ဍအသီးသီးတာဝန်ကျေပွန်ပြီမို့ သူတစ်ဦးတည်းရဲ့ တာဝန်သာ ကျန်တော့သည်။ တပည့်ကျော်တစ်စုလည်း ကျော်ဇောနှင့်အတူ အခန်းထဲကို လိုက်ဝင်ကာ သူလုပ်ဆောင်သမျှကိုကြည့်ရင်း စောင့်ဆိုင်းနေကြသည်။

"မြတ်မင်းဇော် ... ငါ့ ... ဒီကြိုးလေးတပ်ပေးစမ်းပါ × × × × × × မှာ"

ကျောပိုးအိတ်အတွင်းမှ Laptop တစ်လုံးကိုထုတ်ကာ ဆက်သွယ်မှု ကွန်ယက်ပစ္စည်းနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်သည်။ အားလုံးကတော့ ချောချောမွေ့မွေ့နှင့် ပြီးဆုံးသွားပြီမို့ ကျော်ဇော သက်ပြင်းကိုချရင်း တပည့်ကျော်တွေဘက်ကိုလှည့်ကာ ပြောချလိုက်သည်။

"ကဲ ... အားလုံး အဆင်ပြေတယ်"

သူ့စကားဆုံးတော့ အားလုံးရဲ့မျက်နှာတွေမှာ ဝင်းကနဲဖြစ်သွားကာ ပျော်သွားကြသည့်ပုံနှယ်။ ကွန်ပျူတာအလုပ်လုပ်ဆောင်ရန်အတွက် ခေတ္တမျှ စောင့်ဆိုင်းပြီးသွားသော်လည်း ဘာမျှထူးမခြားလာသေးသဖြင့် ကျော်ဇော ချွေးတွေပြန်လာသည်။

"ဗိုလ်ကြီး ... မဟုတ်သေးဘူးထင်တယ်နော်၊ ဒီအချိန်ဆို ... ဒီ မီးလေး လင်းရတော့မှာ"

စက်ခန်းအတွင်း ရပ်ကြည့်နေသည့် တပ်ကြပ်ကြီးကျော်လွင်စိုးလည်း သူ့အတွေ့အကြုံနှင့်ယှဉ်ကာ ဝင်ဆွေးနွေးသဖြင့် ကျော်ဇော ခေါင်းနပန်းကြီးသည်ထက် ကြီးလာသည်။ ကွန်ပျူတာ လုပ်ဆောင်မှုများကို ပြန်လည်စစ်ဆေးသော်လည်း မှားယွင်းမှုမတွေ့ရချေ။

"ဒါဆို ... နောက်တစ်ကြိမ် ထပ်လုပ်ကြည့်လိုက်မယ်ဗျာ"





ကျော်ဇော ကွန်ပျူတာနှင့် ထပ်မံချိတ်ဆက်ပြီး လုပ်ငန်းစဉ်များကို အစမှ ပြန်စလုပ်ဆောင်သည်။ အဆင့်တိုင်းအဆင့်တိုင်းမှာ ပုံမှန်အနေအထားဖြစ်နေပြီး ထူးခြားမှုမရှိဘဲ ပြီးဆုံးသွားသည်။

"ဆရာကျော်လွင်စိုး ... ဒီတစ်ခါတော့ အဆင်ပြေပြီထင်တယ်၊ ဒီမှာ Configure Successful တဲ့ ... ဒါမှ ... ခုနကလည်း ပြတာပဲဗျ"

ပြောမဲ့သာပြောလိုက်ရတာ ကျော်ဇောစိတ်ထဲ သိပ်ဘဝင်မကျလှ။ ထုံးစံအတိုင်း အချိန်အတိုင်းအတာတစ်ခုထိ စောင့်ဆိုင်းခဲ့သော်လည်း ပထမအကြိမ်ကလိုပင် ထူးမခြားပတ်ပျိုး ကပြန်သဖြင့် ကျော်ဇော ခေါင်းနပန်းကြီးလာသည်။

"မြတ်မင်းဇော် ... ကွန်ပျူတာလဲမယ်ကွာ၊ ငါ့ကျောပိုးအိတ်ထဲမှာပါတယ်။ နောက်တစ်လုံးထုတ်လိုက်"

အပြစ်ရှာမရသည်မို့ နောက်ထပ်ကွန်ပျူတာတစ်လုံးနှင့်ချိတ်ဆက်ကာ လုပ်ငန်းစဉ်များကို ပြန်လည်လုပ်ဆောင်ပြန်သည်။ ယခင်အကြိမ်တွေကလိုပင် အဆင့်တိုင်းမှာ ထူးခြားမှုမရှိဘဲ အောင်မြင်စွာနှင့် ပြီးစီးသွားသော်လည်း အဆင်မပြေသဖြင့် ကျော်ဇောအပါအဝင် အဖွဲ့သားအားလုံး စိတ်ဓာတ်ကျသွားကြသည်။

"ဟာ ... ဘယ်လိုဖြစ်တာတုံး၊ ခါတိုင်း ... ဗိုလ်ကြီးလုပ်ရင် ဒီ့ပြင်စက်တွေ ခဏလေးပါ ... ဒါကဘယ်လိုဖြစ်တာတုံး"

တစ်ယောက်တစ်ပေါက်နှင့် သူတို့အယူအဆတွေပြောနေကြသလို ကျော်ဇောခေါင်းထဲမှာလည်း အတွေးပေါင်းများစွာနှင့် ...

"မြတ်မင်းဇော် ... CDMA 450 ဖုန်းလေးပေးစမ်း၊ ငါ ... ဆရာသမားတွေဆီ ဖုန်းဆက်မေးကြည့်ဦးမယ်"

ကြံရာမရသည့်အဆုံး ဗိုလ်ကြီးကျော်ဇော ကျွမ်းကျင်သူ အရာရှိတွေဆီ ဖုန်းဆက်ကာ ဖြစ်ပျက်နေသည့်အကြောင်းအရာအားလုံးကို တိုင်ပင်ခဲ့သော်လည်း အချည်းနှီးပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းဟာ ဒါဆိုရှုရမှာလေ ... မရဘူးဆိုရင် တစ်ခုခုမှားနေလို့နေမှာပေါ့။ ပြန်စစ်ကြည့်ပါဦးဟ"

ဆိုသည့် ထင်မြင်ချက်တွေသာပေးကြသဖြင့် ကျော်ဇော စိတ်တွေရှုပ်ထွေးကာ အဖြေဘယ်လိုမှရှာမရ။ နိုင်ငံခြားသားပညာရှင်တွေဆီ ဖုန်းဆက်မေးတော့လည်း သူတို့ အားလုံးမှာ ကျော်ဇောကြုံတွေ့နေရသည့် အဖြစ်အပျက်ကို သေသေချာချာ အဖြေထုတ်မပေးနိုင်။ တစ်ခုခုမှားယွင်းနေသည်ဟု ဆို့ဆိုနေကြသည်။

"ဟာ ... နှီးထဲမှပဲ၊ ငါ့ပဲမှားနေတယ် ပြောနေကြတယ်။ ငါလည်း မမှားပါဘူးဟ။ ဒီဟာလုပ်လာတာ ၃ နှစ်လောက်ရှိနေပြီ။ ခဏခဏလည်း တိုက်စစ်ပြီးပြီ ... ဘာဖြစ်တာပါလိမ့်"

ဖုန်းဆက်စရာလူကုန်သွားပြီမို့ ကျော်ဇော စတေရှင်အတွင်း ခြေပစ်လက်ပစ်ထိုင်ချလိုက်ကာ ညည်းညူလိုက်သည်။

ပတ်ဝန်းကျင်တွင် မြူတွေဆိုင်းကာ လေအေးတွေ တိုက်ခတ်နေပေမဲ့ ကျော်ဇောတို့ဆရာတပည့်တစ်စုမှာ ချွေးတွေပြန်ရင်း ရင်ထဲမှာ ပူလောင်နေကြသည်။

"အစ်ကိုကြီး ... အဆင်ပြေလားခင်ဗျ"

အခန်းတွင်းကိုဝင်လာသော ခြေလျင်တပ်ခွဲမှူး စကားသံကြောင့် ကျော်ဇော ပိုပြီး အဖြေရကျပ်သွားသည်။

"အေးကွာ ... ဘယ်လိုပြောရမှန်း မသိပါဘူး"

ခေါင်းကိုတွင်တွင်ခါယမ်းရင်း ပြောလိုက်သော စကားသံအဆုံး တပ်ခွဲမှူးအရာရှိ မေးခွန်းထုတ်သည်။

"အရင် ... အစ်ကိုကြီး ဒီကိုရောက်ဖူးတယ်ဆို ... ဟိုဆရာကြီးပြောလို့၊ အဲ့တုန်းကကော ... ဘယ်လိုတုံးဗျ"

ရှုပ်ရှက်ခတ်နေသော အတွေးပေါင်းများစွာကား အဆိုပါအရာရှိရဲ့ မေးခွန်းကြောင့် ရှင်းလင်းသွားသည်။





"အေးကွ ... မင်းပြောမှသတိရတာ၊ အရင်အခေါက်တွေတုန်းကလည်း ဒီလိုပဲကွ။ ဘာဖြစ်မှန်းမသိတဲ့ ပြဿနာပေါင်းသောင်းခြောက်ထောင်၊ အဲ့ဘုန်းက ... ငါ ..."

ယခင်အတွေ့အကြုံများကို ကျော်ဇော ပြန်လည်မြင်ယောင်လာပြီး ဘုရားကုန်းပေါ်ကို ပြေးတက်သွားသည်။ သူ့ကို အားလုံးသော အရာရှိ၊ စစ်သည်တစ်စု နားမလည်သလိုကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

"အရှင်ဘုရား ... ဘုရားတပည့်တော်သည် လူမှန်းသိတတ်စကတည်းက ယခုချိန်ထိ × × × × × × × × × × × × × × မှန်သောသစ္စာစကားကြောင့် ဘုရားတပည့်တော်ကြုံတွေ့နေရသော ပြဿနာများ ပြေပျောက်ရပါလို၏"

ဘုရားကိုတိုင်တည်ပြီးသကာလမှာ ဘုရားကုန်းညာဘက်ရှိ ခေါင်းလောင်းကြီးချထားသည့်နေရာကိုသွားကာ ထပ်မံတိုင်တည်ပြန်သည်။

"ကျွန်ုပ် ... ပြန်တမ်းဝင်အမှတ် × × × × × × × × × × × × × × ကတိသစ္စာပြုပါ၏။ ယခုဆောင်ရွက်နေသောကိစ္စရပ်များ အောင်မြင်ပြီးမြောက်သွားပါက ယခုဒေသရှိမြင်အပ်မမြင်အပ်သော သတ္တဝါများရည်စူးကာ ရွှေတိဂုံစေတီတော်တွင် အလှူအတန်းဆောင်ရွက်ပေးပြီး အမျှဝေပါမည်"

ကျော်ဇောရဲ့စကားအဆုံးတွင် လေပြေအေးတစ်ချက်မှာ ဝေ့ကနဲတိုက်ခတ်သွားသလို ဘာမှန်းမသိသည့် ခံစားမှုတစ်ရပ်ကား ကျော်ဇောထဲစိမ့်သွားသည်။

"ဗိုလ်ကြီး ... အဆင်ပြေပြီဗျ၊ ဗိုလ်ကြီး ... အဆင်ပြေပြီ၊ ဆက်သွယ်မှုရပြီ"

စတေရှင်စက်ခန်းထဲမှ တပ်ကြပ်ကြီးကျော်လွင်စိုး ဆက်သွယ်မှုကွန်ယက်သုံး တယ်လီဖုန်းကိုကိုင်ဆောင်ကာ အော်ဟစ်ရင်း ဘုရားကုန်းကိုပြေးတက်လာသည်။

"ဟင် ... ဟုတ်လား ဆရာကျော်လွင်စိုး၊ တစ်ချက်ပြပါဦး"

ကျော်ဇော အတည်ပြုသည့်အနေဖြင့် တပ်ကြပ်ကြီးကျော်လွင်စိုးဆီက တယ်လီဖုန်းကိုယူကြည့်လိုက်တော့ ဆရာသမားပြောသလိုပင် အဆင်ပြေလို



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းတိုင် အပြည့်ဖြစ်နေပြီ။ ထပ်မံအတည်ပြုသည့်အနေဖြင့် ဖုန်းကိုယူကာ တပ်ရင်းမှူးဆီ ဖုန်းခေါ်ဆိုလိုက်တော့လည်း ဆက်သွယ်မှုမှာ ကောင်းလိုက်သည်ဖြစ်ခြင်း။

"ဟုတ်ကဲ့ ... တပ်ရင်းမှူး၊ ခုလေးလုံးပဲ ဆက်သွယ်မှုပြန်ရပါပြီခင်ဗျ"

လန့်ချီ ချိုပွင့်နေသည့် နော်တရာစတေရှင်ကြီးပြန်လည်ကောင်းမွန်သွားပြီဖြစ်သဖြင့် နော်တရာဒေသတစ်ဝိုက် ဆက်သွယ်မှုပြန်လည်ရရှိသွားသည့် ပီတိကား ဘာနှင့်မျှလဲလို့မရ။ ဆက်သွယ်ရေးစစ်သည်တိုင်းအတွက် ဝမ်းသာဂုဏ်ယူမှု အရှိဆုံး အခိုက်အတန့်ပင်။

"အေး ... ညီလေး ငါထင်ပါတယ် ... မင်းတက်သွားရင် အဆင်ပြေမှာပါဆိုပြီး"

ဒုမှူးကြီးအောင်ထွေးကတော့ ဖုန်းထဲမှနေ ကျော်ဇောကို ချီးမွမ်းခန်းဖွင့်နေသော်လည်း သူကိုယ်တိုင် စိတ်ထဲမလုံမလဲဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် ဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်များတွင် နည်းပညာပိုင်းဆိုင်ရာ လုပ်ဆောင်မှုနှင့် ကိစ္စမပြတ်သွားဘဲ ကတိစကားတစ်ခွန်းနှင့်သာပြန်လည်ကောင်းမွန်ခဲ့ခြင်းကြောင့်ဖြစ်သည်။

"အေးအေး ... မင်း လုပ်စရာရှိတာလုပ်ပြီး ပြန်ဆင်းလာလိုက်တော့၊ စတေရှင်တာဝန်ခံကိုလည်းသေချာမှာ × × × × × × × × × × × × × × × ×"

တစ်ဖက်က တပ်ရင်းမှူး ဒုမှူးကြီးအောင်ထွေး မှာစရာရှိတာကိုမှာပြီး ဖုန်းချသွားသည်။ ကျော်ဇော စတေရှင်တာဝန်ခံကိုခေါ်ကာ စက်ပစ္စည်းများနှင့် ပတ်သက်ပြီး အသေးစိတ်မှာကြားပြီးနောက် သတိရသည်မှာ ချစ်ရသောဖနီးသည်ဆီ ဖုန်းဆက်ဖို့ဖြစ်သည်။

"ဟယ်လို ... ကိုကို အဆင်ပြေလား"

အလိုက်သိတတ်လွန်းသည့် ချစ်ရသူပါလေ။ ဖုန်းစကိုင်ပြီး မေးခွန်းထုတ်လိုက်သည်ကား ကျော်ဇောအတွက် အားဆေးတစ်ခွက်ပင်။





"အင်း ... အဆင်ပြေတယ် သည်းသည်းလေး၊ ကိုကို ... တစ်ခုအကူအညီတောင်းမလို့၊ ကိုကို့ကို ... ရွှေတိဂုံဘုရားမနက်ဖြန်သွားပေး၊ ဘုရားမှာ ရွှေဆိုင်းလှူပေး၊ ပြီးတာနဲ့ ကိုကို့ဆီဖုန်းပြန်ဆက်ပေးနော်"

ကိုယ့်ဝမ်းနာကိုယ်သာသိမို့ ကျော်ဇော ကတိကိုအကောင်အထည်ဖော်ရန် ချစ်ရသောသူမကိုအကူအညီတောင်းမိသည်။ သူမကလည်း ချက်ချင်းပင် ကတိပြန်ပေးကာ ဖုန်းချသွားသည်။ ဘာပဲဖြစ်ဖြစ် တစ်ရန်အေးသွားလေပြီ။

"ကဲ ... အစ်ကိုကြီး ရေချိုးတန်းတပ်မနဲ့ တိုင်းကိုသတင်းပို့ပြီးသွားပြီ၊ ကိုညွှန့်ကားလည်းခေါ်ထားတယ်၊ အစ်ကိုတို့ ... ဒီနေ့ပြန်လွှတ်လိုက်ပါတဲ့"

အပျော်ပေါ်အပျော်ဆင့်စေမည့်စကားကား ခြေလျင်တပ်ခွဲမှူးအရာရှိလေးလာပြောသည့်စကားပင်။ စက်တပ်ဆင်ရေးအဖွဲ့ဝင် အားလုံးဝမ်းသာလွန်းသဖြင့် ကလေးတွေနှယ် ထအော်လိုက်ကြသည်။

"ဟေး ... နော်တရာစတေရှင်ကောင်းပြီ ဟေး ..."

ဗိုလ်ကြီးကျော်ဇောဦးဆောင်သော လှုပ်ရှားစက်တပ်ဆင်ရေးအဖွဲ့အပြန်ခရီးကား ပျော်ရွှင်ဖွယ်ရာအတိပင်။ စခန်းမှစထွက်ပြီး ရဟတ်ယာဉ်ဆင်းကွင်းအလွန် ညာဘက်ခြမ်းတွင်တွေ့ရသော အရုပ်တစ်ရုပ်ကြောင့် ကျော်ဇောအံ့အားသင့်သွားကာ ကားရပ်ခိုင်းမိသည်။

"ကားဆရာ ... ကားဆရာ၊ ခဏ ... ခဏရပ်ပေးပါ"

ကားရပ်သည်နှင့် ကျော်ဇော အပြေးကလေးဆင်းရင်း အဆိုပါအရုပ်ဆီကို ပြေးသွားကြည့်မိတော့ ရုပ်တုမှာ အဖြူရောင်အမျိုးသမီး ပုံစံငယ်တစ်ခု။ ပို့ပြီးထူးခြား သည်ကား ရင်ဘတ်မှာ အမျိုးသမီးဘော်လီတစ်ထည်ကိုဝတ်ဆင်ထားပြီး လက်မှာ ဟိန္ဒူအမျိုးသမီးများဝတ်ဆင်သည့် လက်ကောက်တွေကိုဝတ်ဆင်လျက်။

"ဗိုလ်ကြီး ... ဒါက ... ဒီတောင်စောင့်နတ်ရုပ်တုလေ၊ ဒီမယ်တော်က ... ဒီနော်တရာတောင်ကြီးကို စောင့်ရှောက်တယ်လို့ လူကြီးတွေပြောတာကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာ ကိုညွန့် ကျော်ဇောနားကိုလာရပ်ရင်း ရုပ်တုရဲ့ရာဇဝင်ကို ရှင်းပြသည်။

"ဒါကြောင့် ... ဒီတောင်ကို ကုလားမတောင်လို့လည်းခေါ်တယ် ... ဗိုလ်ကြီး"

ခေါင်းတွေ ချာချာလည်ထွက်သွားသလိုပင် ခံစားလိုက်ရသည်။ ရောက်ခါစညက ဘုရားတက်ရှိခိုးစဉ် ကြားလိုက်ရသည့်အသံကလည်း မြန်မာအသံထွက်မဟုတ်ဘဲ ပါဠိအသံထွက်လိုလို ဘာလိုလိုနှင့် လက်ကောက်သံတွေကလည်း ဆူညံနေသည်။ ယခု တိုက်တိုက်ဆိုင်ဆိုင်ပင် တွေ့ရသည်ကလည်း ဟိန္ဒူအမျိုးသမီးရုပ်တုတစ်ခု။ လောကကြီးကား ဆန်းကြယ်လှပေစွ။

"ဗိုလ်ကြီး ... ပြန်ကြရအောင်၊ မမှောင်ခင်အောက်ရောက်မှ အဆင်ပြေမယ်"

ဆက်စပ်တွေးခေါ်ရင်း ကျော်ဇောစိတ်ထဲ မယုံနိုင်စရာတွေကို တွေ့လာမိသဖြင့် ဘာမျှပြန်မပြောနိုင်လောက်အောင် စွံ့အရင်း ပြန်လည်လိုက်ပါလာခဲ့မိသည်မှာ ဘားအံမြို့ကို ပြန်လည်ရောက်ရှိသည်အထိပင်။ နော်တရာခရီးစဉ်ပြီးဆုံးပြီး ၁ ရက်အလွန်တွင်တော့ ချစ်ရသောဇနီးသည်မှာ ရွှေတိဂုံဘုရားတွင် အလှူအတန်းပြုပြီးကြောင်း ဖုန်းလာသဖြင့် အရာရှိရိပ်သာမှနေ နော်တရာတောင်ရှိ ပုဂ္ဂိုလ်များကိုရည်စူးရင်း အမျှဝေလိုက်သည်။

"အသင်တို့ကိုပေးတဲ့ကုသိုလ်အတိုင်း × × × × × × × × × × × အမျှ ... အမျှ ... အမျှ ..."

တိုက်ဆိုင်တာလား။ ဆန်းကြယ်တာလား မပြောတတ်။ အဆိုပါအချိန်မှစ ကျော်ဇော တပ်မပြောင်းခင်အချိန်ထိ နော်တရာစတေရှင်မှာ နောက်ထပ်အကြီးစား ပြင်ဆင်မှု မပြုလုပ်ရတော့၊ အသေးစားချို့ယွင်းမှုများကတော့ မကြာခဏဖြစ်ပျက်တတ်သည်။ ဒါပေသိ ... ဗိုလ်ကြီးကျော်ဇော ဖုန်းဖြင့်ကွပ်ကဲပြီး ဆောင်ရွက်ပေးလိုက်တိုင်း ပြန်လည်ကောင်းမွန်သွားသဖြင့် သူတို့အားလုံး သက်သာရရခဲ့သည်။

ကိုးလခန့်အကြာ ...





ဗိုလ်ကြီးကျော်ဇောတစ်ယောက် ဘားအံမှ တောင်ငူမြို့ရှိ ဆက်သွယ်ရေးတပ်သို့ ပြောင်းရွှေ့ရောက်ရှိတာဝန်ထမ်းဆောင်ရသည်မှာ တစ်နှစ်ပြည့်လုနီးပြီဖြစ်သည်။

"ဟယ်လို ... ဗိုလ်ကြီးလား၊ ကျွန်တော်ပါ ... မြတ်မင်းဇော်ပါ"

မမျှော်လင့်သောတစ်ရက်တွင် တပည့်ကျော် တပ်သားမြတ်မင်းဇော်ကား ဗိုလ်ကြီးကျော်ဇောထံ ဖုန်းလှမ်းဆက်ကာ သတင်းပို့သည့် ထူးဆန်းသည့်သတင်းတစ်ရပ်ရရှိလိုက်သည်။

"ဗိုလ်ကြီးရေ ... ဗိုလ်ကြီးပြောင်းပြီးနောက်တစ်နေ့ပဲ နော်တရာစတေရှင်ကြီး ပြန်ပျက်သွားလို့"

လောကတွင် နည်းပညာနယ်ပယ်ကိုကျော်လွန်ပြီး လုပ်ဆောင်နိုင်ခဲ့သည့်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များစွာရှိသည့်အနက် နော်တရာတောင်ပေါ်မှ ပုစ္ဆာကတော့ ယနေ့အချိန်ထိ ခေါင်းခဲနေရဆဲပင်။


(ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် နော်တရာတောင်ပေါ်တွင် စက်တပ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့စဉ်က အဖြစ်အပျက်အား ဇာတ်လမ်းဆင်ရေးသားထားခြင်းဖြစ်သည်။)



မင်းထက်ကျော်ဇော

www.burmeseclassic.com

www.burmeseclassic.com




# နယ်စည်းမခြား သံယောဇဉ်

"..........."

"ကျော်စွာ၊ ရှေ့ကချောင်းလေးဖြတ်ပြီးရင် ရွာဝင်ပြီနော်။ ဖြည်းဖြည်းချင်းတိုးပြီး သတိထားသွား။ ဆရာကြီးရှာကျဲအိုကို ငါအားလုံးမှာထားပြီးသား။ ပွိုင့်အဖွဲ့ သေချာသတိထားပါ။ လုံးဝ မပေါ့ပါနဲ့"

တပ်စုမှူး ဗိုလ်ကြီးဗညားအောင်က သူ့ပွိုင့်တပ်စုကို မှာစရာရှိတာမှာပြီး တပ်ရင်းမှူးအမိန့်ရသည်နှင့် စစ်ကြောင်းဆက်ထွက်လာခဲ့ကြသည်။ မြေပုံပေါ်မှာတော့ ချောင်းကိုဖြတ်ပြီးလျှင် ရွာရောက်ပေပြီ။ မြေပြင်မှာတော့ အုပ်ဆိုင်းနေသောတောအုပ်ကြောင့် ရွာကိုမမြင်ရသေး။ ဒါသည်ပင် မြေပုံ၊ မြေပြင်ကွဲလွဲချက် မဟုတ်ပါလား။

ချောင်းနားရောက်သော် စစ်ကြောင်းခေါင်းရပ်ကာ ကင်းနေရာချ၍ ချောင်းကိုတစ်ဖွဲ့ချင်းဖြတ်ကူးကြသည်။ ချောင်းတစ်ဖက်ကမ်းရောက်သည့်အဖွဲ့ကလည်း ပတ်လည်ရှင်းလင်းနေရာယူထားလိုက်ကြသည်။ နေရာယူထားရင်း



www.burmeseclassic.com

www.burmeseclassic.com



တပ်စုမှူး ဗိုလ်ကြီးဗညားအောင်က မြေပုံကြည့်ကာ နောက်ကနေလိုက်လာသည့် တပ်ရင်းမှူးကို အခြေအနေတင်ပြလိုက်သည်။

"တပ်ရင်းမှူး ... ဒီတောအုပ်လေးကျော်ရင်တော့ ရှမ်းနားလုံရောက်ပါပြီ။ ရွာကိုတော့ ရှောင်သွားလို့မရဘူး၊ ရှောင်သွားရင် လမ်းကြောင်းလွဲပြီး ကချင်နားလုံဘက်ရောက်သွားရင် အခြေအနေ ဆိုးသွားနိုင်ပါတယ်။ ဒီနစ်ရွာက ကပ်နေတာပါ။ နားလုံစခန်းကလည်း ရှမ်းနားလုံရွာနဲ့သိပ်မဝေးတဲ့ ကုန်းလေးမှာမို့လို့ပါ။ ရွာထဲကထွက်ပြီး လယ်ကွင်းနဲ့ တောအုပ်လေးကျော်လိုက်ရင် ရောက်ပါတယ်"

ဗိုလ်ကြီးဗညားအောင်က တပ်ရင်းမှူးကို သေသေချာချာရှင်းပြလိုက်သည်။ မရှင်းပြလို့မရ၊ တပ်ရင်းမှူးက လွန်ခဲ့တဲ့ရက်ကမှ အသစ်ရောက်လာသော တပ်ရင်းမှူးဖြစ်သည်။ ကချင်ပြည်နယ်အကြောင်း သိပ်မကျွမ်းကျင်သေး။ သူတို့တပ်ရင်းကတော့ ဒီဒေသမှာလှုပ်ရှားနေတာ တစ်နှစ်ခန့်ပင်ရှိချေပြီ။ ဒါကြောင့် ဘယ်နေရာမှာ ဘာရှိသည်ဆိုတာ အလွတ်နီးပါးရနေကြသည်။ တပ်ရင်းမှူးက ဂရုစိုက်သွားရန်၊ ဖြည်းဖြည်းချင်း အခြေအနေကြည့်သွားရန်နှင့် ရွာအဝင်အထွက်ဂရုပြုရန်မှာကြားကာ စစ်ကြောင်းဆက်ထွက်စေသည်။

"အရာရှိအားလုံး ဗျူဟာမှူးကြီးကတွေ့မယ်တဲ့၊ တပ်ရင်းကိုအသစ်ပြောင်းလာတဲ့ တပ်ရင်းမှူးနဲ့လည်း မိတ်ဆက်ရင်းတဲ့"

ဗိုလ်ကြီးဗညားအောင်တို့တပ်ရင်းက ဗျူဟာပတ်ဝန်းကျင်လှုပ်ရှားရင်း နယ်မြေစိုးမိုးရေးဆောင်ရွက်နေကြပြီး ရိက္ခာထုတ်ရန် ဗျူဟာကုန်းသို့ပြန်အရောက်တွင် ဒုတိယတပ်ရင်းမှူးကပြောလိုက်ခြင်းဖြစ်သည်။ အားလုံး ဗျူဟာကုန်းသို့တက်လာကြပြီး ဗျူဟာမှူးထံသတင်းပို့ရာ ဗျူဟာမှူးက တပ်ရင်းကို





အသစ်ပြောင်းရွှေ့လာသည့် တပ်ရင်းမှူးနှင့်မိတ်ဆက်ပေးပြီး နယ်မြေအခြေအနေများကို ပြောပြသည်။

ဆက်လက်ပြီး တပ်ခွဲတစ်ခွဲ စိုးမိုးအခြေပြုထားသည့် နားလုံစခန်းတွင် ရိက္ခာနည်းပါးနေပြီဖြစ်ကြောင်း၊ သောင်းကျန်းသူတို့ကလည်း စခန်းကို အဖက်ဖက်ကနေပိတ်ဆို့ကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နေ့စဉ်လိုလို နှောင့်ယှက်ပစ်ခတ်နေကြောင်း၊ ၎င်းစခန်းကိုရိက္ခာ၊ ခဲယမ်းများဖြည့်တင်းရန်အတွက် နားလုံလမ်းကြောင်းကို ရိက္ခာပို့ဖူးသည့် သူတို့တပ်ရင်းကို တာဝန်ပေးအပ်လိုကြောင်း၊ သတိကြီးကြီးထားကာ ဆောင်ရွက်ရန်လိုကြောင်း၊ အမြန်ဆုံးဖြစ်စေရန် နောက်တစ်နေ့မနက် စတင်ထွက်ခွာကြရန်ကိုပါ မှာကြားလိုက်လေသည်။

"ဆရာကြီးရှာကျဲအို၊ တို့တပ်စုက အဖွဲ့တွေအားလုံး ရိက္ခာ၊ ခဲယမ်း အသင့်ဖြစ်ပြီနော်"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ အားလုံးအသင့်ပါပဲ"

"အဲ့ဒါဆိုရင် မနက် ၄ နာရီ အားလုံးအသင့်လို့ပြောလိုက်ပါ၊ တို့တပ်စုက ပွိုင့်ဖြစ်မယ်နော်"

ဗိုလ်ကြီးဗညားအောင်က မှာစရာရှိတာမှာပြီး တဲအတွင်းဝင်လိုက်တော့ တပည့်ကျော်ကျော်စွာက သေနတ်တိုက်နေရင်း -

"ဗိုလ်ကြီး၊ ဒီတစ်ခေါက် နားလုံကတော့ သိပ်လွယ်မယ်မထင်ဘူးနော်၊ ဟိုကောင်တွေက နေရာအနှံ့ပိတ်ထားတဲ့သဘောဖြစ်နေတာ"

"မလွယ်တော့လည်း ဘာဖြစ်လဲဟ၊ သူချကိုယ်ချပေါ့။ ဘာလဲ မင်းမလိုက်ရဲဘူးလား။ မလိုက်ရဲရင် ဗျူဟာမှာကျန်နေခဲ့လေ၊ ငါပြောပေးမယ်"

ဗိုလ်ကြီးဗညားအောင်က သူ့တပည့်ကျော်အကြောင်းသိ၍ တမင်ကလိလိုက်သည်။

"ဟား ... ဟား ... ဟား ... ဗိုလ်ကြီးရာ၊ ကျော်စွာ့အကြောင်း ဗိုလ်ကြီးသိပါတယ်။ အများကြီးမပြောတော့ဘူးနော်၊ ဟောဒီအရစ်ကိုကြည့်လိုက် စက်ချုပ်မဟုတ်ဘူး၊ လက်ချုပ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက သူ့လက်မောင်းကအရစ်တစ်ရစ်ကိုပြရင်းပြန်ပြောသည်။ သူက အရင်တိုက်ပွဲများတွင် ရန်သူ့အလောင်း၊ လက်နက်ရအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက်စစ်မြေပြင်အဆင့်တိုးရထားသူဖြစ်သည်။ ကျော်စွာက တပ်ခွဲ (၃) က စစ်သည်ဖြစ်ပြီး တပ်ခွဲရှိ တပ်စုမှူးဖြစ်သူ ဗိုလ်ကြီးဗညားအောင်နှင့် တောက်လျှောက်တွဲလာခဲ့ကြသူတွေဖြစ်ကာ နောက်တန်းရော ရှေ့တန်းတွင်ပါ တပ်စုမှူး၏ လက်စွဲတော်ဖြစ်သည်။

ကျော်စွာ၏ သတ္တိရှိမှု၊ အလိုက်သိမှုနှင့် လိမ္မာပါးနပ်မှုတို့က သူနှင့် တပ်စုမှူးဗိုလ်ကြီးတို့အကြားတွင် ညီရင်းအစ်ကိုပမာ သံယောဇဉ်တွယ်ခဲ့ကြခြင်းလည်းဖြစ်သည်။ စလိုက် နောက်လိုက်၊ ရယ်လိုက် မောလိုက်ဖြင့် အမြဲလိုလို ပြုံးပျော်နေကြသော ဆရာတပည့်နှစ်ဦးဖြစ်သည်။ အခုလည်း သူ့ဗိုလ်ကြီးက တမင်ကလိသောကြောင့် အားကျမခံ ရှေ့တန်းတွင် လက်ချုပ်‌.ချုပ်ထားသည့် အရစ်လေးကိုပြရင်း ပြန်ပြောခြင်းပင်ဖြစ်သည်။

"အေးပါကွာ ... ကြွားပါကြွားပါ၊ မင်းမှာလည်း ကပ်ကြွားစရာ ငါပဲရှိတာကိုး၊ ဟား ... ဟား ..."

"ဟဲဟဲ ... ဒါနဲ့ ဗိုလ်ကြီးဓားမြှောင်ရော မတွေ့တော့ဘူး"

"အေး ... ပျောက်တယ်၊ မနေ့က ဗျူဟာကိုပြန်လာတော့ ငါတို့ချောင်းကူးတဲ့အချိန်လေ ... ပြုတ်ကျခဲ့တာ ငါမသိဘူး၊ ဒီရောက်မှသိတယ်၊ နမျောလိုက်တာကွာ။ အဲ့ဓားလေးက ငါ့ဒုဗိုလ်တည်းက ကိုင်လာတဲ့ဓားလေးကွ"

"မပူပါနဲ့ဗိုလ်ကြီးရာ ... ကျွန်တော့်ဓားလေးပေးခဲ့ပါမယ်"

"ဟ ... ပေးခဲ့မယ်ဆိုတော့ မင်းကဘယ်သွားမှာမို့လို့လဲ"

"ဗိုလ်ကြီးမသိသေးဘူးဘဲ၊ ညနေကရိက္ခာထုတ်တဲ့အချိန် ဗျူဟာဆက်သွယ်ရေးကဆရာပြောပြတာ၊ မင်းတပ်ရင်းကမင်းကိုသင်တန်းထည့်ထားတယ်၊ နောက်တန်းမှာလည်း တက်စရာလူမရှိတော့ဘူး၊ တပ်မ.ကလည်း ရွေးထားပြီးပြီတဲ့၊ နောက်လပေးအဖွဲ့နဲ့ ပြန်ရမယ်တဲ့။ အဲဒီ ရွှေပါးစပ် ငွေပါးစပ်လေးကို ဆေးပေါ့လိပ်နှစ်လိပ်တောင် တိုက်ပစ်ခဲ့သေးတယ် ဟဲဟဲ ..."





"ဟ ... မိုက်လှချည်လားဟ၊ ဒါနဲ့ ငါပေးမှဆေးလိပ်သောက်ရတဲ့သူက ဘယ်ကဆေးလိပ်ရလို့ နှစ်လိပ်တောင်တိုက်လိုက်တုံး"

"ဟီး ... ဟိုလေ ... ဗိုလ်ကြီးကျောပိုးအိတ်ဘေးမှာ ကပ်ချုပ်ထားတဲ့လေ ... ပစ္စည်းစုံအိတ်လေးလေ ... အဲ့ထဲကထုတ်ပေးလိုက်တာ ... ဟီးဟီး ..."

"ဘာ ... များသွားပြီ၊ အဲ့ဒါ မင်းနဲ့ငါသောက်ဖို့ စကေးနဲ့ထားတဲ့ရွှေဟင်္သာရ။ နောက်နေ့ ငါ့ဆီက ဆေးလိပ်တောင်းဖို့မစဉ်းစားနဲ့ သေမယ်သာမှတ်"

ပြောရင်းဆိုရင်း ဗိုလ်ကြီးဗညားအောင်က လက်သီးရွယ်ကာ လိုက်ထိုးလေတော့ ကျော်စွာတစ်ယောက် ရယ်မောရင်း တဲအပြင်ထွက်ပြေးသွားတော့သည်။ ရဲဘော်အချင်းချင်းရဲ့မေတ္တာတရားတွေရောယှက်နေတဲ့ကြည်နူးမှုလေးတွေပါပဲလေ။

●

နားလုံရွာက အိမ်ကြီးအိမ်ကောင်းတွေချည်းဖြစ်သော်လည်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် လူသူမရှိဘဲ တိတ်ဆိတ်ခြောက်ကပ်လျက်။ အေးချမ်းတည်ငြိမ်ခဲ့စဉ်ကာလကဆို ပျော်စရာကောင်းသောနေရာလေး ဖြစ်ပေမည်ဟု ဗိုလ်ကြီးဗညားအောင်တွေးရင်း ရွာလမ်းတစ်လျှောက် ရှင်းလင်းချီတက်လာခဲ့သည်။ ဟိုး ... မြောက်ဘက်ဆီလှမ်းကြည့်လိုက်တော့ စိမ်းညို့ညို့တောင်တန်းကြီးရဲ့ ဆင်ခြေလျှောမှာ နားလုံစခန်းကိုတွေ့လိုက်ရသော် စစ်သည်အားလုံး ပျော်ရွှင်တက်ကြွနေတော့သည်။ ပျော်ကြပေမပေါ့ ... ဒီစခန်းကို ရိက္ခာပို့ဖို့က အားလုံးရဲ့ရည်မှန်းချက်ပင် ဖြစ်သည်လေ။

နားလုံရွာဘုန်းကြီးကျောင်းရောက်သော် စီမံချက်အတိုင်း ဖြတ်တောက်ရေးတပ်ခွဲတစ်ခွဲချန်ကာ တပ်ရင်းမှူးဦးစီးအဖွဲ့က ဆက်ထွက်လာခဲ့ကြသည်။ ရွာအလွန်လယ်ကွင်းစပ်ကိုဖြတ်ကာ တောအုပ်အစပ်ရောက်သည်အထိ ဘာမှထိတွေ့မှုမရှိ၍ ဗိုလ်ကြီးဗညားအောင်စိတ်ထဲတွင် တထင့်ထင့်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချောချောမွေ့မွေ့အောင်မြင်မည်လား၊ ဘယ်လိုအခြေအနေများဖြစ်လာမလဲဆိုတာတွေးရင်း သတိထားပြီး တဖြည်းဖြည်းရှင်းကာ တိုးလာခဲ့ကြသည်။ တောအုပ်အစပ်မှထွက်ကာ နားလုံစခန်းနှင့် အဆက်အသွယ်ယူပြီး စခန်းဆီ ဦးတည်လိုက်ချိန် –

"ဂျိမ်း ... ဂျိမ်း ..."

"တောက် ... တောက် ... တောက် ..."

"ဖောင်း ... ဖောင်း ... ဖောင်း ..."

ညာဘက်ကျောပေါ်ကရန်သူသည် ရိုမှဒ်မိုင်းများခွဲပြီး လက်နက်ငယ်များဖြင့် ပွိုင့်ကိုစပစ်တော့သည်။ ပွိုင့်အဖွဲ့နေရာယူစရာ အကာအကွယ်က ကျည်ကွယ်မရှိဘဲ မျက်ကွယ်များသာဖြစ်နေသည်။ နစ်ဖက်အပြန်အလှန်ပစ်ခတ်ကြပြီး နောက်ချန်ဖြတ်တောက်ရေးအဖွဲ့ကလည်း လက်နက်ကြီးပစ်ကူပေး တိုက်နိုက်ကြသည်။

"ကျော်စွာ ... ကျော်စွာ ... သိပ်အတင့်မရဲနဲ့ အခြေအနေကြည့်၊ အကာအကွယ်ယူထား၊ ဆရာကြီးရှာကျဲအိုအဖွဲ့တွေကိုရှေ့တာအားမထွက်စေနဲ့၊ နောက်နည်းနည်းဆုတ်ပြီး အကာအကွယ်ရတဲ့နေရာကနေပစ်နိုင်း"

ဗိုလ်ကြီးဗညားအောင်က အတင်းတက်ပစ်နေသည့် ကျော်စွာကို အတင့်မရဲဖို့လှမ်းအော်ရင်း အကာအကွယ်ယူထားကြဖို့မှာနေသည်။ တိုက်ပွဲက မိနစ်နှစ်ဆယ်ခန့်အကြာတွင် ရန်သူ့အသံနည်းနည်းပါးသွား၍ တပ်ရင်းမှူးထံ အခြေအနေတင်ပြကာ ညာဘက်တောင်ကျောစောင်းပေါ်ပစ်တက်.တက်ရင်း ကျားထိုးတက်ကြသည်။

"တက် ... ဒုန်း ... ဒုန်း ... ဒုန်း"

"ကျား ..."

"ဖောင်း ... ဖောင်း ... ဖောင်း ..."

နစ်ဖက်အနီးကပ်ပစ်ခတ်မှုများမှာ ဆူညံပေါက်ကွဲနေတော့သည်။ ရန်သူနေရာယူထားသည့် ပစ်ကျင်း ၄ ကျင်းခန့်ရှိပြီး နစ်ဖက်အပြန်အလှန် ပစ်ခတ်နေကြဆဲ –





"ဖောင်း ... ဂျိမ်း ..."

ပြင်းထန်လှသည့် ၅၇မမ နောက်ပွင့်ဒုံးသီး ကျရောက်ပေါက်ကွဲသံကြားလိုက်ရပြီး ဗိုလ်ကြီးဗညားအောင်မျက်လုံးထဲမှာ အရာအားလုံး ဝေဝါးလျက် ...

●

"ရေ...ရေ...ရေသောက်ချင်တယ်၊ ရေပေးပါ...အား...ကျွတ်ကျွတ်..."

"ဗိုလ်ကြီး၊ သတိရပြီလား၊ သိပ်မလှုပ်နဲ့နော်၊ ဗိုလ်ကြီးခြေထောက်နှစ်ဖက်စလုံးနဲ့ ညာဘက်လက်ပြင်မှာ လက်နက်ကြီးစတွေမှန်ထားတာ၊ ဘာမှ စိုးရိမ်စရာတော့ မရှိပါဘူး"

"ဆရာကြီးရှာကျဲအို၊ ကျွန်တော် ဘယ်ရောက်နေတာလဲ၊ ဆရာကြီးရော ဘာဖြစ်သွားသေးလဲ"

"ခုက နားလုံစခန်းမှာပဲရှိသေးတယ်ဗိုလ်ကြီး၊ လက်နက်ကြီးကျတော့ ကျွန်တော့် ဘယ်ဘက်လက်မောင်းကို အစနစ်စဝင်သွားတယ်၊ အေးဆေးပါ။ အဲ့ဒါကြောင့် ဗိုလ်ကြီးသတိရရင် လုပ်စရာရှိတာလုပ်ပေးဖို့ အနားမှာနေနေတာပါ"

"ကျန်တဲ့သူတွေရော ဘာဖြစ်သွားသေးလဲ"

"ဗိုလ်ကြီးနဲ့ ကျွန်တော်အပါအဝင် ၇ ယောက် ဒဏ်ရာရတယ်။ နည်းနည်းဆိုးတာကတော့ ဗိုလ်ကြီးတပည့် ကျော်စွာပါ။ သူက အောက်ပိုင်းတစ်ပိုင်းလုံး အစတွေဝင်သွားတာမနည်းတော့ လမ်းလည်းမလျှောက်နိုင်ဘူး။ သူတို့ကို စခန်းတောင်ဘက်ခြမ်းက တဲထဲမှာထားထားတယ်"

"..........."

"ဗိုလ်ကြီးသတိရလာတာ တပ်ရင်းမှူးဆီ ကျွန်တော် သတင်းသွားပို့လိုက်ဦးမယ်၊ ဗိုလ်ကြီးသတိရရင်လာပြောပါတဲ့ မှာထားလို့"

"ဟုတ်ကဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ တပ်ရင်းမှူးရောက်လာပြီး အားပေးစကားပြောကာ နောက်နေ့မနက်တွင် နောက်ထပ်တပ်ရင်းတစ်ရင်းလာပေါင်းကာ ဖျူဟာသို့ပြန်ပြီး လူနာတွေကို ရဟတ်ယာဉ်ဖြင့်လာခေါ်မည်ဖြစ်ကြောင်း ပြောပြသည်။

"ကဲ ... ကိုယ့်ညီလည်းနားလိုက်ဦး၊ ကိုယ်လည်း စီစဉ်စရာရှိတာ စီစဉ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ တပ်ရင်းမှူး"

ဗိုလ်ကြီးဗညားအောင်တစ်ယောက် သူ့ဒဏ်ရာထက် သူ့တပည့်ကျော်စွာကိုစိုးရိမ်နေပြီး အခြေအနေကောင်းပါစေဟု ဆုတောင်းပေးနေမိသည်။ ဆရာကြီးရှာကျဲအိုကျွေးသည့် ခေါက်ဆွဲပြုတ်အနည်းငယ်သောက်ပြီး မှိန်းနေလိုက်ရာ ဘယ်လောက်ကြာသွားသည်မသိ -

"ဗိုလ်ကြီး ... ဗိုလ်ကြီး ..."

နားထဲတွင် ခေါ်သံကြား၍ မျက်လုံးဖွင့်ကြည့်လိုက်ရာ ဝါးချိုင်းထောက် ၂ ချောင်းထောက်လျက် တပည့်ကျော်ကြီး ကျော်စွာ။

"ဟာ ... ကျော်စွာ၊ မင်းအခြေအနေမကောင်းဘူးဆိုလို့ ငါ့မှာစိုးရိမ်လိုက်ရတာကွာ၊ ခုကျမင်းက လမ်းတောင်လျှောက်နိုင်တာပဲဟ၊ လာထိုင်ကွာ ... ငါတော့မထနိုင်သေးဘူးကွ"

"မထိုင်တော့ပါဘူးဗိုလ်ကြီးရာ ... ဆေးလိပ်တအားသောက်ချင်လို့ လာတောင်းတာပါ"

"ဟေ့ကောင် ... မင်းဒဏ်ရာရထားတာ ဆေးလိပ်သောက်လို့ရမလားကွ"

"တအားသောက်ချင်နေလို့ပါ၊ နည်းနည်းတော့တိုက်ပါဗျာ ... နော်"

"မင်း ... နည်းနည်းပဲသောက်နော်၊ အများကြီးမသောက်နဲ့"

"စိတ်ချပါ၊ ကျွန်တော် နည်းနည်းပဲသောက်မှာပါ"

"အဲ့ဒါဆို ငါ့ကျောပိုးအိတ်က မင်းနှိုက်နေကျအိတ်ထဲမှာ တစ်လိပ်ယူသွား၊ အများကြီးမသောက်နဲ့ နေပြန်ကောင်းမှသောက် ကြားလားတပည့်၊ ဒဏ်ရာလည်းဂရုစိုက်ဦးနော် သွားသွား ပြန်နားတော့"





"ဟုတ်ကဲ့ဗိုလ်ကြီး"

ဟုဆိုကာ ပြန်ထွက်တော့မည်လုပ်ပြီးမှ ပြန်လှည့်လာပြန်သည်။

"ဘာကျန်ခဲ့လို့တုံးဟ"

ဟု ဗိုလ်ကြီးဗညားအောင်က မေးလိုက်ရာ -

"ဘာမှမကျန်ခဲ့ပါဘူး၊ ကျွန်တော် ဗိုလ်ကြီးကိုပေးမယ်ဆိုတဲ့ ဓားလေးပေးခဲ့မလို့ပါ"

"အေးဆေးမှပေးလည်းရပါတယ်ကွာ၊ နောက်မတွေ့ရမယ့်လူတွေကျနေတာပဲ"

"နောက်တွေ့တာမတွေ့တာထားပါ ဗိုလ်ကြီးရာ... ခုပေးခဲ့လိုက်မယ်"

ကျော်စွာက ပြောပြောဆိုဆို ပါလာသောဓားမြှောင်လေးကို ဗိုလ်ကြီးဗညားအောင်ကျောပိုးအိတ်ထဲ ထည့်ပေးနေသည်။ ပြီးတော့မှ -

"ဗိုလ်ကြီး ကျွန်တော်သွားပြီနော်"

ဟုဆိုကာ ချိုင်းထောက်.ထောက်လျက် ဖြည်းဖြည်းချင်း ထွက်သွားတော့သည်။

သူ့ခများလည်း ဒဏ်ရာမသက်သာတဲ့ကြားက ငါ့ဆီဒုက္ခခံပြီးလာတာ၊ ငါ့ကို တော်တော်သံယောဇဉ်ရှိရှာတာပဲဟု တွေးကာ ဗိုလ်ကြီးဗညားအောင်တစ်ယောက် ကြည်နူးမျက်ရည်များပင် ဝေ့ဝဲလာမိသည်။

"အား ... ကျွတ် ... ကျွတ် ..."

ဒဏ်ရာတွေက တဆစ်ဆစ်ကိုက်ခဲမှုကြောင့် ဗိုလ်ကြီးဗညားအောင် အိပ်ရာကလန့်နိုးလာသည်။ လက်ပတ်နာရီက မနက် ၃ နာရီ မိနစ် ၃၀ ကို ညွှန်ပြနေပြီး တဲတစ်ဖက်ခြမ်းကွပ်ပျစ်မှာတော့ တပ်ကြပ်ကြီးရှာကျဲအိုက အိပ်ပျော်ကျလျက်။ ဆရာကြီးရှာကျဲအိုကိုနှိုးကာ ရေအနည်းငယ်တောင်းသောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာလာသွားသည့်အကြောင်း မနက်မှအေးအေးပြောတော့မည်ဟုတွေးကာ ပြန်အိပ်နေလိုက်တော့သည်။

ဆူညံဆူညံအသံများကြောင့် ဗိုလ်ကြီးဗညားအောင် အိပ်ရာနိုးလာတော့ မနက် ၇ ပင်ခွဲချေပြီ။ အသံများကိုနားစွင့်လိုက်ရုံနှင့် နောက်ထပ်တပ်ရင်းတစ်ရင်း ရောက်နေပြီဖြစ်ကြောင်း သိလိုက်သည်။ သူတို့လည်း တစ်ညလုံးချီတက်လာကြခြင်းဖြစ်ပေလိမ့်မည်။ တစ်ဦးဒုက္ခရောက်စဉ် နောက်တစ်ဦးက အသက်ပေးကူညီစောင့်ရှောက်ကြသူတွေဟာ တို့ရဲဘော်ရဲဘက်တွေပါပဲလားဟုတွေးလိုက်မိသည်။ ထိုစဉ် ဆရာကြီးရှာကျဲအို တဲထဲဝင်လာပြီး -

"ဗိုလ်ကြီးအတွက် ခေါက်ဆွဲသွားပြုတ်နေတာ၊ နောက်တပ်ရင်းတစ်ရင်းရောက်နေပြီ ဗိုလ်ကြီးရေ"

"ဟုတ်ကဲ့ ... ဆရာကြီး၊ ဒါနဲ့ညကဆရာကြီးအိပ်နေတုန်း ကျော်စွာလာသွားသေးတယ်"

"ဗျာ ... ဘယ်လို ... ဘယ်အချိန်လာတာတုံး ဗိုလ်ကြီး"

"ဆရာကြီးကို ညက ကျွန်တော်ရေတောင်းသောက်တဲ့ရှေ့လေးတင်ပဲလေ"

တပ်ကြပ်ကြီးရှာကျဲအို တုန်လှုပ်စွာဖြင့် -

"ဗျာ ... ကျွန်တော် ဗိုလ်ကြီးကိုညကတည်းကပြောမလို့၊ အိပ်နေလို့မနက်မှပြောတော့မယ်တွေးထားတာ။ ကျော်စွာ ဆုံးသွားပြီ ဗိုလ်ကြီး"

"ဗျာ ..."

ဒီတစ်ခါ ဗျာရသူက ဗိုလ်ကြီးဗညားအောင်။

"ဟုတ်လားဆရာကြီး၊ ဘယ်အချိန်ဆုံးသွားတာလဲဗျာ။ ဟုတ်ရောဟုတ်ရဲ့လား။ ညက ကျွန်တော့်ဆီလာတာ ချိုင်းထောက်နဲ့အကောင်းကြီးနော်။ စကားပြောရင်း ဆေးလိပ်တောင်းလို့ပေးလိုက်ပြီးတော့ သူ့ဓားမြှောင်ကိုတောင် ကျွန်တော့်ကျောပိုးအိတ်ထဲ ထည့်ပေးသွားသေးတယ်"

"ဟုတ်ပါတယ်ဗိုလ်ကြီးရယ် ... ညကသူဆုံးတော့ ၁၁ နာရီ၄၅လောက်ရှိပါပြီ၊ ကျွန်တော်သွားကြည့်ပြီးပြန်လာတော့ ဗိုလ်ကြီးအိပ်နေလို့ မနက်မှပြော





မယ်တွေးထားတာ။ ညက ရေတောင်းသောက်တော့လည်း ဗိုလ်ကြီးအိပ်ရေးပျက်မှာစိုးလို့ မပြောတာပါ"

ဗိုလ်ကြီးဗညားအောင် တော်တော်တွေဝေသွားသည်။ သူအိပ်မက်မက်တာလား၊ တကယ်လား ဝေခွဲလို့လုံးဝမရချေ။ သူ တစ်စုံတစ်ခုကို သတိရသွားပြီး -

"ဆရာကြီး၊ ကျွန်တော့်ကျောပိုးအိတ်ကိုဖွင့်ဗျာ။ ကျော်စွာ့ဓားမြှောင်ရှာကြည့် ရှိလားလို့"

"ဟုတ်ကဲ့"

တပ်ကြပ်ကြီးရှာကျဲအိုက ပြောပြောဆိုဆို ကျောပိုးအိတ်ဖွင့်ရှာရာ သိပ်မရှာလိုက်ရ၊ ကျော်စွာ့ဓားမြှောင်လေးက သပ်ရပ်သောသစ်သားဓားအိမ်လေးဖြင့် ထွက်လာသည်။

"..............."

နှစ်ယောက်သား ဘာစကားမှပင်မပြောနိုင်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဆွံ့အ.ငြိမ်သက်သွားကြသည်။ ခဏကြာမှ ဗိုလ်ကြီးဗညားအောင်က -

"ဆရာကြီး ထပ်ကြည့်ဦးဗျာ၊ ကျွန်တော့်ပစ္စည်းစုံအိတ်လေးထဲမှာ ဆေးလိပ် ၂ လိပ်ချန်ထားတာ ကျန်သေးလားလို့"

"..............."

"ဗိုလ်ကြီး ... ၁ လိပ်ပဲ တွေ့တော့တယ်"

"ဟင် ..."

ထူးဆန်းလှပေစွ။ ညကတည်းကဆုံးသွားတဲ့သူက မနက် ၃ နာရီခွဲခန့်မှာ တကယ်လာသွားခဲ့သလား။ အိပ်မက်ဆိုရင်လည်း ဓားမြှောင်နှင့်ဆေးလိပ်က ဘယ်လိုမှအိပ်မက်မဖြစ်နိုင်။ တကယ်လားဆိုပြန်တော့လည်း သူဆုံးချိန်နှင့် လာသွားသည့်အချိန်က ကွဲလွဲနေပြန်သည်။ စဉ်းစားရင်း သူ ခေါင်းခြောက်လာသည်။ လုံးဝနားမလည်နိုင်သောဖြစ်ရပ်က ဖြစ်ပြီးခဲ့လေပြီ။



www.burmeseclassic.com


www.burmeseclassic.com



အိပ်မက်ပဲဖြစ်ပါစေ၊ တကယ်ပဲဖြစ်ပါစေအမိကကတော့ ရဲဘော်အချင်းချင်းအပေါ်မှာထားရှိတဲ့ သံယောဇဉ်၊ မေတ္တာ၊ သစ္စာရှိမှုတို့ပေါင်းစပ်ထားသော ရဲဘော်စိတ်ပြည့်ဝခြင်းဟူသည့် "စွမ်းအား" အလွန်ကြီးမားခြင်းကြောင့် ကျော်စွာ သူ့ဆီရောက်လာခြင်းဖြစ်သည်ဟုသာ ဗိုလ်ကြီးဗညားအောင်တစ်ယောက် ယုံကြည်နေမိတော့သည်။

အကယ်၍သာ ထိုနေ့ည ၃ နာရီခွဲအချိန်ခန့်က နားလုံစခန်းလုံခြုံရေးတာဝန်ကျသည့်တပ်ရင်းရှိ ကင်းသမားတစ်ဦးထံကနေ စစ်သည်တစ်ဦး မီးခြစ်ငှားကာ ဆေးလိပ်သောက်ခဲ့သေးသည်ကိုသာ ဗိုလ်ကြီးဗညားအောင် သိခဲ့ရပါလျှင် ...။ ။

နေဇင်(ပေါက်ခေါင်း)



# ပင်လယ်ပြင်ကို ဗဟိုပြု၍

## [၁]

ကော့သောင်းမြို့တစ်နေရာရှိ ခြံကလေးတစ်ခြံတွင် ရယ်မောသံများစည်ဝေနေသည်။ တိုက်ပုလေး၏ဧည့်ခန်းတွင်တော့ ရေတပ်ဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားသည့် ရေတပ်အရာရှိကြီးတစ်ဦးနှင့် အဖြူအစိမ်းဝတ်စုံဝတ်ထားသည့် ဆရာမကြီးတစ်ဦးတို့ ယှဉ်တွဲရိုက်ထားသည့်ပုံက ခန့်ညားနေသည်။ နှစ်ဦးစလုံး အသက် ၆၀ ဝန်းကျင်ခန့်ရှိကြမည်ဖြစ်သော်လည်း အပြုံးများက ပျို့မျစ်နေကြဆဲဖြစ်သည်။

"ဖေဖေနဲ့မေမေကလေ သမီးနဲ့အတူ ရန်ကုန်ကိုလိုက်နေပါဆိုတာ ပြောလို့ကိုမရဘူး၊ ရန်ကုန်မှာက အရေးအကြောင်းဆိုဆေးရုံဆေးခန်းလည်းနီး သွားရလာရလည်းလွယ်တဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်ခါနီး၌ လာကန်တော့သော သမီးငယ်က စုပ္စုပ္စပြော သည်ကို ဦးဇော်အောင် ပြုံးကြည့်နေသည်။ သမီးငယ်ဆိုသော်လည်း မငယ် တော့။ သားနှစ်ယောက်မိခင်ဖြစ်နေပြီ။ အမျိုးသားက ရန်ကုန်မှဖြစ်သောကြောင့် ယောင်နောက်ဆံထုံးပါပြီး ရန်ကုန်သို့ပါသွားရသည်။ ယခု သီတင်းကျွတ်ပိတ် ရက်တွင် မိသားစုလိုက် ရန်ကုန်မှဆင်းလာကြခြင်းဖြစ်သည်။

"ကြည့်ပါလား ... ဖေဖေက ပြုံးနေတာချည်းပဲ၊ နောက်ဆုံးတော့လည်း မေမေ့အလိုအတိုင်း ဒီကနေဘယ်မှမခွာဘူး"

"မဟုတ်ပါဘူး သမီးရယ်၊ မြို့တ်မှာ သမီးကိုကိုကြီးလည်းရှိသားပဲ၊ ဖေဖေတို့ကို မစိုးရိမ်ပါနဲ့"

"ကိုကိုကြီးကဖြင့် သူ့စစ်သင်္ဘောပေါ်ကရော ဆင်းရလို့လားဖေဖေ ရယ်၊ အခုတောင် လာမကန်တော့နိုင်ဘဲနဲ့"

"အိုအေ ... ဒီအငယ်မ ... လူကဖြင့်ကလေးအမေဖြစ်နေပြီ၊ ဖအေကို လာဂျီတိုက်နေတယ်၊ ဒီမယ်အေ ... ကျုပ်ကတော့ရှင်တို့ရန်ကုန်မှာ မျက်စိရှုပ်နား ရှုပ်နဲ့ မနေနိုင်ပေါင်၊ ငါးပိငါးခြောက်ကောင်းကောင်းလည်းမစားရ၊ လေကောင်း လေသန့်လည်းမရှူရနဲ့၊ ဒီမှာဖြင့် ပင်လယ်နံ့လေးကိုသင်းနေတာပဲ"

ဒေါ်မြသက်က ခင်ပွန်းဖြစ်သူဖက်မှ စစ်ကူဝင်ပြောခြင်းဖြစ်သည်။

"မေမေပဲ အဲဒီပင်လယ်ကြီးကိုဖက်တွယ်နေ၊ ဖေဖေ့ကိုသမီးကခေါ် သွားမှာ"

"လိုက်မလားပဲမေးကြည့်ပါဦးအေ"

"မလိုက်ဘူး။ အမေကြီးအနားကဘယ်မှမခွာဘူး၊ ပင်လယ်ကြီးအနား ကလည်း ဘယ်မှမခွာဘူး"

"အမလေးလေး ... အတိုင်အဖောက်ညီနေလိုက်ကြတာ၊ သမီးဝမ်း နည်းလာပြီ"

ငိုချင်ယောင်ဆောင်၍ ချွဲနွဲ့နေသော သမီးငယ်ကိုကြည့်ရင်း ဦးဇော် အောင်တို့ဇနီးမောင်နှံ အားပါးတရရယ်လိုက်ကြသည်။ အချိန်တွေကြာခဲ့ပြီဖြစ် သော်လည်း ဒေါ်မြသက်၏ပါးချိုင့်လေးက အသက်ဝင်နေဆဲ။





ဟုတ်သည်။ သမီးငယ်ပြောသလို ဦးဇော်အောင်တို့နှစ်ဦးစလုံး ပင် လယ်ကိုချစ်ကြသည်။ ပင်လယ်ကိုချစ်သည်သာမက ပင်လယ်ထဲကကျွန်းတွေ ကိုလည်းချစ်သည်။ ပင်လယ်ထဲက ဘဝတွေကိုလည်းချစ်သည်။ ဦးဇော်အောင် ၏စိတ်အလျဉ်သည် အတိတ်ကာလတစ်နေရာသို့ မျောလွင့်သွားတော့သည်။

( ၂ )

ရာသီဥတုသာယာသောကြောင့် လှိုင်းလေများငြိမ်သက်လျက်ရှိ သည်။ တငြိမ့်ငြိမ့်တိုက်ခတ်လာသော လေပြည်သွင်းက ငြိမ်သက်နေသောရေ ပြင်ကျယ်ကြီးကို လှိုင်းကြက်ခွပ်လေးများဖြစ်ပေါ်လာစေသည်။

နေရောင်ဖြာအကျတွင် အရောင်တလက်လက်ကပ်ပါလျက်ရှိနေ သည်မှာ ကြည့်၍ပင်ကောင်းနေသေးသည်။ မြန်မာပြည် တောင်ဖက်များဆီမှ တနင်္သာရီသည် ပုလဲဇကရီဟု တင်စားရသည်အထိ လှပသည်၊ ကြွယ်နိုင်သည်၊ အရိုင်းဆန်သည်၊ ရှုမောဖွယ်ကောင်းသည်။

ပုလဲဇကရီသည် နာမည်ကြီးသလောက် တကယ်လည်းလှပလွန်း ပေသည်။ သူတာဝန်ထမ်းဆောင်နေသည့်နေရာက ဇာဒက်ကြီးကျွန်းတစ်ဖက် ကမ်း ဇာနည်ကျွန်းပေါ်ရှိ အမှတ် (-) ရေတပ်အခြေစိုက်စခန်း။ မြို့ပြနှင့်အလှမ်း ဝေးသလောက် ကြည့်လေရာရာတွင် ပင်လယ်နှင့် သစ်ပင်များသာမြင်ရသည်။ တောင်စွယ်၊ သစ်ပင်ကြီးငယ်များဖုံးအုပ်လျက်ရှိသည်။ ပင်လယ်ကမ်းစပ်မှ တဖြည်းဖြည်းမြင့်တက်သွားသော တောတောင်လျှိုမြောင်များသည် ပင်လယ် ပြင်ကြီးအတွင်း ဧကပေါင်း ၈၅၀၀ ကျော်ခန့်ကျယ်ဝန်းသည့် ကျွန်းကြီးအဖြစ် တည်ရှိသည်။ ဇာဒက်ကြီးနှင့် ဇာဒက်ငယ်ကြားတွင် ပင်လယ်တစ်နေရှိသည်။ ထိုပင်လယ်ဝမှထွက်လျှင် ထိုင်းနိုင်ငံဖက်သို့ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကတော့ ကျွန်းစုမြို့နယ်ရှိ တနသ်ာရီအခြေစိုက် ရေတပ်ဌာနချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခု တာဝန်ကျသည့် ရေတပ်အခြေစိုက်စခန်းသို့ရောက်တော့ မနေတတ်မထိုင်တတ်ဖြစ်ရသေးသည်။ မြို့ပြနှင့်အလှမ်းဝေးသည်ကတစ်ကြောင်း၊ ဖုန်းလိုင်းခက်ခဲသည်ကတစ်ကြောင်း၊ ရေချိုရှားသည်ကတစ်ကြောင်းကြောင့်ဖြစ်သည်။ နောက်တော့လည်း နေသားကျသွားသည်။ နေသားမကျ၍လည်းမဖြစ်။ သူသည် မင်းခယောက်ျားတစ်ဦး၊ ကမ်းနားသစ်ပင်တစ်ပင်သာ။ ပျော်ရာမှာနေချင်၍မရ။ တာဝန်ကျရာနေရာတွင်သာ ပျော်နိုင်ရန်ကြိုးစားရပေမည်။

သည်မှာက တစ်ခုတော့ကောင်းသည်။ ဗျူဟာစစ်ရေယာဉ်စုလည်းမဟုတ်၊ ရေတပ်ဌာချုပ်လည်းမဟုတ်သဖြင့် ဝန်ပေါ့သည်ဟုဆိုရမည်။ အခြေစိုက်စခန်းမှူးဖြစ်သူ ဒုဗိုလ်မှူးကြီးနှင့် ဗိုလ်မှူးဝင်းနောင်ကလည်း သဘောအလွန်ကောင်းသည်။ စခန်းရှိလူတိုင်းကို မိသားစုသဖွယ် ရင်းရင်းနှီးနှီးဆက်ဆံသည်။ ထိုမျှမက အနီးပတ်ဝန်းကျင် ကျွန်းများပေါ်ရှိ ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေးများကိုပါ တတ်နိုင်သမျှ ပံ့ပိုးကူညီသည်။ အထက်ကလည်းလမ်းညွှန်သည်။ ဗိုလ်မှူးကိုယ်တိုင်ကလည်း စိတ်ပါလက်ပါရှိရကား လက်အောက်မှ အရာရှိတပ်သားပါမကျန် ဒေသခံများ၏လိုအပ်ချက်များကို တတ်အားသရွေ့ကူညီကြတော့သည်။ ထိုသို့ကူညီခြင်းကြောင့်လည်း တလွန်းရွာမှ ဆရာမလေးမြသက်နှင့် တွေ့ဆုံခွင့်ရခဲ့ခြင်းဖြစ်သည်။

တစ်နေ့ ဗိုလ်မှူးဝင်းနောင်က သူ့ကို တာဝန်တစ်ရပ်ပေးလာသည်။ စစ်ရေးတာဝန်တော့မဟုတ်။ လမ်းညွှန် guide လုပ်ရမည့်တာဝန်ဖြစ်သည်။

"ညီလေးရေ … ကိုယ်တို့ဆီကို ခရိုင်ရုံးက အကူအညီတစ်ခုတောင်းထားတာရှိတယ်၊ သဘက်ခါကျရင် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနက ဌာနမှူးဆရာမကြီးနဲ့ နည်းပြဆရာမတချို့ဆလုံလူမျိုးတွေအကြောင်းကွင်းဆင်းလေ့လာဖို့လာကြလိမ့်မယ်၊ တလောတုန်းကကွာ စစ်မဟာဗျူဟာလေ့လာရေးရုံးမှာ အစည်းအဝေးလုပ်ပါရောလား"

"ဟုတ်ကဲ့ … ဗိုလ်မှူး၊ ကြားမိလိုက်ပါတယ်"





"အေး … အဲဒီအစည်းအဝေးမှာ အမျိုးသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုမဲ့ လူမှုစီးပွားရေးနဲ့ပတ်သက်တဲ့ အကြောင်းအချက်တွေကို ဆွေးနွေးခဲ့ကြတယ်တဲ့၊ ဝန်ကြီးဌာနပေါင်းစုံ၊ ပညာရှင်ပေါင်းစုံကလည်း စိတ်ဝင်စားခဲ့ကြတယ်ထင်ပါရဲ့ တိုင်းရင်းသားတွေရဲ့လူနေမှုဘဝတွေ စီးပွားရေး၊ ပညာရေးတွေကို ကွင်းဆင်းလေ့လာကြဖို့ ဖြစ်လာပုံပဲ"

"ဟုတ်ကဲ့ပါဗိုလ်မှူး"

"အခုလာမယ့် ဌာနမှူးဆရာမကြီးနဲ့ ဆရာမလေးတွေကို ဒုရဲအုပ်ကိုခင်မောင်မြင့်တို့က လုံခြုံရေးယူပေးထားကြတယ်၊ မြို့နယ်ပညာရေးမှူးလည်းပါလိမ့်မယ်၊ အဲဒါ ညီလေးဦးဆောင်ပြီး နီးစပ်ရာဆလုံကျွန်းတွေဆီ လိုက်ပို့ပေးပါ၊ စားရေးသောက်ရေးကအစ တတ်နိုင်သမျှလည်းကူညီပေးလိုက်ပါ၊ လိုအပ်တာရှိရင်လည်း ကိုယ့်ကိုပြောပါ"

"စိတ်ချပါဗိုလ်မှူး၊ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလိုက်ပါ့မယ်"

"ကောင်းပြီ၊ လုပ်စရာရှိတာဆက်လုပ်ညီလေး"

"လေးစားပါတယ်ဗိုလ်မှူး"

လေ့လာရေးအဖွဲ့လာမည်ဆိုတော့ ရုတ်တရက်အလုပ်များသွားသည်။ ဇာဒက်ကြီးကျွန်းပေါ်ရှိ ဆလုံရွာနှစ်ရွာဖြစ်သည့် တလွန်းရွာနှင့် ကော့ညွှာရွာသို့ လူလွှတ်၍ ဧည့်သည်များလာမည့်အကြောင်း ကြိုတင်အကြောင်းကြားထားလိုက်သည်။ ဆလုံစကားကိုဘာသာပြန်ပေးရန် တလွန်းရွာ မူလတန်းကျောင်းအုပ်ကြီးကို အကူအညီတောင်းထားရသည်။ လေ့လာရေးအဖွဲ့မှ ဆရာမများနားနေရန်၊ စားသောက်ရန်စီမံရသည်။ အလုပ်များသော်လည်း ပျော်နေမိသည်။ သူကိုယ်တိုင်နီးနီးစပ်စပ်မမြင်ဖူးသည့် မော်ကင်းခေါ် ဆလုံတို့၏အကြောင်းကို အသေးစိတ်သိရတော့မည်။

ပျောက်ကွယ်လုမတတ်ဖြစ်နေသည့် တိုင်းရင်းသားတစ်စုကို တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်သည်ဆိုသည့်အတွေးတို့က ပင်ပန်းသမျှကို လွင့်ပြယ်သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်ရောက်တော့ ရန်ကုန်မှ ကွင်းဆင်းလေ့လာသည့်အဖွဲ့ ရောက်လာကြသည်။ ဌာနမှူးဆရာမကြီးနှင့် နည်းပြဆရာမသုံးယောက်ပါသည်။ ဒုရဲအုပ်ကိုခင်မောင်မြင့်နှင့်ရဲတပ်သားနှစ်ဦး၊ ခရိုင်ရုံးမှ ဝန်ထမ်းတစ်ဦး၊ မြို့နယ်ပညာရေးမှူးတစ်ဦးတို့နှင့်အတူ စက်လှေဖြင့်ရောက်လာကြခြင်းပင်။

"ကျွန်တော်က ဗိုလ်ကြီးဇော်အောင်ပါ၊ ဆရာမကြီးတို့ နားနေတည်းခိုဖို့နဲ့ ဆလုံရွာတွေကိုလေ့လာဖို့ အားလုံးစီမံထားပါတယ်၊ လိုအပ်တာတွေရှိရင်လည်း ပြောပါခင်ဗျာ"

"ကျေးဇူးပါပဲဗိုလ်ကြီးရယ်၊ ဒုက္ခပေးရတာအားနာပါတယ်၊ ကျွန်မတို့လည်း သိပ်အချိန်မရတော့ ၃ ရက် ၄ ရက်လောက်ပါပဲ၊ လာသာလာရတယ် ဆလုံတွေရော ကျွန်မှကျွန်ပ့်ါမလားလို့ တထင့်ထင့်နဲ့"

"ရှိတာတော့ ရှိသေးတယ် ဆရာမကြီးရေ၊ အရင်ကထက်စာရင်တော့ လူဦးရေနည်းသွားပြီ၊ အကြောင်းအမျိုးမျိုးကြောင့်ပဲဆိုပါတော့ဗျာ"

ဒုရဲအုပ် ကိုခင်မောင်မြင့်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ်၊ အခုဆရာမကြီးတို့ကိုလိုက်ပို့မယ့် ဇာဒက်ကြီးကျွန်းမှာတော့ တလွန်းရွာနဲ့ ကော့ညှော့ရွာဆိုပြီး ဆလုံရွာတွေရှိပါသေးတယ်၊ အခုတောင် ဆရာမကြီးတို့လာမယ်ဆိုလို့ စောင့်နေကြပါတယ်"

"အို ... ဝမ်းသာလိုက်တာရှင်၊ ဒါဆို ကျွန်မတို့မနားတော့ပါဘူး၊ ပစ္စည်းလေးတွေနေရာချပြီး အခုပဲသွားလိုက်ချင်ပါတယ်"

ဆရာမကြီးတို့ရောက်သည့်အချိန်က မိုးချုပ်စပြုနေပေပြီ။ ဇာနည်ကျွန်းနှင့် ဇာဒက်ကြီးကျွန်းက မျက်နှာချင်းဆိုင်မို့သာ လိုက်ပို့နိုင်ခြင်းဖြစ်သည်။ မဟုတ်လျှင် ပင်လယ်ပြင်၌ ညဘက်စက်လှေဖြင့်သွားခြင်းက အန္တရာယ်များလှသည်။

ဇာဒက်ကြီးကျွန်းကမ်းခြေတွင် မီးပုံများဖိုထားသဖြင့် လင်းထိန်နေသည်ကို အဝေးမှပင်မြင်နေရသည်။ ဆလုံရွာသူကြီးနှစ်ဦး၊ အခြားရွာလူကြီးများအပါအဝင် တလွန်းရွာမူလတန်းကျောင်းအုပ်ကြီးနှင့် ဆရာမလေးတစ်ဦး





ဦးဆောင်ကာ ဆလုံရွာသားများက ဆီးကြိုနေကြသည်။ ဆလုံများမှာ နဖူးမကျဉ်းမကျယ် မျက်ခုံးကောင်း မျက်ရစ်ကောင်း မျက်ဆံညို၍ နှာခေါင်းအနည်းငယ်ပြားသည်။ နှုတ်ခမ်းလည်းအနည်းငယ်ထူသည်၊ အသားအရေမှာ မွေးဖွားစအချိန်တွင် မဲပြောင်မနေသော်လည်း ဆားငန်ရေအမြဲထိ အမြဲနေလောင်နေသောကြောင့် ခြောက်သွေ့နက်ပြာလာရသည်။

သူတို့အဖွဲ့ကျွန်းပေါ်သို့ရောက်တော့ တလွန်းရွာလယ်ရှိ နတ်စင်ရှိရာသို့ ဦးစွာခေါ်သွားသည်။ နတ်စင်က သိပ်အမြင့်ကြီးတော့မဟုတ်။ နတ်စင်ဘေးတွင် ဆေးရောင်များခြယ်လှယ်ထားသည့် နတ်တိုင်သုံးတိုင်ရှိသည်။ ဆလုံတို့တွင် နတ်ဆရာက ဩဇာကြီးမားဟန်တူသည်။ နေမကောင်းဖျားနာလျှင်လည်း နတ်ဆရာကသာ ရွတ်ဖတ်မန်းမှုတ်ပေးရသည်ဟုဆိုသည်။

"ဆလုံတွေက နတ်ကိုသိပ်ယုံကြည်ကြတာ၊ ဗုဒ္ဓဘာသာကိုကိုးကွယ်ကြတာလည်းရှိနေပြီဆိုပေမယ့် သူတို့ဘဝမှာ ဖြစ်ပျက်နေသမျှကို နတ်ကပဲ အမျိုးမျိုးဖန်တီးနေတာလို့ ယုံကြတယ်"

ချိုသာသောအသံအေးအေးလေးနှင့် ခပ်တိုးတိုးရှင်းပြနေသံကြားသဖြင့် လှည့်ကြည့်လိုက်တော့ ပါးချိုင့်ကလေးတစ်ဖက်၊ အသားခပ်ညိုညို၊ ဆံနွယ်ရှည်များနှင့် သိမ်မွေ့လွန်းလှသည့်ဆရာမလေး၊ လေ့လာရေးအဖွဲ့ကို ရှင်းပြနေခြင်းဖြစ်သော်လည်း သူ့ပါ ရောငေးနေမိသည်။ သူငေးနေသည်ကို မြင်၍လားမသိ၊ ကျောင်းအုပ်ဆရာကြီးက လာနှုတ်ဆက်သည်။

"ဗိုလ်ကြီးရေ ... ကျွန်တော့်ကို ဘာသာပြန်ဖို့ပြောထားပေမယ့် ကျွန်တော်က ဖျားပြီးအသံနာနေလို့ ကျွန်တော့်ကျောင်းကဆရာမလေးကပဲ ဘာသာပြန်တာဝန်ယူပါလိမ့်မယ်၊ ဆရာမလေးနာမည်က မြသက်၊ နနကတည်းက မိတ်ဆက်ပေးမလို့ပါ၊ စိတ်လောနေတာနဲ့ပဲ"

"ရပါတယ်ဆရာကြီးရယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ကျွန်တော်တို့ ဗိုလ်မှူးကလည်း ဆရာကြီးတို့ကျောင်းအတွက် အလှူငွေထည့်ပေးလိုက်ပါတယ်၊ သူလည်း အားရင်လာပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်စင်ကိုကြည့်ပြီးတော့ ရွာလူကြီးက အဖွဲ့သားများကို ဆလုံဟင်းထမင်းများနှင့်ဧည့်ခံမည်ဟုဆိုသည်။ ပျော်ပွဲရွှင်ပွဲများလည်း စီစဉ်ထားသေးကြောင်း ပြောပြနေသည်။

ဆလုံဟင်းလျာများကားပင်လယ်မှလာသောဟင်းလျာများချည်းဖြစ်သည်။ ဆန်ရှားခဲ့သဖြင့် ကျွဲဥများ၊ ခက်ရင်းကောင်များကိုသာ အားထားစားကြသည်။

ခက်ရင်းကောင်များကို အစိမ်းအတိုင်းလည်းသုပ်စား၊ ရွှေဖရုံသီးနှင့်ရောကြော်စား၊ ငါးကို ထန်းရည်ချဉ်နှင့်ပြုတ်စား၊ ကသွပ်သီးဟုခေါ်ကြသည့် ခပ်ချဉ်ချဉ်အရသာရှိသည့် အသီးတစ်မျိုးကို ပုစွန်နှင့်ထောင်းစားသည်။ ဆီအသုံးပြုမှုနည်းသည်။ မျှော့မျိုးစုံကိုပြုတ်၍ သုပ်စား၊ ကြပ်တင်၍လည်း စီးပွားဖြစ်ရောင်းချကြသည်။

ယခု သူတို့ကိုကျွေးမွေးရန်တော့ ဟင်းလျာအတော်များများပြင်ဆင်ထားကြသည်။ ရွာလူကြီးက ဗမာစကားအနည်းအကျဉ်းပြောတတ်သဖြင့် ဧည့်ခံနေသည်။

"စားကြပါ၊ ဒါလေးက အကန်းဟင်းပါ၊ ဒီဖက်ကတော့ အကန်းကိုအုန်းရည်နဲ့ပြုတ်ထားတာ၊ ဒီဟာလေးက အကန်းသုပ်ပါ၊ ဟိုဟာကတော့ ခက်ရင်းကိုရွှေဖရုံသီးနဲ့ကြော်ထားတာ၊ အားကြီးချိုတယ်"

ရွာလူကြီးက စေတနာဗလပ္လဖြင့် လောကွတ်ပြုသော်လည်း အားလုံးက ကြောင်ကြည့်နေကြသည်။ မနေနိုင်သော ဆရာမလေးတစ်ဦးကထပြောသည်။

"အဘ ... အကန်းဆိုတာဘာကြီးလဲဟင်"

ဆရာမလေးကမေးတော့ရွာလူကြီးကလည်းရယ်သည်။ ကျောင်းအုပ်ကြီးနှင့် ဆရာမလေးမြသက်ကလည်းရယ်သည်။

"အကန်းဆိုတာ ဆလုံဘာသာနဲ့ ငါးကိုပြောတာပါဆရာမ၊ ငါးကိုနည်းမျိုးစုံနဲ့ချက်ပြုတ်ထားကြတာ၊ ရွာလူကြီးက ယောင်ပြီး အကန်းလို့ပြောမိတာ၊ စိတ်ချလက်ချသာစား ဆရာမတို့၊ ကျွန်မခိုသိပ်ကြိုက်တာ"





ဆရာမလေးမြသက်ပြောမှပင် အားလုံးသဘောပေါက်သွားကြပြီး ရယ်ရယ်မောမောနှင့် စားကြသောက်ကြတော့သည်။ ပင်လယ်ပျော်ဆလုံတို့၏ဘဝက ရိုးရှင်းသည်။ သဘာဝဆန်သည်။ စိတ်ဝင်စားစရာကောင်းသည်။

ဆလုံတိုင်းရင်းသားတို့သည် မွေးကင်းစကလေးအရွယ်မှ ငါးနှစ်ခြောက်နှစ်အရွယ်အထိ အဝတ်အစားဟူ၍ မည်မည်ရရမဝတ်ကြပေ။ အမျိုးသမီးများမှာ သူတို့လေ့အရ ဝတ်ဆင်ကြသည်။ အချို့မှာ အိမ်ထောင်ကျသည်နှင့် အပေါ်ပိုင်း ဗလာကျင်းနေတတ်ကြသည်။ (ယခုအခါတွင်မူ အိုမင်းသောအဘွားအရွယ်များမှလွဲ၍ ကလေးများရော လူကြီးများပါ လုံခြုံစွာဝတ်ဆင်နေကြပြီ)

မွေးကင်းစကလေးကို ပင်လယ်ရေထဲ ခဏပစ်ချသည်။ ကလေးငယ်ရေနစ်သေဆုံးသွားခဲ့သည်ရှိသော် ထိုကလေးငယ်သည် အရွယ်ရောက်လာချိန်တွင် ရေမငုပ်နိုင်သူ အသုံးမကျသူဖြစ်မည်ဖြစ်၍သာ သေသွားသည်ဟုသတ်မှတ်ကြသည်။ (ယခုအချိန်တွင်တော့ ထိုအပြုအမူများနည်းပါးသွားပြီဖြစ်သည်)

ဆလုံကလေးငယ်များ၏ဘဝသည် သာမန်ကလေးငယ်ဘဝနှင့်မတူဘဲ ခက်ခဲပင်ပန်းလှသည်။ အသက် ၄ နှစ် ၅ နှစ်ခန့်ကတည်းက ခက်ရင်းရှာတတ်ခရုရှာတတ်နေပေပြီ။ ဆလုံတို့သည် လူကြီး လူငယ်မရွေး အအားမနေဘဲ အမြဲတစေအလုပ်လုပ်နေသော လူမျိုးပင်ဖြစ်သည်။ လွတ်လပ်မှုကိုမြတ်နိုးသလောက် တစ်ခုမဟုတ်တစ်ခု လုပ်နေလေ့ရှိသော တိုင်းရင်းသားများပင်။ လက်ထဲတွင် ခက်ရင်း၊ စူးခွမြိန်းတံရှည်တို့ကိုကိုင်ဆောင်ကာ ကမ်းခြေ၊ ကျောက်ဆောင်၊ ကျောက်ကြိုကျောက်ကြားအောက်ရှိငါးမျိုးစုံတို့ကိုထိုးယူဖမ်းဆီးတတ်ကြသည်။

မေလမှ ဩဂုတ်လအထိကာလများတွင် ပင်လယ်ကမ်းစပ်၌ ယာယီခြေတံရှည်အိမ်များဆောက်လုပ်နေထိုင်ကြသည်။ ကျန်လများတွင်တော့ ပင်လယ်ပြင်ထဲတွင် လှေငယ်များနှင့် အုပ်စုဖွဲ့သွားလာနေထိုင်ကြသည်။ ရာသီမရွေးလှူနေထိုင်သည့်ကျေးရွာများလည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆလုံတို့တွင် စာပေရှိခဲ့ဖူးသည်ဟုသိရသော်လည်း ပင်လယ်ထဲတွင်သာ လှုပ်ရှားသွားလာအချိန်ကုန်နေရသည်ကများသဖြင့် စာသင်ရန် စာပေပျံ့ပွားအောင်ဆောင်ရွက်ရန် အချိန်ရှိခဲ့ပုံမရချေ။ ထို့ကြောင့် ဆလုံစာပေဟူ၍ မည်မည်ရရမကျန်တော့ဘဲ ကွယ်ပျောက်သွားခဲ့ရသည်။ ယခုတော့ အကြီးအကဲများ၊ ပညာရှင်များ၏ လမ်းညွှန်ပံ့ပိုးမှုများကြောင့် စာရေးတတ်၊ ဖတ်တတ်စပြုနေကြပြီ။

ရန်ကုန်မှလာသော လေ့လာရေးအဖွဲ့သားများ ပြန်သွားပြီဖြစ်သော်လည်း ဇာဒက်ကြီးကျွန်းသို့ သွားချင်နေသေးသည်။ မော်ကင်းခေါ် ပင်လယ်ပျော်ဆလုံတို့ကို စိတ်ဝင်စားသလို ဆရာမလေးမြသက်ကိုပါ စိတ်ဝင်စားနေမိ၍ဖြစ်သည်။ ပင်လယ်ထဲမှ ကြိုးကလေးတစ်ချောင်းက သူ့နှလုံးသားကို ရစ်ပတ်လိုက်ချေပြီ။

(၃)

"ဒါ ဘာလေးလဲ မြသက်၊ မွှေးနေတာပဲ"

"ဒါလား ... ငါးသလဲထိုး ငါးပေါင်းထုပ်လေ ဗိုလ်ကြီး၊ လတ်ဆတ်တဲ့ ငါးသလဲထိုး ငါးသေးသေးလေးတွေကို ငါးပေါင်းထုပ်လိုပုံစံမျိုး အရသာတွေနဲ့ နယ်ပြီး ဖက်ရွက်လေးထဲပြန်ထည့်ထုပ်ပြီး မီးကင်ထားတာပါ ... ဗိုလ်ကြီး"

ယနေ့လည်း ဗိုလ်မှူးပို့ခိုင်းသောဆန်အိတ်နှင့် ဆီပုံးတစ်ပုံးကိုလာပို့ပေးရင်း မြသက်ထံဝင်လည်နေခြင်းဖြစ်သည်။ မြသက်က သူ့ကိုနေ့လည်စာကျွေးသည်။ ငါးသလဲထိုးမီးကင်ကို စားကြည့်တော့ ဖက်နံ့သင်းသင်းလေးနှင့် အတော်စားလို့ ကောင်းလှသည်။ စားဖူးနေကျငါးပေါင်းထုပ်တွေနှင့် အရသာမတူပေ။





"ဒါကတော့ ဝါးပလုတ်ရယ်၊ သစ်ခွဖျော်ရည်အဆီရယ် ရောဖျော်ထားတာ၊ သောက်ကြည့်ဗိုလ်ကြီး၊ ဝါးပလုတ်က ရခဲတယ်၊ ရင်အေးစေတယ်၊ အမောပြေတယ်၊ အသည်းအားကောင်းတယ်"

"ဝါးပလုတ် ... ဟုတ်လား"

"အင်း ... ဝါးပလုတ်၊ ဝါးကရတဲ့ သဘာဝဂျယ်လီတစ်မျိုးပေါ့"

"သောက်လို့ကောင်းသားပဲဗျ၊ ဂျယ်လီလိုလို ကျောက်ကျောလိုလိုလေး၊ ဒီဝါးပလုတ်က ဝါးပင်ထဲကပဲရတာလား"

"ဟုတ်တယ်၊ ဝါးပင်တွေဆီကပဲရတာ၊ မျှစ်မ.က ဝါးလို့ အသုံးပြုလို့မရသေးတဲ့လသားဝါးပင်ပေါက်လူတစ်ရပ်ကျော်ကျော်ကိုရှာ၊ မြေပြင်ကနေ (၂) ဆစ်မြောက် (၃) ဆစ်မြောက်လောက်မှာ အဆစ်ရဲ့အောက်နားကနေ ဓားနဲ့ ရေဝင်နိုင်ရုံအပေါက်ဖြစ်အောင် ခုတ်ပေးထားရတယ်၊ အဲအပေါက်ဖောက်ပြီး (၁၀) ရက်လောက်ဆို တစ်ခါသွားကြည့်၊ အပေါက်ဖောက်ထားတဲ့ဝါးထဲကို မိုးရေကဝင်ပြီး ဝါးပလုတ်ဖြစ်လာရော"

"ဟာ ... ကောင်းလှချည်လား၊ သဘာဝရဲ့လက်ဆောင်တစ်မျိုးပဲနော်"

"အင်း ... သဘာဝတရားကြီးကတော့ လူသားတွေအတွက် လက်ဆောင်တွေပေးတာပါပဲ၊ အရမ်းကာရောသုံးကြတော့လက်ဆောင်တွေကနည်းနည်းလာတာ၊ မျှစ်ချိုးတုန်းကတစ်ခါ၊ ဝါးပလုတ်လုပ်တော့တစ်ခါ၊ အခြားအသုံးအဆောင်တွေအတွက်တစ်ခါ ... ဝါးတွေကိုခုတ်သာခုတ်နေကြတာ တိုးပွားလာအောင်လုပ်ဖို့တော့ မစဉ်းစားမိကြဘူး"

"ဟောဗျာ ... မြသက်ပြောတာနဲ့ သောက်နေတဲ့ဖျော်ရည်လေးတောင် မြိုမချနိုင်တော့ဘူး"

သူက ရှုံ့မဲ့၍ပြောတော့ မြသက်ကရယ်သည်။

"မဟုတ်ပါဘူး ဗိုလ်ကြီးရယ်၊ မြသက်က တွေးမိတာကိုပြောပြတာပါ၊ မြသက်ကိုယ်တိုင်လည်း ဒီလိုပဲလေ သဘာဝကပေးတဲ့လက်ဆောင်တွေနဲ့ ဗိုလ်ကြီးကိုဧည့်ခံနေတာပဲဟာ၊ အလွန်အကျွံ မဖြုန်းတီးကြစေချင်တာတစ်ခုပါပဲ"

"ကောင်းပါပြီ မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... မြသက်က မမ.မဟုတ်ပါဘူးနော်၊ ဗိုလ်ကြီးက မြသက်ထက်ကြီးတော့ မြသက်က အို့ဘီနိုင်းပါ"

"အမ် ... ဘာကြီးလဲ၊ အို့ဘီနိုင်းက"

"ဆလုံဘာသာနဲ့ပြောတာလေ၊ အစ်ကိုကြီး - အစ်ကာအနိုင်း၊ အစ်မကြီး - အစ်ကာဘီနိုင်း၊ ညီငယ် - အို့အနိုင်း၊ ညီမငယ် - အို့ဘီနိုင်း တဲ့"

"အသံထွက်တွေက အဆန်းပဲနော်၊ မလေးစကားလိုလို ထိုင်းစကားလိုလိုနဲ့"

"ဟုတ်တယ်၊ နည်းနည်းတော့ဆင်တယ်၊ ဆလုံတွေကို မွန်ခမာအုပ်စုက ဆင်းသက်လာတယ်လို့ရော၊ မလေးအနွယ်ဝင်တွေလို့ရော ပြောကြတယ်၊ မြသက်တော့ မွန်ခမာဆိုတာကိုပိုလက်ခံချင်တယ်၊ ဆလုံတွေရဲ့စကားမှာ မလေးစကားအချို့ပါနေပေမယ့် ခမာဝေါဟာရတွေလည်းအများကြီးပဲ၊ ဆလုံသက်ကြီးရွယ်အိုတွေကလည်း သူတို့ကိုယ်သူတို့ "မွန်ခဲမ်" တွေလို့ပြောတာကြားဖူးတယ်"

"မြသက်က ဘယ်လိုလုပ်ပြီး ဆလုံစကားကိုဒီလောက်ကျွမ်းကျင်နေရတာလဲဟင်"

သူကမေးတော့ ပြုံးရွှင်နေသည့် မြသက်မျက်နှာလေးတစ်ချက်တည်သွားသည်။ ပင်လယ်ပြင်ကြီးကို ငေးကြည့်နေသည်။ အတန်ကြာမှ ...

"မြသက်ကို ဗမာလူမျိုးလို့ ဗိုလ်ကြီးထင်နေသလား"

"ဟင် ... မြသက်က ဗမာပဲမဟုတ်ဘူးလား"

"ဟင့်အင်း ... မြသက်က အဖေက မွန်ဗမာ၊ မြသက်အမေက ဆလုံလူမျိုးစစ်စစ်ပဲ။ မြသက်အဖေဟာ ငါးဖမ်းစက်လှေလိုက်ရင်းနဲ့ ဒီကျွန်းမှာ အချိန်အတော်ကြာ သောင်တင်ခဲ့တယ်။ အဲဒီမှာ မြသက်အမေနဲ့ တွေ့ပြီး ချစ်ခဲ့ကြတယ် ထင်ပါရဲ့။

အဖေနဲ့အမေရဲ့အချစ်ခရီးဟာ မဖြောင့်ဖြူးခဲ့ဘူး။ အမေက အဖေ့နောက်ကိုလိုက် ပင်လယ်ကြီးကိုပစ်သွားလို့ဆိုပြီး အမေ့ဆွေမျိုးတွေက စိတ်နာကြတယ်။ ဟော ... အဖေ့ဖက်က အမျိုးတွေကျတော့လည်း ပင်လယ်မှာမွေး၊ ပင်လယ်မှာကြီးပြီး မြို့အရိပ်အကဲနားမလည်တဲ့အမေ့ကို မကြည်ဖြူကြဘူး။





အမေက မြသက် ၁၅ နှစ်လောက်မှာ ဆုံးသွားခဲ့တယ်။ သူချစ်တဲ့ ပင်လယ်ပြင်နဲ့ ဆလုံအမျိုးတွေဆီပြန်လာချင်ပေမယ့် ပင်လယ်ကိုသစ္စာဖောက်သွားတယ်ဆိုတဲ့ အပြောအဆိုတွေကိုကြောက်လို့ သေသည်အထိ ပြန်မလာနိုင်ခဲ့ဘူး။

အဖေက မြသက်ကို ဘွဲ့ရတဲ့အထိ ပညာသင်ပေး၊ သူပိုင်သမျှလေးတွေလှူပြီး တောရကျောင်းတစ်ကျောင်းမှာ အပြီးတိုင် ရဟန်းပြုသွားခဲ့တယ်။

ဆလုံတစ်ယောက်ဟာ အခြားအရပ်ကလူနဲ့ အိမ်ထောင်ကျပြီးဖြစ်ဖြစ်၊ အကြောင်းတစ်ခုခုကြောင့်ပဲဖြစ်ဖြစ် ပင်လယ်ကို စွန့်ခွာသွားပြီးမှ ပြန်ရောက်လာရင် ဆလုံအသိုင်းအဝိုင်းရဲ့အထင်အမြင်သေးမှုကို ခံရတော့တာပဲ။ ပင်လယ်ကို ကျေးဇူးကန်းတယ်ဆိုပြီး စိတ်ဆိုးကြတယ်။

အဖေကတော့ မြသက်ကို အမေ့ကိုယ်စား ပင်လယ်ဆီ ပြန်သွားစေချင်ခဲ့တယ်၊ အမေချစ်တဲ့ ဆလုံလူမျိုးတွေကို တစ်ဖက်တစ်လမ်းကနေ ကူညီစေချင်ခဲ့တယ်။ မြသက်ကိုယ်တိုင်ကလည်း အမေဟာ ဆလုံလူမျိုးတွေအပေါ်ရော၊ ပင်လယ်ပြင်ကြီးကိုရော သစ္စာဖောက်ပစ်ပယ်သွားခဲ့တာမဟုတ်ကြောင်း ပြချင်ခဲ့တယ်။ ဒီလိုနဲ့ပဲ တလွန်းရွာ မူလတန်းကျောင်းလေးမှာ ဆရာမဖြစ်လာတာပဲ"

စကားအရှည်ကြီး ပြောလိုက်ရ၍လား၊ မိခင်ဖြစ်သူကို လွမ်းဆွတ်၍ပဲလားမသိ ပြန်လည်ငြိမ်သက်သွားပြန်သည်။ သူလည်း ဘာပြောရမှန်းမသိအောင်ဖြစ်ရသည်။

"မြသက်ဘဝမှာ ဒီကျွန်း၊ ဒီလူမျိုးတွေနဲ့ ပင်လယ်ကြီးကလွဲရင် ဘာမှ တွယ်တာစရာမရှိဘူး။ ဆလုံလူမျိုးတွေကိုရော၊ အနီးအနားက ဒေသခံတွေကိုရော လူနေမှုမြင့်မားစေချင်တယ်။ တိုးတက်စေချင်တယ်။ အဲဒီအတွက်လည်း တတ်နိုင်သမျှ ကြိုးစားနေဦးမှာပဲ"

"မြသက်ရယ် ... ချစ်ပြီးရင်းချစ်၊ လေးစားပြီးရင်း လေးစားရပါလား" ဟု စိတ်ထဲမှ ရေရွတ်မိသော်လည်း စကားများအဖြစ်ထွက်မလာခဲ့ချေ။ ရင်ထဲမှစကားကို မြသက်မကြားသော်လည်း သူ့မျက်ဝန်းများမှပြောနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာစကားကိုတော့မြသက်နားလည်သွားပုံရသည်။ ရှက်စနိုးနှင့် ခေါင်းလေးငုံ့သွားသည်။

လှိုင်းကလေးများလူးလွန့်နေသည့်ပင်လယ်ပြင်ကြီး၊ လေယူရာယိမ်းနေသည့် အုန်းပင်တန်းများ၊ မျက်ရည်ဝေ့နေသောမျက်လုံးများနှင့် ရှက်သွေးဖြာနေသည့် ချစ်ရသောမိန်းကလေး ... ။ အရာရာတိုင်းက ကဗျာဆန်စွာလှပနေလေသည်။

[၄]

“ဘယ်နယ့်လဲ ... ဗိုလ်ကြီး၊ ပျင်းနေပြီလားဗျ”

တစ်ညနေ သူလမ်းလျှောက်ထွက်ချိန်တွင် ကိုအောင်မောင်းက လှမ်းနှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

“ဒီလိုပါပဲဗျာ၊ ပျင်းတယ်ရယ်လို့လည်း မဟုတ်ပါဘူး။ ရောက်ကာစကတော့ တစ်မျိုးကြီးပဲဗျ။ အခုတော့လည်း နေသားကျနေပါပြီ”

ကိုအောင်မောင်းက ကျပန်းသမား။ ငါးလည်းဖမ်းသည်။ လိပ်ဥလည်းတူးသည်။ ဓနိဖက်လည်းခုတ်သည်။ ယခုလည်း ဓနိဖက်များထမ်းလာရင်း နှုတ်ဆက်နေခြင်းပင်။

အခါတိုင်းတော့ ကိုအောင်မောင်းတစ်ယောက်တည်းဖြစ်သော်လည်း ယနေ့တော့ ကလေးငယ်တစ်ဦးပါလာသည်။ ထိုကလေးငယ်၏ လက်ထဲတွင်လည်း ဥဖြူဖြူများထည့်ထားသည့် ပလိုင်းလေးတစ်လုံး။

“ဒါနဲ့ ... ဒီကလေးလေးက ...”





“သြော် ... ဒါ ကျုပ်သားလေဗိုလ်ကြီး၊ လင်းဒုတ်တဲ့”

“လင်းဒုတ် ...”

“ဟုတ်ပဲ့ဗျာ၊ ဒီကောင့်ကိုမွေးတဲ့နှစ်မှာ ငါးပိလုပ်တဲ့ ငွေလင်းဒုတ်ကောင်တွေ တူးတူးခြားခြားတက်လို့ လင်းဒုတ်လို့ခေါ်ကြရာက ခုထိ လင်းဒုတ်ဖြစ်နေတာ”

ကိုအောင်မောင်းက ဇာဒက်ကြီးကျွန်းကမဟုတ်။ ဇာဒက်ငယ်ကျွန်းအနီးရှိ ကျွန်းငယ်တစ်ကျွန်းမှဖြစ်သည်။ ကိုအောင်မောင်းတို့နေထိုင်ရာကျွန်းတွင် အိမ်တိုင်းလိုလိုပင် ဝွခံလှေ (ငွေဖမ်းလှေ)များရှိသည်ဟုဆိုသည်။ ငွေလင်းဒုတ်သည် အသားပိုများပြီး အညိုရောင်သမ်းသော ငါးပိကိုဖြစ်စေကာ ငွေနီကတော့ ပန်းရောင်သမ်းသောငါးပိကိုရစေသည်။

နောက်ပိုင်းတွင် ဒီရေတောများ တဖြည်းဖြည်းပြုန်းလာသဖြင့် ဒီရေတောများအပေါ်အမှီပြုနေရသော ငွေကောင်ကလေးများလည်း တစ်နှစ်ထက် တစ်နှစ်လျော့နည်းလာရာ ကိုအောင်မောင်းတို့လည်း အခြားအလုပ်ကိုပါ တွဲလုပ်ရတော့သည်။

လိပ်ကျွန်းများဆီသို့သွား၍ လိပ်ဥနှိုက်ခြင်း၊ ဓနိဖက်များခုတ်ခြင်းစသည်တို့ကိုပါ အပိုအလုပ်ဖြစ် လုပ်လာရတော့သည်။

ကိုအောင်မောင်းတို့လုပ်နေသမျှသော အလုပ်တွေသည် ပင်လယ်သယံဇာတများကို တတိတိ ဖဲ့ခြွေနေခြင်းဖြစ်ကြောင်းကိုတော့ မစဉ်းစားမိ။

အချိန်နှင့်အမျှ စားဝတ်နေရေးအတွက် လုံးပန်းနေရသဖြင့် စဉ်းစားရန်လည်း အချိန်မရပေ။

သဘာဝကျကျလှပနေသည့်ကမ်းခြေအလှတရားများကိုလည်း ခံစားမနေအား။ လိပ်ဥများများရလျှင် ဆန်များများရမည်၊ ငွေကောင်များများဖမ်းနိုင်လျှင် အူစိုမည်။ ကိုအောင်မောင်းနားလည်သည်က ဒါပဲဖြစ်သည်။

“လိပ်ဥတွေပါလားကွ၊ လိပ်ဥတူးရတာ ပျော်လား”



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းပဲ ပျော်တယ်။ လိပ်တွေက ဘယ်တော့မှ တန်းမဥဘူး … ဦးဗိုလ်ကြီးရဲ့။ ဖွတ်တို့၊ ဘာတို့ ဖော်စားမှာစိုးလို့ အရိပ်လေးပါးကြည့်သေးတာ။ ဥပြီးရင်လည်း နှစ်ပေလောက်တော့ လျှောက်ယက်ပစ်တာ"

"ဟော … လုပ်ပါဦး၊ အဆန်းပါလား ဘာဖြစ်လို့ယက်တာလဲကွ"

"သူ့ဥတွေကိုနောက်ယှက်တဲ့သူတွေမျက်စိလည်အောင်လို့တဲ့ အဘကပြောတယ်"

လင်းဒုတ်က လူကြီးလေးသဖွယ် ရှင်းပြနေသည်။

"နောက်နေ့ကျရင် လိပ်ဥမရှာချင်တော့ပါဘူး … ဦးဗိုလ်ကြီးရာ"

"ဘာဖြစ်လို့လဲကွ၊ မင်းပဲ ဟိုနေ့ကပြောတော့ ကျောင်းတက်ချင်တယ်ဆို။ ကျောင်းတက်ဖို့ ပိုက်ဆံလိုတယ်ဆိုပြီး အဘနဲ့ ဝိုင်းကူမလို့ဆို"

ကိုအောင်မောင်းက အံ့သြတကြီးနှင့်ပြောတော့ လင်းဒုတ်က ခေါင်းကိုငုံ့ရင်း အသံတိုးတိုးနှင့်ပြောသည်။

"လိပ်ကလေးတွေ ဥကပေါက်ချိန်ရောက်ရင် သားပေါက်လေးတွေကို စောင့်နေမယ့် လိပ်မကြီးကို သနားတယ်။ အဘကပြောဖူးတယ်လေ … လိပ်ဥတူးတဲ့သူတွေက လိပ်ဥတွေ အကုန်ယူသွားတဲ့အခါ လိပ်မကြီးက ပင်လယ်ထဲကို ပြန်မဆင်းတော့ဘဲ သူ့ကလေးတွေ ဘယ်တော့လာမလဲမျှော်ရင်း သေတာဆို"

လင်းဒုတ်လေး၏အတွေးက သူ့ကို ထပ်မံအံ့အားသင့်စေပြန်ပါသည်။

"အေးလေကွာ … အဘတို့က လိပ်ဥတွေကို အကုန်ယူတာမှမဟုတ်ဘဲ။ တစ်ကျင်းမှာ အလုံး ၃၀ လောက်တော့ ချန်ခဲ့တာပဲလေ"

"ပြီးတော့ ဦးဦးမျိုးနိုင်က ပြောတယ်။ ရေနေသတ္တဝါတွေကိုလည်း မျိုးမတုန်းအောင် စောင့်ရှောက်ရမယ်တဲ့"

မျိုးနိုင်ဆိုသည့်လူငယ်မှာ ကော့သောင်းမြို့သားတစ်ဦးဖြစ်သည်။ အမေတစ်ခုသားတစ်ခုဖြစ်သော်လည်း စီးပွားရေးပြေလည်ပုံရသည်။

သူတက်နေသော အဏ္ဏဝါဗေဒအတွက် စာတမ်းတင်ရန်ဟုဆိုကာ ကိုအောင်မောင်းတို့ ကျွန်းဘက်တွေဆီ ရောက်ရောက်လာတတ်သည်ဟုဆို



သည်။ သူနှင့်ပင် မကြာခဏ ဆုံဖူးသည်။ ရိုးသားအေးဆေးသလောက် ထက်မြက်ပုံရသည့် လူငယ်တစ်ဦးဖြစ်သည်။

သူတို့အတွက်မြို့မှလက်ဆောင်များလည်းမကြာခဏဝယ်လာသည်။ လင်းဒုတ်ကို ကျောင်းစာသင်ပေးရန်လည်း မကြာခဏတိုက်တွန်းသည်။ လင်းဒုတ်ကတော့ မျိုးနိုင်လာလျှင်လည်းပျော်၊ သူနှင့်ဆုံလျှင်လည်း ပျော်နေတတ်လေသည်။

"အဲဒါကြည့်တော့ … ဗိုလ်ကြီးရေ၊ ကျုပ်မှာ သူ့ကို ပြန်ကြောက်နေရတယ်။ ဒီကောင်က ငါးရှာ၊ ခက်ရင်းခွာ လုပ်မယ့်ကလေးလည်း မဟုတ်ဘူး။ ကျုပ် စာမသင်ခဲ့ရပေမယ့် လင်းဒုတ်ကိုတော့ စာတွေတတ်စေချင်တယ်။ လှေတစ်စင်းနဲ့ တစ်ကျွန်းဝင်တစ်ကျွန်းထွက် အသက်မွေးနေရတဲ့ဘဝက လွတ်စေချင်ပါတယ်"

လင်းဒုတ်က ယခုပင် ၆ နှစ်ထဲ ဝင်နေပြီ။ ကျောင်းကားမနေရသေး။ ကိုအောင်မောင်းတို့နေထိုင်ရာ ကျွန်းစုများတဝိုက်တွင် မူလတန်းကျောင်းပင် မရှိ။ လင်းဒုတ်ကို ကျောင်းထားလိုလျှင် အနီးဆုံးကျောင်းမှာ တလွန်းရွာ မူလတန်းကျောင်းဆီပို့ရမည်။ နေ့စဉ် လှေဖြင့်လိုက်ပို့ရန် မဖြစ်နိုင်သဖြင့် ကျောင်းအုပ်ကြီးထံတွင် အပ်ထားရမည်ဖြစ်သည်။ ကျောင်းအုပ်ကြီးမှာလည်း ချမ်းသာရှာသည်မဟုတ်။

ထို့ကြောင့်ပင် လင်းဒုတ်ကိုကျောင်းထားရန် ပိုက်ဆံကို နည်းမျိုးစုံနှင့် ရှာနေကြရခြင်းဖြစ်သည်။ မနှစ်က ပိုက်ဆံအတော်အသင့် စုမိသည့်အချိန် ကိုအောင်မောင်း၏ ငွေးခံလှေပျက်ချိန်နှင့်တိုးသဖြင့် စုထားသမျှနီးပါး ပြောင်သလင်းခါသွားသည်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေလာမည့်နှစ် ကျောင်းဖွင့်ချိန်တွင်တော့ လင်းဒုတ်ကလေးကို ကျောင်းထားနိုင်စေရမည်ဟု ကိုအောင်မောင်း ကြုံးဝါးသည်။ သူလည်း ကိုအောင်မောင်းတို့သားအဖကို တတ်နိုင်သမျှ ကူညီလိုက်ဦးမည်ဟု စိတ်ထဲတွင် တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

[၅]

"တနင်္သာရီမြို့တော်က ဇကရာဇ်ရာဇာမင်းကြီးခေါ် ဇကဒယ်ရာဇာမင်းကြီးနှင့် အဂ္ဂမဟေသီဒေဝီမိဘုရားကြီးတို့လက်ထက် သက္ကရာဇ် (၆၃၅) လောက်မှာ ရာသီဥတုတွေဖောက်ပြန် မိုးတွေရွာ မြစ်ရေတွေ အကြိမ်ကြိမ်တက်ပြီး မြို့ရိုးကြီးတွေ မြစ်ရေဖျက်လို့ အကြိမ်ကြိမ်ပျက်ခဲ့ရတယ်။

သုံးနှစ်ဆက်တိုက် အဲလိုပဲဖြစ်နေတော့ မင်းကြီးလည်း တစ်မျိုးကြံရတော့တာပေါ့လေ။ အဲဒီအချိန်တွေတုန်းကတော့ မင်းလောင်းရာတာတွေ အတိတ်တွေ တဘောင်တွေ ယုံကြည်ကြတဲ့အချိန်ဆိုတော့ မှူးမတ်တွေကို စနည်းတဘောင်နားလာကြဖို့ အမိန့်ပေးလိုက်ပါလေရော။

ဒါနဲ့ပဲ စနည်းနားကြတော့ ...

"အောင်ပါလေကျောက်တိုင်စတေးမှ တိုင်းအမည် သာယာလိမ့်မည်လေး၊ သေဆိုအာဏာပေးတယ် ခန်းခြောက်လို့ပြေး" ဆိုပြီး အော်ဟစ်ကခုန်နေတဲ့ ကလေးတွေကို တွေ့သွားကြတယ်တဲ့။ အဲဒါကိုပဲ နိမိတ်တဘောင်ကောက်ယူပြီး ညီလာခံမှာ လျှောက်ကြတယ်တဲ့၊





တဘောင်အရတော့ အမည်မှာ အောင်ပါတဲ့သူက မြို့အတွက် အစတေးခံမှပဲ မြို့ရိုးကမပြိုမှာပေါ့။

ဘုရင့်ညီလာခံမှာ ဆွေးနွေးညှိနှိုင်းပြီး မြို့အနှံ့ အမိန့်ပြန်တမ်းထုတ်တယ်တဲ့။ မြို့ရိုးပြိုမကျဖို့ အမည်မှာ အောင်ပါတဲ့သူက အသက်စတေးပေးရမယ်။ အမည်မှာ အောင်ပါတဲ့သူတွေကို ညသန်းခေါင်မှာ လိုက်ခေါ်မယ်။ ပြန်ထူးတဲ့သူကို မြို့တော်အတွက် အသက်စွန့်မယ့်သူလို့ယူဆပြီး ကျောက်တိုင်တွင်းထဲမှာ အရှင်လတ်လတ်ထည့်မြှုပ်မယ် ... စသည်ဖြင့် ကြေညာမောင်းခတ်မှာပေါ့ဗျာ။ အောင် ပါတဲ့သူကို တိတ်တိတ်လေးဖမ်းပြီး ထည့်မြှုပ်တာမျိုးမဟုတ်လို့ တော်သေးတာပေါ့"

"ဟုတ်ပ"

မျိုးနိုင်နှင့်သူ လမ်းလျှောက်ထွက်လာရင်း မျိုးနိုင်က တနင်္သာရီအရှင်မအကြောင်း ပြောပြနေခြင်းပင်။ မျိုးနိုင်က ကိုအောင်မောင်းတို့သားအဖကို သံယောဇဉ်ဖြစ်မိရာမှ သူ့ကိုပါခင်မင်ပြီး စက်လှေကြုံရှိတိုင်း သူ့ဆီရောက်လာတတ်သည်၊ တလွှန်းရွာမူလတန်းကျောင်းအတွက်လည်း စာအုပ်ကလေးအစ၊ မုန့်ပဲသွားရည်စာလေးများအဆုံး ယူလာတတ်သည်။

"တနင်္သာရီမြို့တော် တောင်ဘက်တံခါးမှာ မယ်အောင်သာဆိုတဲ့ သူဌေးသမီးချောတစ်ဦးရှိတယ်တဲ့၊ မယ်အောင်သာရဲ့ခင်ပွန်းကလည်း အမတ်ငယ်တစ်ပါးပဲတဲ့။ မြို့အတွက် စတေးဖို့ တဘောင်ထွက်တဲ့အချိန်မှာ မယ်အောင်သာက ကိုယ်ဝန်ကြီးနဲ့၊ ခင်ပွန်းဖြစ်သူကလည်း ဂဝံကျောက်ထုတ်လုပ်ရာ တနင်္သာရီမြစ်ညာကို ရောက်နေချိန်တဲ့။

မှူးမတ်တွေရဲ့ကြေညာသံကိုကြားချိန်မှာ အမည်မှာအောင်ပါတဲ့သူတိုင်းဟာ ကြောက်လန့်ကုန်ကြတယ်။ အမည်ခေါ်သံကြားရင် ယောင်ပြီးတော့ ပြန်မထူးမိဖို့ ကြိုးစားကြတယ်။ ပြန်ထူးသံကြားရင် မြို့အတွက် စတေးခံရမှာကိုး။

မယ်အောင်သာကတော့ စပြီးကြေငြာသံကြားကတည်းက မြို့အတွက် သူမရဲ့အသက်ကိုစွန့်လွှတ်ဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်တဲ့။ အတော်စိုးရိမ်ထား



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်တဲ့ အမျိုးသမီးပျ … နော်။ တိုင်းပြည်အတွက်၊ အများအကျိုးအတွက် အသက်စွန့်ဖို့အသင့်ပြင်ထားတဲ့ဘယ်လိုလူမျိုးကိုမဆိုကျွန်တော် သိပ်လေးစားတယ်။ လူတိုင်းလုပ်နိုင်တဲ့ ကိစ္စမျိုးမှမဟုတ်တာ။

မယ်အောင်သာဟာ အမည်ခေါ်ရင်ပြန်မထူးဖို့ မိဘတွေသတိပေးနေတဲ့ကြားက ပြန်ထူးခဲ့တယ်။ မြို့သူမြို့သားတွေအတွက် သူမရဲ့အသက်ကို ကြည်ကြည်ဖြူဖြူပဲ ပေးပါမယ်ပေါ့။

ကျွန်တော်မှတ်သားမိသလောက်တော့ မြို့တည်မော်ကွန်းကျောက်ဆစ်ပန်းတိုင်ကြီးက လက်မ (၈၀) ပတ်လည်လောက်ရှိတဲ့ လေးမြှောင့်တုံးကြီးတဲ့ဗျ။ အဲဒီကျောက်ဆစ်ပန်းတိုင်ကြီးကို သီဟာသနပလ္လင်တော်နဲ့ နန်းဦးဘုရား (၅) ဆူရှိရာ အရှေ့တောင်ထောင့်ဆီ အနည်းငယ်ညွတ်နေဟန် ထုထားတာ။

ဒီလိုနဲ့ စတေးရမယ့်အချိန်ရောက်လာတော့ မယ်အောင်သာက စိတ်ကို တည်ငြိမ်အောင်ထားပြီး နန်းဦးဘုရား (၅) ဆူဘက်သို့လှည့်ကာ ရှိခိုး၊ တနင်္သာရီမြို့တော်ကြီးကို ဘေးအပေါင်းက ကာကွယ်ပေးနိုင်ရပါလို၏၊ ခင်ပွန်းသည်အား ကိုယ်ထင်ပြပြီး စကားပြောဆိုနိုင်ရပါလို၏၊

အဓိဋ္ဌာန်အောင်မြင်ရင် ကျောက်တိုင်ထိပ်ဖျားက သွေးစိမ်းရှင်ရှင် ပန်းထွက်ပါစေလို့ အဓိဋ္ဌာန်ပြီး ကျောက်တိုင်စိုက်မယ့် ကျောက်တွင်းကြီးထဲ ခုန်ချသွားခဲ့တယ်။

ကျောက်တိုင်ကြီးစိုက်ထူပြီးချိန်မှာမယ်အောင်သာရဲ့အဓိဋ္ဌာန်အတိုင်း ကျောက်တိုင်ထိပ်ဖျားကနေ သွေးစိမ်းရှင်ရှင် ပန်းထွက်လာခဲ့တယ်တဲ့။ ပြီးတော့ တနင်္သာရီမှာ ဘေးအန္တရာယ်ကြီးကြီးမားမားဖြစ်ခါနီးရင် ကျောက်တိုင်ထိပ်က သွေးတွေကျတတ်တယ်လို့ ဆိုကြတာပဲ။ အခု ကျွန်တော်ပြောခဲ့သမျှက တနင်္သာရီအရှင်မလို့သိကြတဲ့ မယ်အောင်သာအကြောင်းကို ကြားဖူးနားဝအကုန်ပေါင်းပြီး ပြောပြတာ"

"ဒီနေ့စကားပြောရတာ ဗဟုသုတတွေအတော်တိုးတာပဲ မျိုးနိုင်ရာ၊ ကျေးဇူးပါကွာ။ ဒီလိုသိခွင့်ရဖို့ဆိုတာ လွယ်တာမှတ်လို့"

မျိုးနိုင်က ရှက်သွားသလို တစ်ချက်ရယ်လိုက်သည်။





"ကျွန်တော်က အပြင်ဗဟုသုတတော့ လိုက်လေ့လာနေတာကိုးဗိုလ်ကြီးရဲ့၊ ကျောင်းစာတော့ ညံ့တယ်ဗျ။ အခုတောင် စာတမ်းတင်ဖို့ လေ့လာတာကနည်းနည်း၊ ကျွန်တော်မှတ်ချင်တာ လျှောက်မှတ်နေတာက များများရယ်"

"မင်းက အဏ္ဏဝါဗေဒအထူးပြုနော်"

"ဟုတ်တယ်၊ ကျွန်တော်ကတော့ ရေသတ္တဝါတွေရော ကုန်းသတ္တဝါတွေကိုရော စိတ်ဝင်စားတာပဲ၊ စာတမ်းသာမရေးချင်တာ … ဟား … ဟား … ဟား …"

သူလည်း မျိုးနိုင်ရယ်သည်ကိုကြည့်ရင်း ပြုံးမိသည်။ အသက်ငယ်သော်လည်း လေးစားစရာကောင်းသည့် လူငယ်တစ်ဦးအဖြစ် သိုးကျုံးမိသည်။

●

[၆]

"တောက် … လွန်လွန်းတယ် ဗိုလ်ကြီးရာ"

သူ့ကိုတွေ့တွေ့ချင်း ဆိုင်းမဆင့်ဗုံမဆင့် ပြောချလိုက်သော မျိုးနိုင်ကြောင့် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားရသည်။ မျိုးနိုင်က အရေးကြီးသည်ဟုဆိုကာ စခန်းဝအထိလာရာသဖြင့် ထွက်လာခဲ့ခြင်းပင်။

"ဟ … ဘာဖြစ်နေတာလဲ မျိုးနိုင်ရာ၊ ငါလည်း ဘာမှမလုပ်ရပါလား"

"ဗိုလ်ကြီးကိုပြောတာ မဟုတ်ပါဘူးဗျာ၊ ဟိုလူတွေပေါ့"

"ဘယ်လူတွေတုံး။ မင်းဟာကလည်း မရှင်းမရှင်းနဲ့ကွာ။ အစကနေပြောစမ်းပါ။ စိတ်ကိုလျှော့ပါကွ"



www.burmeseclassic.com

www.burmeseclassic.com



မျိုးနိုင်က သူ့သတိပေးလိုက်မှပင် စိတ်လျှော့ချလိုက်ဟန်ဖြင့် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ ပြီးတော့ နီးစပ်ရာ အုန်းတုံးတစ်တုံးပေါ်တွင် ထိုင်ချလိုက်သည်။ သူလည်း မျိုးနိုင်ဘေးတွင် ဝင်ထိုင်လိုက်သည်။

"စိတ်မရှိပါနဲ့ ... ဗိုလ်ကြီးရာ၊ ကျွန်တော် အတော်ဒေါသထွက်နေလို့ပါ။ ဒီမှာ တိုင်ပင်စရာဆိုလို့လည်း ဗိုလ်ကြီးပဲရှိလို့"

"အေးပါကွာ ... ဟုတ်ပါပြီ၊ အကြောင်းရင်းကိုသာ ပြောပါ"

"ဒီလိုဗျာ ... နေ့လည်က ကျွန်တော် တလွန်းရွာဘက်ခဏသွားတာ ငှက်သိုက်ရာသီဆိုတော့ ကျွန်တော့်အမေအတွက် ငှက်သိုက်လေးဝယ်သွားချင်လို့လေ။ အဲဒီမှာ ကော့သောင်းမြို့ပေါ်က သူဌေးတစ်ယောက်ရဲ့အဝယ်တော်က ငှက်သိုက်တွေအကုန်လုံးကို ဝယ်ပြီးနေပြီ"

"အင်း ... အဲဒါနဲ့ ..."

"ကျွန်တော် ငှက်သိုက်မရလိုက်လို့ စိတ်တိုနေတာမဟုတ်ဘူးနော် ဗိုလ်ကြီး။ ဒီကောင်တွေ လုပ်ပါးဝတာကို သိလိုက်ရလို့ ဒေါသထွက်တာ။ ဘယ်နယ့်ဗျာ ... ပစ္စည်းမှန်သမျှကို အောက်ဈေးနဲ့ပေးဝယ်ရုံမက ဘိန်းနဲ့ပါ ဖျက်ဆီးနေကြတာဗျ"

"ဘာ ... ဘယ်လို ... ဘိန်းနဲ့ဟုတ်လား"

မျိုးနိုင်၏စကားကြောင့် အတော်လန့်သွားသည်။ စိတ်လည်း တိုမိသည်။

"ဟုတ်တယ် ... ဗိုလ်ကြီးရေ၊ ဒီလူတွေက သိပ်ရိုးသားတဲ့ဆလုံတွေကို မူးယစ်ဆေးနဲ့ ထိန်းချုပ်နေကြတာ။ ပိုက်ဆံလေး မဆိုသလောက်ပေးပြီး ဘိန်းတွေ၊ စီးကရက်တွေနဲ့ မက်လုံးပေးထားကြတာ။ မသိနားမလည်ရှာတဲ့ ဆလုံတွေက မူးယစ်ဆေးရဲ့ ဖျားယောင်းမှုနောက်ကိုလိုက်ပြီး ရသမျှပစ္စည်း ဒင်းတို့ဆီ ထိုးအပ်နေကြတယ်"

"မိုက်ရိုင်းလိုက်ကြတာကွာ ... စီးပွားရေးအမြတ်ထုတ်ရုံမကဘဲ လူအညွန့်တုံးအောင်ပါ လုပ်ရက်လိုက်ကြတာ"





ဆလုံတို့သည် ရှေးအခါက မူးယစ်ဆေးဝါးသုံးစွဲခြင်း မရှိခဲ့ကြ။ စီးပွားရေးသမားများသည် ရိုးသားသော ဆလုံများထံမှ အဖိုးတန်ပင်လယ်ထွက်ပစ္စည်းများကို ဈေးပေါပေါရနိုင်ရန်၊ မိမိတစ်ဦးတည်းထံတွင်သာ လာရောင်းရန် ချုပ်ကိုင်သည့်အနေဖြင့် စီးကရက်၊ ဘိန်း၊ အရက် စသည်တို့ကို ပေးကမ်းရာမှ မူးယစ်ဆေးကို တစ်ထက်တစ်စ ရင်းနှီးလာခဲ့ကြရသည်။ မူးယစ်ဆေးဝါး၏ အန္တရာယ်ကိုလည်း နားမလည်ရှာကြပေ။

အမှန်တကယ်တော့ ငှက်သိုက်ခွာသောအလုပ်မှာ လွယ်ကူလှသည် မဟုတ်။ ငှက်သိုက်ကို အများအားဖြင့် နွေရာသီတွင် ရှာဖွေတတ်ကြသည်။ ဇီဝစိုးငှက်သည် ကျောက်ဆောင်လိုဏ်ဂူများရှိသော ကျောက်တောင်များပေါ်တွင် အန်ထားတတ်ကြသည်။ အသိုက်ရှိရာနေရာမှာ မှောင်မဲနေလေ့ရှိသဖြင့် မီးတုတ်ထွန်းရသည်။ ကျောက်တောင်ပေါ်သို့ ကြိုးများဖြင့် တွယ်တက်ပြီး ရှူးဖြင့် ထိုးယူရသည်လည်းရှိသည်။

ဇီဝဖိုးငှက်ငယ်လေးများမှာ သားပေါက်ချိန်ရာသီရောက်သောအခါ သူတို့ဥချရန်အသိုက်ကို လူသူမရောက်နိုင်သော ကျောက်တောင်ကြီးများဘေးတွင်ကပ်၍ သူတို့ကိုယ်အတွင်းမှ အစေးများအန်၍ပြုလုပ်တတ်ကြ၏။ သို့သော်လည်း လောဘသားလူသားများက သူတို့အသိုက်အမြုံကို ဖျက်ဆီးယူငင်ကြသောအခါ ဥစရာနေရာမရှိသော ငှက်ကလေးများမှာ နောက်တစ်ကြိမ်အသိုက်ပြန်ဆောက်ကြရပြန်သည်။

အသိုက်လုပ်ရန် အန်ရဖန်များလွန်းသောအခါ အန်ဖတ်နှင့်အတူ သွေးစများလည်း ပါလာတတ်ကြသည်။ ဆလုံများမှာ သွေးစပါသောငှက်သိုက်များကို ရောင်းရားလေ့ရှိသော်လည်း မိုက်ကယ်တို့လို လောဘသမားများကတော့ သွေးစပါသောငှက်သိုက်ကိုပါ ဝယ်မည်ဟု စည်းရုံးကြသည်။ တတိယအကြိမ် အသိုက်ပြန်ဆောက်ရသောအခါတွင်တော့ ငှက်ကလေးမှာ သွေးအန်၍ သေဆုံးရရှာသည်။

"အဖြူရောင်ငှက်သိုက်က အကောင်းဆုံး ... ဗိုလ်ကြီးရ၊ အညိုရောင်တို့၊ အမဲရောင်တို့က အဖြူရောင်လောက် အာနိသင်မရှိသလို ဈေးလည်း[illegible]ရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူတို့က ဖြူပေ့ဆိုတာတွေကိုမှ ဈေးနိမ်ဝယ်ကြတာ။ ကျွန်တော်တော့ အဲဒီ စီးပွားရေးသမားအမည်ခံ လူလူချင်းကုပ်သွေးစုပ်တဲ့သူတွေကို ရွံတယ်ဗျာ။ ဆလုံတွေက ရိုးသားခဲ့ကြတယ်။ ရိုးလွန်းအားကြီးလို့ ထုံအသလိုတောင် ဖြစ်နေကြရှာတာ။ ဒီလူတွေက ဆလုံတွေရဲ့ရိုးသားမှုကို ခေါင်းပုံဖြတ်ကြရုံမက မူးယစ်ဆေးဝါးတွေနဲ့ပါ အညွန့်တုံးအောင် လုပ်နေကြတာတော့ ခွင့်မလွှတ်နိုင်ဘူး။ နေ့လည်ကလည်း အဲဒီအဝယ်တော် မိုက်ကယ်ဆိုတဲ့လူကို ပြောပစ်ခဲ့တယ်"

"ခွင့်မလွှတ်နိုင်လည်း မင်းဘာသာတော့ ဘာမှမလုပ်နဲ့ ... မျိုးနိုင်။ ငါ ဗိုလ်မှူးကို တင်ပြမယ်။ ရွာလူကြီးတို့ ကျောင်းအုပ်ကြီးတို့ကိုလည်း ပြောမယ်။ ပြီးတော့ ဘိန်းတွေသယ်သယ်လာတဲ့ ဒီကောင်တွေကို အမိဖမ်းပြီး အရေးယူနိုင်ဖို့ ကိုခင်မောင်မြင့်တို့ဆီ လှမ်းအကြောင်းကြားရမယ်"

"ကျေးဇူးပါပဲ ... ဗိုလ်ကြီးရာ၊ ကျွန်တော် တတ်နိုင်တဲ့ အပိုင်းရှိရင်လည်းပြောပါ။ ဒီလူတွေက ပစ္စည်းတွေကို ရနောင်းကနေတစ်ဆင့် တစ်ဖက်နိုင်ငံထဲမှာ ဈေးကွက်ဖွင့်ထားတာဗျ။ လက်နက်တွေဘာတွေလည်း အလွယ်တကူ ရနေကြပုံပဲ။ ကိုယ်ပိုင်စပိဘုတ်တွေရော"

"အေး ... သတိတော့ထားရမှာပေါ့။ ကိုယ့်ဖက်ကမပိုင်ဘဲတော့ သွားစလို့မရဘူး။ ဟိုဘက်အခြမ်းကလူကို အရေးမယူနိုင်တောင် ကိုယ့်ဆီကလူကိုတော့ ဥပဒေအရ လှုပ်ရှားရမှာပေါ့၊ လောလောဆယ်တော့ တလွန်းဘက် မသွားနဲ့ဦး။ အဲလူတွေ မင်းကို ငြိုးနေမယ်"

"ဟုတ်ကဲ့ပါ ... ဗိုလ်ကြီး၊ စိတ်ချပါ"

မျိုးနိုင်ပြန်သွားတော့ ဗိုလ်မှူးဆီသွားပြီး အကျိုးအကြောင်း ပြောပြရသည်။ အကြောင်းစုံကိုသိတော့ ခပ်ပြုံးပြုံးနေတတ်သည့် ဗိုလ်မှူးမျက်နှာက တင်းမာသွားသည်။

"အသားထဲက.လောက်ဆိုတာ ဒီလိုလူမျိုးတွေကို ပြောတာကွ။ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့အစားတွေ။ ဒီလိုလုပ်ကွာ ... ဒါက ကိုခင်





မောင်မြင့်တို့ တိုက်ရိုက်လှုပ်ရှားဘာ ကောင်းလိမ့်မယ်။ ငါတို့က လိုအပ်တာကို ကူညီကြတာပေါ့။ အေး ... ကိုခင်မောင်မြင့်တို့ကို ဒီကောင်တွေဖက်က လူအင်အားသုံး ပြန်နှခံမယ်ဆိုရင်တော့ ငါတို့လည်း ငြိမ်မနေဘူး"

"ဟုတ်ကဲ့ပါ ... ဗိုလ်မှူး၊ ကျွန်တော် ကိုခင်မောင်မြင့်ဆီ အခုပဲ သွားလိုက်ပါ့မယ်"

●

(၇)

"ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ လူစားတွေကတော့ ဒီ ရေတောတွေနဲ့ပတ်သက်ရင်လည်း တွေ့ရတာပဲ ... ကိုဇော်အောင်ရေ"

"လင်းပါဦး ... ကိုခင်မောင်မြင့်"

"ဒီလို ... ကိုဇော်အောင်ရဲ့၊ တစ်လောတုန်းကလည်း ကျွန်တော်တို့ဆီကို သစ်တောဝန်ထမ်းနှစ်ယောက် ရောက်လာသေးတယ်၊ ဒီရေတောတွေနဲ့ ပတ်သက်ရင် လူနှစ်မျိုးနှစ်စားကို တွေ့ရတယ်ဗျ။ တစ်မျိုးက မြို့ပေါ်က သူဌေးတွေ။ သူတို့က ဒီရေတောနဲ့ ပတ်သက်ဆက်နွယ်မှု ကြီးသလိုထင်ရတယ်။ ပုစွန်ကန်ဇကတွေ၊ ဆားလယ်ဇကတွေ အများကြီးပိုင်တဲ့ သူတို့အတွက်ကတော့ ဒီရေတောကရတဲ့ အကျိုးအမြတ်တွေ အများကြီးပေါ့ဗျာ"

"ဆက်ပါဦး ... ကိုခင်မောင်မြင့်၊ စိတ်ဝင်စားစရာပဲ"

"အင်း ... အဲဒီလိုအကျိုးအမြတ်များပေမယ့် သူတို့လိုလူမျိုးတွေက ဒီရေတောမှာပဲ နစ်မြုပ်နေတာမျိုးမဟုတ်ဘူး။ ဆိုလိုတာကဗျာ ... သူတို့ကိုက်



www.burmeseclassic.com

www.burmeseclassic.com



တာအိုးအိမ်တွေ၊ တခြားပိုင်ဆိုင်မှုတွေ ဘာတွေက မြို့ပေါ်မှာ၊ မြို့ပေါ်မှာ အခန့်သားနေနေပေမယ့် သူတို့ရနေတဲ့ အကျိုးအမြတ်ကများတော့ သူတို့ကို မက်လုံးပေး စည်းရုံးရတာလွယ်တယ်။ ဥပဒေနဲ့အညီ ကိုင်တွယ်တတ်ဖို့သာလိုတာ။ ချော့တန်ချော့ ခြောက်တန်ခြောက်ပေါ့။ အဲ ... ထင်းလှေသမားတွေလို၊ ကဏန်းကောက်တဲ့ လူမျိုးတွေကျတော့ တစ်မျိုးကိုင်တွယ်ဖို့လိုလာပြန်ရော။ ချော့မရခြောက်မရနဲ့ သိမ်းသွင်းရခက်တယ်။ ကဏန်းသားပေါက်ချိန်မှာ ဒီရေတောတွေကို မခုတ်ဖို့၊ ဥပါတဲ့ ကဏန်းမ.တွေကို မဖမ်းဖို့ အတော်ပြောယူရတယ်။ ဒါကလည်း သူတို့အပြစ်တော့မဟုတ်ပါဘူး။ ဆင်းရဲကြတာကိုး။ သူတို့မှာ တခြားပိုင်ဆိုင်တာ ဘာမှမရှိတော့ ဒီရေတောတွေနဲ့ ပင်လယ်ပြင်ကို သူတို့အပိုင်အဖြစ် သတ်မှတ်တာ အဆန်းမဟုတ်ပါဘူးလေ"

စကားဆုံးတော့ သူလည်း သက်ပြင်းချမိသည်။

ထင်းခုတ်သမား၊ ကဏန်းဖမ်းသမားတို့မှာ ကိုယ်တွင်အကျီမရှိ။ ခါးတွင်သာ အရောင်အဆင်းကင်းမဲ့နေသော ပုဆိုးကို ဆင်မြန်းထား၏၊ ရွှံ့နှစ်များပေကျံနေသဖြင့် မူလအရောင်ကိုပင် မခန့်မှန်းနိုင်တော့ပြီ။ သူတို့၏ တစ်နေ့ဝင်ငွေမှာ ပြောပလောက်စရာမရှိ။ သို့သော် သည်ဒီရေတောကား သူတို့၏ဘဝပင်ဖြစ်သည်။ သည်နေရာမှလွဲ၍ သူတို့တွင် နေစရာမရှိ။ သည်ပတ်ဝန်းကျင်သည်သာ သူတို့၏ အသက်မွေးဝမ်းကျောင်းရာ။

ဂေဟာစနစ်တွေ၊ ကမ္ဘာကြီးပူနွေးလာမှုတွေ၊ အစိမ်းရောင်စီးပွားရေးတွေကို သူတို့မသိပါ။ သူတို့အား မည်ကဲ့သို့ မက်လုံးပေးမည်နည်း။ သူတို့သိသည်မှာ သဘာဝတရားကြီးက သူတို့အတွက် သည်ဒီရေတောကြီးကို ဖန်ဆင်းထား၏။ သည်တောထဲမှာ ဖားရှာ၊ ငါးရှာမည်၊ ထင်းခွေရေခပ်မည်။ သည်တောကို သူတို့ပိုင်သည်။

သည်တောမရှိသည့်အခါ မြို့မှသူဌေးများက အခြားအလုပ်ပြောင်းနိုင်သော်လည်း ထင်းခုတ်သမားနှင့် ကဏန်းရှာသူတို့မှာ ဘာလုပ်လို့ ဘာကိုင်ရမည်ဆိုသည်မှာ ရေရေရာရာမရှိ။





ဆလုံတို့မှာလည်း ထိုသို့ပင်။ သက်စွန့်ဆံဖျား ရေငုပ်ကြ၊ ငှက်သိုက်နှိုက်ကြ၊ ပုလဲငုပ်ကြနှင့် အသက်မွေးကြရသည်။ ရလာသည့် အကျိုးအမြတ်က မဖြစ်စလောက်။ ပင်လယ်ကြီးက သူတို့ဘဝ။ ပင်လယ်ပြင်ရှိနေသမျှ သူတို့အသက်ရှင်နိုင်သည်ဟု ထင်မှတ်နေကြသည်။ ထိုသို့ လောဘနည်းလွန်းသည့် ဆလုံတို့ကိုမှ ခေါင်းပုံဖြတ်ရက်ကြသည်။

သိပ်တော့ကြာကြာမစောင့်လိုက်ရပါ။ ကိုခင်မောင်မြင့်နှင့်အဖွဲ့များက မိုက်ကယ်၏စပီဘုတ်ကို ရှောင်တခင်ဝင်စစ်နိုင်ပြီး မိုက်ကယ်၏လူသုံးယောက်ကို ဘိန်းများ၊ ပုလဲများနှင့်အတူ ဖမ်းဆီးလိုက်နိုင်၍ဖြစ်သည်။ မိုက်ကယ်ကတော့ အလွတ်ရုန်းပြေးသည်၊

လောလောဆယ်တော့ မူးယစ်ဆေးဝါးကိုအသုံးပြု၍ စီးပွားရေးခေါင်းပုံဖြတ်ရန်ကြိုးစားသူများ လာရဲတော့မည်မဟုတ်။ သင့်တင့်မျှတသော ဈေးနှင့် ဖြောင့်မတ်မှန်သည့် အဝယ်ဒိုင်များလောက်သာ ဆင်းလာရဲကြတော့မည်။ သို့သော်လည်း ရှိုးရာပွဲများ၌ ခနိရည်၊ အရက် ... စသည်သောက်သုံးခြင်းမှလွဲလျှင် မူးယစ်ဆေးဝါးကိုရှောင်ကြဖို့ ရွာလူကြီးကိုစည်းရုံး၍ အရင်နားချခိုင်းရသည်။ ကျောင်းအုပ်ဆရာကြီးနှင့် မြသက်ကလည်း ဘိန်းဖြူ၏ အန္တရာယ်ကို မြင်လာအောင် ကြိုးစား၍ ရှင်းပြရသည်။ ရိုးသားလှသည့် ဆလုံများအပါအဝင် ကျွန်းသူကျွန်းသားများ မတော်လောဘသမားများ၏ အန္တရာယ်မှ ကင်းဝေးပါစေတော့။

www.burmeseclassic.com

www.burmeseclassic.com

[၈]

"ဗိုလ်ကြီး ... ကိုအောင်မောင်းတို့သားအဖနဲ့ ဆုံသေးလားဗျ။ သူတို့ကိုမတွေ့တာ တစ်လလောက်ရှိတော့မယ်"

မိုးရာသီမစခင်တစ်မနက်တွင် မျိုးနိုင်က အထုပ်ကလေးတစ်ထုပ်ပိုက်၍ ပေါက်ချလာသည်။

"အေး ... ငါလည်းမတွေ့မိလို့ မင်းကိုတောင်မေးမလို့ မျှော်နေတာ၊ ကျောင်းဖွင့်ဖို့ နီးနေပြီမဟုတ်လား။ လင်းဒုတ်ကျောင်းတက်ဖို့ ငါလည်း ကူချင်လို့ကွ။ မင်းကလည်း အခုမှ ပေါ်လာတာကိုး"

"ကျွန်တော် ကိစ္စရှိလို့ ကော့သောင်းကိုပြန်သွားတာ။ အခု လင်းဒုတ်အတွက် ကျောင်းစိမ်းလေးတွေနဲ့ ကိုအောင်မောင်းအတွက် အဝတ်အစားတွေ ယူလာတာဗျ"

"သူတို့ကျွန်းက စက်လှေနဲ့သွားရင် သိပ်မဝေးဘူးမဟုတ်လား။ ငါတို့စက်လှေငှားပြီး လိုက်သွားကြည့်ရအောင်။ ဒီနေ့ဂျူတီချိန်လည်းမရှိတော့ ဗိုလ်မှူးကိုခွင့်တောင်းပြီး လိုက်ခဲ့မယ်"





မျိုးနိုင်က ကိုအောင်မောင်းတို့ကျွန်းကလေးဆီ ရောက်ဖူးသည်။ ကိုအောင်မောင်းတို့ရွာက အိမ် (၁၅) အိမ်ခန့်သာရှိသည့်ရွာငယ်လေးဖြစ်သည်။

"လင်းဒုတ်ရေ ... လင်းဒုတ်၊ ကိုအောင်မောင်းရေ ဘယ်ပျောက်နေကြလဲဗျို့"

မျိုးနိုင် အားပါးတရအော်ခေါ်သော်လည်း လင်းဒုတ်တို့တဲကလေးက ငြိမ်သက်နေသည်။ တစ်ခုခုတော့မှားနေပြီဟု တွေးလိုက်ရင်း တဲထဲသို့ လှမ်းဝင်လိုက်သည်၊ တဲထဲတွင်တော့ အမျိုးသမီးကြီးတစ်ဦးကို တင်းကြပ်စွာ ဖက်တွယ်ထားသော လင်းဒုတ်။

"ဟာ ... ဘာ ... ဘာဖြစ်ကြတာလဲ။ ဘာဖြစ်လို့ ငိုနေကြတာလဲဗျာ၊ ကိုအောင်မောင်းရော"

အမျိုးသမီးကြီးက အသံမထွက်အောင် ကြိတ်၍ရှိုက်ရင်းက မျက်ရည်ကိုသုတ်သည်၊ လင်းဒုတ်ကိုလည်း မျက်ရည်သုတ်ပေးသည်။

"အောင်မောင်းတော့ သေသွားပြီ ဆရာ"

"ဗျာ ..."

မျိုးနိုင်ရော သူ့ပါ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ကျွန်မက အောင်မောင်းနဲ့ အမျိုးနီးစပ်တော်ပါတယ်။ ကျွန်မလည်း ဒီကျွန်းမှာပဲနေတာပါ။ ဆရာတို့နဲ့ဆုံပြီးနောက်ပိုင်း အောင်မောင်းက သိပ်ပြောင်းလဲသွားတယ်၊ ခနီပင်ခုတ်တာတောင် တွက်ချက်ပြီးမှ ခုတ်တယ်၊ ပင်လယ်ကကာန်းတွေ ဈေးကောင်းပေးဝယ်မယ်ဆိုပြီး တကူးတကလာမှာသူ ရှိတာတောင် သားချရှိန်မို့တဲ့ မဖမ်းပေးဘူး၊ ဆရာတို့က ငါ့သားရဲ့ကျေးဇူးရှင်၊ ဆရာတို့ပြောသမျှကို ငါတတ်နိုင်သမျှ နားထောင်တော့မယ်တဲ့"

ပြောရင်း ငိုပြန်သည်။ လင်းဒုတ်လည်း ငိုသည်၊ သူလည်း ငိုချင်လာသည်။ အသားမဲပြောင်ပြောင် မျက်နှာမှာ ကျောက်ပေါက်မာတွေနှင့် ခပ်ပြုံးပြုံးပုံရိပ်တစ်ခုက အတွေးထဲဝင်လာသည်။

"လွန်ခဲ့တဲ့ ၂ ပတ်လောက်က ကျွန်းဟိုဘက်အခြမ်းကို လူသစ်တွေ ရောက်လာတယ်၊ သူတို့က သမောင်းတိုင်တွေ လာခုတ်ကြတာထင်ရဲ့၊ ခိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ခုတ်ကြတာ။ အောင်မောင်းက ဓွေးကောင်လေးတွေတက်ချိန်မှာ (၂)ပတ် (၃)ပတ် စောင့်ပြီးမှခုတ်ဖို့ သွားပြောရာက စကားတွေများကြတယ်။ တစ်ဖက်လူက ကိုအောင်မောင်းကိုတွန်းလိုက်တာ ခြေချော်ပြီး သမောင်းငုတ်တစ်ခုနဲ့ ခြေထောက်ကို ထိုးမိတယ်။ ခြေဖမိုးထုတ်ချင်းပေါက်သွားတာ မြင်တော့ ဟိုလူတွေလည်း အောင်မောင်းကိုတွန်းထိုးပြီး ထားခဲ့ကြတာ။ ကျွန်မလည်း အဲဒီအကြောင်းကို နောက်မှသိရတာ။ ခြေထောက်ကဒဏ်ရာကို ဆေးမြီးတိုလေးတွေနဲ့ကုရာက မန်းတွေဝင် အဖျားတွေတက်ပြီး ...”

အမျိုးသမီးကြီး ဘာတွေပြောနေမှန်း သူမသိတော့။ ဖြစ်မှဖြစ်ရလေ ဟူသောစိတ်က ရင်ဝကိုလာဆောင့်သဖြင့် မျက်ရည်မကျမိအောင် စိတ်တင်းထားလိုက်ရသည်။

“ဖြစ်ရလေ ... ကိုအောင်မောင်းရယ်၊ ရေတိမ်နစ်ရလေခြင်းဗျာ”

“ကျွန်မလည်း ဆရာတို့ကို သတိရမိပါတယ်။ ဒါပေမယ့် ကျွန်မမှာလည်း စားဝတ်နေရေးနဲ့ လုံးပန်းနေရတာနဲ့တင် လင်းဒုတ်ကို ဆရာတို့ဆီ လိုက်မပို့နိုင်ခဲ့ဘူး။ လင်းဒုတ်ကလည်း သူ့အဘကို သတိရလို့ငိုလိုက်၊ ကျောင်းတက်ချင်လို့ ငိုလိုက်နဲ့ ကျွန်မဖြင့် ရူးချင်တာပါပဲ ... ဆရာတို့ရယ်”

“ကိုင်း ... မျိုးနိုင်ရေ၊ ဒီလိုဖြစ်လာမှတော့ မထူးဘူးကွာ။ ဒီအမျိုးသမီး ခွင့်ပြုမယ်ဆိုရင် လင်းဒုတ်ကိုခေါ်သွားရအောင်။ ဒီကလေးတစ်ယောက်အတွက်တော့ ငါတာဝန်ယူနိုင်အောင် ကြိုးစားမယ်။ ငါမွေးစားမယ်။ အမေတို့ကို နောက်မှ အကြောင်းကြားလိုက်မယ်”

“ကျွန်တော်လည်းကူမှာပါ ... ဗိုလ်ကြီး။ ဗိုလ်ကြီးက အရပ်သားမဟုတ်တော့ သူ့ကိုခေါ်ထားဖို့ခက်မယ်။ လောလောဆယ်တော့ မမြသက်နဲ့တိုင်ပင်ပြီး တလွန်းမှာပဲ ခဏထားကြတာပေါ့”

လင်းဒုတ်က သူတို့ပြောဆိုနေသမျှကို မျက်လုံးအဝိုင်းသား ငေးနေသည်။

“လင်းဒုတ်ကို ဆရာတို့ခေါ်သွားမယ်ဆိုရင် ကြည်ကြည်ဖြူဖြူပဲခွင့်ပြုပါတယ်။ ဒီမှာသာဆိုရင် ကျွန်မတို့လိုဘဝကနေ တက်မှာမဟုတ်ဘူး။ ကျွန်မက





တော့ အသက်ကြီးပြီ။ ဒီနေရာကနေ မခွာနိုင်တော့ဘူး၊ လင်းဒုတ် ... လိမ်လိမ်မာမာနေနော်။ ကြီးကြီးကို မမေ့မသွားနဲ့နော်”

လင်းဒုတ်က အမျိုးသမီးကြီးကို ထိုင်ကန်တော့သည်။ စက်လှေပေါ်ရောက်တော့ လင်းဒုတ်က သူ့လက်ကို အားကိုးတကြီးကိုင်ရင်း ပြောသည်။

“ကျွန်တော် ... စာတွေ အများကြီးသင်မယ်။ ဦးဦးလိုမျိုး ဖြစ်ချင်တယ်။ ကျွန်တော်တို့ကျွန်းနားက ကလေးတွေတိုင်းကို စာသင်နိုင်စေချင်တယ်၊ ကျွန်တော်ကြီးလာရင် ကျောင်းဆောက်ပေးချင်တယ်”

“ဖြစ်ရမှာပေါ့ လင်းဒုတ်ရယ် ... တစ်နေ့ကျဖြစ်လာမှာပါ။ လူသားတိုင်းကိုယ်နေထိုင်ရာဝန်းကျင်ကို လေးစားတန်ဖိုးထားတတ်ဖို့ ဦးတို့ အတူကြိုးစားကြတာပေါ့။ ကိုအောင်မောင်းအတွက်လည်း ဂုဏ်ယူပါတယ်ကွာ”

မျိုးနိုင်က လင်းဒုတ်ကိုအသာဖက်လိုက်တော့ လင်းဒုတ်က ခပ်တိုးတိုး ပြောသည်။

“ကျွန်တော် အဘကို သိပ်အောက်မေ့တယ်”

နေလုံးနီနီက ပင်လယ်ထဲသို့ ငုပ်လျှိုးရန် ဟန်ပြင်နေသည်။ နေဝင်ပြီးလျှင် ရောင်နီလာမည့်နံနက်သို့ ရောက်လာလိမ့်ဦးမည်။ ကိုအောင်မောင်းကတော့ နမ်းတစ်စေ့၏ တာဝန်ကျေခဲ့ပြီးပြီ။ မျိုးအောင်နှင့်လင်းဒုတ်လည်း အုတ်တစ်ချပ်နေရာမှ တာဝန်ယူရန် ကြိုးစားနေကြသည်။

သူသည်လည်း ဆီတစ်စက်ဖြစ်လာဖို့ ကြိုးစားရပေဦးမည်။

ဟိုးအနောက်ဘက်ဆီမှာတော့ လင်းဒုတ်တို့ ကျွန်းကလေးက ဝေး၍ ဝေး၍ ကျန်ခဲ့လေချေပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[၉]

"အစ်ကိုကြီး ... ငေးလှချည်လားဗျ၊ ဘာလဲ ကျွန်တော်လာကန်တော့တာကို မသိချင်ယောင်ဆောင်နေတာလား"

ဧည့်ခန်းထဲသို့ဝင်လာသည့် မျိုးနိုင်ကြောင့် အတိတ်ရေယာဉ်ကြောတွင် မျောပါနေရာမှ ပြန်သတိဝင်လာသည်။ မျိုးနိုင်သည်ပင် ဆံပင်များဟိုတစ်စ သည်တစ်စ ဖြူစပြုပြီ။

"ဟာ ... မျိုးနိုင်၊ လာကွာ။ ရောက်လာမယ်လို့တော့ ထင်သား။ သီတင်းကျွတ်ပိတ်ရက်ရောက်ကတည်းက မျှော်နေတာ"

ဦးမျိုးနိုင်က မော်လမြိုင်တက္ကသိုလ်တွင် တွဲဖက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ရာမှ အငြိမ်းစားယူလိုက်သည်။ ယခုထိ အိမ်ထောင်မပြု။ မိခင်ဆုံးပြီးကတည်းက ရာဘာခြံတစ်ခြံဝယ်ပြီး ဝါသနာပါရာများကိုလုပ်ရင်း စက်လှေတစ်စီးနှင့် ကျွန်းများကို ပတ်နေဆဲဖြစ်သည်။

"လာချင်တာပေါ့ ... အစ်ကိုကြီးရာ၊ စိတ်ကတော့ အမြဲရှိပါတယ်။ တစ်လောတုန်းက ဇာဒက်ကြီးကျွန်းဘက်က ငှက်သိုက်မွေးမြူရေးစခန်းတွေဆီ သွားလေ့လာနေတာ၊ အခု ... ငှက်သိုက်တွေကို အိမ်လေးတွေဖွဲ့ပြီး စနစ်





တကျ လုပ်နေပြီဗျ။ ငှက်ကလေးတွေကို ထိန်းသိမ်းပေးရာလည်းရောက် ငှက်သိုက်လုပ်ငန်းအတွက်လည်း အကျိုးရှိအောင်ပေါ့"

"ငါတို့ခြေရာတွေထပ်ခဲ့တဲ့ ဇာနည်ကျွန်းနဲ့ ဇာဒက်ကြီးကျွန်းဆီ တစ်ခေါက်လောက်တော့ သွားချင်သေးတယ်ကွာ"

"ကျွန်တော်သွားတုန်းကတောင် နယ်လှည့်ဆေးကုသရေးအဖွဲ့နဲ့ တောင်ဆုံသေး။ အခုဆိုရင် တလွန်းမှာ အတော်ခေတ်မီနေကြပြီ။ ရေဒီယိုတွေ ဘာတွေလည်း နားထောင်နေကြပြီ။ တီရှပ်တွေ၊ ဂျင်းဘောင်းဘီတွေလည်း ဝတ်နေကြပြီ။ အသေအပျောက်လည်း လျော့ကျနေပြီ။ ဒါနဲ့ ကျွန်တော်တို့သားကြီးရော၊ သီတင်းကျွတ်တောင် မလာနိုင်ဘူးတဲ့လား"

"အေးကွ ... လင်းဒုတ်က ငါတို့မွေးစားကာစကလို ပုတက်တက်ကလေးလေးမှ မဟုတ်တော့တာ။ ဗိုလ်ကြီးလင်းအောင်ဇော်ဖြစ်နေပြီဆိုတော့ တာဝန်နဲ့ဝတ္တရားကြားမှာ ပျော်နေပြီပေါ့ကွာ"

"အင်း ... တိုင်းပြည်နဲ့လူမျိုးအတွက် မိတကွဲ၊ ဖတကွဲ တာဝန်ထမ်းဆောင်နေကြတဲ့ လင်းဒုတ်တို့လို တပ်မတော်သားတွေအတွက် ဂုဏ်ယူလေးစားမိပါတယ် ... အစ်ကိုကြီးရာ။ သူတို့က သူရဲကောင်းတွေပါပဲ"

"အေး ... ဟုတ်တယ်၊ တပ်မတော်သားတွေဟာ သူရဲကောင်းတွေပဲ။ ပြီးတော့ ယုံကြည်ချက်တစ်ခုဖက်က သေတဲ့အထိရပ်တည်သွားတဲ့ ကိုအောင်မောင်းလည်း သူရဲကောင်း၊ အများအကျိုးအတွက်ကိုယ်တတ်စွမ်းသမျှဝန်ထမ်းခဲ့တဲ့မင်းရော၊ ဟောသည်ကမြသက်ရော၊ ဗိုလ်မှူးတို့ရော၊ ကျောင်းအုပ်ကြီးရော၊ ကိုခင်မောင်မြင့်တို့ရော အားလုံး ... အားလုံးဟာ သူရဲကောင်းတွေပါပဲကွာ"

ဦးမျိုးနိုင်က အဝေးကို ငေးနေသည်။ ဒေါ်မြသက်က ဝေ့သီလာသော မျက်ရည်များကို ဖုံးကွယ်ရန် မျက်တောင်မြန်မြန်ခတ်၍ မျက်လုံးမှိတ်ထားလိုက်သည်။ ဦးဇော်အောင်၏ အာရုံထဲတွင်တော့ အသားညိုညစ်ညစ်၊ အပေါ်ပိုင်းဗလာကျင်းထားသည့် လူတစ်ဦးက အားပါးတရ ပြုံးပြနေလေသည်။

ဂျူနိုယ[illegible]င်လေး

www.burmeseclassic.com

www.burmeseclassic.com

စစ်မြေပြင်မှ

# ဖြစ်ရပ်ဆန်းကြယ်များ

စစ်သွေးနီ(ရွှေဒုံသား)၊ မိုးအောင်တင်၊ မပော်ဂနီ၊ ကပ္ပတိန်ဝန
မျိုးချစ်၊ ဇေယျကျော်ထင်၊ မင်းထက်ကျော်ဇော
နေဇင်(ပေါက်ခေါင်း)၊ ဂျူနီယာခင်လေး

BURMESE CLASSIC .com

www.burmeseclassic.com